စာပေဗိမာန်စာမူဆုရ

# ကမ်းမဲ့နဒီ နှင့် တံငါရန့်ဝတ္ထုတိုများ

## မောင်မြို့



## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး၊

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | စာရေးသူ၏အမှာစကား | | |
| ၁။ | စေတနာလက်ဖဝါးနှင့် မိုးထားသည့်ကောင်းကင် | ... | ၁ |
| ၂။ | ဘယ်ဝယ်သောင်ကမ်း ပြန်လမ်းမှိုင်းမှုန်ရီ | ... | ၁၆ |
| ၃။ | အချိန်တန် ရေပြန်တက်ပါလိမ့် | ... | ၃၉ |
| ၄။ | စည်းပျက်တံငါ | ... | ၅၃ |
| ၅။ | မြစ်ရေစုန်ဆန် | ... | ၇၄ |
| ၆။ | တစ်ပွဲစား စံနက်ကျော် | ... | ၉၂ |
| ၇။ | စံယဉ်လိုမွှေး မွှေးမွှေးမြူ | ... | ၁၁၅ |
| ၈။ | လရောင်ရိပ်ဝယ် | ... | ၁၃၂ |
| ၉။ | အမျိုးကတော့ များလှသည် | ... | ၁၅၉ |
| ၁၀။ | ဇနပဒကလျာဏီကိုသာလွမ်း | ... | ၁၈၈ |
| ၁၁။ | ကမ်းမဲ့နဒီ | ... | ၂၀၆ |

အဖ ဦးထွန်းတင်၊ အမိ ဒေါ်မွှံတို့မှ ၁၉၅၀ ပြည့်နှစ်တွင် ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ်၊ ဇုတ္တနီကျေးရွာကလေး၌ မွေးဖွားခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော် (ဆေးတပ်ဖွဲ့) တွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ဆေးတပ်ဖွဲ့မှ ဒုတိယအရာခံဗိုလ်အဆင့်ဖြင့် အငြိမ်းစားယူခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တွင် ဒုတိယရဲအုပ် (ဆေးအကြံပေးအဖွဲ့ဝင်) အဖြစ် တာဝန်ကူးပြောင်း ထမ်းဆောင်ခဲ့သည်။ ယခုအခါ မဂ္ဂဇင်းများတွင် ဝါသနာအလျောက် စာပေများရေးသားလျက်ရှိပါသည်။

၂၀၀၆ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် စာပေဗိမာန်ဝတ္ထုတိုပေါင်းချုပ်ဆုကို "ရေမှုဆိုးဝတ္ထုတို" များ စာမူဖြင့် ပထမဆုရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ပခုက္ကူဦးဖိုးဖေစာပေဆု ဝတ္ထုတိုပေါင်းချုပ်ဆုကို "တံငါအသည်းမာရဲ့သလားဟေ့နှင့်အခြား ဝတ္ထုတိုများ" စာမူဖြင့် ပထမဆုရရှိခဲ့သည်။

အမည်ရင်းမှာ - ဦးရွှေသိန်းဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် (၇၀၀)၊ ဗန္ဓုလလမ်း၊ ၂၉ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

# စာရေးသူ၏ ရင်တွင်းစကား

"တံငါ" ဟူသော ဝေါဟာရကို မြန်မာအဘိဓာန်စာအုပ်တွင် "ငါးဖမ်းခြင်းဖြင့် အသက်မွေးသူ" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ထိုကဲ့သို့ ငါးဖမ်းခြင်းဖြင့် အသက်မွေးသူများကိုပင် ရေချိုတံငါနှင့်ရေငန်တံငါဟူ၍ ထပ်မံခွဲခြားနိုင်ပါသေးသည်။

ရေငန်တံငါဟူသည်မှာ ပင်လယ်ကမ်းရိုးတန်းများတွင် ကမ်းနီး၊ ကမ်းဝေးထွက်၍ ရေငန်ငါးပုစွန်များကို ဖမ်းဆီးသူများ ဖြစ်ကြပြီး၊ ရေချိုတံငါဟူသည်မှာ မြန်မာနိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းနေကြသည့် ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ချင်းတွင်းစသည့် ရေချိုမြစ်ကြီးများအတွင်း၌လည်းကောင်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကြီးရှိ အင်း၊ အိုင်၊ ချောင်း၊ မြောင်း၊ မြစ်ကြောင်းအသွယ်သွယ်တို့တွင်လည်းကောင်း ရေချိုငါး၊ ပုစွန်တို့ကို ရှာဖွေဖမ်းဆီးအသက် မွေးနေကြသူများ ဖြစ်ကြပါသည်။

ကျွန်တော် တင်ပြသွားမည့် တံငါရန်ဝတ္ထုတိုများသည် ရေချိုတံငါတို့၏ ဘဝပုံရိပ်များဖြစ်ပါသည်။ သူတို့သည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ဟိုးယခင် ဘိုးဘွားအစဉ်အဆက်ကတည်းက

အခြေချနေထိုင်လာခဲ့ကြသူများဖြစ်ပြီး တံငါအလုပ်ဖြင့် အသက်မွေးသူများ ဖြစ်ကြပါသည်။

တံငါတို့၏ ဘဝပုံရိပ်များကို ရေးဖွဲ့ရာတွင် ထိုတံငါများ၏ အလုပ်အကိုင်တို့နှင့် ဆက်စပ်ပတ်သက်နေသော ငါး ပုစွန် အဝယ်ဒိုင်ကြီးများ၊ လက်ကားဈေးသည်များ၊ လက်လီရောင်းဝယ်ဖောက်ကားသူ ခေါင်းရွက်ဗျပ်ထိုး ငါးစိမ်းသည်များ၏ ဘဝများကိုလည်း မြင်တွေ့ကြရပါလိမ့်မည်။

ထို့ပြင် တံငါတို့ အခြေချနေထိုင်ရာ ကျေးရွာကလေးများတွင် လာရောက်တာဝန်ထမ်းဆောင်နေကြပြီး တံငါတို့၏ သားသမီးများ၊ တစ်နည်းဆိုရသော် တံငါမျိုးဆက်သစ်ကလေးများကို ပညာအလင်းရောင်ထွန်းညှိပေးနေသည့် ကျေးလက်မျှော် ကျောင်းဆရာ၊ ဆရာမတို့၏ စေတနာအလှ၊ ဝါသနာအလှ၊ အနစ်နာအလှတရားများကိုလည်း ခံစားနားလည်ခွင့် ရကြပါလိမ့်မည်။

ယနေ့ ကမ္ဘာကြီးတွင် လူဦးရေများ ယခင်ကထက် လွန်စွာ တိုးပွားနေပါသည်။ ထို တိုးတက်များပြားလာသော လူများအတွက် သစ်တောသစ်ပင်များ မဆင်မခြင် ခုတ်ယူသုံးစွဲမှုကြောင့် ကမ္ဘာကြီး ပူနွေးလာပြီး ဆိုးကျိုးများ ကြုံတွေ့ခံစားနေကြရပါပြီ။

ထိုနည်းတူစွာပင် တိုးပွားလာသော ပါးစပ်ပေါက်များအတွက် ရေချိုရေငန်ထွက် ငါးပုစွန်များကို လွန်ကဲစွာ ဖမ်းဆီးစားသုံးနေကြပါသည်။ သဘာဝမြစ်၊ ချောင်း၊ အင်း၊ ဒိုင်များသည် ငါးပုစွန်များခိုလှုံ ပေါက်ပွား၊ မျိုးပွား ကြီးထွားရာ နေရာကောင်းများဖြစ်ကြပါသည်။ ထိုသဘာဝအရင်းအမြစ်ကောင်းများ ပျက်စီးဆုံးရှုံးမသွားစေရန် အလွန်အရေးကြီးပါသည်။

ထို မြစ်၊ ချောင်း၊ အင်း၊ ကိုင်များတွင် ငါးပုစွန်များကို ဖမ်းဆီး အသက်မွေးနေကြသည့် တံငါများတွင် လိုက်နာရမည့်စည်းကမ်း များရှိပါသည်။ လိုက်နာကြရန်လည်း လိုအပ်ပါသည်။

ရှေးလူကြီးသူမများသည် သူ့ခေတ်သူ့အခါနှင့် လျော်ညီစွာ စည်းကမ်းများ ထားခဲ့ကြပါသည်။ သစ်ပင်ခုတ်မည်ဆိုလျှင်တောင် နတ်နေကိုင်းတော့ ချန်ခဲ့ကြဟု ဆုံးမခဲ့ကြပါသည်။ သို့မှသာ ထို သစ်ပင် ဆက်လက်အသက်ရှင် နေနိုင်မည်ဖြစ်ပါသည်။

ထို့နည်းတူစွာ တံငါတို့တွင်လည်း ငါးရစ်တက်ချိန်၊ မျိုးဥများ ဥချိန်၊ သားပေါက်ချိန်များတွင် မဖမ်းမဆီးဘဲ ထားခဲ့ကြပါသည်။ အင်းများ၊ တမံများ ဖော်ချိန်တွင်လည်း ကြီးပေ့၊ သန်ပေ့ဆိုသည့် ငါးကြီးများကို ပြန်လည်လွှတ်ပေးလေ့ရှိခဲ့ကြပါသည်။ သို့မှသာ ငါးမျိုးမတုံးဘဲ ရေရှည် ဖမ်းယူစားသုံးနိုင်မည် ဖြစ်ပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကြီးသည် ကျွန်တော်တို့နိုင်ငံ၏ ငါးပိအိုးကြီးဟု တင်စားခေါ်ဝေါ်ခဲ့ကြပါသည်။ ထိုဒေသကြီးမှ နိုင်ငံအတွက် ငါးပိငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်နှင့်ငါးပုစွန်များ ဖူလုံအောင် ထုတ်လုပ်ပေးလျက်ရှိပါသည်။ ထိုဒေသကြီး စည်ပင်ဖွံ့ဖြိုးစေရန် ကျွန်တော်တို့အားလုံးတွင် တာဝန်ရှိသည်ဟု ခံယူပါသည်။ ထို့ကြောင့် "ကမ်းမဲ့နဒီ"နှင့်တံငါရနံ့ဝတ္ထုတိုများသည် တစ်တပ်တစ်အားအနေနှင့် ပါဝင်မည်ဆိုသော အားထုတ်ရကျိုး နပ်ပါပြီ။

]]arnilcr}}

# စေတနာလက်ဖဝါးနှင့် မိုးထားသည့်ကောင်းကင်

"ဟောဒီရွာကလေးဟာ ... ဆရာမတာဝန်ကျတဲ့ ရွာကလေး ပါပဲ ရောက်ပါပြီဗျာ"

မြို့နယ်ပညာရေးမှူးရုံးမှ ခင်မကိုလိုက်ပို့ပေးသည့် ဆရာလေးက ခပ်ရွှင်ရွှင်ကလေးပြောပြီး သမွန်ဦးမှာ မတ်တတ်ထ၍ရပ်လိုက်သည်။ ခင်မကတော့ သူတာဝန်ကျသည့် မူလတန်းကျောင်းကလေးရှိသည့်ရွာကို လှမ်းကြည့်ပြီး စိတ်ခါတ်တွေ တော်တော်ကျသွားလေသည်။

ရန်ကုန်-ပုသိမ် အမြန်သင်္ဘောကြီးစီးကာ ဝါးခယ်မမြို့ကလေးမှာ ဆင်းရသည်။ မြို့နယ်ပညာရေးမှူးရုံးမှာ ဝင်ရောက်သတင်းပို့ပြီး ရွာကလေးရှိရာသို့ လိုင်းသင်္ဘောကလေးကို နှစ်နာရီလောက်စီးခဲ့ရသည်။ ပြီးမှ ခတ်သမွန်ကလေးငှားကာ ရွာကလေးရှိရာဆီသို့ သွားရဦးမည်ဟု သိရပြန်တော့ အဆစ်အပိုင်းတွေများလှသည့် ခရီးစဉ်ကြီးကို ဖြတ်သန်းရမှာ ရင်တွေမောနေမိတော့သည်။

ကွေ့ကွေ့ကောက်ကောက် မြစ်ကမ်းတစ်လျှောက်တွင် ညိုဝါဝါသောင်ပြင်တန်းကြီးက ရေလယ်ဆီသို့ ထိုးထွက်နေသော

ကျောက်ဆောင်တန်းကြီးတွေအလား နေရောင်ခြည်ဖျော့ဖျော့ မှိန်မှိန်အောက်တွင် ငြိမ်သက်စွာ လဲလျောင်းလျက်ရှိသည်။

ထိုသောင်ပြင်တန်းကြီးတစ်လျှောက် "ကွန်ပစ်" ဆင်းနေသူ "ဒိုင်းဝန်း" ထိုးနေသူ "ဖောင်ထုပ်" ခပ်နေသူတချို့ကို တရွေ့ရွေ့ ဖြတ်သန်းခဲ့ရသည်။ သောင်ပြင်တန်းကြီး၏အထက်တွင် လမုပင်တွေ၊ လမဲ့ပင်တွေ၊ ကျူပင်၊ ဓနိပင်တွေက ခြံစည်းရိုးခတ်ထားသည့်အလား စိမ်းစိုစိုတန်းကာ ရှိသည်။ ထိုလမုပင်ကျူပင်တန်းကြီး၏ အတွင်းဘက်မှာတော့ မျက်စိတစ်ဆုံးကျယ်ပြောလှသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ အဓိကထွက်ကုန် ဆန်စပါးတို့ စိုက်ပျိုးရာ လယ်ကွင်းပြင်ကြီးတွေ ရှိ၏။

ကမ်းစပ်တောအုပ် တောတန်းကလေးဆီမှ ဘုတ်မြည်သံတွေ စည်းချက်မှန်စွာ ကြားနေရသည်။ လက်ဖဝါးတစ်ဖက်ကို ဖြန့်ကားထားသည့်နှယ် မြစ်မကြီးဆီမှ အသွယ်အသွယ် ခွဲထွက်စီးဝင်သွားနေသည့် ချောင်းကလေးတွေကိုလည်း တွေ့နေရသည်။

ကျောင်းသူဘဝကတည်းက နှစ်သက်ခွဲလမ်းခဲ့ရသည့် ဆရာဇော်ဂျီ၏ ဒေလလမ်းကဗျာတွေထဲကလို သောင်ပြင်တွေ၊ ဓနိချုံတွေ၊ ကျူပင်တွေ၊ ဒေလအုံတွေ၊ ဒိုက်ပုံတွေ၊ အုန်းလက်ကြွေတွေကို မျက်မြင်ကိုယ်တွေ့ မြင်နေရပြန်တော့ ကိုယ်ကိုယ်တိုင် ကဗျာထဲက ဒေလပင်ကလေးလိုလို ရင်တဖိုဖို ခံစားနေခဲ့မိသေး၏။

"အိုး သိပ်လှတဲ့မြစ်ဝကျွန်းပေါ်ဒေသကြီးပဲ" ဟု ရင်ထဲကနေ တိုးတိတ်စွာ မြည်ကြွေးမိသေး၏။ တအီအီ တကျွိကျွိ ခတ်တက်သံ

ကလေးက မြစ်ဝကျွန်းပေါ်ဒေသ အလှတရားတွေ၏ နောက်ခံ တေးဂီတအဖြစ် မြည်သံပေးလျက်ရှိသည်။

◈ ◈ ◈

မြစ်မကြီးမှ ခွဲထွက်စီးဝင်သွားသော ချောင်းရိုးကလေး တစ်လျှောက် ခတ်သမွန်ကလေးက တအိအိတိုးဝင်သွားနေသည်။ ချောင်းကလေး၏ ဝဲယာကမ်းနှစ်ဖက်က သစ်ကြီးဝါးကြီးတွေက ချောင်းကလေးအတွင်း နေရောင်မထိုးနိုင်အောင် အုပ်မိုးထားသဖြင့် လေပြည်ကလေးအသွေးတွင် ရေငွေ့တွေနှင့်ရောကာ ချမ်းစိမ့်စိမ့် ဖြစ်သွားရသေး၏။

ဆရာလေး၏ စကားကိုကြားလိုက်ရပြီး အတွေးစိတ်ကူးထဲမှ ဖျတ်ခနဲလန့်နိုးကာ ရွာကလေးကို လှမ်းမြင်လိုက်ရချိန်မှာတော့ ခင်မတစ်ယောက် စိတ်ဓာတ်တွေ အကြီးအကျယ် ကျသွားရလေတော့သည်။

ချောင်းကလေးအတွင်းမှာတော့ ရေတွေ တော်တော်နည်းနေပြီ ရေစစ်ရော့ချိန်ဖြစ်၍ လှတစ်ယောက် ခေါင်းမမြုပ်တဲ့ ဟိုမှာဘက်ကမ်းအထိ လှမ်း၍ ကူး၍ရနေပြီ။ သမွန်ဦးကော့ကော့ ပြားပြားကလေး နွံစပ်မှာထိုးကပ်လိုက်တော့ ရွှံ့ပြင်ထဲချောခနဲတိုးဝင်သွားကာ တစ်ချိန်လုံး မမောစတမ်း ချောင်းပေါ်ရှပ်ပြေးလာခဲ့သော သမွန်ကလေး အနားရသွားလေပြီ။

သမ္ဗန်ဦးတုံးနှင့် မြေတစ်လှမ်းစာအကွာတွင် တုံးလုံးလှဲထား သည့် အုန်းတုံးကြီးက စင်းစင်းကြီးနွံထဲမှာ ဝပ်စင်းကျောခင်းပေး လျက်ရှိသည်။

ခင်မကိုလိုက်ပို့သည့် ဆရာလေးကတော့ သမ္ဗန်ကလေးဦးကို နင်းကာ လှေကြီးကိုဆွဲ၍ အုန်းတုံးတံတားပေါ် ဖျတ်ခနဲခုန်တက် သွားသည်။

ပြီးတော့ လှေကြီးအဖျားတွင်ပါသည့် သံချိတ်နှင့် နီးရာဝါးလုံး တိုင်တစ်တိုင်မှာ ချိတ်လိုက်သည်။ လှေပေါ်ပြန်ခုန်တက်လာပြီး ခင်မ၏ အိပ်ရာလိပ်တစ်ခု၊ အဝတ်အစားအိတ်တစ်လုံးနှင့် တိုလီ မိုလီပစ္စည်းပစ္စယတွေထည့်လာသည့် ခြင်းကြီးတစ်လုံးကို ကြည့်ကာ ဘယ်ဟာကို အရင်စ၍ သယ်ရပါ့မလဲဟု တွေးနေပုံနှင့် ခပ်တွေတွေ ရပ်ကြည့်နေသည်။

လှေဦးထိပ်မှဆင်းလျှင် ပြောင်ချောချောအုန်းတုံးကြီး၊ ထိုမှ တစ်ဆင့် ဖြစ်ကတတ်ဆန်း ရွာကမ်းနဖူးမှ လမ်းကလေး၊ လမ်း ကလေး၏ ဟိုမှာဘက်တွင် ခနီမိုးခနီကာ၊ ခနီမိုးဝါးထရံကာ အိမ်ကလေးတွေ တစ်ခုစီတစ်ခုစီ လှမ်း၍မြေရင်း ခင်မတစ်ယောက် သက်ပြင်းချမိသည်။

"ကိုယ်ရွေးခဲ့တဲ့လမ်း၊ ဘယ်လောက်ကြမ်းကြမ်း မနွဲ့စတမ်း လျှောက်ရမယ်မဟုတ်လား ခင်မ၊ နင် အခုမှ သတ္တိကြောင် မနေနဲ့၊ ဒါအစပဲရှိသေးတာ၊ ရှေ့လျှောက် ဘယ်လောက် ကြမ်း၊ ဘယ်လောက် ပင်ပန်းမယ်ဆိုတာ နင်သိလို့လား"

ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးရင်း အားတင်းရင်း ဘာမဆို ရင်ဆိုင်ပစ်လိုက်မယ်ဆိုသည့် စိတ်နှင့်မတ်တတ်ထ၍ ရပ်လိုက်သည်။ ဖျတ်ခနဲလူးသွားသည့် လှေကလေးကြောင့် ခင်မ၏ ဖြူနွဲ့နွဲ့ ကိုယ်ကလေးသည် လေတိုးခံလိုက်ရသည့် မိုးမခပင်က လေလို ယိမ်းယိုင်သွားစဉ် ဆရာကလေးက ကူမဖေးဟန်နှင့် လက်ကိုအမြန် လှမ်းလိုက်သည်။ ပြီးတော့မှ အပျိုစင်ဆရာမ ဖြူဖြူချောချော ကလေးက အားနာသွား၍လားမသိ၊ လက်အစုံက လေထဲမှာပင် ရပ်တန့်သွားရသည်။ ယိုင်နဲ့သွားသော ကိုယ်ကလေးကို ထိန်းမတ် ရန်မှတစ်ပါး အခြားမရှိသည့်ခင်မအတွက် ထိုလက်အစုံကိုပင် ခုမင် လက်ကမ်း၊ ကမန်းကတန်း လှမ်းဆွဲလိုက်ရတော့၏။

"တော်ပါသေးရဲ့ လှေအဆင်း၊ မြင်းအတက်လို့ ဆိုစကား ရှိတယ်မဟုတ်လား။ မြင်းကတော့ မစီးဖူးတော့ ခက်မခက် မသိပေမယ့် လှေကတော့ တက်ရင်လည်းခက်တာပဲ ဆင်းရင် လည်း ခက်တာပဲဗျ၊ သတိထားဗျ ဆရာမ ဟား ဟား ဟား"

ဆရာမလေးရှက်မှာစိုး၍ စကားတွေ ဖောင်အောင်ပြောနေ သော ဆရာလေးကို မျက်စောင်းတစ်ချက် လှမ်းထိုးရင်း ရှက်သွေး ဖြန်းမျက်နှာကလေးကို မရယ်မိအောင် အတင်းတည်ပစ်လိုက်ရ သေးသည်။

ဘယ့်နှယ်၊ ကိုယ်က ဆရာမ မဟုတ်လား၊ ဣန္ဒြေသိက္ခာဝတ်ရုံ ကြီးကို ဘယ်တော့မှ အကျွတ်မခံနိုင်ပါ။ ဆရာလေးကတော့ ခင်မ၏ လက်ဆွဲအိတ်များ၊ ခြင်းများကို တစ်လုံးပြီးတစ်လုံးဆွဲယူကာ

အုန်းတုံးတံတားပေါ်မှာ ဟန်ချက်ညီစွာလျှောက်၍ အခေါက်ခေါက် သယ်ပေးနေသည်။ နောက်ဆုံး အိတ်တစ်လုံးကို ဆွဲအယူတွင် ခင်မက အားနာစွာဖြင့် ဟန့်တားမိရသည်။ မိန်းမလုံချည်တွေ အသုံးအဆောင်တွေပါသဖြင့် ဆရာလေးကို သယ်ခိုင်းရမှာ အားနာမိသည် အမှန်။

ဒါကို ရိပ်မိသော ဆရာလေးက "ဟင်း" ခနဲ တစ်ချက်ရယ်လိုက်ရင်း "ရပါတယ် ဆရာမရယ် ကိစ္စမရှိပါဘူး" ပြောပြောဆိုဆိုနှင့် ဆွဲ၍ ကမ်းပေါ် တက်သွားခဲ့သည်။ သည်တစ်ခါ ခင်မအလှည့်ပဲ ကျန်တော့သည်။

* * *

သက်ပြင်းတစ်ချက်ရှိုက်ရင်း ခင်မ စိတ်ကိုတင်းလိုက်ရသည်။ ကမ်းစပ်တွင် ဆင်ခြေလျှော နွံပြင်ထဲမှာခင်းထားသည့် အုန်းတုံးက အနည်းဆုံး ပေသုံးလေးဆယ်လောက်တော့ ရှိမည်။ အောက်မှ နွံပြင်ထဲတွင် တစ်ဝက်ခန့်မြုပ်နေကာ အနှစ်နှစ်အလလက တက်နေသည့် နွံနှစ်တွေ ရေညှိတွေနဲ့ ချောကျိနေသည်။ ဘယ်နှယ်လုပ် တက်ရပါ့ဟုတွေးပြီး ချီတုံချတုံ ဖြစ်နေရသည်။ ထိုလုံးလုံးချောချော အုန်းတုံးတံတားပေါ် လျှောက်ရမည်မှာ ကြိုးတန်းပေါ် လျှောက်ရသကဲ့သို့ ခက်ခဲပေလိမ့်မည်။

ဘေးမှာ ကိုင်စရာတန်းကမရှိ။ တစ်လုံးနှင့်တစ်လုံး ဝေးဝေး စိုက်ထားသည့် ခရင်ဝါးတိုင်ကလေးတွေက ယိုင်ယိုင်နဲ့နဲ့နှင့် စီထား

သည့် ဖိနပ်ကလည်း ခေါက်တစ်လက်မခန့်သာမြင့်သော ကြိုးသိုင်း ဖိနပ်အပြာကလေး ခင်မ ဘာလုပ်ရမည်နည်း။

ထိုစဉ်မှာပင် မိန်းမခပ်ချွယ်ချွယ်နှစ်ယောက် နှုတ်ခြင်းထဲမှာ တစ္စပ် စွပ်နင်းရင်း ဆင်းချလာကာ ခင်မ၏ ဘေးဘယ်ညာနှစ်ဖက်မှတွဲ၍ ခေါ် လေသည်။

"အဘရေ ... အဘရဲ့ ရေဆင်းတံတားတော့ ပြင်မှဖြစ်မယ်ဗျို့" ဆရာလေးက အိမ်ရှင် ဘိုးဆံအိတ်ကို လှမ်းပြောနေသံ ကြားရ သည်။

ခင်မတို့ ဘိုးဆံအိတ်၏အိမ်ကလေးပေါ် ရောက်၍ ရေနွေး ကြမ်းဝိုင်းမှာ ထိုင်မိသည်အထိ ခင်မရင်တွေ တဖျပ်ဖျပ်ခုန်နေဆဲရှိ သေးသည်။ သည်ရွာသည်လိုနေရာမျိုးမှာ ငါနေလို့ဖြစ်မှဖြစ်ပါ့မလား ဟုလည်းတွေးကာ စိုးရိမ်စိတ်တွေက တဖွားဖွား ပေါ်နေသေးသည်။

ခင်မ နေဖို့စားဖို့ ကိစ္စတွေ အစစစီစဉ်ပြီး ဆရာလေး တစ်ယောက် ခတ်သမွန်ကလေးနှင့် မြို့သို့အပြန်မှာတော့ ဝမ်းနည်း အားငယ်စိတ်တွေဝင်နေသည့် ခင်မတစ်ယောက် မိခင်နှင့်ခွဲခွာခြင်း ခံရသည့် ကလေးငယ်လို အားငယ်စိုးရွံ့စွာ ကျန်ရစ်ခဲ့သည်။ "ဆရာမ ဘာမှ အားမငယ်နဲ့နော်။ လိုတာရှိရင် လူကြုံနဲ့စာရေးပြီး မှာလိုက်။ ကျွန်တော်လည်း မကြာမကြာ လာခဲ့မယ်" ဆရာလေးက နှုတ်ဆက်အားပေးချိန်မှာတော့ ခင်မသည် အားကိုးသော မျက်ဝန်း အစုံနှင့် ဆရာလေးကိုငေးရင်း နှုတ်ဆိတ်စွာ ကျန်ရစ်နေတော့ သည်။

◈ ◈ ◈

လယ်ကွင်းတွေ ပတ်လည်ဝိုင်းလျက်ရှိသည့် မှုလတန်းကျောင်းကလေးသည် ရွာနှင့်အတော်လှမ်းလေသည်။ ခင်မနေသည့် အဘိုးဆံအိတ်တို့အိမ်နှင့် အနည်းဆုံး နာရီဝက်ခန့်လောက်လျှောက်ရသေးသည်။ လမ်းဟုဘုရားစူးခေါ်ရမည့် နွံ့ဗွက်ကန်သင်းတွေပေါ်မှာ မလဲမပြိုအောင် ဂရုစိုက်၍လှမ်းရင်း ဘာကြောင့်များ ရွာနှင့်သည်လောက်ဝေးဝေးမှာ ဆောက်ထားရပါလိမ့်ဟု အစတုန်းကတော့ ခင်မနားမလည်ပါ။ မြစ်ဝကျွန်းပေါ်ဒေသရှိ ရွာကလေးတွေသည် ရေမြေသဘာဝအနေအထားအရ မြစ်ကမ်း ချောင်းကမ်းပါးများတွင်သာမေးတင်၍ တည်ထားကြစမြဲဖြစ်သည်။ အသွယ်သွယ်ယှက်ဖြာစီးဆင်းနေကြသည့် ချောင်းကလေးတွေသည် တစ်ခုနှင့်တစ်ခု အလှမ်းဝေးကြ၏။ သို့ဖြစ်ရကား တစ်ရွာနှင့်တစ်ရွာသည်လည်း တစ်ခေါ်မကာ နှစ်ခေါ်မကာ ဝေးကြတော့သည်သာ။

ထိုရွာကလေးတွေဆီမှ ကျောင်းလာတက်ရသည့် ကျောင်းသူကျောင်းသားကလေးတွေ သွားရလာရ အဆင်ပြေစေရန် ရွာအားလုံး၏အလယ်လောက်တွင် ကျောင်းကလေးဆောက်ထားခြင်းဖြစ်ကြောင်း နောက်မှ သိရပါလေသည်။

မိုးများ ရေဝင်သည့်ဒေသပေမို့ မြေတန်ရှည်ကလေးနှင့်ဖြစ်၏။ ကျောင်းကလေး ဝန်းကျင်တစ်ခွင်တွင် ကျယ်ပြန့်သောလယ်ပြင်ကြီးက ပတ်ချာဝိုင်း၍နေသဖြင့် တိုးတိုက်ဖြတ်သန်းလာသော လေပြည်ထဲတွင် ကောက်ပင်ရနံ့တို့ စိမ်းစိုလတ်ဆတ်စွာစီးမျောပါနေကြသည်။ ကျောင်းကလေးရှေ့ ခပ်လှမ်းလှမ်းတွင်

ကြာပင်တောကြီးရှိသည်။ တချို့နီ၊ တချို့ဖြူ တချို့က ပြာတာတာနှင့် ရေပြင်ပေါ်မှာ ကြာငုံ၊ ကြာဖူး၊ ကြာပန်းကလေးတွေ လန်းစွင့်ဖူးပွင့်လို့နေတာတွေ၊ လယ်ကန်သင်းဘေးတစ်လျှောက် ကောက်လိုင်းတီပန်းပွင့်ကလေးတွေ၊ ချစ်စရာကန်စွန်းပွင့်ကလေးတွေကို ကြည့်မောရင်း၊ တစ်ခါတစ်ခါတော့ ခင်မတစ်ယောက် လွမ်းသလိုလိုကြီး ဖြစ်နေမိတတ်သည်။

လယ်ကွင်းပြင်တစ်ခိုမှာ မုတ်သုံမိုးတွေ ညို့လာပြီဆိုရင်ဖြင့် တဖုန်းဖုန်းတဖြန်းဖြန်းနှင့် အဆက်မပြတ် ရွာချတတ်သည့် အောက်မိုးအောက်လေတွေကို အစတုံးကတော့ ခင်မတစ်ယောက် ကြောက်နေမိသော်လည်း အခုတော့ ယဉ်ပါးနေခဲ့ပြီ။

တံငါရွာကလေးပေမို့ ငါးပိနံ့၊ ငါးခြောက်နံ့၊ ငါးညှီနံ့တွေ တထောင်းထောင်းထနေတတ်သည့်အတွက် ရေမွှေးဆွတ်၊ လက်ကိုင်ပဝါလေးကို နှာခေါင်းမှာအုပ်၍ အသက်ကိုမှုင်းကာ ရှုတတ်သော ခင်မတစ်ယောက် အခုတော့ အသားကျသွားခဲ့ပြီ။

မကြာမကြာ လာတတ်သော ဆရာလေးကိုလည်း ချောကိုကို ဘုန်းတုံးတံတားထိပ်အထိ ဆင်းကာ မျှော်နေတတ်ပြီ။

◈ ◈ ◈

ဆရာမလေး ခင်မ၏ စာသင်ခန်းနံရံတွင် ချိတ်ဆွဲထားနေကျ ပြက္ခဒိန်တောင် သုံးခုပြောင်းခဲ့ပြီ။ သုံးနှစ်ဆိုသော အချိန်ကာလသည် အခြားသူတွေအတွက် ကြာညောင်းသော ကာလဖြစ်ချင်ဖြစ်

နိုင်သော်လည်း ခင်မအတွက်ကတော့ စာတွေအားပါးတရသင်ရင်း ကျောင်းသူကျောင်းသားကလေးတွေ၏ အခက်အခဲတွေ ကျောင်းသားမိဘတွေ၏ လူမှုရေးတွေ ရပ်ရေးရွာရေးတွေကြားမှာ တက်ကြွပျော်ရွှင်စွာ ပါဝင်ဆောင်ရွက်ရင်း ဖြတ်သန်းကျော်လွှားခဲ့ရသည် ဖြစ်၍ ကုန်လွန်ခဲ့မှန်းပင် သတိမထားမိခဲ့ပေ။

တွယ်တာစရာဆို၍ ဘာမှမယ်မယ်ရရမရှိသော ခင်မ တစ်ယောက် ကျောင်းရှေ့ကွင်းစပ်တွင် မတ်မတ်ကလေးရပ်ရင်း အကန့်အကန့် အကွက်အကွက် လယ်ကသင်းတွေနှင့်တန်ဆာဆင်ထားသော လယ်ပြင်ကျယ်ကြီးနှင့် ဟိုး ... ခပ်ဝေးဝေး တစ်နေရာတွင် ပြာလွင်လွင် မိုးကုပ်စက်ဝိုင်းတို့ ထိစပ်နေသည့်နေရာဆီ ငေးရင်း တစ်ခါတစ်ခါမှာတော့ မန္တလေးအနောက်ပြင် အာဠဝီတံတားနားမှာ သူငယ်စဉ်ကတည်းကနေထိုင်ခဲ့သည့် အိမ်ကြီးကိုလည်းကောင်း၊ သူငယ်ချင်းတစ်စုနှင့် စက်ဘီးတွေကိုယ်စီနင်းပြီး မြောက်ပြင်ဘက်ဆီသွား၊ မြောက်ဘက်ကျုံးပတ်လမ်းတစ်လျှောက် ပျော်ရွှင်စွာဖြတ်သန်းပြီး တောင်ခြေနားက သစ်သား သုစမ္မာဇရပ်တန်းမှာ တစ်ယောက်နားကြ၊ ပြီးတော့ မန္တလေးတောင်ကြီးဆီ မဟာစတမ်း ပြေးတက်ကြ၊ မြေကြီးနှစ်ကောင်နားကနေ ဟိုး ... ခပ်ဝေးဝေး ရွှေညိုညိုတွေ ရစ်ခွေစီးဆင်းနေသည့် စစ်ကိုင်းတောင်ထိပ်က ဘုရားစေတီတွေကို လှမ်းမျှော်ငေးမောရင်း "ဇေယျာကမ်းအလှပန်းချီ" တို့ "စစ်ကိုင်းတောင်" သီချင်းတို့ကို သံပြိုင်သီဆိုပျော်မြူးခဲ့ရပုံတွေကိုလည်းကောင်း သတိရလွမ်းဆွတ်မိခဲ့ရသော်လည်း။

ခင်မဘွဲ့ရပြီးနောက်တစ်နှစ်မှာပင် အမေနှင့်အဖေ ပြင်ဦးလွင် အဆင်းတွင် ကားမှောက်ဆုံးသွားခဲ့ရသည်။ ထုပ်ထုပ်ထည်ထည် အတွင်းပစ္စည်းတွေနှင့် တစ်ဦးတည်းသော သမီးကလေးခင်မ အားငယ်ညှိုးနွမ်းနေရချိန်တွင် ဆွေမျိုးသံယောဇဉ်ကိုအကြောင်း ပြပြီး ပစ္စည်းရောလှပါ အပိုင်စီးချင်ကြသည့် ဆွေမျိုးနီးစပ် အဒေါ် ဝမ်းကွဲ၊ ဦးလေးဝမ်းကွဲ၊ မောင်၊ ညီမ ဝမ်းကွဲတွေကို ရွံ့လည်းရွံ့ ကြောက်လည်းကြောက်လှသဖြင့် -

ပစ္စည်းတွေကို ထုခွဲကာ ဘဏ်မှာအပ်ပြီး အိမ်ကြီးပေါ် လူငှား တွေ အမြန်တင်ကာ သူငယ်စဉ်ကတည်းက ဝါသနာပါလှသည့် ဆရာမဘဝကို ရဲရဲကြီး လျှောက်လှမ်းခဲ့သည်ဖြစ်၍ အတိတ်ဆိုတာ ကြီးက ပြန်လည်တွေး၍ ဆွေးချင်စရာတော့ ကောင်းလှသည် မဟုတ်ပေ။

◈ ◈ ◈

တစ်လလျှင်တစ်ခေါက် မြို့ကလေးဆီ လစာထုတ်သွားရင်း တစ်မြို့နယ်ထဲမှ လုပ်ဖော်ကိုင်ဖက်တွေ တဖြည်းဖြည်းနည်းလာ သည်ကို မြင်နေ ကြားနေရသည်။

တချို့လည်း မြို့ကြီးပြကြီးတွေဆီ တချို့လည်း မိမိတို့မွေးရပ် မြေဆီ ချောကြည်ရာမြက်နုရာ အဆင်ပြေရာဒေသတွေဆီ ပြန်လည် ပြောင်းရွှေ့သွားကုန်ကြပြီ။

"ဘယ်နှယ့်လဲ ဆရာမရော မန္တလေး ပြန်မပြောင်းသေးဘူးလား။ ဆရာမ လုပ်သက်နဲ့ဆို အပြောင်းအရွှေ့တင်ရင် ရလောက်ပြီနော်" ဆရာလေးက သတိပေးလျှင် ခင်မတစ်ယောက် ဘာမှ ပြန်မပြောဘဲ ပြုံး၍နေတတ်၍ ဖြစ်သည်။

ဆရာလေးကတော့ ဘဝမှာ ရည်မှန်းချက်ကြီးသူပီပီ မြို့ကြီးဆီ ချဉ်းကပ်၍ ဘွဲ့လွန်တွေ၊ ပညာရေးဘွဲ့တွေ ထပ်ခါထပ်ခါယူ၍ သူ့ဘဝကို အနေမြင့်အောင် ကြံစည်နေသူဖြစ်သည်။ ထို့ကြောင့် ဆရာလေးနှင့် အေးအေးဆေးဆေး ဆွေးနွေးရန်လိုနေပြီဟု ခင်မ တွေးနေမိသည်။

ခင်မကို ချစ်ပါသည်ဟုဆိုကာ ဘဝတစ်သက်တာလုံး လက်တွဲရမယ့် ခင်မရဲ့ချစ်သူသည် ခင်မ၏စိတ်သဘောထားကို နားလည်သဘောပေါက်ဖို့တော့ အမှန်ပင် လိုအပ်သည်။

မြို့ကြီးပြကြီးဆီ ဘယ်တော့မှ ပြန်လည်၍ ခြေဦးပင်မလှည့်တော့ဘဲ ခင်မတစ်ယောက် တောမှာပျော်မွေ့သွားဖို့ ဆုံးဖြတ်ပြီးသည့် အကြောင်းကိုလည်း ပြောပြသင့်သည်ဟု ထင်မိသည်။

ခင်မ၏ချစ်သူသည် ခင်မ ပျော်ပိုက်သည့် တောရွာကလေးမှာ ခင်မနှင့်အတူ ပျော်မွေ့နိုင်ဖို့ လိုအပ်ပါလိမ့်မည်။ တောကျောင်းမှာ စာသင်ပေးနေသည့် တောကျသည့် တောက ဆရာမလေးပေမို့ လက်တွဲဖို့ နောက်တွန့်ခဲ့လျှင်လည်း ခင်မကတော့ တုန်လှုပ်ဝမ်းနည်းနေမည်မဟုတ်ပါပေ။

- ကလေးတစ်အုပ်ရယ်နဲ့
အရေးမရှုပ်ပါဘူ
တေးတစ်ပုဒ်လောက် ဖော်ချင်ဖော် ...
- စာရွက်လွှင့် ဌာန်တျာနပ်ပါဘိ
ကဗျာလွှတ်တွင် ပန်တျာဇာတ်ပေလ
သဒ္ဒါအလွတ်တင် စံဆရာအတတ်ကဖြင့်
တိုင်းရပ်ပြည်ကျော်
- ၈ ... လုံးကို မျက်ဆံလှည့်ကာပ
၄ ... တစ်လုံးကို အထက်ပြန်တည့်ပါလို့
၀ ... နှစ်လုံးကို မျက်မှန်ဖွဲ့ရှုမက
နက်ဖြန်တွေ ချဲ့ချဲ့ပြီး ပီတိနဲ့ပျော်
သီရိ မပျော်တွေပ အသစ်တိုးတက်ပွား
ပီတိ အကျော်ဇေယျ အစစ်မျိုးဆက်များ
- ရှုကြည့်ပါ သူ့လိပ်ပြာ
သူ့သိက္ခာ သူ့စောင့်မြဲဟာမို့
သူ့စိတ်သဒ္ဒါမှာ သူ့ရိုက္ခာ သူရောင့်ရဲပါလို့
ဘဝ အမွဲအတေ သူညပြောသော်လည်း
ရခဲပေ ဗုဒ္ဓဘာစောသူမို့
သဘောအမှန်၊ မနောကံနှလုံးရယ်နှင့်
လောကစံ အကြောင်းမခံရှုန်းပါဘိ
"ဘုန်း" ရှိလူသား။

ပညာတန်ဆောင်မဂ္ဂဇင်းမှာ ဖတ်လိုက်ရသည့် ဆရာမ ထီလာဝင်းယုမာ၏ ကဗျာကလေးကို ခင်မ ကြိုက်နှစ်သက်လွန်းလှ၍ ဒိုင်ယာယီ ပထမစာမျက်နှာမှာ ကူးထားမိရုံမက အလွတ်ရအောင် ကျက်ထားလိုက်မိသေးတော့၏။

ရံဖန်ရံခါ ခင်မတစ်ယောက် အခက်အခဲတွေနှင့် ကြုံတွေ့ရလေတိုင်း၊ ခင်မ၏စိတ်တွေ တွေဝေမိလေတိုင်း ထိုကဗျာကလေးကို ဖတ်၍ လောကဓံကိုအငြောမခံဘဲ အားမာန်တွေအပြည့်နှင့်ခေါင်းကိုမော့၊ ရင်ကိုကော့ကာ တောကျောင်းဆရာမလေးဘဝကို တန်ဖိုးထားပြီး မြဲမြဲကြီး ဖက်တွယ်ထားမိခဲ့ပါပြီ ...

◈ ◈ ◈

အနောက်တောင်ဆီမှာ မုတ်သုံမိုးစက်ပွင့်တို့ကို ဈေးမွှေ့သယ်ဆောင်လာကြသည့် တိမ်ဆိုင်တိမ်လိပ်၊ တိမ်ရိုင်မည်းမည်းကြီးတွေ မြာလွှင်မှိုင်းညို၊ ကောင်းကင်တစ်ခိုမှာ တရွေ့ရွေ့ လွင့်မျောပါလာကြပြီဆိုလျှင်ဖြင့် ခင်မတို့ ကျောင်းကလေး ဝန်းကျင်မှာရှိသည့် လယ်ကွင်းတွေထဲက စပါးပင်အပျိုမတို့ လည်တမော့မော့၊ ခေါင်းတစ်ခါခါ ခါးကလေး တနွဲ့နွဲ့နှင့် မိုးစက်မိုးပွင့်တို့ကို ပန်ဆင်ရန် ငံ့လင့်လို့နေကြလေပြီ။

ဘယ်သူတွေ တန်ဖိုးထားထား မထားထား၊ ဘယ်သူတွေ ပန်ဆင်ဆင်၊ မဆင်ဆင်၊ ကြာမြူ ကြာနီ၊ ကြာပြာတွေကတော့ လယ်တောတစ်ခွင်မှာ ဝေလွှင်လွှင် ပွင့်ဖူးနေကြပြီ။

ထိုကဲ့သို့ မိုးသက်တွေဆင်၊ လယ်ပြင်မှာ ရေတွေဖွေးလေတိုင်း ကျောင်းကလေး၏ ပြတင်းပေါက်မှာ လက်ထောက်ငေးမျှော်ရင်း စိမ်းမြရိဝေ လယ်ကွင်းတွေကြားမှာ ဖြတ်၍ဖောက်ထားသည့် ရွာလမ်းကလေးရဲ့အပေါ်မှာ ခြေကလေးတွေ မြမြကုပ်တွယ်၊ လွယ်အိတ်ကလေးတွေကို ကိုယ်စီလွယ်ပြီး ကျောင်းသွားဖော်သူငယ်ချင်းတွေနှင့်ပျော်ခင်းဖွဲ့ကာ ကျောင်းတက်လာကြသည့် တပည့်ကလေးတွေကို ငေးမျှော်နေမိရင်း ရင်တွင်းမှာတော့ စေတနာတွေ ဝေဖြာနေမိသေးသည်။

သူတို့လေးတွေ၏အပေါ်မှာ သဲသဲမဲမဲကြဲပက်၍ ကျလာမည့် မိုးစက်မိုးပွင့်တွေကို မလုံနိုင်မှန်းသိပေသော်ငြား သူ့လက်ဖဝါးလေးတွေဖြန့်ကာ မိုး၍ကာ၍ ပေးထားချင်စိတ်တွေက တားမရဆီးမနိုင် လှိုင်လှိုင်ကြီး ပေါ်လာမိလေသည်။

ခင်မလို စေတနာလက်ဖဝါးတွေ၊ အကြင်နာလက်ဖဝါးကလေးတွေ ကရုဏာလက်ဖဝါးပိုင်ရှင်တွေ တစ်ယောက်နှစ်ယောက်ကနေ တစ်ရာ၊ နှစ်ရာ၊ တစ်ထောင်၊ နှစ်ထောင်၊ တစ်သောင်း၊ နှစ်သောင်းမက များလာခဲ့လျှင်ဖြင့်။

❑ ❑ ❑

## ဘယ်ဝယ်သောင်ကမ်း မြန်လမ်းမှိုင်းမှုန်ရီ

မြစ်ပြင်ကျယ်ကြီးကို အလျားလိုက်အရှိန်နှင့်ပြေးနေသော သုံးထပ်သင်္ဘောကြီးပေါ်တွင် လေတွေတဝုန်းဝုန်းတိုက်ခတ်လျက်ရှိ၏။ ခပ်ကြမ်းကြမ်းတိုးတိုက်နေသော လေကြောင့် မြစ်ပြင်ပေါ်တွင် လှိုင်းတွေတဖျပ်ဖျပ် ထခုန်လျက်ရှိ၏။

လှိုင်း၏ထိပ်ဖျား၌ လွင့်စင်မြောက်တက်လာသော ရေစက်ရေမှုန်များသည် မြစ်လေနှင့်အတူ ခိုတွဲလိုက်ပါလာကြသဖြင့် လေသည် စိုစိုထိုင်းထိုင်းရှိ၏။

ထုနှင့်ထည်နှင့်ကြီးမားလှသော သင်္ဘောကြီးကတော့ မြစ်ပြင်မှာ တဖျပ်ဖျပ်ထခုန်နေသော လှိုင်းတို့ကို ရှိသည်ဟုမထင် တိုးတိုက်ကျော်ဖြတ်ကာ ဣန္ဒြေရရခန့်နှင့်လျက်ရှိသည်။

သင်္ဘောကြီးမှ ပြေးထွက်သွားကြသော လှိုင်းလုံးကြီးများသည် မြစ်၏ ဝဲယာကမ်းနှစ်ဖက်ကို အရှိန်နှင့်ပြေးဝင်လိမ့်တက်နေကြသည်။ မြစ်ကမ်း၊ ချောင်းကမ်းတို့ သဘာဝ ပေါ်ထွန်းနေတတ်ကြသော ညိုသည်လည်းမဟုတ် ဝါသည်လည်းမမည်၊ ပြာသည်ဟုလည်း မဆိုနိုင်သောအရောင်တို့ဖြင့် တန်ဆာဆင်ထားကုန်သော

သောင်စပ်ပေါ်တွင် အစာရှာနေကြသည့် ဗျိုင်းအောက်၊ စနိုက်၊ ရေကြက်၊ ရေညောင့်ကောင်စသည့် ငှက်တို့သည် လှိုင်းလုံးတွေ ပြေးဝင်လာလျှင် ပျံတက်ရှောင်ရှားပေးကြပြီး၊ လှိုင်းလုံးတွေပြန် လည်လိမ့်ဆင်းသွားသည့်အခါ သောင်စပ်ပြန်မြန့်ပေါ်တွင် ကျန်ရစ် ခဲ့သည့် ငွေရောင်တောက်တောက် ငါးနုံးမပေါက်ကလေးများ၊ ငါးစင်စပ်များ၊ ငါးမော့တော့ကလေးများ၊ ပုစွန်ဆိတ်ကလေးများကို ထိုးဆိတ်စားရင်း ပျော်မြူး၍ ကျန်ရစ်ခဲ့ကြသည်။

နီနီသည် ယုန်မွေးအွယ်တာ ပန်းဆီရောင်ကလေးကို ရင်ဘတ် ဆွဲစေ့လိုက်ပြီး အေးစိမ့်လာဟန်ဖြင့် လက်နှစ်ဖက်ပိုက်လိုက်ရင်း အစ်ကိုကြီးကို လှမ်းကြည့်ဖြစ်သည်။ သဘောင်္ဂ၏ရှေ့ခန်းတွင် မတ်တတ်ရပ်ရင်း ကမ်းဘက်ဆီငေးနေသော အစ်ကိုကြီးကတော့ သူ့ကိုလာ၍စင်နေသော ရေစက်ရေမှုန်တွေကိုလည်း ဂရုမစိုက် တဖူးဖူးတဝေါဝေါတိုးဝင်နေသော လေတွေကိုလည်း သတိထား မိပုံမပေါ် ပကတိငြိမ်သက်စွာ ရှိနေသည်။

ညနေဆည်းဆာနေခြည်သည် လှိုင်းလုံးများပေါ်တွင် ရွှေရောင် ပက်ဖျန်းပေးလျက်ရှိ၏။ ခပ်လှမ်းလှမ်းမြစ်ကမ်းနဘေးရှိ စာသင် ကျောင်းကလေးမှ မြူးမြူးစိမ်းစိမ်းကျောင်းသားကလေးများသည် စပါးခင်းများအကြားတွင် မြူးတူးစွာ ခုန်ပေါက်ပြေးလွှားရင်း မှိုင်း ပျပျရွာကလေးဘက်ဆီ သွားနေကြသည်။

◈ ◈ ◈

ငယ်စဉ်က သစ္စာသွတ်မြစ်ကမ်းနံဘေး လယ်ကွက်များကြား တွင်ရှိသော မူလတန်းကျောင်းအိုကလေးတွင် စာသင်ကြားခဲ့ ရသည့် ကလေးဘဝကို နီနီပြန်၍ သတိရလျက်ရှိသည်။

"ပြီးခဲ့တဲ့ သုံးလေးရက်ကတည်းကလာဖို့ စီစဉ်ခဲ့ပေမယ့် ဆေးခန်းက သည်အတိုင်း ထားပစ်ခဲ့လို့မရတော့ လူစားရှာနေ တာနဲ့ နောက်ကျသွားရတာ အမေ ဘာမှမဖြစ်ပါစေနဲ့လို့ ဆုတောင်း ရတာပဲ ညီမလေးရာ"

တစ်ချိန်လုံးငြိမ်သက်စွာ လိုက်ပါလာသည့် အစ်ကိုကြီး၏ စကားသံကြောင့် နီနီသည် အစ်ကိုကြီးကိုကြည့်ရင်း "နီနီလည်း ဘာမှမထူးပါဘူး အစ်ကိုကြီးရယ်၊ ပြီးခဲ့တဲ့သုံးလေးရက် အစ်ကိုကြီး ဖုန်းဆက်ပြောကတည်းက လာဖို့ ပြင်ဆင်ခဲ့တာပါပဲ၊ ကလေး နှစ်ယောက်နဲ့ ကျန်ခဲ့မယ့်ယောကျ်ားကိုငဲ့ရ၊ ယောက္ခမတွေရဲ့ ဆောက်လက်စနဲ့ ကန့်ထရိုက်တိုက်တွေရဲ့ အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ၊ သံ၊ သစ်တွေ အရစ်ကျချပေးနေရတဲ့အလုပ်တွေ ရှင်းရနဲ့ အခုထွက်လာရတာတောင် ယောကျ်ားက သိပ်ပြီး ကျေနပ် လှတာမဟုတ်ပါဘူး" ဟု စိတ်ထဲကနေ၍ ပြောနေမိသည်။

လွန်ခဲ့သော ရက်တွေတုန်းက အစ်ကိုကြီး၏ ဆေးခန်းသို့ အမေ ဖုန်းဆက်သည်ဟုဆို၏။ အမေက သားနဲ့သမီးကို တွေ့ချင် လို့ဟု ပြောသည်။ အစ်ကိုကြီးက "အမေ နေမကောင်းလို့လား" ဟု မေးတော့ "အင်း" ဟု ခပ်တိုတိုပြောကာ ဖုန်းချသွားသည်တဲ့။

နီနီတို့မွေးဖွားရာ ရွာကလေးသည် ဝါးခယ်မမြို့မှ ပဲ့ထောင်ဖြင့်ပင် တစ်နာရီကျော် နှစ်နာရီနီးပါးသွားရသေး၏။ အမေ ဝါးခယ်မဈေးကို လိုင်းသင်္ဘောဖြင့်လိုက်ပါပြီး ဖုန်းဆက်တာ ဖြစ်လိမ့်မည်။

အမေ၏စရိုက်ကိုက တိုတိုပြတ်ပြတ်ပြောတတ်၏။ ဘယ်တော့မှ ဖွဲ့ဖွဲ့နွဲ့နွဲ့ သိုင်းသိုင်းဝိုင်းဝိုင်း ဆိုတတ်သည်မဟုတ်။ သားသမီးများကိုချစ်သော်လည်း ဘယ်သောအခါမှ အလိုမလိုက် ခပ်ပြတ်ပြတ် စည်းကမ်းနှင့်ဆက်ဆံတတ်၏။

အဖေကတော့ သားနှင့်သမီးကို ချစ်လည်းချစ်၊ အလိုလည်းလိုက်တတ်၏။ သား ရှစ်တန်းကျောင်းသား၊ သမီး ခြောက်တန်းကျောင်းသူကို သူငယ်ချင်းလို ပေါင်းတတ်၏။

ဟိုးခေတ်က H.S.F ခေါ် ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်ကာ ရွာမှာ မူလတန်းကျောင်းအုပ်ဖြစ်သော အမေ့ကိုလည်း အလွန်အထင်ကြီး၏။ ဘာမဆို အမေသဘောအတိုင်းသာ အဖေက လိုက်နာဆောင်ရွက်လေ့ရှိ၏။ လူမှုရေး စီးပွားရေးကိစ္စများတွင် အမေ့သဘောတစ်ခုသာဖြစ်၏။ အဖေသည် ပညာစုံအောင်မသင်ခဲ့ရဘဲ အင်းသားကြီးဖြစ်ခဲ့ရသော သူ့ဘဝကို ကျေနပ်ခဲ့ဟန် မတူပေ။ သူ့ခေတ်နှင့်သူ့အခါ ပညာတတ်မိန်းမကိုရထားသဖြင့် အစစအရာရာ အမေ့ကို အလျှော့ပေးထားဟန်ရှိ၏။

သို့သော် သားနှင့်သမီးနှင့်ပတ်သက်လာလျှင်တော့ အမေ့ကို ဗီဆန်တတ်၏။ အမေဆူတာ၊ ရိုက်တာကိုမကြိုက်၊ မာန်တာ မဲတာ

ကိုပင် သဘောမကျ၊ သူ့အသက်ထက် ချစ်သည်ဟုလည်း ခဏခဏ ပြောတတ်သဖြင့် အမေနှင့် သိပ်တည့်လှသည်မဟုတ်။

"ပညာတော့ တန်းကုန်အောင်သင်ပေး၊ ပညာမတတ်ရင် သိပ်မျက်နှာငယ်တာကွ၊ သိလား" ဟု အမေ့ကို စောင်းကာချိတ်ကာလည်း ပြောတတ်၏။

"စိတ်ချပါအဖေရာ၊ ပညာသင်ဖို့က သားတို့တာဝန်ထား၊ ကျောင်းစရိတ်သာ လုံလောက်အောင် အဖေရှာပေးတော့" ဟု အစ်ကိုကြီးကပြောလျှင် "တက်စမ်းပါဗျာ၊ တက်စမ်းပါ။ တန်းကုန်အောင်သာ တက်စမ်းပါ ငါ့သားသမီးတွေ ကျောင်းထားဖို့က အဖေ့တာဝန်သာထားစမ်းပါ၊ အဖေ အင်းရေထဲက မတက်စတမ်း ရှာချင်ရှာရစမ်းပါစေ၊ မပူနဲ့ကွ။ မှတ်ထား ... ဟောသည် အဖေ့အင်းချောင်းကြီးထဲမှာ ရေတွေမခန်းသ၍ ငါးတွေရှိမှာပဲ သားနဲ့သမီးရဲ့ ကျောင်းစရိတ်လောက်ကတော့ကွာ ..."

အဖေပြောမည်ဆိုလည်း ပြောလောက်ပါသည်၊ တစ်နှစ်တစ်နှစ် အဖေ့အင်းချောင်းကထွက်သော ငါးတွေ၊ ပုစွန်တွေ၊ ငါးပိတွေ၊ ငါးခြောက်တွေဆိုတာ နည်းတာမဟုတ်၊ ပျဉ်ထောင်သွပ်မိုးအိမ်နှင့် ဝမ်းစာစပါးနှင့် ငါးပိငါးခြောက်လုပ်ငန်းတွေနှင့် အဖေ့ဝင်ငွေက ကောင်းလှလေ၏။

စည်းစနစ်ရှိသော၊ စစ်စီတတ်သော၊ အုပ်ချုပ်မှုတော်သော အမေ၏ စီမံခန့်ခွဲမှုအောက်တွင် စီးပွားရေးက တရိပ်ရိပ်

တက်လျက် ရှိသည်မဟုတ်လား။ သည်တော့ အမေပြောအားရှိပေ တာပေါ့လေ။

◈ ◈ ◈

အစ်ကိုကြီး ဆယ်တန်းကို လေးဘာသာဂုဏ်ထူးနှင့်အောင်၍ ဆေးတက္ကသိုလ်တက်ပြီး နောင်တစ်နှစ်တွင် နီနီ ဆယ်တန်းအောင် ကာ အမှတ်ကောင်းသဖြင့် ဝါသနာပါသည့် စက်မှုတက္ကသိုလ် တက် ခွင့်ရတော့ ဤမြေကြီးတစ်ခွဲသားနှင့် နေတတ်သောအမေပင် ဟန် မဆောင်နိုင်ရှာဘဲ ခံစားချက်တွေ ပွင့်ထွက်လာခဲ့၏။

"သားနဲ့သမီးကို အမေက ပညာတွေအများကြီးတတ်စေချင် တာ။ အမေ့မှာလည်း အကြောင်းရှိတယ် သားတို့ရဲ့၊ အမေ့ကို ယယ်စဉ်တုန်းက တိုင်းပြည်ကလည်း မငြိမ်းချမ်းတော့ ပညာကို အေးအေးဆေးဆေး မသင်ခဲ့နိုင်ဘူး။ ပညာကို တန်ဖိုးထားရမှန်း၊ အလေးပေးရမှန်းလည်း ခုခေတ်လောက် မသိခဲ့ဘူး။ အဲဒါကြောင့် အမေဟာ ပညာကို ဆုံးခန်းတိုင်အောင် မသင်ခဲ့ရဘဲ ကျောင်းထွက် လက်မှတ်ရ ပညာကလေးလောက်နဲ့ ကျောင်းဆရာမဖြစ်လာခဲ့တာ။ အမေ့ရဲ့ ကြိုးစားမှု တာဝန်ကျေမှု လုပ်သက်ရင့်မှုတွေကြောင့်သာ အခုလို မူလတန်းကျောင်းအုပ်ဖြစ်လာခဲ့တာ၊ သားတို့ကျောင်းမှာ တွေ့ဖူးတယ်မဟုတ်လား။ ဝန်ထမ်းအင်အားဇယားဆွဲထားတာလေ။ အဲသည်ဇယားထဲမှာ ပညာအရည်အချင်းဆိုတာပါတယ်။ နောက်မှ ဆရာဖြစ်လာတဲ့ မူလတန်းလက်ထောက်ဆရာလေးတွေ ဆရာမ

လေးတွေဟာ အနည်းဆုံး B.A တွေ B.Sc တွေချည်းပဲဆိုတော့ ကျောင်းအုပ်ဖြစ်လို့သာ အပေါ်ဆုံးမှာ နေရာရပေမယ့် အမေ့ရဲ့ ပညာအရည်အချင်းဟာ အနိမ့်ဆုံးပေါ့။

ဘယ်သူတွေက ပြောသည်ဖြစ်စေ မပြောသည်ဖြစ်စေ အမေ ကတော့ ကိုယ်ကိုယ်တိုင် ပညာနည်းတော့ သိမ်ငယ်စိတ်ရှိတာပဲ ဒါကြောင့် အမေတို့ရဲ့ခေတ်အခြေအနေကြောင့် အမေတို့ မသင် ယူလိုက်ရတဲ့ပညာတွေကို အမေ့သားသမီးတွေလက်ထက်မှာ ရစေ ချင်တယ်၊ ဒါမှ အမေ့ရဲ့သားတွေသမီးတွေ လူတောထဲ တိုးဝင်ကြ တဲ့အခါ အမေ့လို သိမ်ငယ်မှုမဖြစ်ကြရမှာ မျက်နှာမငယ်ကြရမှာ သိလား၊ မင်းတို့အဖေကလည်း မင်းတို့ပညာရေးအတွက်သာဆိုရင် ဘာပဲလုပ်ရလုပ်ရ ဘယ်လိုပဲရှာရရှာရ တာဝန်ယူသတဲ့။ ကဲ ... အဖေတို့အမေတို့ဘက်ကတော့ တာဝန်ကျေပြီ မင်းတို့မောင်နှမ ဘက်ကသာ"

အဖေနှင့်အမေတို့၏ စကားတွေကို ကြားယောင်ရင်း နီနီ မျက်ရည်တွေတွေကျမိ၏။ သည်အဖေ သည်အမေတို့ အိုကြပြီ ဘာတွေလုပ်၍ ဘယ်လိုများနေကြရှာပါလိမ့်၊ နီနီတို့မောင်နှမ နှစ်ယောက်မှတစ်ပါး တခြား သားထောက်သမီးခံမရှိသော မိဘို ဖအိုနှစ်ဦးနှင့် မတွေ့ရသော နှစ်တွေတောင် ကြာလှပေါ့။

◈ ◈ ◈

အဖေတို့အမေတို့၏ ဆန္ဒတွေ ပြည့်ကြေပါသည်။ အစ်ကိုကြီးက မိုးမိုး M.B.B.S ဘွဲ့သာမက ဘွဲ့လွန်တက်ပြီး၍ ဆေးကုသမှုပါရဂူကြီးပင် ဖြစ်နေပြီ၊ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသော ဇနီးနှင့် သားသမီး သုံးယောက်နှင့် ရန်ကုန်မှာပင် အခြေကျနေပြီ။

နီနီသည်ပင် ဘဝတူ အင်ဂျင်နီယာတစ်ယောက်နှင့် အိမ်ထောင်ကျကာ ယောက္ခမဦးစီးသည့် ကန်ထရိုက်လုပ်ငန်းကို လင်မယားနှစ်ယောက်အတူလုပ်ကာ ကလေးနှစ်ယောက်ရနေပြီ။ ဇနီးနှင့် ယောက္ခမအသိုင်းအဝိုင်းကို မလွန်ဆန်ရဲသော အစ်ကိုကြီးသည် သူတတ်ကျွမ်းသည့်ဆေးပညာဖြင့် ဝင်ငွေရှာ၍ကောင်းလှသော်လည်း ဇရာဒုက္ခလအရွယ်ကျ၍ အိုမြီမာပြီဖြစ်သည့် မိဘတို့ကို ပြန်စောင်းမှုလှည့်မကြည့်နိုင်ခဲ့။

ပင်စင်ယူပြီးကတည်းက တရှောင်ရှောင်နှင့် ကျန်းမာရေးညံ့လာသော အမေနှင့် နှစ်ပေါင်းများစွာ အင်းရေထဲမှာ ငုပ်ချည်ပေါ်ချီ၊ ငါးတွေပုစွန်တွေနှင့် လုံးလားထွေးလား၊ ငါးပိတွေ ငါးခြောက်တွေနှင့် နပန်းလုံး၍ သားနှင့်သမီးတို့၏ ပညာသင်ကြားရေးစရိတ်ကို ရှန်းကန်ရှာဖွေခဲ့ရသော အဖေကလည်း အားအင်တွေ ကုန်ခန်းကာ ချွေချာလာခဲ့ပြီ။ အမြစ်သေ၍အပင်ခြောက်နေပြီဖြစ်သော သစ်ပင်အိုကြီးလိုဖြစ်နေပြီ။ လေပြင်းကလေးတစ်ချက်ဝှေ့လျှင် ဗုန်းဗုန်းလဲတော့မည်။

ဒါဆို မိမိကရော နီနီသည် တွေးရင်းတွေးရင်းက မိမိကိုယ်မိမိခွင့်မလွှတ်နိုင်အောင် ဖြစ်လာမိတော့၏။ မြို့ပြအင်ဂျင်နီယာကြီး

အဖြစ်နှင့် ယောကျ်ားမ၏ကန်ထရိုက်လုပ်ငန်းတွေမှာ ဟော ... တစ်လုံး၊ ဟော ... တစ်လုံးနှင့် အထပ်မြင့်တိုက်ကြီးတွေ ဆောက်ပေးနေခဲ့သော်လည်း၊ မိမိတို့အမှီခိုခဲ့သော မွေးဇာတိမြေက အဖေတွေ အမေတွေ၏ သစ်သားအိမ်အိုကလေးကို ကြမ်းတစ်ချောင်းမှ အစားထိုးမပေးနိုင်ခဲ့၊ နှစ်ကာလများစွာ ရာသီဒဏ်ခံလာခဲ့ရ၍ ဆန်ခါပေါက်ကျလုဆဲဆဲ အိမ်မိုးသွပ်ပြားတွေကို တစ်ချပ်သော်မှ လဲမပေးဖြစ်ခဲ့၊ တစ်နေ့တစ်နေ့ သားတွေသမီးတွေကိစ္စ၊ ယောကျ်ားကိစ္စ၊ ယောကျ်ားမကိစ္စတွေနှင့်သာ လုံးလည်လိုက်နေခဲ့ရသည် မဟုတ်လား။

"အစ်ကိုကြီး အဖေမသေနိုင်ပါဘူးနော်"

အစ်ကိုကြီးထံမှ စကားပြန်မရခဲ့၊ သူ့ရင်ထဲမှာလည်း နီနီ့မေးခွန်းကိုဖြေရန် အဖြေရှိဟန်မတူချေ။

သဘောကြီးပေါ်မှနေ၍ တရိပ်ရိပ်ကျန်ရစ်ခဲ့သော ကမ်းနှစ်ဖက်ဆီ ငေးရီနေသော အစ်ကိုကြီး၏မျက်ဝန်းတွေထဲမှာတော့၊ ဝမ်းနည်းကြေကွဲခြင်း၊ နောင်တတစ်ဖန် ပူပန်ရခြင်းတွေဖြင့် ဝေသီမှုန်ဝါးနေလိမ့်မည်ကို နီနီသိနေပါသည်။

သဘောဦးဖြင့် တိုးတိုက်ခွဲလိုက်သဖြင့် ဖြစ်ပေါ်လာသော လှိုင်းလုံးကြီးတွေက ပြေးဝင်ရိုက်ခတ်လိုက်သဖြင့် မြစ်ကမ်းဘေးသောင်နုံပေါ်တွင် အစာရှာနေကြသော စနိုက်ငှက်များ၊ ချေကြက်ကလေးများ လန့်ဖျပ်ပျံသန်းနေသည်ကို မြင်နေရသည်။ ကောင်းကင်တွင် ဆည်းဆာရိုနေခြည်တွေက ဖွန်းပက်ထားသဖြင့်

အဆုပ်လိုက်၊ အခဲလိုက်လွင့်မျောနေကြသည့် တိမ်တိုက်တိမ်မျှင်တွေသည် ဝါသလိုလို၊ နီသလိုလို၊ ရွှေသလိုလို၊ ပြာသလိုလို၊ မှိုင်းသလိုလိုနှင့် ကြည့်ရတာ လွမ်းစရာကောင်းနေတော့၏။ မကြာမီ နေဝင်ပေလိမ့်မည်။

◈ ◈ ◈

တံ့တေး၊ မအူပင်၊ ရွှေလောင်းစသည့် ကြားမြို့တွေ ကျော်ဖြတ်ပြေးလွှားလာခဲ့သော သင်္ဘောကြီးသည် ဝါးခယ်မဆိပ်ခံ ဘောတံတားဆီသို့ မောပန်းစွာ တရွေ့ရွေ့နီးလာခဲ့ပြီ။

မြေကုန်လက်ပန်းကျအောင် မိုင်တစ်ရာကျော်ကျော် ပြေးလွှားခုတ်မောင်းလာရသဖြင့် မောပန်းနေပြီထင်သည်။ သက်ပြင်းချလိုက်သံကြီးနှင့်တူသော တဘော်ဘော်၊ ဥဩသံရှည်ကြီးပေးကာ ဆိပ်ခံဘောတံတားဆီ ပြေးဝင်ဆိုက်ကပ်လိုက်လေ၏။

နီနီနှင့်အစ်ကိုကြီးသည် ပစ္စည်းပစ္စယများ အမြန်သိမ်းဆည်း၍ သင်္ဘောကြီးဆီ အလုအယက် ချဉ်းကပ်လှော်ခေါ် နေကြသည့် အခြေနှစ်ခွတ်သမ္ဗန်များ၊ ပဲ့ထောင်များထဲမှ ... ပဲ့ထောင်စက်လှေတစ်စီးပေါ် အမြန်တက်ကာ "မကျိုးချောင်းကို မြန်မြန်မောင်းပေးပါဗျာ" ဟု အစ်ကိုကြီး၏ စကားသံအဆုံးတွင် စက်သံတထုန်းထုန်းပေးကာ ပဲ့ထောင်ကလေးသည် ဝါးခယ်မဆိပ်ကမ်းမှ ထွက်ခွာလာခဲ့ပြီ။ ရွာသို့ရောက်ရန် တစ်နာရီကျော်ကျော် မောင်းရဦးမည်။

လရောင်ပက်ဖျန်းထားသော မြစ်ရေပြင်သည် ငွေရောင်တဖိတ်ဖိတ် လက်လျက်ရှိသည်။ မြစ်ဝကျွန်းပေါ်ဒေသပေမို့ မြစ်ရေသည် နွေဦးရာသီတွင် ကြည်လင်စိမ်းမြလျက်ရှိ၏။ မိုးရာသီလို လှိုင်းဂယက်တွေမရှိ၊ နောက်ကျိမှုမရှိ၊ နုန်းတွေနဲ့တွေ ရောနှောပျော်ဝင်နေခြင်းမရှိ၊ ဗေဒါအုံတွေ၊ ဒိုက်သရောပုံတွေ၊ စုပုံမျောပါလာခြင်းမရှိ ပကတိကြည်လင်လျက်ရှိသည်။ တစ်ညလုံးနီးပါး သဘော်စီးလာရသဖြင့် အိပ်ရေးပျက်မျက်လုံးများသည် နီရဲဖန်တွတ်လျက်ရှိ၏။

အစ်ကိုကြီးက ပဲ့ထောင်စက်လှေကလေးနံဘေးကိုကျော်၍ မြစ်ရေကိုလက်ဖြင့်ခပ်ပြီး မျက်နှာကို တဖျန်းဖျန်းသစ်သည်။ ဇက်ပိုးကို မြစ်ရေဖြင့်တဖျပ်ဖျပ်ရိုက်၍ လန်းအောင်ပြု၏။ ထိုအခါ နီနီပင် စိတ်ပါလာကာ မြစ်ရေကိုလက်ခုပ်ဖြင့်ခပ်၍ မျက်နှာသစ်လိုက်သည်။ အား ... အေးမြလန်းဆန်းသွားပါလား ... သည်မြေမှာမွေး၊ သည်ရေကိုသောက်၍ ကြီးပြင်းလာခဲ့ရသော နီနီတို့မောင်နှမနှစ်ယောက် ဝိဘိကလေးဘဝကို ပြန်ရောက်သွားသလို ခံစားလိုက်ရသည်။

ဝေလီဝေလင်းမှောင်ရီနေဆဲသာဖြစ်၍ မြစ်ပြင်တွင် အသွားအလာ မထူထပ်သေး။ လက်လှော်လှေတွေ၊ တံငါလှေတွေ၊ တစ်စင်းတလေသာ ပြောက်တိပြောက်ကျားတွေ့ရပြီး ကျော်ဖြတ်လာခဲ့သည်။ လတ်ဆတ်အေးမြလေပြည်ထဲတွင် ရေ၏ရနံ့၊ လတာ ရွှံ့နွံ၏ရနံ့နှင့်ရောကာ ငါးညှီနံ့သင်းသင်းကလေးကိုပါ ရနေသည်။ ဒါဟာ နီနီတို့ မွေးရပ်မြေအစစ်ပါပဲ။

"မြန်မြန်မောင်းပါဗျာ" အစ်ကိုကြီးက လောဆော်နေသဖြင့် ပဲ့ထောင်ကလေးသည် စက်ကုန်ဖွင့်ကာ ရှိန်ရှိန်မြေအောင် မောင်းနှင်လျက်ရှိ၏။ ကွေ့ကွေ့ကောက်ကောက် သောင်တန်းကြီးတွေနောက်မှာကျန်ခဲ့ပြီး စိမ်းမြေတောအုပ်တွေ၊ လက်ပြယိမ်းနွဲ့ကာ ကျန်ရစ်ခဲ့ကြပြီ။ နောက်ထပ်သောင်ကမ်းညှိညှိကြီးတွေကို ကျော်လိုက်လျှင် သူတို့ရွာကလေး၊ အဖေနှင့်အမေတို့ရှိရာ အိမ်ကလေးကို ရောက်ပေတော့မည်။ နီနီ၏ ခိုးရိမ်စိတ်ဖြင့်ခုန်သော ရင်ခုန်သံသည် ပဲ့ထောင်စက်သံနှင့်အပြိုင် မြည်ဟည်းလျက်ရှိ၏။

"အစ်ကိုကြီး အဖေ မသေနိုင်ပါဘူးနော် ..." မရိုးနိုင်သော မေးခွန်းကိုပင် ထပ်မေးဖြစ်ပြန်သည်။ အစ်ကိုကြီးကလည်း ထုံးစံအတိုင်း တိတ်ဆိတ်စွာ အဖြေပေးနေတော့သည်။ "ဘုရားမလို့ အဖေ့ကို အသက်ရှင်လျက်တွေ့ရပါစေလို၏ဘုရား" နီနီ၏ ဆုတောင်းသံသည် ရင်ထဲမှာပင် ဆူညံစွာ ...

◈ ◈ ◈

"အဲ ... အဲ ... ဟောဟိုရှေ့က ညောင်မုတ်ဆိတ်ပင်ကြီးသေးက တံတားမှာ ကပ်ပေးပါဗျာ" အစ်ကိုကြီး၏စကားသံအဆုံးတွင် ပဲ့ထောင်ကလေးသည် စက်သတ်၍ တံတားဆီ ဝင်ကပ်၏

နံနက်ခင်း၏ ရွှေရောင်လင်းအရှက်သည် မြူသလိုလို၊ နှင်းသလိုလိုနှင့် ဝေဝါးစွာ လင်းစပြုနေပြီ။ ညောင်မုတ်ဆိတ်ပင်အိုကြီးသည် နီနီတို့ငယ်စဉ်တုန်းကလိုပင် ကမ်းစပ်မှနေ၍ ရေထဲသို့ ငုံကိုင်း

ရှာ ပေါက်နေဆဲရှိ၏။ ဖားလျားကျနေသော အမြွှာအမြွှာ မုတ်ဆိတ်မွေးများနှင့် ချေပြင်ကို တို့ထိကစားနေဆဲရှိသေး၏။ နီဝါဝါ ညောင်သီးကလေးတွေ သီးနေဆဲရှိသေး၏။ ညောင်သီးကြိုက်သော ငှက်ကလုံငှက်ကလေးတွေက ထိုးဆိတ်စားနေသဖြင့် ချေပြင်ထဲသို့ တဖွဲဖွဲ ကြွေကျနေဆဲရှိသေး၏။

ထိုညောင်မုတ်ဆိတ်ပင်ကြီး၏အောက်တွင် ခပ်ယိုင်ယိုင် တဲတားအိုကလေး တစ်စင်းက ကျောခင်းနေဆဲရှိသေးသည်။ ထိုတဲတားအိုကလေးအတိုင်း တက်သွားလျှင်တော့ . . .

"အမေရေ ... အမေ ... အမေ ..." နီနီရော အစ်ကိုကြီးပါ အော်၍ခေါ်ရင်း ရေဆင်းတဲတားကလေးဆီမှ အပြေးတက်လိုက်ကြသည်။ ထိုစဉ်မှာပင် အိမ်ကလေးဆီမှ ရေနံဆီမီးခွက် အလင်းရောင်ကလေး လင်းလက်လာသည်ကို တွေ့လိုက်ရပြီး "သားနဲ့သမီးလားဟေ့" ဟု အမေ့ အသံတိမ်တိမ်ကလေးကို ကြားလိုက်ရသည်။

အမေ့အသံကိုကြားလိုက်ရလျှင် မောင်နှစ်မနှစ်ယောက်သား တံခါးဖွင့်ပေးသောအမေ့ကိုပင် နှုတ်မဆက်အားဘဲ အမေ့ရှိရာ အတင်းပြေးဝင်ကြ၏။

အမေသည် ဘုရားစင်ကလေးရှေ့ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်လျက် ကိုယ်တစ်ပိုင်းကိုစောင်ခြုံထားရင်း သားနှင့်သမီးကို ပြုံးလျက်ကြည့်နေသည်။

နီနီနှင့်အစ်ကိုကြီးသည် အဖေ့ရှေ့တွင် ဒူးထောက်ထိုင်လိုက်ကြပြီး အဖေ့ခြေသလုံးနှစ်ဖက်ကို အားပါးတရ ဖက်ထားလိုက်ကြသည်။ အဖေ့မျက်နှာကို မော့်၍ ကြည့်လိုက်ကြ၏။

အဖေ ပိန်လွှန်းလှပါကလား။ နီနီတို့ငယ်ငယ်တုန်းကတော့ လေးလုံးခြောက်ဖက်ကြီးနှင့် ကြံ့ခိုင်သန်စွမ်းကာ ကြွက်သားအမြှင်းအမြှင်းနှင့် အင်းသားကြီး ဦးလူမောင်မှ ဟုတ်ပါလေစ။ ကတုံးဆံပင် လက်နှစ်သစ်လောက်ကလည်း ဖွေးဖွေးလှုပ်လို့ပါလား။ ချက်ဝင်နေသော ပါးနှစ်ဖက်၊ မှုန်မွဲဝေသီနေသော မျက်ဝန်းအစုံမှာတော့ ဝမ်းသာမျက်ရည်တွေ သီသီရှော့လို့။

"သားတို့ သမီးတို့ နေကောင်းကြတယ်မဟုတ်လား" မေးပြီး သားနှင့်သမီးတို့၏ ခေါင်းကိုလက်ဖြင့် ဖွဖွအုပ်၍ကိုင်လိုက်စဉ်မှာတော့ နီနီတို့မောင်နှမနှစ်ယောက်စလုံး အဖေ့ဒူးနှစ်ဖက်ပေါ် မျက်နှာအပ်ကာ ရှိုက်ငိုလိုက်မိကြတော့၏။

အဖေသည် တစ်စုံတစ်ခုကို ပြောမလိုလို အားယူရင်း မပြောတော့ဘဲ တံတွေးတွေကိုသာ မျိုမျို၍ချနေတော့သည်။ ပြီးမှ "အဖေကတော့ ဒီတစ်သက်မှာ သားတို့သမီးတို့နဲ့တွေ့ရမှာ မဟုတ်တော့ဘူးလို့တောင် ထင်မိတယ်၊ မင်းတို့ အမေလည်း မနေရရှာပါဘူး၊ မြို့က ဆရာဝန်ကလေးပင့်ပြီး ဆေးကုရတာ၊ ကိုယ်ခွဲကမရှိတော့ မြို့မှာ ဆေးရုံသွားတက်ဖို့တောင် မလွယ်ဘူးလေ၊ အဖေ့အင်းလုပ်သားဟောင်းတွေနဲ့ မင်းတို့ အမေရဲ့တပည့်တွေကတော့ ပြောကြပါရဲ့ သူတို့စောင့်ပေးမယ်လို့" အဖေသည် စကားပြောရင်း

မောလာဟန်တူ၏။ အမေ လှမ်းပေးသော ရေတစ်ခွက်ကို အသာ သောက်လိုက်၏။

"ကိုယ့်အတွက်နဲ့ သူတစ်ပါးကို ဒုက္ခမပေးချင်တာနဲ့ သူတို့ကိုလည်း မပြောတော့ပါဘူး။ တို့ရွာဦးကျောင်းက ဘုန်းကြီးဟောသလိုပဲ ခန္ဓာရလာကတည်းက တစ်နေ့မှာ အိုရမယ်၊ နာရမယ်၊ သေရမယ်တဲ့ ဒါတွေက တစ်ခါတည်း ကပ်ပါလာပြီးသားတွေလေ ဒါကြောင့် မင်းတို့အမေကို ပြောရတယ်၊ အိမ်မှာပဲ ကုမယ်၊ ဆေးရုံမသွားတော့ဘူး၊ သေတစ်ကဲ ရှင်တစ်ကဲပဲလို့ ဒါပေမယ့် ဘယ်လိုပဲတရားနဲ့ဖြေဖြေ သားတွေသမီးတွေကို တွေ့ချင်စိတ်ကိုတော့ ဖြေလို့မရနိုင်ခဲ့ဘူး၊ ဒါကြောင့် နောက်ဆုံးအနေနဲ့ဖြစ်ဖြစ် ရအောင်ခေါ်ပေးစမ်းပါလို့၊ ... အခုလို သားရောသမီး အဖေ့ဆီ အရောက်လာခဲ့ကြတဲ့အတွက် အဖေသိပ်ကို ဝမ်းသာတာပဲကွာ ..."

တုန်ရီမောဟိုက်စွာ တစ်ခွန်းချင်းလေးလေးကြီး ပြောနေသော အဖေ့စကားသံတွေကိုကြားရတော့ မောင်နှမနှစ်ယောက်စလုံး အသံထွက်အောင် ရှိုက်ငိုမိကြတော့၏။

◈ ◈ ◈

"ကလေးတွေ စိတ်မကောင်းဖြစ်အောင် ပြောမနေပါနဲ့တော် ... ရှင် တွေ့ချင်တဲ့သားသမီးတွေနဲ့ အခုတွေ့နေပြီပဲ၊ ဘာအားငယ်စရာရှိလို့လဲ၊ ရှင့်သားကြီးတစ်ယောက်လုံးက သမားတော်ကြီးလေ အမောပြေသွားအောင် နွားနို့လေးသောက်လိုက်နော်"

အမေက အမေ့ကို ချော့မော့ပြီး နွားနို့တိုက်ကာ သားနှင့်သမီး အတွက်ပါ ယူလာပေးသည်။ နီနီက အမေ၏ခါးကိုဖက်၍ ပခုံးတွင် ပါးကိုကပ်၍ မှီလိုက်သည်။ အမေ၏ ပခုံးစွန်းကလေးသည် အရိုးနှင့်အရေသာရှိတော့၍ ပိန်ကပ်ကြုံလှီလွန်းလှ၏။ အမေတောင် အတော် အိုမင်းနေပါပြီကောဟု တွေးပြီး သက်ပြင်းတစ်ချက် ရှိုက်မိ၏။

ကိုကြီးကတော့ အမေနှင့်နှစ်ယောက်သား၊ ရောဂါအကြောင်း တွေပြောပြီး ဆရာဝန်ပေးထားသော ဆေးတွေယူကြည့်နေသည်။ ပြီးတော့ အမေ့ကို အိပ်ရာထက်တွင် ပက်လက်အိပ်စက်စေကာ နားကြပ်နှင့် ဟိုသည်ထောက်ကာ စမ်းသပ်နေတော့ သားဖြစ်သူကို မော့ကြည့်နေသော အမေ၏အကြည့်တွင် အားကိုးခြင်း၊ ယုံကြည် ခြင်း၊ ကျေနပ်နှစ်သိမ့်နေခြင်းနှင့်အတူ ပီတိတွေတဝေဝေနှင့် ရှိနေ သည်ကို မြင်တွေ့နေရလေသည်။

"ဟော့ မခင်ကြွေ ကလေးတွေကို ဟင်းကောင်းကောင်း ချက် ကျွေးနော်" အမေ့ကို လှမ်းပြောလိုက်တော့ အမေ့လေသံတွေက မာလို့နေသည်၊ စောစောတုန်းကနှင့် မတူတော့ပါလား။

အမေကတော့ အမေ့ကို မျက်စောင်းတစ်ချက်လှမ်းထိုးပြီး နီနီ နှင့် သားအမိနှစ်ယောက် တွတ်ထိုးလျက်ရှိ၏။ မတွေ့ရတာကြာပြီ မဟုတ်လား ... ။

◈ ◈ ◈

နီနီတို့မောင်နှမ အဖေအမေတို့နှင့်အတူ နေထိုင်ခွင့်ရခဲ့သည့် ခုနစ်ရက်ဆိုသော အချိန်ကာလသည် ခဏကလေးနှင့်ကုန်ဆုံးသွားခဲ့ရပါသည်။ သားတွေသမီးတွေ သိုင်းသိုင်းဝိုင်းဝိုင်းနှင့်မို့ အဖေ၏ နာလန်ထကာလသည် မထင်မှတ်နိုင်လောက်အောင် မြန်ဆန်ခဲ့ပါ၏။ အခုရက်ပိုင်းအတွင်း အဖေတော်လေး ကျန်းမာလာခဲ့ပြီ။

"ငါ့သားကြီးပေးတဲ့ဆေးက အဖေနဲ့အတော်တည့်တယ်ကွ။ သိရဲ့လား မခင်ကြွေ" အဖေ့စကားသံတွေက ရွှင်ရွှင်နေ၏။ အဖေ့အတွက်တော့ တခြားသောဆေးတွေထက် သားနှင့်သမီးနှင့်အတူ နေရခြင်းဟူသည့် ပီတိဆေးက ပို၍ အစွမ်းထက်နေဟန်ရှိသည်။

အဖေနှင့်အမေနှင့် မိသားစုလေးယောက် စုံစုံညီညီနေခွင့်ရသော နေ့များတွင် အစ်ကိုကြီးရော နီနီပါ ကလေးတွေဖြစ်နေကြတော့သည်။ အဖေနှင့်အတူ အိမ်ရှေ့က ချောင်းကလေးအတွင်း အတူတူရေဆင်းချိုးကြ၏။ ထိုချောင်းရေပြင်သည် နီနီတို့ငယ်ဘဝကတည်းက သဘာဝရေကူးကန်ကြီးဖြစ်ခဲ့၏။ ငယ်တုန်းက အစ်ကိုကြီးနှင့်နီနီတို့ ရေကူးသင်ကြရင်း ချောင်းကလေးအတွင်း ကျရေနှင့်အတူ ချောင်းဖျားဘက်ဆီက မျောပါလာကြသော အမျိုးအမည်စုံလှသည့် အသီးကလေးများကို အဖေက ငိုင်ခံဆယ်ယူပေးခဲ့သည်ကို မောင်နှမနှစ်ယောက် လုကြရင်း အဝေမတည့်ဖြစ်ကြ၏။

ပြီးတော့ "အဖေ ဒါဘာသီးလဲ" ဟု အလုအယက်မေးကြ၏။ အသီးတစ်မျိုးဆယ်ရတိုင်း မေးနေကျလည်း ဖြစ်၏။ အဖေကတော့ စိတ်ရှည်လက်ရှည်ပင် လမုသီး၊ သပြေသီး၊ ဉောင်သီး၊ မြွေချင်သီး၊

သံဘတ်သီး၊ ဆင်နှင်းသရက်သီး၊ ပုံလုံသီး၊ မအူသီး၊ သပြေသီး၊ ဖျဉ်းမသီးစသဖြင့် ခွဲခြား၍ပြောပြတတ်၏။

သပြေသီးမှည့် ညိုညိုကြီးများနှင့် လမုသီးမှည့်များဆယ်၍ ရလာလျှင်တော့ မောင်နှမနှစ်ယောက်သား ဆားနှင့်တို့ကာ စားကြတော့၏။

ထိုသို့ မျောပါလာကြသော အသီးတွေထဲတွင် အဖေကိုယ်တိုင် အမည်မဖော်နိုင်သော မသိသော အသီးကလေးတွေကလည်း ရောနှောကာ မျောပါလာတတ်ကြသည်။ ထိုအခါ အဖေက နားငြီး သက်သာလျှင်ပြီးရောဆိုသည့် သဘောနှင့် အမည်မသိသော အသီးကလေးတွေတွေ့တိုင်း ရေမျောသီးဟုသာ အမည်ပေးလေ့ရှိ၏။

ထိုအခါ တခစ်ခစ်ရယ်ကာ သဘောကျနေသော နီနီက "အဲသည် အသီးကလေးတွေက ဘယ်အထိ မျောပါသွားမှာလဲဟင် အဖေ" ဟု ကပ်သီးကပ်သပ် မေးတတ်၏။ ထိုအခါ အဖေက အကြာကြီးတွေးပြီး စဉ်းစားနေသေး၏။ ပြီးမှ "အဲသည် အသီးကလေးတွေကို လူတွေကလည်း မဆယ်ဘူး၊ ဝဲကလည်း မစုပ်ဘူး၊ ကမ်းနှစ်ဖက်က သောင်တွေပေါ် မှာလည်း မတင်ဘူးဆိုရင်တော့ ဟိုး မြစ်မကြီးတွေဆီရောက်မယ်၊ ပြီးရင် မြစ်မကြီးတွေဆီကတစ်ဆင့် ပင်လယ်ကြီးအထိ မျောသွားကြမှာပေါ့သမီးရယ်" ဟု လေးလေးကြီး ပြောတတ်၏။

ချောင်းရေစီးထဲတွင် လှေကား၊ လိမ္မော်ကား၊ နစ်တုံ့ ပေါ်တုံ့ဖြစ်၍ မျောပါသွားကြသော အမျိုးအမည်မသိနိုင်သည့် ရေမျောသီးကလေးတွေကိုကြည့်ကာ နီနီတစ်ယောက် ဝမ်းနည်းသလိုကြီး ဖြစ်နေတတ်တော့၏။

"အဲဒါဆို သူတို့ ဒီချောင်းကလေးဆီကို ဘယ်တော့မှ ပြန်မရောက်တော့ဘူးပေါ့နော်" ဟု လွမ်းလွမ်းဆွေးဆွေး မေးတတ်သေး၏။

"ဒါပေါ့ သမီးရယ် မှန်တာပေါ့ ... အဲသည်ရေမျောသီးကလေးတွေဟာ ဒီချောင်းကလေးအတွင်းကိုရော သူတို့ကို သီးပေးလိုက်တဲ့ မိခင်အပင်ကြီးဆီကိုရော ဘယ်တော့မှ ပြန်မရောက်တော့ဘူးပေါ့၊ ပုပ်ရိုဆွေးမြည့်ပြီး ပျက်စီးသွားတဲ့ အသီးကလေးတွေကလည်း ပျက်စီးပျောက်ကွယ်သွားကြရော၊ သောင်တွေကမ်းတွေပေါ်မှာ သွားတင်တဲ့အသီးတွေကျတော့၊ သူတို့တွယ်ညိနေတဲ့ သောင်တွေ ကမ်းတွေပေါ်မှာပဲ အပင်တွေပေါက်လာကြ၊ ရှင်သန်ကြီးထွား လာကြ၊ တစ်ခါထပ်ပြီး သီးကြပွင့်ကြပြန်တာပဲပေါ့၊ အဲသလို သူတို့က နောက်ထပ်သီးလာကြတဲ့ အသီးကလေးတွေကလည်း တစ်ခါ အပင်ကြီးကနေ ကြွေကျပြန်ရော ရေစီးထဲမျောပါသွားကြပြန်ရော အဲဒါ ... သဘာဝပဲ သမီးရယ်"

❖ ❖ ❖

နီနီတို့မောင်နှမ ပြန်ကြပါတော့မည်။ အမေကတော့ ရန်ကုန်မှာ နီနီတို့စားဖို့ သုံးဦးစပ်ငါးပိရေချိုများ၊ ငါးရံ့ခြောက်များ၊ ငါးကျည်းကျပ်တင်များ၊ ပုစွန်ခြောက်များ၊ ပုစွန်ချဉ်များ စုံတကာစေ့အောင် ထုပ်ပိုးပြင်ဆင်လျက်ရှိ၏။

အဖေကတော့ သူ့အင်းသား တပည့်တစ်ယောက်ကိုခေါ်ကာ အိမ်ရှေ့ဝဲယာတွင်ရှိသော အုန်းပင်ကြီးနှစ်ပင်ကို တက်ခိုင်းတော့၏။

"မင်းတို့ ရန်ကုန်မှာ ရှားတယ်ကွ၊ အုန်းသီးရှင့်ရှင့်တွေ အခွံခွာပေးလိုက်မယ်၊ အုန်းထမင်းပဲ ချက်ချက်၊ ကျောက်ကျောပဲကျိုကျို လွတ်ကောင်းပေါ့ကွာ၊ မင်းတို့ မှတ်မိသေးလား၊ ဘယ်ဘက်က အပင်ကို သားကြီးမွေးတဲ့နှစ်မှာ စိုက်တာ၊ ညာဘက်က အပင်ကတော့ သမီးကလေးမွေးတဲ့နှစ်မှာ မှတ်မှတ်ရရစိုက်ခဲ့တာ၊ မင်းတို့ တစ်သက်ဆိုတော့ အင်း ... ဘာလိုလိုနဲ့ နှစ်ပေါင်းပဲ သုံးဆယ်ကျော်ပါပကောလား"

ပင်စည်လှှင့်လှှင့် ဖြိုင့်ဖြိုင့်မားမားနှင့် သီးလုံးသီးခိုင်တွေ ဝေနေသော တွဲရရွဲကျနေသော အုန်းပင်ကြီးနှစ်ပင်က သူတို့သားအဖတွေကို ငုံ့ကြည့်နေသည် ထင်ရ၏။

"ဘာလဲ ... သားအဖတွေ ပြန်ခါနီး အလွမ်းသယ်နေကြတာလားဟေ့၊ အုန်းသီးတွေ ရန်ကုန်ယူသွားကြမှာလား၊ ကောင်းတယ်ဟေ့၊ တို့ရွာမှာတော့ အင်းသားကြီးရဲ့အုန်းပင်တွေက နာမည်ကြီးပဲဟ၊ အလုံးကလည်းထွား၊ အသားကလည်းထူ ချိုကလည်းချိုတယ်ကွ၊ တစ်နှစ်တစ်နှစ် အုန်းနှစ်ပင်ကသီးတဲ့ အသီးတွေက နည်း

မှတ်လို့ ... အုန်းသီးဖိုးတင် တော်တော်ရတာပေါ့၊ ဒါကြောင့်လဲ ရှေးလူကြီးသူမတွေ ဆိုရိုးစကားထားခဲ့ကြတာကိုး။

အုန်းတစ်ပင်စိုက်ထားရင် သားသမီးတစ်ယောက် မွေးထားတာထက် အားကိုးရသတဲ့ကွ။ တို့အင်းသားကြီးက နှစ်ပင်တောင် စိုက်ထားတာဆိုတော့ ဘာပူစရာရှိတော့မှာလည်းကွာ၊ ရှောရှော ငါ့ခြံထွက် နွားနို့လတ်လတ်ဆတ်ဆတ်တွေဟာ ... ရေမရောဘူး၊ သောက်သွားကြပါဦး"

ဘကြီးသာကျော်က ပြောလည်းပြော၊ သူ့ခြံထွက်နွားနို့တွေ ထည့်ထားသော ဒန်ချိုင့်ကြီးကို အမေ့လက်ထဲ ထိုးပေးနေသည်။

နီနီသည် အစ်ကိုကြီးမျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်မိသည်။ အစ်ကိုကြီးကတော့ ဘကြီးသာကျော်၏စကားဆုံးလျှင် မိုးထိမတတ် မြင့်မားနေသော အုန်းပင်ကြီးနှစ်ပင်ကို မော့ကြည့်ရင်း တစ်စုံတစ်ခုကို တွေးနေပုံရသည်။ တစ်ပင်က သူမွေးသည့်နှစ်မှာ စိုက်ခဲ့တာဖြစ်ပြီး နောက်တစ်ပင်ကတော့ နီနီမွေးသည့်နှစ်မှာ စိုက်ခဲ့တာဖြစ်သဖြင့် သူတို့ကိုယ်ပွား အုန်းပင်မောင်နှမဖြစ်နေပြီ။ သူတို့မောင်နှမကိုယ်စား မိဘိုဖအိုကြီးနှစ်ပါးကို ထိုအုန်းမောင်နှမက ရှာကျွေးနေခဲ့ပြီ။

ပင်စင်စား မူလတန်းကျောင်းအုပ်ဆရာမကြီးနှင့် အင်းသားအိုကြီးတို့ နှစ်ယောက်သား ဘယ်လိုများ စားသောက်နေထိုင်ကြပါလိမ့်၊ တွေးရင်းတွေးရင်း ရင်ထဲမှာ နာကျင်ဆို့တက်လာနေ၏။

နီနီတို့မောင်နှမ ရန်ကုန်ပြန်ရန် ရေဆင်းတံတားဆီဆင်းလာကြတော့ အဖေအမေသာမက ဘကြီးသာကျော်ရော ငယ်သူငယ်ချင်းတွေပါ ကမ်းစပ်မှာ စည်ကားနေတော့သည်။ အဖေနှင့်အမေက စကားမဆိုနိုင်၊ ခွဲခွာသွားကြတော့မည့် သားနှင့်သမီးကို မျက်စိရှေ့ကနေ ပျောက်ဆုံးသွားမှာစိုးသည့်အလား မျက်တောင်မခတ်တမ်း ငေးကြည့်လျက်ရှိ၏။ နှုတ်ခမ်းအစုံက တလှုပ်လှုပ်ဖြစ်နေကြသော်လည်း စကားသံတို့ ပေါ်ထွက်မလာကြ။

သင်္ဘောဆိပ်ကို လိုက်ပို့မည့် ခတ်သမ္ဗန်ကလေး ကမ်းစပ်ကခွာတော့ "အဖေ အမေ ပြန်တော့မယ်နော်"၊ မောင်နှမနှစ်ယောက်စလုံးကနှုတ်ဆက်တော့ အမေက "အေး" ဟု လေးလေးပင်ပင်ကြီးပြန်ပြောသည်၊ အဖေကတော့ စကားတစ်ခွန်းမှမဆိုဘဲ ငြိမ်သက်စွာ ငေးနေဆဲဖြစ်၏။

ရေအကျပေမို့ ချောင်းကလေးအတွင်းမှ ရေများသည် မြစ်မကြီးဆီသို့ တရှေ့ရှေ့စီးဆင်းလျက်ရှိသည်။ အိမ်ရှေ့ရေဆင်းတံတားမှ ခွာခဲ့ပြီး ခပ်လှမ်းလှမ်းရောက်တော့ နောက်သို့လှည့်၍ နီနီလှမ်းကြည့်မိ၏။ အမေကတော့ အိမ်ပေါ်သို့ပြန်တက်သွားပြီထင်သည်၊ မတွေ့ရတော့။ အဖေကတော့ ရေဆင်းတံတားကလေးပေါ်မှာ ခြေတွဲလွဲချထိုင်ရင်း တရွေ့ရွေ့ဝေးကွာသွားနေသော နီနီတို့မောင်နှမ၏ လှေကလေးဆီ ငေးကြည့်နေဆဲမြင်နေရသည်။

အိမ်ရှေ့ရှိ မားမားစွင့်စွင့်မြင့်မြင့်မားမား အုန်းပင်မောင်နှမကတော့ ရှည်လျားသွယ်ပျောင်းသော အုန်းလက်၊ လက်တံကြီးများ

ကို လေအဝှေ့တွင် ဘယ်ညာယိမ်းနွဲ့ရင်း နီနီတို့ကို နှုတ်ဆက်နေသည်လား၊ ဒါမှမဟုတ် လူသားစင်စစ်တွေဖြစ်ကြပါလျက်၊ ပညာတတ်ကြီးတွေ၊ လူချမ်းသာတွေဖြစ်နေသည့်တိုင်အောင် သူတို့လောက်မှ တာဝန်မကျေသော၊ ကျေးဇူးမသိတတ်သော နီနီတို့မောင်နှမအား သရော်လှောင်ပြောင်နေကြသည်လား နီနီမခွဲခြားနိုင်။

ချောင်းရေသည် နွဲ့နွဲ့ကလေး ညင်သာစွာစီးဆင်းလျက်ရှိသည်။ ရေမျောသီးကလေးများသည် ထိုချောင်းရေစီးတွင် ထိတ်ဆိတ်စွာ စီးမျောလိုက်ပါလာကြသည်။ သူတို့တစ်တွေကို လူတွေက ဆယ်ယူကြမည်လား၊ ပုပ်ရိုဆွေးမြည့်၍ ပျက်စီးသွားကြမည်လား၊ တစ်ခုသော သောင်ကမ်းစပ်မှာတင်၍ ဆက်လက်မျိုးပွား၊ အသက်ရှင်ကြမှာလား၊ ဒါမှမဟုတ် ဟိုး မြစ်မပင်လယ်ကြီးတိုင် မျောပါသွားကြလေမည်လား အတတ်မသိနိုင်။

သေချာတာတစ်ခုကတော့ ... သူတို့သည် သူတို့ကို ဖူး၊ ငုံ၊ ပွင့်၊ သီးပေးခဲ့သော မိခင်ပင်အိုကြီးဆီကိုတော့ ဘယ်သောအခါမှ ပြန်လည်ရောက်ရှိနိုင်တော့မည် မဟုတ်ပေ။

နီနီတို့မောင်နှမကို တင်ဆောင်သွားသော လှေကလေးသည် ရွာကလေးနှင့်၊ မွေးရပ်မြေနှင့်၊ နောက်ပြီး အဖေအမေတို့နှင့် တဖြည်းဖြည်း ဝေး၍ ... ဝေး၍ သွားနေပြီ။

□ □ □

# အချိန်တန် ရှေပြန်တက်ပါလိမ့်

ခြေတစ်လှမ်းနှင့်တစ်လှမ်းကို အတော်အားယူ၍ လှမ်းနေရသည်။ လတာပြင်နွံထုကြီးက နင်းလိုက်တိုင်းကျွံ၍ ကျွံ၍၊ နစ်၍၊ နစ်၍ ဒူးဆစ်အထိရောက်အောင် ထုထပ်လှတော့၏။

နစ်ဝင်နေသော ခြေထောက်ကို အားစိုက်၍ဆွဲထုတ်လိုက် နောက်တစ်လှမ်း လှမ်းလိုက်ရနှင့် မဆုံးနိုင်တော့သည့် ခရီးရှည်ကြီးကို စိတ်မပါတော့ဘဲ လတာပြင်ညိုညိုကြီးပေါ်မှပင် ဖင်ထိုင်ချ၍ နားနေချင်စိတ်တွေ ပေါ်ပေါက်လာ၏။

ပြီးတော့လည်း လူချည်းသက်သက် လွတ်လွတ်လပ်လပ် လျှောက်လှမ်းနေရသည် မဟုတ်။ လက်တစ်ဖက်က "လင်းဘက်" ပိုက်၏။ ထီးမိုးဝါးလက်တံကိုလည်း နွံပြင်ပေါ်မှာ တရွတ်တိုက်၍ ဆွဲယူနေရသေး၏။ ထိုအခါ လူကမတ်မတ်ရပ်၍ လျှောက်လို့မရ ချိုင်းအောက်ကြီးတွေလို ခါးကိုကုန်း၍ ရှန်းနေဆွဲနေရသည်ဖြစ်ရာ ပင်ပန်းလှတော့သည်။

ပိုက်အလျားက တစ်ဆယ့်နှစ်တောင်၊ ပိုက်ဝတစ်ဆယ့်ခြောက်တောင်နှင့် "လှေတင်" ဟုခေါ်သည့် အနံက တစ်ဆယ့်နှစ်တောင်

ရှိသော လင်းဘက်ပိုက်ဖြစ်သည်။ ပိုက်အနံလေ့တင်ဘက်သည် ကန့်လန့်လိုက်ပါလာသော လှေနံဘေးမှာ ကပ်ချည်ထားပြီး ပိုက်၏ ထိပ်ဝကို ရေပြင်အောက်ရှိ နှုပြင်ကိုထိသည်ဆိုရုံကလေးရှပ်၍ ဆွဲယူနေရခြင်းဖြစ်၏။ သို့မှသာ သောင်ကမ်းရေစပ်တွင် မြူးထူး အစာစားနေကြသည့် ငါးတွေပုစွန်တွေ ပိုက်ထဲမှာ ပါလာပေလိမ့် မည်။

ထိုလင်းဘက်ပိုက်ကလေးနှင့်ဖမ်းလျှင် ရလာနိုင်သောငါးများ မှာ ငါးဘတ်ပေါက်ကလေးများ၊ ငါးသံချိတ်များ၊ ငါးခွဲကြမ်းများ၊ ရင်ပေါင်စာများ၊ ငါးခုံမများ၊ ငါးဖယ်၊ ငါးဖယ်အောင်းများ၊ ငါးမောင် ရိုး၊ ငါးစင်းလုံးနှင့်ပုစွန်တွေသာ များ၏။

ပိုက်၏တစ်ဖက်တစ်ချက်တွင် လူတစ်ယောက်စီဆွဲယူနေရ သည်ဖြစ်၍ ကမ်းစပ်သောင်ပြင်ပေါ်ကလူသာ ပင်ပန်းလှသည် မဟုတ်၊ ရေလယ်ဘက်ကနေ၍ ပိုက်လက်တံတစ်ဖက်ကို ဆွဲ၍ ဆွဲ၍ လူတစ်ရပ်ခန့်၊ လူတစ်ရပ်သာသာ ရေထဲမှာရုန်းနေရသော ရေလယ်သမားကလည်း မသက်သာလှ။ ရေထဲတွင် နှာခေါင်း ကလေးပေါ်ရုံ မော့၍မော့၍ အင်နှင့်အားနှင့်ဆွဲယူနေရသည်သာ။

မြစ်တို့၏တစ်ဖက်တစ်ချက်မှာ အနားသပ်ထားကြသည့် ညိုဝါဝါ သောင်ကမ်းစပ်တွေသည် အမြဲတမ်း ခပ်ပြေပြေ ဆင်ခြေ လျှောတွေဖြစ်နေကြသည်ကား မဟုတ်၊ အချို့နေရာများတွင် ရေစွယ်ရေစီးတွေက အရှိန်ပြင်းပြင်းနှင့် ဖဲ့ယူတိုက်စားထားလေ သဖြင့် ကမ်းပါးပြတ်ကြီးတွေ ဖြစ်နေတတ်သေး၏။

ထိုအခါမျိုးတွင် ရေလယ်သမားမောပြီ ...။ လှေအရှိန်နှင့် မြေဖျားထောက်၍ပင် မမှီလေသဖြင့် လက်တစ်ဖက်က ပိုက်တံကို ဆွဲရင်း၊ ကျန်လက်တစ်ဖက်နှင့်မြေနှစ်ဖက်က ရေထဲတွင်လူးကာ လွန့်ကာ ယက်၍မတ်ရပ်ကြီး ရေကူး၍လိုက်ရလေသည်။

ရေထဲတွင် ချေးထွက် ... ချေးမြန်သည်ဟုပြောလျှင် သူတို့ ဘဝကို မသိသူများက ရယ်ကြပါလိမ့်မည်။ တကယ်တမ်းကျတော့ မရယ်နိုင်ကြ၊ သောင်စပ်မှာ တင့်ငုံ့တကိုင်းကိုင်းနှင့် ပိုက်ကိုဆွဲယူ သွားနေသူက သောင်စပ်နှုံမြင်ပေါ်မှာ တစ်ပေါက်ပေါက်ချေးစက် တွေစီး၍ ကျ၏။ ရေလယ်ကလူကတော့ နဖူးမှစီး၍ကျသည့် ချေး စက်တွေ မြစ်ရေမှာ ပျော်ဝင်သွားခဲ့ပြီ။

ရေလယ်ဘက်မှ ပိုက်ဆွဲလာသော ကိုညိုက ရေကိုင်၍ ကမ်းစပ်ဘက်ဆီ "ဖူး" ခနဲ ထွေးထုတ်လိုက်သည်။ ထိုအခါ ကမ်းရှိ ဦးဖိုးမှိုက မြေစုံရပ်၍စောင့်နေလိုက်တော့သည်။

ပါးစပ်မှရေကို ကမ်းစပ်ဆီမှုတ်ထုတ်ပြလိုက်သည်မှာ အကြောင်းမဲ့မဟုတ်။ "ကမ်းနားဘက်က လူရေ ရပ်တော့ဟေ့ ပိုက် ပိုက်၍ဖော်တော့မယ်" ဟု အချက်ပေးလိုက်ခြင်းသာ ဖြစ်၏။

ကမ်းစပ်က ဦးဖိုးမှိုသည် ကိုညိုကမ်းဆီသို့ ပိုက်ဝိုင်းအလာကို စောင့်ရင်း ညောင်းညာနေသည့်ခါးကို ဘယ်ညာလှည့်ပြီး ဖြတ်ဖြတ် မြည်အောင် ချိုးလိုက်သည်။ ရေလယ်ဘက်က ပိုက်လက်သည် တဖြည်းဖြည်း ဝေ့၍ပိုက်၍ ကမ်းစပ်ဆီရောက်လာပြီး သောင်စပ်ကို မေးတင်ကာ ပိုက်ကိုဆွဲဖော်လိုက်ကြသည်။

ခြေလှမ်းနှစ်ရာလောက်တွင်တစ်ခါ ပိုက်ဖော်လေ့ရှိကြ၏။ ထိုထက်ပို၍ ဝေးဝေးမဆွဲနိုင်၊ မြစ်ရေထဲတွင် မျောပါလာကြသည့် ဒိုက်ဖတ်များ၊ ရေမှော်များ ပိုက်တွင်လာကပ်ပြီး တဖြည်းဖြည်းလေးလာတတ်သဖြင့် အခြေအနေကိုလိုက်၍ တစ်ခါတစ်ခါမှာတော့ ခြေလှမ်းတစ်ရာလောက်နှင့် ဖော်လိုက်ရသည့်အခါတွေလည်းရှိ၏။

လက်သန်းတစ်မြှောင့်သာရှိသည့် တစ်မတ်ကွက်ပိုက်သားကို နှစ်ယောက်သား အမေးအယူညီညီနှင့် ဆွဲဖော်လိုက်သည့်အခါ ပိုက်အိုးထဲမှာ စုစုပေါင်းတစ်ပိဿာကျော်ကျော်ခန့် ငါးတွေပုစွန်တွေ ခုန်ပေါက်ရင်း ပါလာခဲ့ကြပြီ။

◈ ◈ ◈

"အသက်ကြီးလာလို့လားတော့ မသိဘူး၊ ခါးတော်တော်ညောင်းပါ့ကွာ၊ ပိုက်တစ်ခါဖော်ဖို့ကို မနည်းအားခဲပြီး လျှောက်နေရတယ်ဟေ့ … ဆေးလိပ်ကလေး တစ်ဖွာနှစ်ဖွာလောက် ဖွာလိုက်ဦးမကွာ" ဟုပြောပြီး နားရွက်ကြားထဲညှပ်ထားသည့် ဆေးပေါ့လိပ်တိုကိုထုတ်၍ လှေလယ်ခေါင်တွင် ထွန်းထားသည့် ဒီဇယ်မီးခွက်မှာ ညှိ၍ အားရပါးရ မှိုက်နေတော့သည်။

မြစ်ညာဘက်ဆီမှ ဘဝန်းသမားတစ်ယောက် ဟစ်လိုက်သော ကွက်စိပ်ထဲက မင်းသားငိုချင်းချသံကို ခပ်သဲ့သဲ့ကြားနေရသည်။ ကမ်းစပ်နှင့်မလှမ်းမကမ်း ဥယျာဉ်ခြံကြီးတစ်ခုအတွင်းမှ ဇီးကွက်

ဘော်သံက ညဏ်တေးဂီတသံတစ်ခုအဖြစ် ဖြည့်စွက်ပေးလျှက် ရှိသည်။

စောစောကတင် တဖွန်းဖွန်းရွာချနေသော မိုးပင် ဘယ်အချိန်က စဲသွားသည်မသိ၊ ကိုယ့်အာရုံနှင့်ကိုယ်မို့ သတိမထားမိလိုက်။ လခြမ်းကွေးကွေးကလေးက အဆုပ်လိုက်အခဲလိုက် တိမ်စိုင်တိမ်လိပ်တွေကြားမှာ မဝံ့မရဲကလေး သာလျှက်ရှိ၏။

"ပိုက်သိမ်းရတော့မှာပါ အဘရဲ့၊ နောက်ထပ်ပိုက်တစ်လားနှစ်လားလောက်ဆွဲပြီးရင်တော့ ရေတက်တော့မှာပါ" ကိုညိုကပြောရင်း နောက်ထပ်တစ်လားဆွဲရန် ပိုက်လက်တစ်ဖက်ကို ရေလယ်ဘက်သို့ ဆွဲယူထွက်သွားသည်။

သောက်လက်စဆေးပေါ့လိပ်ကို အသာမီးသတ်ပြီး နားရွက်ကြားမှာ ပြန်၍ညှပ်သည်။ မြစ်ညာဘက်ဆီလှမ်းကြည့်လိုက်တော့ ဘဝန်းလေ့၊ ကွန်လေ့တွေဆီက မီးရောင်တွေကွက်ကြားကွက်ကြား လှမ်းမြင်ရသည်။ ကမ်းစပ်ရှိ လမုပင်တွေ၊ ခရာချုံတွေ၊ ကိုင်းပင်တွေက ညအမှောင်အောက်မှာ အိပ်မော့နေကြသည်။

သောင်ပြင်ရေစပ်မှာတော့ ငါးဖျံကလေးတွေ တွင်းထဲကထွက်လာလိုက် ပြန်ဝင်သွားလိုက်နှင့် ဆော့ကစားနေကြသည်။ ငါးဖျံကလေးတွေ ဒါလောက်မြူးနေပုံထောက်၍ မကြာခင် ရေပြန်တက်ပေလိမ့်မည်။ ရေတက်ရေကျကို ငါးဖျံတွေက သိကြသည်မဟုတ်လား။

ယခုတစ်ကြိမ်သည် သူတို့၏ နောက်ဆုံးပိုက်ချက်ဖြစ်သည်။ မြစ်မကြီး၏ ကွေ့ထဲတွင်ဖြစ်၍ ကမ်းစပ်မညီမညာသို့ဖြစ်၍ ရေလယ်ဘက်မှ ကိုညီသည် ... တစ်ချိန်လုံးရေကူး၍ ပိုက်ကိုရှန်းနေရသဖြင့် မောနေပြီ။ ရေကလည်း အောက်ဘက်သို့မစီးတော့ဘဲ အိနေလေပြီ။ ထို့ကြောင့် ခြေလှမ်းတစ်ရာပင်မပြည့်မီမှာ ကမ်းသို့ကပ်၍ ပိုက်ဝိုင်းရန် အချက်ပေးလိုက်သည်။

သူတို့ပိုက်ဝိုင်းလိုက်သည့် ကမ်းစပ်တွင် ကဇုန်းချုံကြီးတစ်ချုံကလူကြီးနှစ်ဖက်စာခန့် အရွက်ဖားကြီးများဖြင့် ရေပေါ်ဆီတိုးထွက်နေတာ တွေ့ရသည်။

"ဖြည်းဖြည်း ... ဖြည်းဖြည်းဝိုင်းကွ ညီ၊ ဒီလိုချုံကြီးတွေမှာ ငါးရံ့ကြီးတွေ ခိုတတ်တယ်ကွ" ပြောပြီး သူကိုယ်တိုင်လည်း သတိကြီးစွာထား၍ အသာချောကာချောကာ ပိုက်ကိုဆွဲ၍ ဝိုင်းလိုက်သည်။

ကဇုန်းပင်ချုံကြီးသည် အရွက်တွေအမြစ်တွေကလည်းရှုပ်၊ မျောပါလာသော ဒိုက်ပုံကြီးတစ်ပုံကလည်း ကပ်၍တွယ်ညီနေသေးရာ၊ ငါးကြီးတွေကိုခိုကပ်ရန် နေရာကောင်းဖြစ်နေပေတော့၏။

နှစ်ပိဿာ သုံးပိဿာခန့်ရှိသော ငါးရံ့ကြီးတွေဆိုလျှင် သည်လို လင်းဘက်ပိုက်ကလေးနှင့် ဖမ်းရန်လွယ်သည်မဟုတ်၊ ပုစွန်နှင့်ငါးနုပ်ငါးပွဲ ဖမ်းရန်လောက်သာ အသုံးဝင်သည့် သည်လိုပိုက်လောက်တော့ တစ်ခါ၊ နှစ်ခါလောက်အားနှင့် ဖိ၍ရုန်းလျှင် ပိုက်ကွဲသွားလိမ့်မည်။ ထို့ကြောင့် ဦးဖိုးမှိုက သတိပေးနေခြင်းဖြစ်သည်။

သူတို့နှစ်ယောက်သား သတိကြီးစွာထား၍ ကဇွန်းချုံကိုဝိုင်းပြီး အပင်၏အရွက်ကို ဆွဲကာလှုပ်ကာ ခြောက်ထုတ်လိုက်သည်။ "ဝုန်း" ခနဲ ရေလှုပ်သံနှင့်အတူ ငါးကြီးတစ်ကောင်၏ လှုပ်ရှားမှုကို နိုင်ခနဲ တွေ့လိုက်ရပြီး မြောက်ခနဲ ခုန်တက်လိုက်တာတွေ့ရ၏။

"သတိထားဟေ့ ငါးရံ့ကွ၊ နောက်ဆုံးပိတ် အိတ်နဲ့လွယ်ပေါ့ ကွာ" ဟုပြောပြီး နောက်ထပ်တစ်ခါ ချုံကိုဆွဲလှုပ်သည်။ ပိုက်လန့် နေသော ငါးရံ့က အစွမ်းရှိသမျှခုန်ထွက်လေရာ အပေါ်မှအုပ်မိုး ထားသော ကဇွန်းချုံနှင့်တိုက်မိပြီး သောင်စပ်သို့ ပြန်ကျလေသည်။

ထိုအခါ အသက်အရွယ်နှင့်မလိုက်အောင် လျင်မြန်လှသည့် ဦးဖိုးမိုက ဖျတ်ခနဲခုန်အုပ်ကာ လက်နှစ်ဖက်ဖြင့် ဖိဖိပါအောင်ဆုပ်ပြီး ကုပ်ချိုးလိုက်တော့၏။

လှေဝမ်းထဲသို့ ပစ်ထည့်လိုက်ချိန်မှာတော့ ကုပ်ကျိုးနေသော ငါးရံ့ကြီးမလှုပ်နိုင်တော့၊ ငြိမ်သက်နေပြီ။ သို့သော် ငါးရံ့လိုငါးမျိုးက အသက်ပြင်းလှ၍ ချက်ချင်းတော့ မသေသေး၊ အိမ်ပြန်ရောက် သည်အထိ အသက်ရှင် လတ်ဆတ်နေဦးမည်။ ကုပ်ချိုးခံထားရ၍ သာ မလှုပ်ရှားနိုင်တော့ခြင်းဖြစ်သည်။

ဦးဖိုးမိုသည် လှေဦးမှနေ၍ လှော်ကိုအားပါပါကျုံး၍ လှော်နေ သည်။ အိမ်ကို မြန်မြန်ပြန်ရောက်ချင်နေပြီ။ တစ်ရေးစတစ်ရေးကျ လုံးလုံး မနားတမ်းပိုက်ဆွဲခဲ့ရသဖြင့် နှစ်ပေါင်းများစွာ ခိုင်းလာခဲ့ သည့်ခန္ဓာကိုယ်ကြီး ပင်ပန်းနွမ်းနယ်နေပြီ။ နာကျင်ကိုက်ခဲနေပြီ။

အိပ်ရေးပျက် ဖန်တွေတွေမျက်စိအစုံက အနားယူရန် တောင်းဆို နေပါပြီ။

သို့သော် လုပ်စရာအလုပ်တွေက တစ်ပုံကြီးရှိသေးသည်။ လောလောဆယ်မှာပင် ငါးဖိုင်ဆီရောက်အောင် လှော်ရဦးမည်။ ရလာသောငါးကလေးတွေ ပုစွန်ကလေးတွေကို ချိန်တွယ်ရောင်းချ ရဦးမည်။

ရလာသည့် ပိုက်ဆံကလေးနှင့် အိမ်မှာဖျားနေသော ဇနီးနှင့် မြေးကလေးအား ဆေးဝါး၊ စာတ်စာကလေးတွေ ဝယ်ပေးရဦးမည်။ စောစောကရလာသော ငါးရံ့ကြီးကိုတော့ ရောင်းလို့မဖြစ်၊ အကြေး ခင်အောင်ထိုး၊ ပိုက်ခွဲ၍ ငရုတ်သီး၊ ချင်း၊ စပါးလင်၊ ကြက်သွန်နီ ရောထောင်းထားတာထည့်၊ အမြီးနှင့်ခေါင်းထိအောင်ခေါက်၍ စပါးလင်ပင်နှင့် ချည်တုပ်ပြီး ငါးရံ့ ဆန်လှော်ဟင်းကလေးချက်၍ ကျွေးလိုက်ရလျှင် လူနာတွေအတွက်အလွန်ကောင်းသည့် အာဟာရ ဟင်းတစ်ခွက် ဖြစ်ပေလိမ့်မည်။ မြန်မြန်အိမ်ပြန်ရောက်ချင်သည့် ဇောက ... အားကုန်နေသော ဘတ်ထရီအိုးထဲသို့ အားအသစ် သွင်းလိုက်သကဲ့သို့ ... နွမ်းနယ်နေသော ခန္ဓာကိုယ်ယန္တရားကြီးကို အားသစ်ဖြစ်ပေါ်စေတော့၏။ ထိုအခါ ဦးဖိုးနီ၏ အားပါသော လှေလှော်သံက တဝုန်းဝုန်းနှင့်။

◈ ◈ ◈

"အလို ... ဘယ်ဟုတ်ပါလိမ့်လား ဦးဖိုးမိုရဲ့၊ ဒီညတော့ ငါးတွေ ပုစွန်တွေ အတော်ရပါလား၊ အားလုံး ပိဿာတစ်ဆယ်တော့ ကျော်လိမ့်မယ်ထင်တယ်၊ အတော်ပဲ ... အတော်ပဲ ... ခါတိုင်းရက်တွေတုန်းက သိပ်မရလို့ အကြွေးမနိမ်လိုက်ရဘူး၊ ဒီနေ့ တော်တို့အတွက် ဝယ်ပေးထားတဲ့ ပိုက်ဖိုး၊ သုံးပုံနှစ်ပုံနှိမ်လိုက်မယ်၊ မြန်မြန်ကျေတော့လည်း ဝန်တာအေးတာပေါ့တော်"

ရွှံ့ပိုင်ပိုင်ရှင်ဒေါ်လှက ပြောပြောဆိုဆိုနှင့် ငါးတွေပုစွန်တွေကို သိမ်းကျုံး၍ ချိန်နေတော့သည်။

"မလုပ်ပါနဲ့ဗျား၊ အိမ်မှာ အဘွားကြီးရော ... မြေးကလေးပါ ဖျားနေကြလို့ ဆေးဖိုးဝါးခလေး လိုနေလို့ပါ။ နောက်ရက်တွေကျမှ နည်းနည်းချင်းနှိမ်ပါဗျာ" ... အသံတိမ်တိမ်ကလေးနှင့် တောင်းပန်သည်။

"ဘယ်ဖြစ်မလဲ ဦးဖိုးမိုရဲ့ ... အခုလို ရတုန်းယူထားမှ ကျုပ်အကြွေးကျေမှာပေါ့၊ ရေထဲကငါးဆိုတာ ဘယ်နေ့ဘယ်လောက်ရမယ်ဆိုတာ ... ပြောနိုင်ဘူးတော်ရေ ... ရတုန်းယူထားရမှာပဲ ... ကျုပ်တို့မှာ ထောင်နဲ့သောင်းနဲ့ချီပြီး တော်တို့ကို ရင်းပေးထားရတာ၊ ဒါ စီးပွားရေးလုပ်နေတာရှင့်၊ အလှူပေးနေတာ မဟုတ်ဘူး သိရဲ့လား"

ဒေါ်လှ၏ မာကျောပြင်းထန်လှသည့် လေသံတွေအောက်တွင် ဦးဖိုးမိုတစ်ယောက် ပြားပြားဝပ်သွားလေ၏။ တစ်ခွန်းမှ ဆင်ခြေမတက်ရဲ၊

သူတို့ထုတ်ပေးထားသည့် ပိုက်ခိုးငွေသည် အရင်းအတိုင်း ပြန်ဆပ်ရသည် မဟုတ်၊ တစ်ရာလျှင် နှစ်ဆယ်တိုးနှင့်နှင့်အောင် ပေးရသေး၏။ ဒါတွေကိုတော့ ထည့်မပြော။

ထိုအချိန်မှာပင် ရွှေပိုင်၏ ကိုယ်စားလှယ်ဖြစ်သူ လှမောင် တစ်ယောက် လှေဆိပ်ကတက်လာသည်။ လက်ထဲမှာလည်း နှစ်ပိဿာခန့် ငါးရံ့ကြီးဆွဲလို့ "ဒီမှာ ... လှေကပ်နံ့ဖိထားတဲ့ ငါးရံ့ကြီး တော်တော်ကြီးတယ် အစ်မရေ့ ငါးရံ့ခြောက်ခွဲလိုက်ရရင် အနေတော်ပဲ။ ပြီးတော့ အစ်မပဲ ငါးရံ့ဘူးဟင်းလေး စားချင်တယ်ဆို၊ အစ်မအတွက် ဟင်းစားပေးခဲ့ပေါ့ဗျာ"

မျက်နှာလိုအားရဝင်လုပ်နေသော လှမောင်ကိုကြည့်ပြီး တောက်တစ်ချက် ခေါက်မိမလိုဖြစ်သေး၏။ သို့သော် ရင်ဝအထိ လိုက်ဆူတက်လာသောဒေါသကို အသာမျိုချလိုက်သည်။ သူတို့ အပြုအပြင်ကို မခံရသည့်ဘဝ၊ သူတို့၏ အကြွေးတွေ အထပ်ထပ် ရစ်နှောင်ခံနေရသည့်ဘဝ မဟုတ်လား။ ဒါကြောင့်ပင် ... သည်ကနေ့ ရှာဖွေမိရလာသမျှ ငါးပုစွန်တွေကို သုံးပုံနှစ်ပုံ အကြွေးနှိမ်ခြင်း၊ ဘိမ်ကအဘွားကြီးနှင့်မြေးကလေးအတွက် ရည်ရွယ်ကာ သိမ်းထားခဲ့သည့် ငါးရံ့ကြီးကို ပိုင်စိုးပိုင်နင်း ရှာဖွေယူထားလိုက်ခြင်းတို့ အတွက် ဘာတစ်ခွန်းမှ ပြန်မပြောပဲ၊ ခေါင်းငုံ့ခံနေရတော့၏။

ဘေးနားမှာရပ်နေသော ကိုညိုလည်း ဘာမှမတတ်နိုင်ဘဲ ... ဦးဖိုးမှိုင်၏မျက်နှာကိုသာ စိတ်မကောင်းစွာ ငေးလျက်ရှိတော့သည်။

◈ ◈ ◈

ငါးရွှဲ့ခိုင်က အပြန်ခရီးမှာတော့ လှေပေါ်မှာနှစ်ယောက်သား စကားမဆိုနိုင်ကြဘဲ အတွေးကိုယ်စီ၊ ခံစားချက်ကိုယ်စီနှင့် ငြိမ်သက်နေကြသည်။

မြို့ကလေး၏အစွန်းတွင် ကင်းခြေများကြီးတစ်ကောင် မြစ်ကို ကန့်လန့်ဖြတ်ကူးနေသကဲ့သို့ စင်းစင်းရှည်ရှည်ကြီးမြင်နေရသည့် ကြိုးတံတားကြီးကတော့ ထွက်ပြူစအရုဏ်ဦး၏ ပုစွန်သွေးရောင် နောက်ခံနှင့် ပန်းချီကားလှပနေပါသည်။

မိုးစက်တွေက နှင်းပွင့်ကလေးတွေလို တဖွဲဖွဲတသဲသဲ ကျဆင်းနေဆဲရှိသေး၏။ ရွှံ့နှစ်ရောင်မြစ်ရေပြင်ထဲတွင်တော့ ဗိုက်သရောတွေက သောသောအုပ်အုပ် မျောပါဆင်းနေကြသည်။

ဗေဒါပင်အုပ်တွေက ဟိုတစ်အုံ၊ သည်တစ်စုနှင့် တစ်ပင်နှင့်တစ်ပင်အဖော်ပြုကာ၊ ခရမ်းနှင့်မဲနယ်ရောင် အပွင့်လှလှကလေးတွေ တထောင်ထောင်နှင့် လှိုင်းကလေးတွေ ထွေးအပွေ့မှာ ပျော်မွေ့ လိုက်ပါကခုန်လျက် ရှိသည်။

ရန်ကုန်-ပုသိမ် နှစ်ထပ်သင်္ဘောကြီးတစ်စင်းက အရှိန်ပြင်းပြင်းနှင့် ရေကိုဆန်၊ လေကိုခွင်းကာ ... ကြိုးတံတားကြီးအောက်မှ တိုးဖြတ်ခုတ်မောင်းလာပြီး သူတို့လှေကလေးကို ကျော်တက်မောင်းနှင်သွားလေသည်။

ဟိုယိမ်းသည်ယိုင် လှုပ်ရှားသွားသော လှေကလေးကို ပုံနိုင်နိုင်ကိုင်ပြီး ထိန်းလိုက်ရသေး၏။ ... တက်မနှင့်ပန်ကာ ရေယက်တွေ၏ ချိုးဖွဲ့ခြင်းခံလိုက်ရသည့် ဗေဒါအုံကလေးတွေကတော့ လှိုင်းမညီ

တညီ၊ အမြှုပ်တစီစီရေလျှာအောက်မှာ ဝပ်ဆင်းနစ်ဝင်သွားကြ သည်။

ကြည့်စမ်း ... လှိုင်းအငြိမ် ဂယက်အစ ဝဲကတော့တွေ ပြေလွင့် သွားချိန်မှာတော့ ရေပြင်ပေါ်သို့ ဟိုတစ်ပင်၊ သည်တစ်စဖွဖွ ညင်သာ ပြန်ပေါ်လာခဲ့ကြလေသည်။

သည်ဇေဒါပင်ကလေးတွေသည် ဟောသည်မြစ်တွေချောင်း တွေ မြောင်းတွေတကြောမှာ လက်ညှိုးထိုး၍မလွဲ၊ ရှောင်ဖယ်၍ မလွှတ်နိုင်စတမ်း ပေါက်ပွားရှင်သန်လျက်ရှိနေကြသည်။ လှေတွေ သမ္ဗန်တွေ၊ မော်တော်တွေ၊ သင်္ဘောတွေ၊ လူတွေ၊ တိရစ္ဆာန်တွေက ဘယ်လောက်ပဲ နှိပ်စက်နှိပ်စက်၊ ဘယ်လောက်ပဲ ဖျက်ဆီးဖျက်ဆီး မညည်းညူစတမ်း ကြံ့ကြံ့ခံကာ ဆက်လက်ရှင်သန်နေဆဲ ဖြစ်သည်။

ဘယ်လိုအခက်အခဲတွေနှင့် ကြုံရကြုံရ အရှုံးမပေးကြနဲ့ ရုန်း၍ကြိုး ကုန်း၍ထကြဟု ပြောနေသယောင်ရှိ၏ ...၊ လှေပဲ့မှ ကိုညိုသည် ... ဇေဒါပင်ကလေးတွေကြည့်ပြီး အင်တွေအားတွေ ပြည့်လာဟန်ဖြင့် တက်ကိုရေတွင် နက်နက်ကြီးနှစ်၍ကျုံး၍ လှော် လိုက်သည်။

တစ်ချိန်လုံး လှေဦးတွင် ခေါင်းကြီးငိုက်စိုက်ချပြီး ကုပ်ချိုးခံထား ရသည့် ငါးရံ့ကြီးလိုငြိမ်၍ လိုက်ပါလာသည့် ဦးဖိုးမိုသည် သက်ပြင်း ကြီး တစ်ချက်ချလိုက်ပြီး လှေပဲ့မှကိုညိုကို လှည့်ကြည့်သည်။

“ဒီမှာအဘ ကျွန်တော်တို့ အကြွေးနဲ့ဝယ်ထားတဲ့ ပိုက်ဖိုး သိပ်မလိုတော့ဘူးမဟုတ်လား။ နောက်ထပ် လေးငါးရက်လောက်

ကြီးစားရှာလိုက်ရင် ကျေနိုင်ပါတယ်ဗျာ၊ ဒီအတောအတွင်း ကျွန်တော့်အတွက် တစ်ပုံသမားခ မပေးနဲ့ဦး။ ကျွန်တော်က လင်မယားနှစ်ယောက်တည်းဆိုတော့ စားစရိတ်သိပ်မကုန်ဘူး။ ငါးဒိုင်က ဒေါ်လှကြီးအကြွေးတွေသာ ကျေအောင်ဆပ်လိုက်ပါဗျာ။ အဲ ... အကြွေးတွေ ကျေသွားပြီဆိုရင်တော့ ဈေးကိုလည်းနှိမ်၊ လူကိုလည်းနှိမ်တဲ့ သူတို့ဆီမှာ မရောင်းတော့ဘူး။ သူတို့ထက်သာတဲ့ တခြား ငါးဒိုင်တွေမှာ သွားရောင်းမယ်ဗျာ"

အခုတော့ ပိုက်ဖိုးအကြွေးအတွက် အတိုးလည်းပေးရသေး၊ လူကိုလည်း နှိမ်သေး၊ ကျုပ်တို့ရှာလာတဲ့ ငါးပုစွန်တွေကိုလည်း ဈေးနှိမ်သေးနဲ့ သူတို့နဲ့ ဆက်သွယ်နေသ၍ ကျုပ်တို့ လူမွဲလူရောင်ပြောင်မှာကို မဟုတ်ဘူးအဘရဲ့"

"အေး ... ငါကလည်း မင်းကို အဲဒါပဲပြောမလို့ကွ၊ တို့တစ်တွေ သူ့အကြွေးကို အမြန်ဆုံးကျေအောင် ဆပ်ကြတာပေါ့ကွာ ... ဟော ဟိုမှာကြည့်စမ်း၊ ဖေါပင်ကလေးတွေကို၊ သူတို့ကိုကြည့်ပြီး တစ်ချိန်လုံး စိတ်မာတ်ကျနေမိတဲ့ ငါ့ကိုယ်ငါ ရှက်မိတယ်ကွ"

အသိဉာဏ်မရှိတဲ့ ဖေါပင်ကလေးတွေကတောင် ကြုံတွေလာတဲ့ အခက်အခဲဆင်းရဲဒုက္ခတွေကို မမှုဘဲ၊ အန်တုရင်ဆိုင်နိုင်သေးရင်၊ ငါတို့လို အသိဉာဏ်ရှိတဲ့ လူသားတွေက ဘာဖြစ်လို့အရှုံးပေးရမှာလဲကွ ဟင် ...၊ လှော်ကွာ၊ မြန်မြန်ကလေးလှော်ဟေ့ အိမ်ပြန်ရောက်ရင် တစ်ရေးအိပ်မယ်ကွ၊ ပြီးတော့ ပိုက်မှာပေါက်တာပြုတာ

လေးတွေလည်း ဖာရဦးမယ်ကွာ၊ ညနေကျတော့ ပိုက်ဆွဲဖို့အိမ်ကနေ စောစောထွက်လာတာပေါ့ကွာ"

မင်းပြောသလို ကြိုးစားပြီးရှာမှ သူတို့အကြွေးတွေ မြန်မြန်ဆပ်နိုင်မှာကွ၊ ကြွေးမြီတွေကင်းသွားရင်တော့ ငါတို့ အသက်ရှူချောင်ပြီပေါ့ကွာ၊ လာမယ့် မိုးတွင်းအမီ မင်းကိုလည်း ပိုက်တစ်ဖောင်လောက် ထောင်ပေးမယ်ကွ၊ ကဲ လှော်လိုက်စမ်းပေါ့"

ဦးဖိုးမိုသည် ကိုညိုကိုပြောအပြီးတွင် လှေဦးမှနေ၍တက်ကို ရေထဲနက်နက်နှစ်ပြီး အားထည့်ကာ လှော်သည်။ နှစ်ယောက်သား ပြိုင်တူလှော်သဖြင့် အလျားတစ်ဆယ့်သုံးတောင်ရှိသည့် လင်းဘက်ပိုက်လှေကလေးသည် ...

လှိုင်းတဖျပ်ဖျပ်ထနေသည့် မြစ်ပြင်ပေါ်မှာ နိုပ်ရိုပ်ပါအောင် ပြေးနေသည်။ စောစောကဖွဲဖွဲကျသော မိုးနှင်းတို့မရှိတော့၊ ညအမှောင်ကွယ်ပျောက်ကာ ... နံနက်ဆည်းဆာနေခြည်က မြစ်ပြင်တစ်ဝှမ်းကို လွှမ်းခြုံဝင်းပနေပြီ ...

❑ ❑ ❑

# ရည်ပျက်တံငါ

အရာရာကို အလေးအနက်မထားဘဲ နောက်တတ်၊ ပြောင်တတ်၊ ခပ်ပျော်ပျော်နေတတ်သည့် အေးပု၏စကားကို နားယောင်ပြီး သည်နေရာကို ထွက်လာမိတာ မှားပြီဟု ဖိုးချစ်တွေးရင်း ကိုယ့်ကိုယ်ကို ဒေါသထွက်မိရတော့သည်။

◈ ◈ ◈

"နှိုးထဲမှပဲ ... ဒါမိုးတွင်းလားဟ" ဒေါသသံဖြင့် မကျေမချမ်း ရေရွတ်ရင်း ကောင်းကင်ကိုမော့ကြည့်ဖြစ်သည်။ ဝင်းဝင်းလျှပ်လျှပ်၊ နေလုံးကြီးကို ဖျတ်ခနဲ တစ်ချက်ကြည့်ပြီး စူးရဲလှသော နေရောင်ခြည်ကြောင့် မျက်စိကိုအမြန်လွှဲကာ စိမ်းမြရွှန်းစို လယ်ကွင်းတစ်ခိုဆီ လှမ်းကြည့်လိုက်ရသည်။

ဝါဝင်ခဲ့သည်မှာ မနည်းကြာခဲ့ပြီဖြစ်၍ မိုးဖြိုင်ဖြိုင်ကျနေပြီ၊ မျက်စိတစ်ဆုံးမျှော်ကြည့်လိုက်တိုင်း၊ ကန်သင်းရိုးကလေးတွေ အကန့်အကန့်ပိုင်းခြားထားသော လယ်ပြင်ကြီးကိုသာ တွေ့နေရသည်။ အရိပ်ခိုနိုင်စရာဆို၍ လူတစ်ရပ်ကျော်မြင့်သည့် ညံပင်

ကလေးတစ်ပင်သော်မှမရှိ ပကတိလဟာပြင်ကျယ်ကြီးသာ ဖြစ်သည်။

လယ်ကွက်တချို့မှာတော့ စိုက်ရက်တော်တော်ရနေပြီဖြစ်၍ ကောက်သားတက်စ ပင်ပွားထွက်ပြူစ စပါးပင်တွေက နက်မှောင်စိမ်းစိုနေသလိုလို၊ စိုက်ရက်မကြာသေးသော ကောက်ပင်ကလေးတွေက ဝါတာတာလိုလို၊ စိမ်းဖန့်ဖန့်လိုလိုနှင့် လယ်ပြင်ရေမွှေးမွှေးမှာ အလှသွေးတွေကြွယ်နေကြသည်။

ကန်သင်းရိုးကျဉ်းကျဉ်းကလေးတွေပေါ်မှာ ခြေချော်မကျအောင် ဂရုစိုက်လျှောက်လာရင်း မိုးကာလယ်ပြင်လင့်ကစား တစ်ခါတစ်ရံ မိုးဆက်ပြတ်၍ ပူပြင်းတတ်လေ့ရှိသော နေမင်းကြီးကို အပြစ်တွေတင်နေမိသည်။

သူသွားချင်သည့်နေရာက နို့ချောင်းကလေးဆီသို့ ဖြစ်သည်။ ဧကပေါင်းထောင်နှင့်ချီ၍ ကျယ်ပြန့်လှသော လယ်ကွင်းလယ်ကွက်တွေအကြား ကွေ့ကောက်၍ ဖြတ်သန်းစီးဆင်းနေသော ထိုနို့ချောင်းကလေးဆီသို့ ကွန်စိပ်ကလေးကို ထမ်းပြီးလျှောက်လာရင်းသည်လိုနေရာမျိုးဆီ လမ်းညွှန်လိုက်သော အေးပုကိုစိတ်တိုရ၏။ အတင်းတွန်းထိုးစေလွှတ်သော အိမ်ကမိန်းမကိုလည်း မကျေနပ်။ ဘာပဲဖြစ်ဖြစ် ခနီးအတော်ပေါက်လာပြီဖြစ်၍ နို့ချောင်းကလေးဆီမရောက်ဘဲ လှည့်၍တော့မပြန်ချင်၊ အေးပုက ကျိန်းသေရှိလှပါသည်ဟု အာမခံလိုက်သော အကောင်တွေကိုလည်း ဖမ်းချင်သေးသည်။ နွတ်ခမ်းစူကာ စိတ်ကောက်တတ်သည့် မိန်းမ၏မျက်နှာကို

မြေး၍မြင်မိသည့်ခဏ၌ ခြေလှမ်းတွေက နိုးချောင်းကလေးဆီ တွန်း၍ ပို့နေလေသည်။

◈ ◈ ◈

လယ်ကွက်တွေ၏ကြားမှာရှိသဖြင့် နိုးချောင်းဟုခေါ် ရသော်လည်း တကယ်တော့၊ ချောင်းကလေးတစ်ချောင်းခန့် ရှိသည်။ မိုးတွင်းကာလများတွင် လက်လံ လေးလံခန့်ကျယ်ကာ၊ မိုးအကုန်ဆောင်းကာလများတွင် ရေနည်းသွားပြီး၊ နွေကာလများတွင် ရေခန်းလေ့ရှိသည်။

ရေခန်းသည်ဆိုရသော်လည်း အကုန်အစင် ခန်းခြောက်သွားသည်တော့မဟုတ်၊ တချို့နေရာများတွင် ရေဗပ်စပ်ကျန်တတ်သေးသည်။ ထိုရေဗပ်စပ်ဒိုက်ပုံတွေ အောက်ခြေတွင် ထူးတွင်းကြီးတွေခတ်၍ သူတို့မျိုးနွယ်တစ်စုတို့ နွေခိုတတ်ကြပြီး၊ တချို့မျိုးနွယ်တွေကတော့ တော်သလင်းငါးဆင်းမိုးကြီးနှင့်အတူ နိုးချောင်းကလေးမှတစ်ဆင့် ချောင်းလက်တက်၊ ထိုမှတစ်ဆင့် မြစ်မကြီးတွေဆီ ဆင်းသွားခဲ့ကြပြီ။

ပဌုန်မိုးတွေ ထစ်ချုန်းမြည်ဟည်း ပေါင်းလန်အောင် ရေတွေကြီးလျှင်တော့ သူတို့ပျော်မြူးကြပြီ၊ မြစ်မှတစ်ဆင့် ချောင်းလက်တက်သို့ ထိုမှတစ်ဆင့် နိုးချောင်းကွင်းပြင်ကျယ်ကြီးဆီ ပြန်လာကြပြီ။ ဒိုက်ပုံတွေအောက် ထူးတွင်းကြီးထဲမှာ နွေခိုနေသော သူတို့မျိုးနွယ်တွေလည်းထွက်၍ ပျော်မြူးကြပြီ။

ရေလျှံမိုးချောင်းကလေးအတိုင်း၊ အထက်ကို ဆန်ချင်ဆန်၊ အောက်ကို စုန်ချင်စုန်၊ ဒါမှမဟုတ် ကန်သင်းရိုး၊ ကတွတ်ပေါက်တွေမှာ ခုန်ချင်ခုန် ပျံချင်ပျံ၊ ပျော်စရာကာလကြီးပေပ။

အစာတွေက ပေါ၊ ကူးခပ်စရာ ချောင်ကြီးက ကျယ်၊ ခြောင်းလက်ခင်းကလည်းသာ၊ အဖော်တစ်သင်းနှင့်ချစ်တင်းနှောရင်း မျိုးဆက်သစ်တွေ ဥကြ၊ ပေါက်ပွားကြ၊ ကြီးထွားလာကြနှင့် ပျော်စရာကာလကြီး ဖြစ်ပါ၏။

မိုးချောင်းကလေးအတွင်း ချောင်ပေါ်မှာတော့ ကန်စွန်းရိုးနီတွေ၊ ထိကရုန်းပင်တွေ ထွားကျိုင်းသန်မာစွာ ပေါက်နေကြသည်။ လယ်ပတူ၊ ကနဖော၊ ကညွတ် စသည့် အပင်ငယ်လေးတွေလည်း စိုလန်းလျက်ရှိသည်။ ထမင်းစားပန်းကန်ခန့် ကြာရွက်ကြီးတွေ ရေပေါ်တွင် ပြန့်ပြန့်ကားကား လှပလျက်ရှိကြ၏။ တချို့ဖူးလျက် တချို့ငုံလျက်၊ ပွင့်လျက်၊ ကြာဖြူကြာနီတွေကလည်း မိုးချောင်းကလေးကို အလှဆင်လျက်ရှိသည်။

ချောင်၏အောက်ခြေတွင် ဗိန်းဗိတ်အောင် မည်းမှောင်လျက်ရှိသော်လည်း ချောင်နှင့်နီးလာလေ တဖြည်းဖြည်းလင်းလာလေဖြစ်ကာ ချောင်အောက်တစ်တောင်ခန့်အထိ နေရောင်ခြည်က ထိုးဖောက်၍ လင်းနေသည်။

နှစ်ရက်သုံးရက်ခန့် ဆက်တိုက်ပူနေသောအခါ မိုးချောင်းကလေးအတွင်းရှိ ရေသည် အေးလည်းမအေး၊ ပူလည်းမပူ နွေးနွေးကလေး ဖြစ်နေတော့သည်။

ထိုသို့ နွေးနေသောရေပြင်တွင် ဥချထားသော မျိုးဥတွေက အကောင်တွေပေါက်ကြ၏။ ရေညှိရေမှော်ပင်ကလေးတွေ ဒိုက်ပင်ကလေးတွေ ပွားလာကြ၏။ များသည်ထက် များလာကြ၏။

သားပေါက်စကလေးတွေ လက်တစ်သစ်၊ လက်နှစ်သစ်ခန့် ကောင်ရေထောင်ပေါင်းများစွာသည် နေခြည်အလင်းရောင်အောက် ဒိုက်ပင်ကလေးတွေ ရေမှော်၊ ရေညှိဖတ်ကလေးတွေကို စားကာ ကြီးထွားလာမြဲဖြစ်၏။

မွေးကာစအရွယ်ကလေးတွေသာဖြစ်၍ ငါးတစ်ကောင်၏ ပုံသဏ္ဍာန်က မပီပြင်သေး၊ ခေါင်းကြီးကိုယ်သေးလေးတွေဖြစ်၏။ အရုပ်ဆိုးကလေးတွေဖြစ်သည်။ ပါးစပ်ကလေးတွေ ဟစိ၊ ဟစိနှင့် အစာဖတ်ကလေးတွေကို သူထက်ငါကောင်း လုယက်စားသောက်နေကြသည်မှာ ပွက်ပွက်ထနေတော့သည်။ သူတို့တွင် အပူအပင်မရှိ၊ အကြောင့်အကြမရှိ၊ သောကမရှိ၊ စိုးရိမ်မှုမရှိ၊ ပကတိအဖြူထည်ကလေးတွေ ဖြစ်သည်။

◈ ◈ ◈

ရေမျက်နှာပြင်အောက် အနက်တစ်ထောင်၊ တစ်တောင့်ထွာလောက်မှာတော့ သားထိန်းငါးရံ့ကြီးရှိသည်။ သားပေါက်ကလေးတွေ မှော်ပင်တွေကြားသွားသွား၊ ကြာရိုးကြာနွယ်တွေကြားသွားသွား၊ ကန်စွန်းနွယ်တွေကြားသွားသွား၊ သူများ ရေအောက်မှလိုက်၍ မမောတမ်းစောင့်ရှောက်ပေးလျက်ရှိသည်။

သားပေါက်ကလေးတွေ နေခြည်ဝင်းလျက် ပြိုးပြက်တောက်ပနေသည့် ရေပြင်ထက်မှာ မြူးထူးပျော်ပါး အစာစားနေကြတာကို ကြည့်ပြီး ကြည်နူးဝမ်းသာလျက်ရှိသည်။ "ပျော်ကြစမ်းဟေ့၊ ကူးခပ်ဆော့ကစားကြစမ်းဟေ့၊ စားကြစမ်းဟေ့" ဟု စိတ်ထဲကနေ အားပေးနေသည်။ ဒါမှ သူ့ရင်သွေး၊ သူ့မျိုးဆက်သစ်ကလေးတွေ သန်မာထွားကျိုင်းလာပေလိမ့်မည်။ အရွယ်ရောက်ကြပေလိမ့်မည်။

ရေအကြောင်း၊ နေရောင်ခြည်အကြောင်း၊ မိုးချောင်းတွေ၊ လယ်ကွင်းပြင်တွေ၊ ဂယက်ဖင်းကြီးတွေအကြောင်း တဖြည်းဖြည်း သိနားလည်လာကြပေလိမ့်မည်။ ... သားထိန်းငါးရံ့ကြီးက အချက်ပေးလိုက်လျှင် ရေအောက်သို့ ဖျတ်ခနဲငုပ်ဆင်းလာတတ်အောင်၊ ကြာဖက်၊ ကြာရွက်၊ ကြာစွယ်၊ ဒိုက်ပုံတွေအကြားမှာ ပုန်းအောင်းနေတတ်အောင်၊ အန္တရာယ်တွေကို ရှောင်ကွင်းတတ်အောင် တဖြည်းဖြည်း သင်ကြားပေးရပေဦးမည်။

ယခုလည်း သားထိန်းငါးရံ့ကြီးက သည်အချက်တွေကို သင်ကြားပေးရင်း စောင့်ရှောက်နေခြင်းဖြစ်သည်။ ရက်တွေ၊ ရက်တွေ ကြာလာသည်နှင့်အမျှ သူ၏သားထိန်းကာလ ကုန်ဆုံးပေတော့မည်။

သားထိန်းကာလ ကုန်ဆုံး၍ ကိုယ့်လမ်းကိုယ်လျှောက်ရမည့်အချိန်ကို ရောက်လျှင်တော့ သူ့သားသမီးတွေသည် သူတို့ဘဝကို သူတို့ စောင့်ရှောက်ကြရလိမ့်မည်၊ ရုန်းကန်ကြရတော့မည်ဖြစ်ပေ၏။ မိမိ၏အစာကို မိမိရှာဖွေစားသောက်ကာ မိမိ၏

ဘေးရန်ကို မိမိတို့အသိဖြင့် ဆင်ခြင်သုံးသပ်ပြီး ကျော်လွှားရှင်ဆိုင်ကြရတော့မည်ဖြစ်၏။

တဖြည်းဖြည်းနှင့်အရွယ်ရောက်လာကြကာ အသစ်အသစ်သော မျိုးဆက်သစ်တွေ ထပ်မံပေါက်ပွားကြ၊ ရှင်သန်ကြနှင့် ဟောသည် ကမ္ဘာကြီး တည်နေသ၍ ... သူတို့မျိုးဆက်တွေ ဆက်လက် တည်ရှိနေကြဦးမည်သာ ဖြစ်သည်။

သားထိန်းငဲရဲကြီးသည် ဘေးဘယ်ညာတစ်ဝိုက်နှင့်နိုးချောင်းမြောင်တစ်ဝိုက်ကို စေ့စေ့စပ်စပ် ဝေ့ဝိုက်ကြည့်ကာ အန္တရာယ်အရိပ်အရောင်ကို ရှာဖွေလိုက်သည်။ ဘာမှထူးခြားမှုမရှိ ပကတိအေးချမ်းသာယာလှပါဘိ။

◈ ◈ ◈

စောစောက ပျပြင်းစူးရှခဲ့သော နေရောင်ခြည်သည် တဖြည်းဖြည်း မှိန်ဖျော့လာနေသည်။ အနောက်တောင်ဆီမှ ရေငွေ့၊ ရေမှုန်တွေကို သယ်ဆောင်လာသော မိုးတိမ်မည်းကြီးတွေ တစ်သုတ်ပြီးတစ်သုတ် တပ်ချီ၍ လွင့်မျောပါလာနေကြသည်။

ကြည်စင်ပြာလဲ့နေသော နိုးချောင်းကလေး၏ ရေမျက်နှာပြင်ပေါ်မှာ ... တိမ်ညိုတိမ်နိုင်တို့၏ အရိပ်မည်းကြီးတွေ ဖြတ်ပြေးလေတိုင်း အုံ့မှိုင်းသွားကာ ရေပြင်တွင် တိမ်ရိပ်တို့ထင်ဟပ်လာလိုက် ပျောက်ကွယ်သွားလိုက်နှင့်။

ပထမဆုံးတိမ်တစ်အုပ် ချောင်းပေါ်ဖြတ်အပြေးတွင် ရေအောက်မှာ စောင့်နေသော သားထိန်းငါးရံ့ကြီးသည် ရန်သူ၏အရိပ်အယောင်ပေလားဟု စိုးရိမ်တကြီးဖြင့် အချက်ပေးလိုက်သည်။ ထိုအခါ သားပေါက်ကလေးတွေသည် ဖျတ်ခနဲ ရေလွှာအောက်သို့ ငုပ်ချလိုက်ကာ ရှောင်တိမ်းပုန်းကွယ်လိုက်ကြသည်။

ခဏတာမျှ စောင့်ဆိုင်းကြည့်လိုက်ပြီး ရန်သူမဟုတ်မှန်းသိသောအခါ သားထိန်းငါးရံ့ကြီးကိုယ်တိုင် ချောင်းထက်သို့ ခုန်တက်အသက်ရှူပြီး ပွက်ပြမြူးပြလိုက်လျှင် သားပေါက်ကလေးတွေအားလုံး ပြန်တက်လာကြပြီး ပျော်မြူးကြပြန်၏။

သတိဆိုတာ ပိုသည်မရှိ၊ သူ့အသက်ထက်ချစ်သော သားပေါက်ကလေးတွေ အတွက်ဆိုတော့ ပင်ပန်းသည်ဟု သူမထင်၊ သတိထားမှ၊ သတိထားမှ။

◈ ◈ ◈

ဗိုးချစ်တစ်ယောက် သူ့မျက်စိကိုပင် သူမယုံချင်၊ အလွန်များပြားလှသည့် ငါးရံ့သားပေါက်အုပ်ကြီးပင် ဖြစ်သည်။ အနည်းဆုံးကျူဖျာတစ်ချပ်စာခန့်ရှိ ချောင်းတွင် ပွက်ပွက်ထအောင် ဆူညံလှုပ်ရှား အစာစားလျက်ရှိသည်။ တစီစီ၊ တပြွတ်ပြွတ်အသံတွေကိုပင် ကြားနေရသည်။ ထိုအသံသည် ငါးရံ့သားပေါက်အုပ်မှ ထွက်ပေါ်လာသံဖြစ်၏။ အခြားဘယ်နေရာကမှ ထိုအသံမျိုးထွက်သည်မရှိ။

ပြီးတော့ သူမျက်စိရှေ့ မြင်နိုင်သလောက် မိုးချောင်းတစ်ခွင်လုံး ငြိမ်သက်စွာရှိနေသည်။ ဤတစ်နေရာတည်းသာ ပွက်လောထအောင် လှုပ်ရှားနေသည်။

ကျိန်းသေပါသည်။ ဒါဟာ ငါးရံ့သားပေါက်တုပ်ကြီး ကောန်ဖြစ်တော့၏ ... တဖြည်းဖြည်းနှင့် ခြေသံရေသံ မကြားရအောင် အနားသို့တိုး၍ ... တိုး၍ သွားသည်။ မြင်နေရပြီ ...

နီနီထွေးထွေး ငါးရံ့သားပေါက်တွေ ထောင်ပေါင်းများစွာ မြူးထူးနေခြင်းပါတကား။ အေးပုပြောတာ မှန်နေပြီ။ သည်ကနေ့နံနက်တုန်းက အေးပုတစ်ယောက် သူ့အိမ်ကိုရောက်လာခဲ့သည်။ အိမ်ပေါ် တက်ထိုင်ပြီး ရေနွေးကြမ်းသောက်သည်။ ကောက်ညှင်းဆီထမင်းနှင့်ပုစွန်ခြောက်ထောင်းကို အားမနာပါးမနာ ပါးစြိနားဖြစားသေးသည်။ ပြီးမှ ...

"ဟေ့ကောင် ဖိုးချစ် ... လောလောဆယ် မင်း ... ဘာအလုပ်မှ မရှိဘူးမဟုတ်လား၊ မိုးချောင်းထဲသွားပြီး ငါးရံ့သားပေါက်ဖမ်းပါလားကွ၊ မနေ့ကငါ ကြာတွေသွားနုတ်ရင်းတွေ့ခဲ့တာဟေ့၊ သုံးလေးနေရာလောက်မှာ ပွက်သေးကြမ်းနေတာပဲ။ ငါ့မှာ ဘာမှမပါလို့ ကြည့်ပြီးပြန်လာခဲ့ရတာ၊ မင်းမှာ ကွန်စိပ်ကလေးရှိရဲ့မဟုတ်လား၊ အတော်ပေါ့ကွ၊ သားပေါက်တွေရော ကံကောင်းရင် သားထိန်းငါးရံ့ကြီးပါ ရနိုင်တယ်ကွ" ဟု အစထောင်ပေးသွားခဲ့သည်။

ထိုအခါ ယောက်ျားဖြစ်သူ အိမ်မှာကျောခင်းပြီး ပျင်းနေတာကြည့်မရဖြစ်နေသည့် မိန်းမက ငါးရံ့သားပေါက် အိုးကပ်ကလေး

စားချင်တယ်ဟု အတင်းပူဆာလေသောအခါ ... အေးပုကို ဒေါသတွေတစ်ပြုံကြီးထွက်ပြီး နှိုးချောင်းကလေးဆီ လာခဲ့ခြင်းဖြစ်၏။ ယုံတော့သိပ်မယုံ။

ယခုတော့ မယုံ၍မရတော့ပြီ ...

ကောင်းကင်ပြင်ကြီးတွင် ဘယ်ကဘယ်လို လွင့်မျောပါလာသည်မသိ၊ တိမ်စိုင်မိုးသားတွေ ထုနှင့်ထည်နှင့် တစ်သုတ်ပြီးတစ်သုတ် ... အုပ်လိုက်၊ ခဲလိုက် ... ဖြတ်ပြေးနေတာမြင်နေရသည်။

မိုးများရွာဦးမှာလားဟု တွေး၍ပူသည် ... ဘုရားမ၍ မိုးမင်းကြီးမရွာပါနဲ့ဦး၊ မိုးရွာလျှင်တော့ သွားပြီ ငါးရံ့သားပေါက်အုပ်ကြီး မျောက်သွားလိမ့်မည်၊ ချောင်းအောက်ငုပ်၍ မှော်ပင်တွေ၊ ကြာရွက်တွေကြား တိုးဝင်သွားကြတော့မည်။

လက်သန်းတစ်မြှောင်မရှိသော ကွန်စိပ်ကလေးကို ပခုံးပေါ်တွင် ထမ်းထားရာမှ အသာချသည်။ ကွန်ဖူးကြီးကို အလိုက်သင့်ခွေရင်း ကွန်သားကိုအသာဖြန့်ကာ ဘယ်ညာလက်ပေါ်မှာ အသင့်ပြင်ရင်း နှိုးချောင်းအစပ်သို့ အသာကပ်၍သွားသည် ... ကွန်တစ်ကမ်းလှမ်း၍ ပစ်နိုင်သည့် အကွာအဝေးကို ချိန်ဆနေသည် ... လာပြီဟေ့ ကွန်သမားဖိုးချစ်လာပြီကွ ... ။

◈ ◈ ◈

ရေလျှာအောက်တွင် လုံးထွေးသတ်ပုတ်လိုက်ရသဖြင့် ဒဏ်ရာအနာတရတွေနှင့်ဖြစ်နေသော သားထိန်းငါးရံ့ကြီး မောပန်းစွာ ပါးဟပ်ကြီး ဟစီ၊ ဟစီနှင့် အသက်ကိုလုကာ၊ လုကာ ရှူနေရသည်။

ဘယ်နှယ့် သူသာ အသေခံလိုက်ချင်သည်။ သူ့သားသမီးလေး တွေကိုတော့ လာမထိနှင့်၊ သူ့ကလေးတွေ ရေလှ္ဘာပေါ်မှာ အစာရှာ မြူးတူးကစားနေတုန်း ဘယ်နေရာက ဘယ်လိုရောက်လာသည် မသိရသော ... ဒိုင်းငါးရံ့ကြီးတစ်ကောင်ကို မြုန်းခနဲ တွေ့လိုက်ရ သည်။ မြူးကြောင်သော မျက်လုံးကြီးတွေနှင့် ကြာမှိုကြာစွယ်တွေ ကြားကနေ အာသာငန်းငန်းနှင့် ချောင်းနေတာဖြစ်သည်။

အရွယ်အစားက သူ့နှစ်ပြန်စာလောက်ရှိသည်။ ရှည်လျား သော ကိုယ်လုံးကြီး၏ ဘေးနှစ်ဖက်တွင် အမြီးဖျားတွင် ဒေါင်းမြီး ကွက်သဏ္ဌာန် နီနီရဲရဲအကွက် အကွက်ကြီးတွေနှင့် အင်မတန်လှပြီး အလွန်သန်မာသော အကောင်ကြီးပင် ... သူစောင့်ရှောက်နေသော သားပေါက်ကလေးတွေကို ဟပ်မျိုစားသောက်ရန် ချောင်းနေခြင်း ဖြစ်သည်။

သူ ကြည့်မနေနိုင် ... ထိုငါးကြီး တစ်ခါ ထိုးဟပ်စားလျှင် သားပေါက်နီနီတွေးတွေးကလေးတွေ အကောင်နှစ်ဆယ်သုံးဆယ် ခန့် ပါသွားလိမ့်မည်၊ အရွယ်အစားချင်းကွာလှ၍ သူနိုင်မှာမဟုတ် တော့ကြောင်း သိသည်။ သို့သော် သည်ပွဲမှာ သူ နောက်မဆုတ်နိုင်၊ ကြည့်မနေနိုင်၊ ဖြစ်သည့်နည်းနှင့် မောင်းထုတ်ရလိမ့်မည်။ သူ့ အသက်ကိုရင်းလျှင် ရင်းရပါစေတော့။

သားဖောက်ကပ်ပြီး ဒေါမာန်အပြည့်နှင့် ခွန်အားတွေ စုဆောင်း ကာ ... ဒိုင်းငါးရံ့ကြီး၏နံဘေးကို အရှိန်ပြင်းစွာ ကူးခပ်သွားပြီး ကိုက်ခဲပစ်လိုက်တော့သည်။

ရုတ်တရက်ပေမို့ ထိတ်လန့်သွားသော်လည်း သူ့အစာချောင်းနေတာကို နှောင့်ယှက်ခြင်းခံလိုက်ရသည့် ဗိုင်းငါးရံ့ကြီးကလည်း အစာမာန်တက်ကာ ဒေါသတကြီး ပြန်လည်ကိုက်ခဲတော့သည်။ ငါးရံ့ကြီးနှစ်ကောင်လုံး ထွေးကိုက်ခဲနေသဖြင့် ချောင်းကြီးပွက်ပွက်ထ၍ လှုပ်ရှားနေသည်။ တိုက်ပွဲတို့ဆုံးစံ ... အသက်ကိုစွန့်ကာ သားကလေးကို ကာကွယ်ဖို့ စွန့်စွန့်စားစား ကာကွယ်တိုက်ခိုက်နေသည့် သားထိန်းငါးရံ့ကြီးကို သူများသားသမီးတွေကို အချောင်စားရဖို့ ချောင်းနေသည့် ဗိုင်းငါးရံ့ကြီးတာရှည် ရင်မဆိုင်ရဲတော့ဘဲ ထွက်ပြေးသွားတော့သည်။

နိုင်သည်မှန်သော်ငြား ... ဒဏ်ရာဗရပွနှင့်ကျန်ခဲ့သော သားထိန်းငါးရံ့ကြီး မောနေပြီ၊ နာနေပြီ။ သားဖောကပ်၍ ဖွဲ့နှင့်စောင့်ရှောက်နေသော်လည်း အားအင်တွေ လျော့ပါးနေပြီ။

ဟော ... မည်းမည်းဆုပ်ဆုပ် ... တိမ်တစ်အုပ်က မိုးချောင်းကလေးအပေါ် ဖြတ်ကျော်သွားပြန်ပြီထင်၏။ ချောင်းတစ်ဝိုက်မှာ အုံ့မှိုင်းသွားတာ ရီဝေသောမျက်လုံးများက တွေ့လိုက်ရသည်။ ဒါ ... တိမ်တစ်အုပ်ပါပဲ ... ဟုတွေးကာ သားထိန်းငါးရံ့ကြီးက အန္တရာယ်အချက်မပေးတော့ဘဲ ... ငြိမ်သက်စွာ အပန်းဖြေနေခိုက်။

◈ ◈ ◈

ကွေးထားသော ဒူးနှစ်ဖက်လုံးကို စပရိန်တစ်ချောင်းလို ဆန့်ထုတ်ရင်း ဘယ်ညာလက်နှစ်ဖက်က ကွန်သားတွေ၊ ခဲသီးတွေကို စနစ်တကျ ဖြန့်၍ကိုင်ကာ အားနှင့်လွှဲ၍ ပစ်လိုက်သည်။

ငှေ့ခနဲဝိုက်ခနဲ လေထဲမှာ ပျံ့ဝဲသွားသော ကွန်စိပ်ကလေးသည် ... လေထီးတစ်လက် ပွင့်သွားသလို ကားခနဲပွင့်ကာ ချောင်းပေါ်ကို ဝိုင်းဝိုင်းစက်စက်ကြီး ကျလေသည်။

ကွန်၏အောက်ပိုင်း ချေအိတ်တွင် တပ်ဆင်ထားသည့် ခဲသီးတို့၏ အလေးချိန်ကြောင့် ချောင်းနှင့် "ဗွမ်း" ခနဲ ထိခတ်ပြီး ခဏချင်းမှာပင် ရေအောက်သို့ မြန်မြန်ကြီး မြုပ်ဆင်းသွားတော့ရာ

ကျွှမ်းဖျာတစ်ချပ်စာခန့် ငါးရံ့သားပေါက်တွေ ကွန်စိပ်ကလေးထဲက ဘယ်လိုမှလွတ်မထွက်နိုင်တော့။ အုပ်မိပြီ။ ဗိုးချစ်တစ်ယောက် ကျေနပ်ရွှင်ပြုံးနေသည် ... လှပစွာ ဝဲပျံ့သွားပြီး သားပေါက်ကလေးတွေပေါ် တိတိကျကျအုပ်မိသည့် သူ့ကွန်ချက်ကို သူ ... သဘောကျလျက် ခါးပိုက်ထဲက ကွမ်းတစ်ယာထုတ်၍ ဝါးလိုက်သည်။ ပြီးမှ ကွန်ကိုဆွဲ၍ ဖော်တော့မည်။

"ဗွမ်း" ခနဲ အသံကြီးနှင့်အတူ ချောင်းထဲသို့ တအိအိနင်းဆင်းလာသော ကွန်သားကြီးနှင့်ခဲသီးတွေကို တွေ့လိုက်ရသည့်အခါ သားထိန်းငါးရံ့ကြီး ထိတ်လန့်တုန်လှုပ်သွားရသည်။ စောစောက အိပ်မှိုင်းသွားတာ ကောင်းကင်ပေါ်က တိမ်ဖိုင်တိမ်ခဲတွေကြောင့် မဟုတ်မှန်းသိလိုက်ပြီ ...

သို့သော် နှောင်းခဲ့ပြီ ... ရန်သူက လက်ဦးသွားပြီ၊ ပထမတော့ ကိုယ့်အသက်ကိုယ်ချစ်တတ်သည့် သတ္တဝါပီပီ ... ကိုယ်ရှေးကြံ လာပြီဖြစ်၍ သက်လုံကောင်းရတော့သည်။ တဖြည်းဖြည်း အိကျ

လာသော ကွန်သားတွေ၊ ခဲသီးတွေထက် မြန်သောအလျှင်ဖြင့် ရေအောက်သို့ အမြန်ငုပ်ဆင်းသွားမိသည်။

သူ့လိုသက်တမ်းရင့် ငါးကြီးတွေမှာ တံငါတွေ၏ အန္တရာယ် အမျိုးမျိုးကို နောကျေနေအောင် ရင်ဆိုင်ခဲ့ရဖူးသည့် အတွေ့အကြုံ တွေ အပြည့်ရှိသည်။

ထိုအတွေ့အကြုံနှင့်သတိတွေ၊ ဝီရိယတွေ၊ ရဲရင့်ဖျတ်လတ်မှု တွေ၊ သန်မာသည့် ခွန်အားတွေပေါင်းစပ်ပြီး ရင်ဆိုင်ခဲ့ရသဖြင့် ယခုလို သက်တမ်းအထိ အသက်ရှင်နေနိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် အပေါ်မှဖုပ်ကျလာသည့် ခဲသီးကွန်သားတွေထက် မြန် မြန်ကြီး ရိုးချောင်းအောက်ခြေ နွံပြင်အထိ ငုပ်ဆင်းလာခဲ့ခြင်းဖြစ် တော့သည်။ ဟော ... နွံပြင်ဆီရောက်ပြီး တစ်လံနှစ်လံလောက် ကူးခတ်ထွက်ပြေးလျှင် ကွန်၏စက်ကွင်းကနေလွတ်ပြီ၊ ဘာမှ ခက်လှသည်တော့ မဟုတ်။ ဟိုးအရင်အခါတွေတုန်းကလည်း ယခု လို ကွန်တွေနှင့် အအုပ်ခံရသည့်ကြားမှ၊ ပိုက်တွေထဲမှ ဝိုင်းဝန်းတွေ၊ ဆောင်းတွေ၊ ဒိုးတွေကြားမှ အလွတ်ရုန်းနိုင်ခဲ့သည့် အကြိမ်တွေ နည်းလို့လား ... လွတ်အောင်ပြေးတော့မည်။

ရွှေရေယက်ကလေးနှစ်ခုကို တဖျပ်ဖျပ်ယက်၊ သူ့ အားအကိုး ဆုံး၊ အားအထားရဆုံး အမြီးဖျားရေယက်ကြီးကို ညွှတ်ကွေးကာ အားနှင့်ရိုက်ခတ်ကူးထွက်အံ့ဆဲဆဲ အချိန်ကလေးမှာပင် သူ့ခေါင်း ထဲသို့ အတွေးတစ်ခုက ဝင်ရောက်လာခဲ့သည်။

သားကလေးတွေ ... သားပေါက်ကလေးတွေ ... ကွန်ထဲမှာ ကျန်ရစ်တော့မည် ... ကျန်ခဲ့ရှာတော့မည်။ ထိုသားပေါက်ကလေး

တွေသည် သူ့လို အသိဉာဏ်မရှိ သူ့လို အတွေ့အကြုံမရှိ သူ့လို ခွန်အားဗလ မရှိရှာသေးသည့် ပကတိကလေးငယ်များပါတကား။

ယခုလောက်ဆို ကွန်သားတွေကြားမှာ ဟိုတိုးသည်ထွက် အသက်သေးအတွက် ကြောက်လန့်တကြား ချောက်ချားတုန်လှုပ်ရှာ၊ ကယ်သူမဲ့ရှာ၊ အားငယ်စိုးထိတ်ရှာ ... ကျွန်ရစ်ရှာပေလိမ့်မည်။

ထားခဲ့မည်လား၊ ကိုယ်လွတ်ရုန်း ထွက်ပြေးရမည်လား၊ ဒွိဟ စိတ်ဖြင့် တွေဝေငြိမ်သက်နေမိသည်။ ပြီးမှ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ချလိုက်ပြီး၊ နံ့ပြင်ကြာစွယ်တွေကြားမှာ ခိုကပ်နေရာမှ ... ရေပြင်ပေါ်ကနေ ဖုံးလွှမ်းကျဆင်းနေဆဲ ကွန်သားဖူးကွက်တွေဆီ မြန်သောအဟုန်ဖြင့် ထိုးတက်လာခဲ့မိပြီ။

"သားကလေးတွေရေ အမေလာပြီကွဲ့၊ အားမငယ်နဲ့ မကြောက်ကြနဲ့ကွဲ့၊ မင်းတို့ကိုထားပြီး အမေမသွားရက်ဘူးကွဲ့၊ တို့တစ်တွေ သေတစ်ကံရှင်တစ်ကံ အတူရုန်းကန်ရင်ဆိုင်ကြမယ် ကွဲ့၊ အမေ့မှာ အတွေ့အကြုံတွေ ခွန်အားသတ္တိတွေ အပြည့်ရှိပါ တယ်ကွဲ့၊ တို့အပေါ် အုပ်မိုးကျလာတဲ့ ကွန်သားတွေကို အမေ့ရဲ့ သန်မာတဲ့ ဦးခေါင်းတွေ၊ အမြီးတွေနဲ့ ထိုးခွဲပေးမယ်ကွယ်၊ ကွဲထွက် သွားတဲ့ အပေါက်ကနေ သားကလေးတွေ တိုးထွက်သွားကြတော့ ကွယ်၊ တို့တစ်တွေလွတ်အောင် အမေကြိုးဆောင်နိုင်ပါတယ်ကွယ်"

အတွေးထဲတွင် စကားတွေအများကြီးပြောရင်း ရေမျက်နှာ ပြင်နားဆီ ရောက်လာချိန်မှာတော့ သားပေါက်ကလေးတွေ

ယောက်ယက်ခတ်နေကြပြီ ကြောက်နေကြပြီ သားထိန်းငါးရံ့ကြီး
သေးကို အားကိုးတကြီး ကပ်လာတိုးဝှေ့နေကြသည်။

သားထိန်းငါးရံ့ကြီးသည် အစွမ်းကုန်အားအင်တွေထုတ်၍ ကွန်သားပြင်ကိုဝင်၍ တိုးခွဲလိုက်သည်။ မရ။

နောက်တစ်ကြိမ်၊ ပြီးတော့ နောက်တစ်ကြိမ် ...

နောက်ထပ်တစ်ကြိမ် ...

အကြိမ်ကြိမ်တိုး၏ ... ဆောင့်၏ ... မရလေ ... ၊

အံ့ဩဖွယ်ကောင်းပါဘိ။ ကွန်သားသည် တင်းမာပြတ်တောက်သွားခြင်းမရှိ ကွဲထွက်သွားခြင်းမရှိ၊ သူတိုးဝင်ရာနောက်သို့ ပျော့ပျောင်းစွာ၊ သို့သော် ခိုင်ခံ့စွာ ပါလာဆဲဖြစ်၏။

ပြီးတော့ ... ရှုန်းကန်တိုးထွက်နေသည့် သူ၏ပါးဟက်တွေ ရေယက်တွေ၊ အမြီးဖျားတွေအားလုံး ကွန်သားပြင်မှာ သွား၍ ငြိတွယ်နေကြပြီ၊ သူ အားကုန်ရှုန်းသည်။

ဘာ့ကြောင့် ကွဲထွက်မသွားသနည်း သူတွေး၍မရ ပျောင်းနွဲ့သော်လည်း ခိုင်ခံ့လှပါဘိ။ စောစောက ငါးရံ့ခိုင်းကြီးနှင့် တိုက်ခိုက်ထားရသဖြင့် သူ့ခွန်အားတွေ ကုန်ခဲ့ပြီလား၊ ဒဏ်ရာအနာတရတွေကြောင့် ခွန်အားတွေ ဆုတ်ယုတ်လေသလား။

ယခုတော့ သားထိန်းငါးရံ့ကြီး မတတ်နိုင်တော့ပြီ၊ သားပေါက်ကလေးတွေရော ... သူပါ ... ကွန်ပိုင်ရှင်၏ဆွဲခေါ်ရာ ရေပြင်ထက်ဆီ တဖြည်းဖြည်း ပါသွားရပေတော့မည်။

◈ ◈ ◈

ဗိုးချစ်သည် ... ငါးရံ့သားပေါက်အုပ်ကြီးပေါ်သို့ လုလုပပ တိတိကျကျ အုပ်မိသွားသော သူ့ကွန်ချက်ကို သဘောကျကျေနပ်စွာ ကြည့်ပြီး ကွမ်းတစ်ယာ ခါးပိုက်ထဲမှထုတ်၍စားကာ အမောဖြေလျှက်ရှိသည်။

ကွန်အောက်ခြေ၊ ချေးအိတ်တွင် စိစိရိရိတပ်ထားသည့် နှစ်ပိသာခန့်လေးသည့် ခဲသီးတွေက ကွန်သားတွေကို မြေပြင်အောက်ခြေနှင့်ပြင်ထဲအထိ တဖြည်းဖြည်း ဆွဲချနစ်ဆင်းသွားသည်ကို အရသာခံ၍ကြည့်ပြီး ကွန်ဖူးကြိုးကို "ဖျောင်း" ခနဲ "ဖျောင်း" ခနဲ ဆတ်၍ဆတ်၍ ခါလိုက်သည်။

ထိုခဏမှာပင် ကွန်အတွင်းမှ တဝုန်းဝုန်းအသံတွေနှင့်အတူ ရေလုံးရေပွက်တွေ တဖွားဖွား လွင့်ပျံထွက်လာတာကို တွေ့လိုက်ရသည်။

"ဟား ... ဟား ... ဟား ... ဟား ... သားပေါက်တွေတင်မကဘဲ သားထိန်းငါးရံ့ကြီးပါ မိနေပါရောလားကွ ... ရှန်းလေ ရှန်းလိုက်စမ်းပါကွ၊ ငါးရံ့ကြီးရေ ကွန်သားတွေ ကွဲထွက်အောင် ရှန်းပြစမ်း၊ ဒါဟာ ... နိုးနိုးချည်သားနဲ့ ထိုးထားတဲ့ကွန်ချည်မဟုတ်ဘူးကွ၊ နိုင်လွန်ချည်နဲ့ ထိုးထားတဲ့ကွန်ကွ သိရဲ့လား၊ ရှန်းစမ်း၊ ရှန်းစမ်း၊ ဘယ်လောက်ရှန်းရှန်း ကွန်သားကတော့ ကွဲမှာမဟုတ်ဘူး။ မင်းပဲ မောမှာပါ ငါးရံ့ကြီးရာ ဟား ... ဟား"

သဘောကျစွာ တဟားဟား အော်ရယ်ပြီး ကွန်ကိုတစ်တောင်ချင်း တစ်တောင်ချင်း အသာချောကာ ချောကာဆွဲ၍ဆွဲ၍ဖော်သည်။

ကွန်အတွင်းမှာတော့ နီနီရဲရဲသားပေါက်တွေရော သုံးပိဿာ ခန့် ငါးရံ့ကြီးပါ ကွေးကွေးကြီးပါလာသည်။ ငါးရံ့ကြီးမလှုပ်နိုင်တော့။ မောနေပြီ ...

တစ်ကောင်ချင်းဖြုတ်မနေအား၊ အိမ်ကျမှ မိန်းမကြည့်လုပ်လိုက်မည်။ ယခုတော့ ကွန်အစိပ်ကလေးကို လုံးထွေးပြီး ပခုံးပေါ် ထမ်းလာခဲ့သည်။ အိမ်အပြန် မျက်နှာပန်းလှခဲ့ပြီ။ ကန်သင်းရိုးပေါ်မှာ တင်ကျန်နေသည့် ခရုခွံတွေ၊ လယ်ကာကန်းလုံးအခွံတွေ ဖိုးချစ်၏ ခြေထောက်အောက်မှာ တခွပ်ခွပ် ကွဲကြေရင်းကျန်ခဲ့သည်။

◈ ◈ ◈

"မှတ်ပလားကွ ... ရှမ်း

မှတ်ပလားကွ ... ရှမ်း

တံငါလုပ်ပြီး တံငါစည်းကို မစောင့်ချင်တဲ့ကောင် မှတ်ပလားကွ ရှမ်း ... ခွေးလိုကောင်၊ ဝက်လိုကောင်၊ ငါးရံ့သားပေါက်တွေ မဖမ်းရဘူး၊ ဥချမယ့်ငါးတွေမဖမ်းရဘူး၊ မဆီးရဘူးဆိုတာ ငါတို့တံငါတွေ အစဉ်အဆက် လိုက်နာခဲ့ကြတဲ့ စည်းကမ်းကွ၊ သိရဲ့လား။ အခုနင်ဖမ်းလာခဲ့တဲ့ သားပေါက်တွေဟာ နည်းသလား။ အခုနေ ချက်စားရင် ဟင်းတစ်အိုးစာ၊ မိသားစုတစ်နပ်စာထက် ပိုလို့လားကွဟေ ...

အဲသည်သားပေါက်တွေ ဆက်ပြီးကြီးလာခဲ့ရင်၊ အရွယ်ရောက်လာခဲ့ရင် ဖမ်းစမ်းကွာ ... စားစမ်းကွာ ဘယ်လောက်နိုင်ပါ့မလဲ။

မျက်စိတစ်ဆုံးမကြည့်ဘဲ မျက်မှေးတစ်ဆုံးလောက်သာ ကြည့်တတ်တဲ့ နင်တို့လို တံငါစည်းဖျက်တွေကြောင့် အခုဆိုရင် ငါးတွေမျိုးတုံးတော့မယ်၊ ရှားပါးနေပြီ၊ ရှာလို့ဖွေလို့ ခက်လာနေပြီ၊

ဒီလိုသာ စည်းမရှိကမ်းမရှိ ဆက်လုပ်နေကြရင်၊ နောင်ဆိုငါးတွေ အရုပ်ရေးကြည့်ရမလို ဖြစ်တော့မယ်၊ တံငါအလုပ်နဲ့ အသက်မွေးတဲ့ ငါတို့လိုလူတန်းစားတွေလည်း အသက်ရှင်နိုင်မှာ မဟုတ်တော့ဘူးဆိုတာ ... မသိဘူးလားကွ ဟေ ...

ဒါ ... နမူနာပဲ၊ နောက်တစ်ခါ ဒါမျိုးလုပ်ရင် အသေသာပဲမှတ်ထား ခွေးကောင် ထွီ"

ပါးစပ်ထဲမှာငုံထားသည့် ကွမ်းဖတ်တွေကို "ထွီ" ခနဲမြည်အောင် ထွေးထုတ်လိုက်ပြီး အိမ်ရှေ့ကမြင်လေးမှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ တံငါအို၊ တံငါလက်ဟောင်းကြီး ဦးအောင်လှတစ်ယောက် မောနေပြီ။ သားဖြစ်သူ ဖိုးချစ်ကို အိမ်တိုင်မှာဖက်ထားခိုင်းပြီး ငါးခြမ်းပြားနှင့် စိတ်ရှိသလောက်ရိုက်လိုက်ရသဖြင့် ပိန်ကပ်ကပ်ရင်ဘတ်ကလေး ဖားဖိုလိုက်အောင် ဖုတ်လှိုက်ဖုတ်လှိုက်နှင့် အသက်ရှူနေရပြီ။

ဖိုးအောင်လှတစ်ယောက် သူ့သားတွေရော ရွာထဲရှိတံငါလူငယ် တချို့ကိုပါ သဘောမတွေ့လှ ... ယခုလူတွေသည် စောင့်ထိန်းရမည့် စည်းကမ်းတွေ ထိန်းသိမ်းရမှန်းသိသူ နည်းလာပြီ။ သားပေါက်ကလေးတွေ ဖမ်းလားဖမ်းရဲ့၊ အင်းထဲအိုင်ထဲ၊ ချောင်းထဲမြောင်းထဲ ဆေးခပ်ပြီး ဖမ်းလားဖမ်းရဲ့၊ ဘာကိုမှမမှုကြတော့ ...

လောလောလတ်လတ် ထမင်းတစ်လုတ်စားရဖို့သာ တွေးသူများ လာကြပြီ၊ ဒါတွေကို ဖိုးအောင်လှမကြိုက်။

ဒါကြောင့်ပင် သူ့သားသူ ဆုံးမနေခြင်းဖြစ်သည်။ အဘွားကြီး ဒေါ်ဖော့ကတော့ သူ့ယောက်ျား ဒေါသကြီးမှန်းသိ၍ ဝင်မခွဲရဲ ပြီးတော့ ဖအေက ဒါလောက် တားဆီးပိတ်ပင်နေသည့်ကြားက မိန်းမဖြစ်သူ၏ အလိုကိုလိုက်၍ ငါးရှ့သားပေါက်တွေ သွားဖမ်း သော သားကိုလည်း ဒေါသဖြစ်သည်။

ဖိုးအောင်လှရှေ့သို့ ရေနွေးကြမ်းတိုးချပေးပြီး မီးဖိုချောင်ထဲသို့ ပြန်အလှည့်တွင် အိမ်တိုင်ကိုမှီပြီး ငူငူကြီးထိုင်နေသည့် ဖိုးချစ်ကို လှမ်းမြင်တော့ "ငါ့သားကလေး တော်တော်နာသွားတယ်ထင်ပါရဲ့" ဟုတွေးရင်း အနားကိုတိုးကပ်သွားသည်။

တကယ်တော့ သူတို့မှာ သားသမီးငါးယောက်ရှိပြီး ဖိုးချစ်က အငယ်ဆုံးဖြစ်သည်။ အကြီးဆုံးသားသည်ပင် အသက်ငါးဆယ်နား နီးနေပြီ၊ ဖိုးအောင်လှကတော့ ဘာမှဂရုမစိုက်၊ စိတ်မထင်လျှင် မထင်သလို ဒေါ်ရှိုက်နေဆဲရှိသေးသည်။

"ဒီအဘိုးကြီးဟာလေ ဒေါသကလည်းကြီးပ၊ သူ့သားသမီး တွေက ငယ်တော့တာမဟုတ်ဘူး၊ ရှက်ရှာပေမပေါ့" ဟု ပါးစပ်မှ မကြားတကြားပြောရင်း သား၏ကျောကုန်းကိုကြည့်၏။ ကျောပြင် မှာတော့ ဒဏ်ရာတွေမရှိ ဇကနှ တင်ပါးကိုရိုက်တာဖြစ်မည်။

အသက်က မငယ်တော့သော်ငြား မအေကြီးက ယုယုယယနှင့် ဟိုစမ်းသည်စမ်းပြုသောအခါ ဖိုးချစ်သည် ဝမ်းနည်းလာသည်ထင်၏။ ခေါင်းကြီးငုံ့ပြီး မျက်ရည်ကျသည်။

တကယ်တော့ အမေရိုက်တာ နာ၍မဟုတ်၊ အမေခေါ်နေသတဲ့ သတင်းကြားသည်နှင့် ပုဆိုးအောက်ကနေ ဘောင်းဘီနှစ်ထပ်ခံ၍ ဝတ်လာပြီးသားဖြစ်သည်။ ပြီးတော့ အမေက အသက်ခုနစ်ဆယ်ကျော်ပြီ အိုမင်းနေပြီ အားအင်တွေမရှိတော့၊ ရိုက်သည့်တုတ်ကလည်း ဝါးခြမ်းပြားကလေးသာ။

သူ မျက်ရည်ကျတာက ... အကြိမ်ပေါင်းများစွာ ထပ်ခါထပ်ခါဆုံးမခဲ့သော၊ တံငါတွေ၏စည်းကမ်းကို ညွှန်ပြသွန်သင်ခဲ့သော ဖခင်ကြီး၏စကားကို မျက်ကွယ်ပြုပြီး၊ မိန်းမဖြစ်သူ၏စကားကို နားယောင်ကာ ... မိမိတို့တစ်နပ်စာ တစ်အိုးစာအတွက်၊ သားပေါက်ကလေးပေါင်းများစွာကို စတေးခဲ့သည့် မိမိ၏လုပ်ရပ်အမှားအတွက်၊ ပြီးတော့ တံငါတို့၏ စည်းကိုဖောက်ဖျက်ခဲ့မိသည့်အတွက်ပါ။

❑ ❑ ❑

# မြစ်ရေစုန်သန်

မြစ်ဝကျွန်းပေါ် ဒေသဖြစ်သမို့ အသွယ်သွယ်စီးဆင်းယှက်ဖြာနေသည့် မြစ်မ မြစ်သေး၊ မြစ်မွှား၊ ချောင်းကြီးချောင်းငယ်တို့သည် အရှေ့၊ အနောက်၊ တောင်၊ မြောက် ဝဲယာကြည့်လေရာရာတိုင်း၌ လက်ညှိုးထိုးမလွဲ ရှိနေတော့၏။

မြစ်မကြီးတစ်စင်းဆီမှ ခွဲထွက်စီးဆင်းနေသော ချောင်းကလေးတစ်ချောင်း၏ ဘေးနှစ်ဖက်ကမ်းပါးပေါ်တွင်တော့ မျက်နှာချင်းဆိုင် တည်ထားသော တံငါရွာကလေးတစ်ရွာ ရှိ၏။

ထိုရွာကလေးကဲ့သို့ လယ်သမားရွာကလေးတွေ၊ တံငါရွာကလေးတွေ၊ လယ်သမားရောတံငါပါ ရွေးရောယှက်တင်စုပေါင်းနေကြသော ရွာကလေးတွေ ဟိုမှာတစ်စု၊ သည်မှာတစ်စုဖြင့် ကြက်ယက်ထားသော ပေါ်စေ့စေ့တွေနှယ် ပြန့်ကျဲလျက်ရှိ၏။

ထိုရွာစု၊ ရွာပိုင်းတို့နှင့် ခပ်လှမ်းလှမ်းချောင်းတိမ်ကလေး၏ အဖျားတွင် ရွာသုသာန်ကလေးသည် ကုက္ကိုပင်တွေ၊ ရေမန်ကျည်းပင်တွေ၊ ဖျဉ်းမပင်တွေ၊ စံပင်တွေ၊ သဖြေပင်တွေ ညို့ညို့မှိုင်းမှိုင်းအုပ်ဆိုင်းကာ အထီးတည်းတည်ရှိနေ၏။

နွေနှင့်ဆောင်းကာလများတွင် ကုန်းမြေမို့မို့ပေါ်နေသော်လည်း မိုးတွင်းကာလများတွင်တော့ သုသာန်မြေပြင်တစ်ခွင်တစ်ပြင်လုံး ရေတွေဖွေးလျက်ရှိသည်။ ရွာသိမ်ရွာငယ်ကလေးတွေသာ များသဖြင့် ခမ်းခမ်းနားနားအုတ်ဂူတွေမရှိ ရှေးတုန်းက လယ်ပိုင်ရှင်ကြီးများ၊ အင်းသားကြီးများလို တောခေါ်ကြေးရတတ်လူချမ်းသာများ၏ အုတ်ဂူဟောင်း၊ အုတ်ဂူပျက်တွေသာ အနည်းအကျဉ်းရှိသည်။ အိုမင်းယိုင်နဲ့ ဆွေးမြည့်ပျက်စီးကာ မြေပြင်သို့ကင်းမဲ့လျက်ရှိသည့် သရက်အုံတင်ရာ သချိုင်းဇရပ်ကလေးသည်သာ သချိုင်း၏တစ်ခုတည်းသော အဖော်အဖြစ် ညှိုးငယ်စွာရပ်တည်လျက်ရှိ၏။ ဝန်းကျင်တစ်ဝိုက်မှာတော့ ခရာပင်တွေ၊ စိန်သဘော်တော်တွေ အလိုလေးချုံတွေ၊ ကျူပင်တွေ ပိန်းပိန်းပိတ်မျှရှိသည်။

မစည်ကားအပ်သော အရပ်ဒေသများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ထိုရွာသချိုင်းကလေးတွင် ယနေ့ လူသံဆူသံများဖြင့် စည်ကားလျက်ရှိသည်။

အသုဘအလောင်းတင်ဆောင်လာသော နှစ်စင်းတွဲလှေဖောင်ကလေးပေါ်မှ သယ်၍ ချလိုက်သည်နှင့် "နောက်လာဦးမလားဟေ့"

"မလာတော့ပါဘူးခင်ဗျ"

"နောက်ထပ် လာဦးမလားဟေ့"

"မလာတော့ပါဘူးခင်ဗျ"

"နောက်ထပ် လာဦးမလားဟေ့"

"မလာတော့ပါဘူး ခင်ဗျ"

အော်၍ မေးသံနှင့်အတူ ကျင်းတူးထားရာမှ ထွက်လာသည့် ရွှံ့ဖတ်၊ မြေခဲများနှင့် တဖျောဖျောပစ်သံကြီး ထွက်ပေါ်လာ၏။ ကျင်းတူးရာနေရာမှ ပစ်လွှတ်လိုက်ကြသော မြေစာခဲများသည် အလောင်းသယ်လာသည့် လူအုပ်ကြီး၏ ဘေးကိုလည်းကောင်း၊ အပေါ်သို့ကျော်၍လည်းကောင်း အနှံ့အပြားထိမှန်လျက်ရှိရာ အသုဘထမ်းလာသော လူများက မျက်နှာကို လက်ဖြင့်ကာထား ကြကာ "မလာတော့ပါဘူးခင်ဗျ" ဟုကုန်း၍ အော်နေရသည်။

သုံးကြိမ်သုံးခါရှောင်သွားသောအခါမှ ခဲဖြင့် အပစ်ရပ်တော့၏။ ထိုအခါကျမှ အသုဘထမ်းသူလူအုပ်ကြီးက ယိုင်နေသော ဇရပ် ကလေးပေါ် အသုဘကိုတင်ရ၏။

ကြို့တင်ရောက်နေသော ရွာဦးကျောင်းဆရာတော်က သရဏဂုံတင်သည့်ကိစ္စတွေ ဆောင်ရွက်ပြီးသောအခါ သူတို့ဓလေ့ အတိုင်း သေသူကျွန်သူတို့ အချင်းချင်းတောင်းပန်ကျွေးအေးပွဲရှိ၏။

"ဟဲ့ လိုက်ဆိုလေ၊ ဘာလို့ ပါးစပ်ပိတ်နေတာလဲ၊ ဒါဟာ နောက်ဆုံးအခွင့်အရေးဆိုတာ သိရဲ့လား၊ နင့်တစ်သက် နောက် ထပ် ဘယ်တော့မှမရနိုင်တော့တဲ့ အခွင့်အရေးပဲ စံဖေ၊ ဆိုလိုက် ပါဟယ် ဆိုလိုက်" ဦးသံပါကြီးနှင့်ပြောနေသော ထွေးလေးလှခင်၏ အသံကြောင့် ရွာသားများ၏အကြည့်က သူ့ဆီစုပြုံရောက်လာမှန်း မော့မကြည့်ဘဲနှင့် စံဖေသိနေပါသည်။

ရွာကလေးနှင့်တစ်ခေါ်ခန့်ဝေးသည့် ကွမ်းသီးချောင်းအဖျား သုသာန်ကလေးအလယ်ရှိ ဇရပ်ကလေးအတွင်း အသုဘပို့သူ လေးငါးဆယ်ခန့်ရှိကြပြီ၊ တချို့က ဇရပ်ကလေးဘေးတွင် မိုးတိုး မတ်တတ်ရပ်လို့ တချို့ကတော့ ဆောင့်ကြောင့်ထိုင်ကာ ဆေးပေါ့ လိပ်တွေ ထောင်းထောင်းထအောင်ဖွာလို့ ကာလသား လေးငါး ယောက်ကတော့ ဇရပ်ကလေးဘေးနားတွင် ဟိုတစ်လုံး သည် တစ်လုံးပြန့်ကျဲနေသည့် အုတ်ဂူဟောင်းကလေးတွေပေါ် ထိုင်လို့ တိတ်ဆိတ်စွာ ရှိနေကြသည်။

တွင်းတူးသမားတောင်နှင့် အသောက်သမားတစ်စုကတော့ ကျင်းနှုတ်ခမ်းပေါ် ထိုင်ကာ တောအရက်ကလေးမော့လိုက်၊ တစိမ့် စိမ့်ထွက်ထွက်လာသော ရေတွေကို ကျင်းထဲမှခတ်ထုတ်လိုက်နှင့် အလုပ်ရှုပ်လျက်ရှိသည်။

အုပ်ဆိုင်းညှို့မှိုင်းနေကာ သက်တမ်းရာနှင့်ချီပြီး ကြီးရင့်လျက် လူနှစ်ယောက်ဖက်၍ပင် မမိနိုင်သော ကုက္ကိုပင်ကြီးတွေက ဇရပ်ကလေး၏ ဝန်းကျင်တစ်ဝိုက်သို့ နေပြောက်မထိုးနိုင်အောင် အရိပ်အာဝါသ ကောင်းလှ၏။

တောကျီးကန်းတချို့သည် "တအာအာ၊ တအာအာ" အသံ တွေပေးရင်း ဟိုသည်ပျံဝဲနေကြပြီ၊ တချို့ကတော့ ကုက္ကိုကိုင်း များပေါ် တွင်နားကာ ... လူသေမြှုပ်ပြီး မြေပုံပေါ်မှာတင်ထားခဲ့မည့် စားမြိန်စာထုပ်အား သူ့ထက်ငါကောင်းထိုးသုတ်ရန် စောင့်ဆိုင်း လျက်ရှိနေကြသည်။

"လိုက်ဆိုလိုက်ပါ စံဖေရာ၊ မင်းကမဆိုတော့ မင်းညီတွေ ညီမတွေက မဆိုရဲဘူးဖြစ်နေကြတယ်။ ဖအေတစ်ယောက်ရဲ့ နောက်ဆုံးခရီးမှာ အဖုအထစ်တွေမဖြစ်ပါစေနဲ့၊ မင်းတို့တစ်တွေ သူ့အပေါ် ခွင့်လွှတ်လိုက်ကြပါ။ သူကလည်း မင်းတို့အပေါ် ခွင့်လွှတ် မှာပါကွာ ... ဘကြီးကတော့ ဒါပဲပြောချင်တယ်"

ဝမ်းနည်းကြေကွဲသံ ဆို့ဆို့နင့်နင့်ကြီးနှင့်ပြောသည့် ဘကြီး သာကျော်၏ အသံကိုကြားရပြန်တော့ စံဖေသည် ခေါင်းကိုအတင်း အောက်ငုံ့ထားရင်း အံကိုတင်းတင်းကြိတ်လျက် ချုပ်တည်းထား သော်ငြားလည်း ဇရပ်ကလေး၏ကြမ်းပြင်ပေါ်သို့ မျက်ရည်တစ်ပေါက် တောက်ခနဲ ကျတော့၏။

ရွာဦးကျောင်းဆရာတော် ဦးစန္ဒာဘာသကမှ စကားတစ်ခွန်း မှ မိန့်တော်မမူနိုင်ရှာဘဲ စံဖေတို့ ညီအစ်ကိုမောင်နှမတစ်စုကို ကရုဏာမျက်ဝန်းများနှင့် ငေးကြည့်နေသည်။

သုသာန်ဇရပ်ကလေးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်စွာရှိ၏။ တစ်ခါတစ်ရံ လေအဝှေ့တွင် ဇရပ်ခေါင်မိုးသွပ်ပြားအိုများအား အပေါ်မှဖုံးဆိုင်းကျနေသည့် သစ်ကိုင်းများ၏ တရှဲရှဲပွတ်တိုက်သံ ကိုသာ ကြားနေရသည်။

နက်မှောင်သည့် အသားအရေ ရေထဲမိုးထဲ တစ်မှားမှားနှင့် ငုပ်တုန်ပေါ် တုန်မြူရမ်းများသဖြင့် နီကျင်နေသော ဆံပင်ဖုတ်သိုက်၊ ငယ်စဉ်ကတည်းက အလုပ်ကြမ်းတွေလုပ်ခဲ့ရသဖြင့် ကျယ်ပြန့် ကြီးမားသော လက်ဖဝါးတွင် အသားမာကြီးတွေက ကြွပ်တက်လို့

ပုဆစ်တုပ်၍ထိုင်နေသဖြင့် ပေါ်နေသောခြေသလုံး တုတ်တုတ် မည်းမည်းကြီးတွေနှင့် ငါးမြေမပါးဟက်လိုက်ကာ ကွဲအက်နေသော အဖတ်အဖတ်လန်နေသည့် ခြေဖဝါးများနှင့် တံငါကြီးစံဖေသည် ရှိရင်းစွဲအသက် လေးဆယ့်ခြောက်နှင့်မလိုက်အောင် အိုစာလျက် ရှိ၏။

ခေါင်းကိုအောက်ငုံ့ကာ ဇရပ်ကြမ်းပြင်ကို စိုက်ငေးနေသော ရီဝေစိုစွတ်သည့် မျက်ဝန်းအစုံသည် ဇရပ်ကြမ်းပြင်ကို မမြင်ဘဲ၊ ပင်ပန်းကြီးစွာ၊ ဆင်းရဲငတ်မွတ်စွာ၊ သေးသိမ်နုန့်နဲ့စွာ၊ အဖမဲ့သား လှေနှင်းပြားအဖြစ် ငယ်စဉ်ဘဝတစ်လျှောက်လုံး ရှန်းကန်ကြီးပြင်း ခဲ့ရပုံများကို ရုပ်ရှင်ပြကွက်များလို တစ်ကွက်ချင်းတစ်ကွက်ချင်း ပြန်၍ မြင်နေမိလေသည်။

◈ ◈ ◈

စံဖေက အသက်ရှစ်နှစ်သား၊ ကိုးနှစ်သားလောက်သာ ရှိလိမ့် ဦးမည်။ သူ့အောက်ညီမလေးက ခုနစ်နှစ်၊ တတိယမြောက်ညီက ငါးနှစ်၊ နောက်ဆုံးကောင်ကတော့ နှစ်နှစ်သားလောက်သာရှိလိမ့် မည်။

မိခင်နို့ နို့ကောင်းတုန်း။ ဘာက ဘယ်လိုစ၍ဖြစ်ကြသည် ကိုတော့ စံဖေမသိခဲ့၊ အသက်ကလည်း ငယ်သေးသည်ကိုး။ ထို တစ်နေ့၏ ညနေပိုင်းအချိန်တွင် ဖြစ်သည်။

အဖေနှင့်အမေ စကားများကြ၏။ တစ်ယောက်တစ်ခွန်းပြော ဆိုကြရင်း ရန်ပွဲ၏ အထွတ်အထိပ်သို့ရောက်လာပြီး အမေကတော့

ငိုလည်းငို၊ ပြောလည်းပြော၊ စံမေတို့ ကလေးသုံးယောက်က မီးဖိုချောင်ရေကပြင်ကလေးတွင် စု၍ထိုင်နေကြပြီး၊ တုတ်တုတ်မျှမလှုပ်ဝံ့၊ တစ်ယောက်နှင့်တစ်ယောက် ပြစ်တင်မောင်းမဲသံများတဖြည်းဖြည်း ငြိမ်သက်လာပြီး၊ အမေ၏တောင်းပန်တိုးလျှိုးသံ၊ ငိုရှိုက်သံများသာ အိမ်ကလေးအတွင်းမှာ ပျံ့လွင့်လို့လာနေသည်။

"ကျုပ်မျက်နှာကို ရှင်မထောက်ချင်နေ၊ ရှင့်သားသမီးတွေရဲ့ မျက်နှာကိုတော့ ထောက်ပါဦးတော်၊ အဲသည်ကောင်မရဲ့ မျက်နှာက ကျုပ်တို့သားအမိတစ်တွေရဲ့ မျက်နှာတွေထက် ပိုပြီးကြီးနေသလား ကိုမောင်လှရဲ့၊ ရှင့်သားသမီးတွေ ဖအေမရှိလို့ မျက်နှာငယ်ရမှာကို ရှင် ထည့်မတွက်တော့ဘူးပေါ့နော်"

အမေက ဘယ်လောက်ပြောပြော၊ ဘယ်လောက်တောင်းပန်တောင်းပန် အဖေ့ထံမှစကားသံကို မကြားရ၊ အငယ်ဆုံးကောင်ကလေးဖက်တွား၍ ဖအေ့ပေါင်ပေါ် တက်တော့ အမေက ဖယ်ချပြီး လွယ်နေကျလွယ်အိတ်ထဲသို့ ပုဆိုးသုံးလေးထည်နှင့် အင်္ကျီများထည့်နေတာ တွေ့ရသည်။

ထိုအခါ အမေသည် အဖေ့လက်ထဲမှ အင်္ကျီများကိုလုယူရင်း "ရှင် တကယ်သွားတော့မှာပေါ့နော်၊ ရှင့်သားကလေးတွေ၊ သမီးလေးတွေကို ရှင် ခွဲရက်တယ်ပေါ့နော်၊ ရှင်မရှိရင် ကျုပ်တို့သားအမိတွေ ဘယ်သူ့အားကိုးပြီးနေရမှာလဲ ကိုမောင်လှရဲ့ လုပ်ရက်ပါပေရှင်" ပါးစပ်ကလည်းပြော၊ အိမ်အပြင် လှမ်းထွက်ရန်ပြင်နေသော

အမေ့ခြေလှမ်းတွေကို ရှေ့ကတားရင်း အမေ့ခြေသလုံးနှစ်ဖက်ကို အတင်းဖက်ထားလိုက်သည်။

ဘာရယ်သိ၍မဟုတ်၊ မိုးဗိုရေကပြင်ပေါ်မှ စံဖေတို့မောင်နှမ သုံးယောက်ကလည်း "ဝါး" ခနဲ အော်ငိုလိုက်မိကြသည်။ တစ်အိမ်လုံး ကမ္ဘာပျက်သကဲ့သို့ ဆူညံပွက်လောရိုက်လျက်ရှိသည်။

"ဖယ်စမ်းပါ မခင်မေ၊ ငါ့ကို မတားနဲ့တော့၊ မရတော့ဘူး၊ ဆန်ဆုံစား၊ ကံကုန်သွားဆိုတဲ့ စကားလည်းရှိသားပဲ၊ မင်းတို့ သားအမိတွေနဲ့ငါက ဆန်လည်းမဆုံတော့ဘူး။ ကံလည်းကုန်ပြီ လို့သာ သဘောထားလိုက်ပေတော့၊ ဖယ်စမ်းပါဟာ"

ပြောပြောဆိုဆိုနှင့် အမေက အတင်းရုန်းသည်။ အမေက အတင်းဖက်တွယ်ထားသည်။ ထိုအခါ အဖေသည် ဘီလူးသဘက်စီးနေသူပမာ အမေ့ဆံပင်ဆွဲ၍ အတင်းဖယ်ကာ အမေနောက်သို့ ပက်လက်လန်လဲအကျတွင် အိမ်ကလေးပေါ်မှ အတင်းခုန်ဆင်းတော့သည်။

အဖေ ခုန်ဆင်းလိုက်သဖြင့် အိမ်ကလေး သိမ့်သိမ့်ခါ၍ ကျန်ရစ်သည်။ တဖြည်းဖြည်းဝေး၍သွားသည့် အဖေ့နောက်ကျော ပြင်ကြီးကို ယခုထက်တိုင် စံဖေ၏မျက်လုံးအိမ်ထဲတွင် မြင်ယောင်နေမိလေသည်။

◈ ◈ ◈

အသက်ကိုးနှစ်သားကလေး၏ နှလုံးအိမ်ထဲတွင် ထိုအချိန်မှ စ၍ နာကြည်းမှုဆူးတစ်ချောင်း စူးနစ်ခဲ့ရလေသည်။ အမေနှင့်အတူ ပျံနုတ်၊ ကောက်စိုက်၊ မြက်ရိတ်၊ မြက်ထမ်းရင်း ကြမ်းတမ်းလှသည့် ဘဝကြီးကို စံဖေ လျှောက်ခဲ့ရသည်။

စံဖေ အသက်တစ်ဆယ့်လေးနှစ်တွင် လူ့လောကကြီးကို တတ်စွမ်းသမျှ အားအင်ကလေးနှင့်ရင်ဆိုင်ရင်း အမေစွန့်ခွာသွားခဲ့ပြန်ပြီ။ ထိုအခါ ဥမမည်စာမမြောက် ညီ ညီမကလေးတွေအတွက် စံဖေသည်ပင် အဖေ စံဖေသည်ပင် အမေအဖြစ် လောကကြီးကို အားမာန်တင်းကာ ရင်ဆိုင်ခဲ့ရတော့သည်။

ကွန်လှေပွဲကိုင်၊ ပိုက်လှေတစ်ပုံသမား၊ ဘဝန်းသမား နောက်လိုက်၊ ငါးရှာ၊ ဖားရှာ၊ ဘဝမျိုးစုံတွင် ကျင်လည်ကာ သူတို့ ဘဝကို သူတို့ ဦးဆောင်ခဲ့ရသည်။ တံငါအလုပ်မှန်သမျှ စံဖေ အကုန်တတ်၏။ မလုပ်ဖူးတာ မရှိ၊ သူ့ဘဝမှာ သူ့အတွက်သူ အသက်ရှင်နေသည်မဟုတ်၊ ညီ၊ ညီမလေးတွေအတွက်သာ သူ အသက်ရှင်နေခြင်းဖြစ်သည်ဟု ခံယူထားသည်။

ထို့ကြောင့် သူ့အတွက် ဘာတစ်ခုမှမစဉ်းစား၊ ညီလေး ညီမလေးတွေ လူလားမြောက်ရေးအတွက်သာ စဉ်းစားခဲ့၏။ ဘဝ ကြင်ဖော်ကိုပင် သူရှာခဲ့သည် မဟုတ်။ သူညီ ညီမတွေအတွက် ဘာလုပ်ပေးရမည်လဲကိုသာ သူတွေး၏။

အဖေရော အမေပါ မရှိတော့သဖြင့် သူတို့ဘဝသည် နေမင်း ရော လမင်းကြီးပါ ကွယ်ပျောက်နေသော ကမ္ဘာနယ်ဖြစ်နေ

တော့၏။ "အမိမဲ့သား၊ ရေနည်းငါးတဲ့၊ အဖမဲ့သား လှနှင်းပြားတဲ့" ရှေးကဆိုစကားသည် စံဖေ၏နှလုံးသားကို ဓားထက်ထက်နှင့် တတိတိမွှန်းသလို အခံခက်လှ၏။

ထို့ကြောင့်ပင် အဖေ့နေရာရော၊ အမေ့နေရာကိုပါယူကာ သူ့ညီတွေ၊ ညီမတွေကို ကြိုးစားကာ စောင့်ရှောက်၏။ တာဝန်ယူခဲ့၏။ အဖေ့အပေါ် နာကြည်းလေသမျှ၊ ဖခင်တစ်ယောက်ဖြစ်ပြီး ဖခင်တစ်ယောက်၏ တာဝန်မကျေပွန်ခဲ့မှုအပေါ် ဝမ်းနည်းကြေကွဲခဲ့သမျှ သူ့ဘဝကိုစတေးကာ တာဝန်ထမ်းခဲ့၏။

ယခုတော့ ညီ၊ ညီမတွေအားလုံး အိမ်ထောင်အသီးသီးကျ၍ သူတို့ခြေပေါ် သူတို့ရပ်တည်နိုင်ခဲ့ပြီ။ ဖခင်ကြီးကိုယ်စား အစ်ကိုကြီးတော့ အဖအရာခံယူကာ စောင့်ရှောက်ခဲ့သည့်အစ်ကိုကြီးအပေါ် အားလုံးက လေးစားရိုသေသလို၊ ကြောက်ရွံ့မှုကလည်း ပိုကဲခဲ့၏။ အားလုံး အစ်ကိုကြီးသဘောတစ်ခုသာ မှတ်ထားကြ၏။ လိုက်နာခဲ့ကြ၏။ ကျိုးနွံခဲ့ကြ၏။

◈ ◈ ◈

ကံကြမ္မာသည် ယခုကဲ့သို့ ဖန်တီးလာလိမ့်မည်ဟု မည်သူကမျှ ထင်မထားခဲ့။ စံဖေတို့မောင်နှမတစ်သိုက်ကလည်း ဘယ်တုံးကမှ မျှော်လင့်မထားခဲ့ကြ၊ သို့သော် တကယ်ဖြစ်၍လာခဲ့ပြီ။

ရွာဦးဘုန်းကြီးကျောင်းတွင် ဦးမောင်လှတစ်ယောက် ရောက်နေသတဲ့၊ သားတွေသမီးတွေဆီ တိုက်ရိုက်မလာရဲ၍

ဆရာတော်ကြီးကတစ်ဆင့် ခေါ်လွှတ်လိုက်သတဲ့ ဟူသော သတင်းသည် တစ်ယောက်ကစ တစ်ရာဆိုသလို တစ်ရွာလုံးသို့ တောမီးပမာ ပျံ့နှံ့လေတော့ရာ၊ စံမေတို့မောင်နှမတစ်စု နေထိုင်ရာ အိမ်ဝိုင်းကြီးအတွင်းတွင် သတင်းမေးသူတို့နှင့် ပြည့်နှက်နေလေ၏။

စံမေ ကိုးနှစ်သားလောက်ကတည်းက သူတို့ဘဝထဲကထွက်ခွာသွားခဲ့သော ဖအေဖြစ်သူကို စံမေပင်မမှတ်မိနိုင်၊ ပုံရိပ်တောင်မှ မြင်ယောင်လို့မရတော့။ သူ့ထက်ငယ်သော ညီ၊ ညီမတွေက ဘယ်မှာလာ မှတ်မိနိုင်ပါမည်နည်း။

သို့သော် "အဖေ" ဟူသော စကားလုံးကလေး နှစ်လုံးက အစွမ်းထက်လှလေ၏။ ထိုစကားလုံးကလေးသည် ခေါ်ရသူရော အခေါ်ခံလိုက်သူပါ ဘယ်လိုအရာမျိုးနှင့်မှ မတူသော အရသာကို ပေးစွမ်းနိုင်ပါပေ၏။ ယခုလည်း စံမေတို့မောင်နှမတစ်စု၏ ရင်ထဲနှလုံးသားထဲမှာ နှစ်ပေါင်းများစွာ ပုန်းလျှိုးဝပ်ကွယ်၍ နေခဲ့သော သမုဒယသံယောဇဉ်ကြိုးကို ဝင်ရောက် တီးခတ်လိုက်သောအခါ။

"အဖေတဲ့၊ ငါတို့အဖေ ရွာဦးဘုန်းကြီးကျောင်းမှာ ရောက်နေသတဲ့၊ ငါတို့ကို တွေ့ချင်လို့တဲ့၊ ဘယ်လိုပုံပန်းပါလိမ့်" ဟူသော သိချင်စိတ်၊ မြင်ချင်စိတ်၊ တွေ့ချင်စိတ်တွေ ဗိတ်ဗိတ်ဝေကာ ရင်ထဲက တလှပ်လှပ်တဖျပ်ဖျပ်ဖြစ်နေလေပြီ။

ဒါပေမယ့် သူတို့ကို မိဘသဖွယ် ယော်ရွယ်စဉ်ကတည်းက မြုစောင့်ရှောက်ကျွေးမွေးလာခဲ့သော အစ်ကိုကြီးစံမေက စကားတစ်ခွန်းမှမဟဘဲ၊ လှုပုံအလယ်တွင် မျက်နှာကြီးရှုပ်၍ ငူငူကြီး

ထိုင်နေသောကြောင့် ကျန်အငယ်များ တုတ်တုတ်မှမလှုပ်ရဲကြ၊ စကားမဟာရဲကြ။

ထိုအခါ အမေ့ဘက်မှ အမျိုးတွေထဲတွင် ရှားရှားပါးပါးတစ်ယောက်တည်းသာ ကျန်တော့သည့် ထွေးလေးဒေါ်လှခင်ကတော့ လူကြီးပီပီ ဖြစ်ခဲ့ပြီးသမျှ အကြောင်းတွေကို သင်ပုန်းချေခွင့်လွှတ်နိုင်ခဲ့ပြီဖြစ်၍

"သွားတွေ့လိုက်ပါ စံဖေရယ်၊ သူ့ခမျာ သူ့အမှားသူသိလို့ ရွာထဲတောင်မလာရဲရှာပါဘူး။ အခုလည်း ကပ္ပိယကြီးက ပြောသွားတယ်မဟုတ်လား၊ ကျန်းမာရေးကလည်း အတော်ချွတ်ယွင်းနေရှာသတဲ့၊ သူမသေခင် သူ့သားသမီးတွေကို တွေ့သွားချင်ရှာပေမပေ့ါ၊ မြူသူအသစ်၊ ဖြစ်သူအဟောင်းတဲ့၊ သူ့အမှားတွေ သူသိရှာပြီထင်ပါရဲ့တယ်"

ပြောပြီး အင်္ကျီလက်နားကလေးနှင့် မျက်ရည်သုတ်နေတော့၏။ "ဟုတ်တယ် စံဖေ၊ မင်းတို့အဖေ အခြေအနေမကောင်းတော့ဘူး။ သားသမီးတွေ တွေ့ချင်လို့သာ အားခဲပြီးလာတာနေမှာ၊ ငါ စိတ်ထင် ကြာကြာခံမယ်မထင်တော့ဘူး။ မနေ့ကတောင် ဘုန်းကြီးကျောင်းက်နေသံကြားရတယ်"

တပည့်တော် မိုက်ခဲ့မှားခဲ့ပါတယ် ဘုရား ...

တပည့်တော်ဟာ ဖအေပီသတဲ့သူ မဟုတ်ခဲ့ပါဘူး။ ဖအေ့တာဝန်တွေကိုလည်း မကျေပွန်ခဲ့ပါဘူး။ ပြောရရင်တော့ အဖေ

လို့တောင် အခေါ်မခံထိုက်တဲ့ဘဝပါ ဘုရား၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် တပည့်တော် မျက်စိမမှိတ်ခင် သားတွေသမီးတွေကို တွေ့သွားချင်ပါတယ် အရှင်ဘုရား။ နောက်ဆုံး တွေ့ခွင့်ကလေးရအောင် ဆောင်ရွက်ပေးတော်မူပါဘုရား ...

ဆိုပြီး ဆရာတော်ကို ဦးချလျှောက်ရင်း မျက်ရည်တွေတွေကျပြီး အမောဖောက်နေသေးရဲ့၊ ငါတို့က ငယ်သူငယ်ချင်းတွေဆိုတော့ သူ့အဖြစ်ကို မြင်ရကြားရတာ စိတ်မကောင်းဘူးကွာ"

ကပ္ပိယကြီးရဲ့စကားဆုံးတော့ ထွေးလေးလှခင်တစ်ယောက်စိတ်မထိန်းနိုင်ရှာဘဲ "အင့်" ခနဲငိုရှိုက်လိုက်လေသည်။ ပြီးမှ "အင်း ... လူမိုက် လူမိုက် 'မ' ဘက်လိုက်တော့ မိုက်ဘက်ပါခဲ့လေတာကိုး" ဟုလည်း ရေရွတ်နေသေး၏။

ဟိုး ခပ်ဝေးဝေး တောစပ်ကလေးဆီမှ လွင့်ပျံ့လာသည့်ချိုးကူသံသဲ့သဲ့မှတစ်ပါး အားလုံး တိတ်ဆိတ်လျက်ရှိသည်။ တစ်ချိန်လုံး တင်းမာနေသော မျက်နှာထားကြီးနှင့် အင်းမလှုပ်အဲမလှုပ် ငြိမ်သက်နေခဲ့သော စံဖေသည် ထွေးလေးလှခင်နှင့် ကပ္ပိယကြီးတို့၏ စကားသံတွေဆုံးလျှင် သက်ပြင်းလေးကြီးတစ်ချက်ချလိုက်ပြီး ရီဝေသောမျက်လုံးများဖြင့် သူညီတွေညီမတွေကို ကြည့်ကာ ခေါင်းတစ်ချက် ညိတ်ပြလိုက်လေသည်။

◈ ◈ ◈

အားလုံးထင်ထားကြသည့်အတိုင်းပင် စံဖေတို့ ညီအစ်ကို မောင်နှမတစ်စုတို့ သွားတွေ့ပြီး နောက်ရက်မှာပင် သူတို့အဖေ ဦးလှမောင်တစ်ယောက် မျက်စိမှိတ်သွားခဲ့ပါပြီ။

ယနေ့ အသုဘချမည်ဖြစ်သဖြင့် သရဏဂုံတင်ပြီး သူတို့ရပ်ရွာ ဓလေ့အရ သေသူက ကံသုံးပါးနှင့်ကျူးလွန်သမျှ ကျန်ရစ်သူများက ခွင့်လွှတ်လိုက်ကြရသလို သေသူအပေါ်တွင် ကျန်ရစ်သူများက ကံသုံးပါးဖြင့် ကျူးလွန်မိခဲ့သမျှကိုလည်း ဝန်ချတောင်းပန်လိုက်ရ၏။

"မဟုတ်သေးပါဘူး ဘကြီးရယ် … ကျွန်ုပ်ပြောချင်တာက အဖေ တစ်ယောက်အနေနဲ့ ကျွန်ုပ်တို့မိသားစုတွေအပေါ် ကျူးလွန်ခဲ့တဲ့ အပြစ်တွေကို ကျွန်ုပ်တို့က ခွင့်မလွှတ်နိုင်လို့ လိုက်မဆိုတာ မဟုတ်ပါဘူး။ ခွင့်လည်းခွင့်လွှတ်တယ်၊ ကျေလည်းကျေနပ်ပါတယ်၊ ဒါပေမယ့် … "

ပြောနေရင်းက ဆို့နင့်လာသဖြင့် တံတွေးတစ်ချက်မျိုချလိုက်ရသေး၏။ ပြီးမှ "ကျွန်ုပ်တို့ကို ခွင့်လွှတ်ပါလို့တောင်းပန်ရအောင် ကျွန်ုပ်တို့ ညီအစ်ကိုမောင်နှမတွေက အဖေ့အပေါ်မှာ ဘာအပြစ်တွေ ကျူးလွန်ခဲ့မိလို့ တောင်းပန်ရမှာလည်းဗျ ပြောစမ်းပါဦး။

ကျွန်ုပ်တို့ ဘာမှမသိတတ်သေးတဲ့ ဥမည်၊ စာမမြောက်သေးတဲ့ အရွယ်ကတည်းက စွန့်ပစ်ခံခဲ့ရတာပါ။ ကျွန်ုပ်တို့ဝမ်းကျွန်ုပ်တို့ ကျောင်းပြီး ကြက်လိုယက်ရှာဖွေစားပြီး ကြီးပြင်းလာခဲ့ရတာပါ။ ကျွန်ုပ်တို့မောင်နှမတစ်တွေဟာ ကျွန်ုပ်တို့ဘဝကို ကျွန်ုပ်တို့တည်ဆောက်ခဲ့ကြရတာပါ။

အခု သေခါနီးမှလာပြီး ကျုပ်တို့ရဲ့အမေပေါ်ဆိုလို့သာ လက်ခံလိုက်ရတာပါ။ အဲဒါ အမေ့အပေါ် မှာ ကျုပ်တို့က ဘာအပြစ်တွေ ကျူးလွန်ခဲ့လို့ တောင်းပန်ရမှာလဲဗျ၊ ပြောကြစမ်းပါ"

စံဖေ၏ ဦးသံပါကြီးနှင့်ပြောသံအဆုံးတွင် ဖေ့ဖေလေးလှခင်ရော အကြီးသာကျော်ပါ စကားမပြန်နိုင်ကြ။

တစ်ချိန်လုံး တစ်ခွန်းတစ်ပါဒမျှ ဝင်ရောက်စွက်ဖက်ပြောဆိုခြင်း မရှိဘဲ ငြိမ်သက်စွာ နားထောင်နေခဲ့သော ရွာဦးကျောင်းဆရာတော်ကြီးသည် ချောင်းတစ်ချက်ဟန့်လိုက်ပြီး ...

"ဘုန်းကြီးက လူ့ကိစ္စတွေမှာ ဝင်မပါချင်ပါဘူး၊ ဒါပေမယ့် မပြောလို့မဖြစ်လို့ ပြောရဦးမယ်၊ ဒီမယ် ဒကာကြီးစံဖေ၊ သေဆုံးသွားတဲ့ ဒကာကြီးမောင်လှဟာ ဘာပဲဖြစ်ဖြစ် ဒကာကြီးတို့ရဲ့ မိဘပါပဲ။ သူ့ဘက်က တာဝန်မကျေပွန်ခဲ့တာ၊ မိဘဝတ္တရားပျက်ကွက်ခဲ့တာ သူ့အပိုင်းထားလိုက်ပါ။ သားသမီးတွေဖြစ်ကြတဲ့ ဒကာကြီးတို့က သားသမီးတာဝန်ကျေပွန်ဖို့က အဓိကပါပဲလို့ ဘုန်းကြီးပြောချင်တယ်။

သူက ငါ့အပေါ် ရက်စက်ခဲ့လို့ တာဝန်မကျေခဲ့လို့ ဒါမှမဟုတ် နှိပ်စက်ခဲ့လို့ ငါတို့ကလည်း ပြန်ပြီးလက်စားချေတဲ့အနေနဲ့ ပြန်ပြီး ရက်စက်မယ်၊ ပြန်ပြီး နှိပ်စက်မယ်ဆိုရင် လက်စားချေ လက်တုံ့ပြန် သံသရာဟာ မဆုံးနိုင်တော့ဘူး ဒကာကြီးရဲ့၊ သံသရာဆိုတာ ကြောက်ဖို့ကောင်းတယ်နော်။ တိုတိုကလေးမမှတ်နဲ့၊ တစ်ဘဝတည်း မမှတ်နဲ့ အရှည်ကြီးဗျ၊ မဆုံးနိုင်ဘူး၊ နိဗ္ဗာန်ကို မျက်မှောက်

မပြုနိုင်သေးသမျှ သံသရာထဲက မလွတ်နိုင်သေးဘဲ ဘဝမျိုးစုံမှာ အဖန်တလဲလဲ ကျင်လည်ကြရဦးမှာ၊ တစ်ဘဝမဟုတ်တစ်ဘဝမှာ ပြန်ဆုံနိုင်ကြသေးတာပဲဆိုတာကို မှတ်ထားပါ။

တကယ်တော့ ဒကာကြီးမောင်လှဟာ သားသမီးတွေကို လှလှပပပြောက်တဲ့အထိ မဟုတ်ပေမယ့် သားသမီးတွေ ဝမ်းထဲမှာ စပြီး ပဋိသန္ဓေနေစဉ်ကတည်းက ဒကာကြီးစံဖေဆိုရင်ကို ကိုးနှစ် သားလောက်အထိ မိဘအနေနဲ့ ရှာဖွေကျွေးမွေးပြုစုစောင့်ရှောက် လာခဲ့တယ်မဟုတ်လား။

အဲသည်အတွက်ရော ကျေးဇူးမရှိဘူးလို့ ဆိုနိုင်ပါ့မလား။ သစ် တစ်ပင်ရဲ့အရိပ်ကို ခဏခိုမိရင်တောင် ကျေးဇူးရှိတယ်။ သူ့အခက် ကို မချိုးသင့်ဘူးလို့ ဆိုကြရဲ့မဟုတ်လား။

အဲသည်တော့ ငယ်စဉ်ကလေးဘဝမှာ အတူနေထိုင်ခဲ့စဉ် တုန်းကဖြစ်ဖြစ်၊ နောက်ပိုင်း ဒကာကြီးတို့ ကြီးပြင်းလာကြပြီး အဖေ့ အကြောင်းစဉ်းစားမိတိုင်း ငါတို့အဖေဟာ အလကားလူကြီးပါ၊ ငါတို့ကို စွန့်ပစ်ထားခဲ့တာပဲ၊ တာဝန်မကျေတဲ့သူပဲစသဖြင့် အသိ အမြင်မှားတွေနဲ့ ဒေါသ မောဟတွေနဲ့ ပြောမိ ဆိုမိ စိတ်ကူးမိတာ တွေဟာ ဒကာကြီးတို့ မိဘဖြစ်သူအပေါ်မှာ ကျူးလွန်ခဲ့တဲ့အပြစ် တွေပဲလို့ ဘုန်းကြီးက ပြောချင်တယ်"

ဘုန်းတော်ကြီး၏တရားကို ကြားလိုက်ရတော့ စံဖေရော ညီငယ်ညီမငယ်တွေပါ မျက်ရည်မဆည်နိုင်ကြတော့။ ဘေးနားက ရွာသားတွေပါ သက်ပြင်းတွေတချချဖြစ်ကုန်ကြ၏။

"အခုလည်း သားသမီးတွေရှိတဲ့ ရွာကလေးဆီကို အားခဲပြီး လာခဲ့တာဟာ သူ့ဘဝရဲ့နောက်ဆုံးနေ့ဝင်ချိန်မှာ သူ့အပြစ်တွေကို ဝန်ခံချင်လို့ မသေခင်မှာ သားတွေ သမီးတွေရဲ့မျက်နှာကလေးတွေကို နောက်ဆုံးမြင်တွေ့သွားချင်လို့ဆိုတာ ဘုန်းကြီးကို ပြောပြခဲ့ပါသေးတယ်"

ဒါကြောင့် သူ့အမှားကိုသူသိပြီး ဖအေဖြစ်ပါလျက်နဲ့ ဖအေနေရာမှာရောက်နေပါလျက်နဲ့ ...

သားသမီးတွေဆီ မျက်နှာငယ်အောက်ကျခံပြီး လာခဲ့ရှာတဲ့ ဒကာကြီးမောင်လှရဲ့အပေါ်မှာ ဘာ အာဃာတတရားတွေကိုမှ မထားဘဲနဲ့ နှစ်ဦးနှစ်ဖက် တောင်းပန်ခွင့်လွှတ် ကျေအေးလိုက်ကြပါတော့။ အမုန်းတရားတွေကို နောင်သံသရာအထိ ယူမသွားကြပါနဲ့တော့ ... ကဲ ကဲ လိုက်ဆိုကြ ဆိုကြ"

ဆရာတော်ကြီးက ရှေ့မှတိုင်ပေးသမျှ စံဖေတို့မောင်နှမတစ်စု ကြေကွဲဝမ်းနည်းစွာ လိုက်ဆိုကြကာ အမျှဝေချိန်မှာတော့ နေလုံးကြီးသည် အနောက်ဘက်တောစပ်ကလေးဆီတွင် မှေးတော့စွာ မေးတင်နေပြီ၊ မကြာမီ ကွယ်ပျောက်သွားပေတော့မည်။

ရင်ထဲမှာ လှိုက်၍ လှိုက်၍တက်လာသည့် ကြေကွဲဝမ်းနည်းမှုတို့ကို မျိုသိပ်မထားနိုင်တော့သော စံဖေသည် "ဟီး" ခနဲ ငိုချလိုက်ကာ ဦးမောင်လှ၏ခြေအစုံကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ပြီး မျက်နှာနှင့် အပ်ထားလိုက်တော့၏။

"ကျုပ်တို့အပေါ်မှာ အမေတာဝန်ပျက်ကွက်ခဲ့သမျှကို ကျုပ်တို့ ခွင့်လွှတ်ကျေအေးပါတယ် အမေ။ ကျုပ်တို့တစ်တွေ အမေ့အပေါ်မှာ ကံသုံးပါးနဲ့ကျူးလွန်ပြစ်မှားမိခဲ့တာရှိရင်လည်း ခွင့်လွှတ်ကျေအေးပေးပါနော် ... အမေ၊ နောက်နောင်ဘဝတွေမှာ ပြန်လည်ဆုံခွင့်၊ ကြုံခွင့်၊ တွေ့ခွင့်များရခဲ့ရင်လည်း တာဝန်ကျေတဲ့သားသမီးတွေဖြစ်ချင်ပါတယ် အမေ။ တာဝန်ကျေတဲ့မိဘရဲ့ ရင်ခွင်အောက်မှာပဲ ကြီးပြင်းခွင့်ရချင်ပါတယ် အမေ။ တုနှိုင်းမရလောက်အောင်ကြီးမားတဲ့ မိဘရဲ့မေတ္တာကို မျှော်လင့်စောင့်စားနေပါ့မယ် အမေ။ အမေ ရောက်ရာဘဝက သာစုခေါ်နိုင်ပါစေ အမေရယ် ...

အမေရေ အမ္မ ... အမ္မ ... အမ္မ ... ဗျို"

❑ ❑ ❑

## တစ်ပွဲစား စံနက်ကျော်

ကောင်းကင်မည်းမည်းကြီးပေါ်တွင် တစ်လုံးနှစ်လုံးသာ ပြောက်တိပြောက်ကြား မြင်နေရသည့် ကြယ်ကလေးတွေ၏ အလင်းရောင်က ဖျော့တော့မှေးမှိန်လှသဖြင့် ရပ်ရွာခွင်ကို ဝေဝေဝါးဝါးသာ မြင်နေရသည်။

တစ်ခါတစ်ခါ လေကြမ်းကြမ်းဝင်ဆောင့်လေသဖြင့် ကမ်းစပ်ရှိ လမု၊ သံချတ်၊ ပျဉ်းမပင်တွေဆီက သစ်ရွက်ချင်းခတ်သံ သစ်ကိုင်းချင်း ထိသံတွေ တသောသောလွင့်ပျံ့လာနေသည်။

တိုက်ခတ်နေသော လေထဲတွင် မိုးနံ့တွေပါလာနေသည်။ မြစ်ပြင်သည် လေငြိမ်နေခိုက်မှာ စိတ်ကောင်းဝင် ခွေနေတတ်သော မြွေဟောက်ကြီးတစ်ကောင်လို တုတ်တုတ်မျှမလှုပ်စတမ်း ငြိမ်ကျနေရနေသော်လည်း လေသရမ်းဝှေ့ယမ်းလေလျှင် လှိုင်းကြမ်းကြီးတွေ ဆူပွက်ရှုန်းကြွလာကာ ဒေါသနှင့် ပါးပျဉ်းထောင်နေသည့် မြွေတစ်ကောင်အလား ကြောက်စရာ ကောင်းနေတော့သည်။

မြစ်ညာဘက်သို့လည်းကောင်း အကြောဘက်သို့လည်းကောင်း တစ်စုံတစ်ခုကို မြင်နိုးနိုးနှင့် လှမ်းကြည့်လိုက်လျှင် ... မီးခွက်၊ မီးတုပ်

အရောင် ဘာတစ်ခုမှ မြင်တွေ့ရခြင်းမရှိ လှိုင်းဘောင်ဘင်ခတ်နေသဖြင့် လှေကလေး သည် ဦးမော့တက်လာလိုက် ပြန်နစ်သွားလိုက် ပဲ့ထောင်လာလိုက်၊ နိမ့်ကျသွားလိုက်နှင့် ကသောင်းကနင်း ဖြစ်နေတော့သည်။

မိုးဦးကျကာဖြစ်၍ မိုးလေကမမှန်သေး၊ မြန်မာပြည်အောက်ပိုင်းဆီသို့ တိုးတိုက်ဝင်ရောက်လာစ မုတ်သုံလေသည် အားကောင်းနေလျှင် သုံးလေးရက်ဆက်တိုက်ရွာပြီး အားပျော့ချိန်မှာတော့ ကျောက်ခွဲအောင် နေကပူပြန်သေး၏။

သည်ကနေ့ နံနက်ပိုင်းအထိ နေက သာနေသည်။ ညနေစောင်း မိုးချုပ်ထွန်းချိန်အထိ ရွာမည့်အရိပ်အယောင် မမြင်ရသေး၊ ဘယ့်နှယ့်ဖြစ်၍ အခုလို ရုတ်တရက်ကြီးကျမှ ရွာရန်ဆင်နေရပါသနည်း။

"ဒီလိုမှန်းသာသိရင် မြစ်မကြီးဘက် ထွက်မလာခဲ့ပါဘူးကွာ" ဟု တစ်ယောက်တည်းရေရွတ်ရင်း အားငယ်စိတ်တွေ ဝင်လာမိတော့၏။ ရွာထဲကကောင်တွေ မြစ်မကြီးထဲမှာ ယခုလို လှိုင်းထန်စပြုချိန်မှာ တစ်ယောက်မှရှိမှာမဟုတ်၊ မတော်လို့များ အကူအညီတစ်စုံတစ်ရာများ လိုအပ်ခဲ့လျှင် မည်သူ့ကို အကူအညီတောင်းရပါမည်နည်း"

ပြန်မယ်ဟုဆုံးဖြတ်ပြီး မျှောချထားသော ငါးများပဒေသာတွဲကြီးကို ရုပ်သိမ်းရန် လှေဦးဘက်ဆီ ဖင်ရွှေ့လာခဲ့သည်။

ဟော ... မိုးစက်ကလေးတွေပါလာပြီ ... မိုးပါလာလျှင် လေငြိမ်သွားရိုးမှတာအတိုင်း လေတိုက်နှုန်းပျော့သွားပြီ ... လေ

တိုက်နှုန်းပျော့လာလျှင် လှိုင်းပါးဖျဉ်းကြီးတွေ စစ်မခင်းကြတော့။ သို့သော် အမှောင်ထုက ပို၍သိပ်သည်းလာတော့၏။

ထိုအခိုက်မှာပင် လှေကလေး ငြိမ့်ခနဲလှုပ်ခါသွားပြီး ရှေ့ဘက်သို့ အရှိန်နှင့်ပြေးထွက်သွားသည်။ ပက်လက်လန်လဲမကျရအောင် လှေနံနှစ်ဖက်ကို လှမ်းဆုပ်ဆွဲကိုင်ထားလိုက်ရ၏။

"ဘာလဲဟ" ဟု အလန့်တကြားပြောနေဆဲမှာပင် ရှေ့ကနေ ဆွဲငင်ရုန်းနေမှုကြောင့် လှေဦးသည် ရေထဲနစ်ဝင်ကာ တရွတ်တိုက်ပါသွားသဖြင့် ရေပန်းတွေ တဖွားဖွားထွက်လာသည်။

"ဘုရား ... ဘုရား ဒါ ငါးကြီးတစ်ကောင် ရေအောက်ကနေ ဆွဲပြေးတာပဲ ... ဘယ်လောက်ကြီးပါလိမ့် ဘာကောင်ကြီးပါလိမ့်" ဘာပဲဖြစ်ဖြစ် သည်အတိုင်းဆို မကြာခင်လှေကလေး နစ်မြုပ်တော့မည်။

ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချလိုက်ပြီး ... ခရီးထွက်တိုင်း ဆောင်လာလေ့ရှိသော စလွယ်ဓားရှည်အား အသာစမ်းကိုင်ပြီး လှေဦးတုံးမှာချည်ထားသော တန်းကြိုးကို မှောင်ထဲမှာပင် ခုတ်ဖြတ်လိုက်တော့သည်။

◈ ◈ ◈

"မနေ့က ကိုထွန်းတို့ပိုက်ကို ဘာကောင်ဝင်တိုးသွားသလဲ မသိဘူးတဲ့ လက်လံလေးငါးလံလောက် ပြတ်ပါသွားသတဲ့"

"လက်ပံပင်ဝဲနားမှာ တစ်ခါတစ်ခါ ထပေါ်တဲ့ အကောင်ကြီးဟာ ... ဆယ့်လေးတောင်လှေထက် ပိုကြီးသတဲ့ကွ၊ အမိုးမအေး

ကြည်တို့ ဈေးကောက်သွားရင်း တွေ့ခဲ့တာတဲ့၊ နံနက်စောစော ဝေလီဝေလင်းဆိုတော့ သဲသဲကွဲကွဲတော့ မမြင်လိုက်ရဘူးလို့ ပြောတယ်"

"ဒါဆို အောင်ရှိန်းတန်းကြီးကို ရေအောက်ကနေဆွဲပြေးတဲ့ ကောင်ကြီးများဖြစ်နေမလား မသိဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ လှေပေါ်မှာနေပြီး ရှာဖွေစားတဲ့သူတွေ ထက် ရေထဲဆင်း ပိုက်ဆွဲရတဲ့ လင်းပိုက်သမားတွေက ပိုပြီးသတိ ထားကြဖို့ လိုတယ်ကွ"

တစ်ယောက်တစ်ပေါက်ပြောနေကြသည့် အသံတွေကြောင့် အဘစံနက်ကျော်၏ အိမ်ကလေးအတွင်းမှာ စကားသံတွေ၊ ရယ်သံတွေ၊ ငြင်းခုံသံတွေ ဝေစည်လျက်ရှိ၏။

တံငါအိုကြီး အဘစံနက်ကျော်ကတော့ ဘာတစ်ခွန်းမှ ထပ်မပြော၊ ဝါးစိမ်းနီဆေးပေါ့လိပ်ကြီးကိုသာ မှုန်းရှိုက်ရှာရင်း တစ်ယောက်တစ်မျိုးပြောနေကြသူတွေကိုသာ စေ့စေ့ကြည့်ပြီး အသာနားထောင်လျက်ရှိသည်။

ရေထရက်ပေမို့ ... မြစ်ထဲချောင်းထဲမှ ရေတွေအတက်ကြမ်းနေသဖြင့် ရွာထဲကတံငါတွေ အလုပ်မဆင်းကြဘဲ အားလပ်လျက်ရှိ၏။ မကြာသေးခင်ကလေးက တိုက်ခတ်မွှေနှောက်သွားသော မုန်တိုင်းဒဏ်ကို ပြင်းပြင်းထန်ထန် မခံလိုက်ရပေမယ့် အိမ်တွေအမိုးလန်သူလန်၊ ယိုင်သည့်အိမ်ကယိုင်နှင့် တချို့များဆို ယခုထက်ထိ ပြင်ဆင်နေရဆဲရှိသေး၏။

သုံးပင်နှစ်ခန်း ဓနိမိုး၊ ထရံကာ၊ မျဉ်ခင်းထားသော အဘစံနက်ကျော်၏ အိမ်ကလေးပင်၊ လေပြင်းက ဆင်တိုးသလိုဝင်တိုးသွားလေသဖြင့် ယိုင်ထွက်သွားလေရာ ရွာထဲက ဆွေနီးမျိုးစပ်တွေရော ခင်မင်သူများပါ လာရောက်ဝိုင်းကူ၍ ကျားကန်တည့်မတ်ပေးရင်း စကားဝိုင်းဖွဲ့နေကြခြင်းဖြစ်၏။

"ကြည့်သွား ကြည့်လာကြပေါ့ကွာ ... အဲသည် လက်ပံပင် ဝဲစွဆိုင်ကြီးက အခုမှတော်သွားသေးတာ၊ တို့ယင်ယင်တုန်းက ဆိုရင် တော်ရုံလု ဘယ်ဖြစ်ရဲလို့လဲ ... တစ်နှစ်တစ်ခါလည်း လူစားတတ်တယ်လို့ ယုံကြည်ထားကြတယ်ကွ၊ ဝဲစောင့်တွေဘာတွေလည်း ရှိချင်ရှိနိုင်တာပဲကွ" အဘစံနက်ကျော်၏ ငယ်သူငယ်ချင်းဖိုးသံဒိုင်ကပြောလျှင် ဝဲစောင့်ဆိုသည့်စကားပါသွားသဖြင့် အဘစံနက်ကျော်က သဘောမကျသည့်ပုံနှင့် သောက်လက်စရေနွေးကြမ်းခွက်ကို စောင့်၍ ချလိုက်သည်။

နဂိုကတည်းက အသည်းကလည်းငယ် သရဲတစ္ဆေဆိုလျှင် သေးဖျန်းဖျန်းပါအောင် ကြောက်တတ်လှသော အောင်ရှိန်းက "ကျွန်တော်လည်း တံငါလုပ်စားလာတာ ကြာပါပြီဗျာ ... ကျွန်တော့ဆယ့်လေးတောင်လောက်ကြီးကို ... ရေအောက်ထဲ ဆိုက်ဆင်းသွားအောင် ဆွဲနိုင်တဲ့အကောင်ဟာ မိုးမိုးငါးတော့ မဟုတ်နိုင်ဘူးဗျ၊ လေ့ဦးက ကြိုးတန်းကို ဓားနဲ့အမြန်ဖြတ်နိုင်လို့ပေါ့ဗျာ၊ နို့မို့ဆိုရင်" ဟု စကားကိုမဆက်ဘဲ ကျောချမ်းသွားဟန်နှင့် ပခုံးနှစ်ဖက်တွန့်၏။

ဖိုးနီ၊ ကိုရွှေမောင်၊ ကိုညို၊ ကိုတင်ဖုံး၊ စိန်ကုလား၊ ငချေးကြီး တို့ကတော့ ဘာတစ်ခွန်းမှဝင်မပြောဘဲ ငြိမ်ငြိမ်နားထောင်နေကြသည်။ တကယ်တမ်းကျတော့ သူတို့တစ်တွေသည် အတွေ့အကြုံ နုနယ်ကြသေးသည် မဟုတ်လား။

"အေးပေါ့လေ ... ငါးလား မားလားဆိုတာ တစ်နေ့တော့ အမြေပေါ်လာရမှာပေါ့ကွာ" ဟုပြောပြီး အိမ်ပေါ်တွင် ဝိုင်းထိုင်နေကြသည့် လူငယ်တစ်စုကိုကြည့်ကာ အဘစံနက်ကျော်သည် တစ်စုံတစ်ခုကို စဉ်းစားနေပုံနှင့်ငြိမ်သက်လျက်ရှိသည်။

◈ ◈ ◈

မြစ်သုံးခွဆိုင်နေရာတွင် ရေစီးအရှိန်က ပြင်းလှ၏။ သုံးဖက်သုံးတန် အရှိန်အဟုန်နှင့်စီးလာကြသော ရေလုံးရေလှိုင်းအချင်းချင်း အားပြိုင်တိုးဝှေ့ကြသောအခါ အားနည်းသောဘက်သို့ ဒီဆင်းကာ ချာလည်လှည့်လေသဖြင့် ဝဲကတော့ကြီးဖြစ်နေတော့သည်။

တအုန်းအုန်းတဖွင်းဖွင်း မနားစတမ်းရွာချနေသော မိုးကြောင့် မြစ်ရေပြင်သည် တဖြည်းဖြည်း ပြည့်လျှံလာတော့သည်။ ရေ၏ အရောင်က နွံနှစ်ရောင်ပေါက်ကာ နွံတွေ၊ နုန်းတွေ၊ နွံတွေ ပျော်ဝင်လျက် ပျစ်နှစ်နေကြသည်။

"ဟောကောင်အောင်မှိုန်း ဟုတ်ရောဟုတ်ရဲ့လားကွ၊ မင်းဟာက" ဖိုးနီက မေးသည်။ "ငါပြောတဲ့ အကြိမ်တွေလည်း များလှပြီ၊ ဒါတောင် မင်းတို့က မယုံသေးဘူး၊ အခု ဒီဝဲထဲကို လိုက်လာ

တာကလည်း ငါ လိုက်ချင်လို့မဟုတ်ဘူး၊ မင်းတို့က အတင်းခေါ်လို့သာ လိုက်လာရတာ … ငါ့ဟာငါဆိုရင် ခြေဦးတောင်မလှည့်ဘူးကွ၊ သိရဲ့လား" အောင်ရှိန်းက ဒေါသနှင့်ပြော၏။

နေဝင်တော့မည်ဖြစ်၍ အလင်းရောင်တွေ မှေးမှိန်လာနေပြီ၊ မီးခိုးလုံးကြီးတွေကဲ့သို့ မည်းမည်းညစ်ညစ်တိမ်တိုက်မိုးသားတွေက ကာဆီးထားသဖြင့် နေဝင်တာစောတော့သည်။

မိုးက တစ်ဆက်တည်း နှစ်နာရီသုံးနာရီခန့် သည်းလိုက်၊ မောပန်းသွားဟန်နှင့် ခဏနားလိုက်နှင့်ရှိသည်။ ခပ်စောစောကတင် ခဏစဲသွားတာမကြာသေး၊ နောက်တစ်ကြိမ် အားနှင့်မာန်နှင့် ရွာချရန် ပြင်ဆင်နေပြန်ပြီ။

ကမ်းပါးသောင်စပ်သည် မြင့်မောက်တက်လာသော ချောင်းအောက်တွင် ပျောက်ကွယ်နေပြီဖြစ်၏။ ရေထဲတွင် တစ်ဝက်နစ်နေသော လမုပင်တွေ၊ သဲဒတ်ပင်တွေ၊ ဖျဉ်းမပင်တွေ လေတိုက်ရာဘက်သို့ ယိမ်းယိုင်လှုပ်ရှားနေကြသည်။

မြစ်ပြင်ထဲတွင် လှိုင်းလုံးတွေ မှက်၍မှက်၍ ထလာ၏။ လိမ့်၍လိမ့်၍တက်လာ၏။ တစ်ဖက်ကမ်းနှင့်တစ်ဖက်ကမ်း မှုန်မှုန်မှိုင်းမှိုင်း ကလေးသာ မြင်နေရသည့် မြစ်ကမ်းနှစ်ဖက်သည် လှိုင်းလုံးတွေ၏ ထိပ်များဆီမှ လွင့်ပျံတက်နေသော ရေမှုန်ရေမွှားတွေကြောင့် ပို၍ ရီဝေမှိုင်းမှုန်နေသည်။

တစ်လုံးပြီးတစ်လုံး ခြေဝင်လာနေသော လှိုင်းများကိုဘေးတိုက်မခံရဲ့၊ လှေဦးပေးကာ တောင့်ခံနေရသဖြင့် ငါးဖမ်းလှေကလေးသုံးစင်းမှာ ဦးစိုက်ပုံတောင် ပြောင်းဆန်နေတော့၏။

ဝါးပိုးဝါးနှစ်လုံးကို ဘေးဘယ်ညာတွဲထားသည့် ဦးစံနက်ကျော်၏လှေကိုအလယ်မှာထား၍ တစ်ဖက်တစ်ချက်စီတွင် တံငါလှေကလေးနှစ်စင်းကပ်၍ တွဲထား၍သော လှိုင်းဒဏ်ကို ခံနိုင်နေခြင်းဖြစ်သည်။

တဖျန်းဖျန်း ကြဲပက်နေသော မိုးစက်များအောက်တွင် ငါးမျှားချိတ်ကြီး ဆယ်ချောင်းစီတွဲ၍ချထားသည့် လေးထောင့်သံပုံးကြီးငါးလုံးသည် ဝဲကတော့ကြီး၏ ဘေးဘက်ဆီမှာ အလိုက်သင့်မျောပါလျက်ရှိသည်။ သံပုံးတစ်လုံးနှင့်တစ်လုံးကို နိုင်လွန်ကြိုးများဖြင့် တွဲချည်ထားလေရာ မည်သည့်ငါးမျှားချိတ်မှာ မိသည်ဖြစ်စေ ထိုငါးသည် သံပုံးငါးလုံးစလုံးကို မြုပ်အောင်ဆွဲပြေးနိုင်မည်တော့ မဟုတ်ချေ။

လှေသုံးစင်းပေါ်က လူခြောက်ယောက်တို့သည် မိုးဒဏ်လေဒဏ်ခံနိုင်ရန်အတွက် ခမောက်တွေကို မေးသိုင်းကြိုးတွေ တင်းနေအောင် ချည်ထားရသည်။ မိုးရေစွတ်စွတ်စိုနေရသည့်အထဲမှာ လေသရမ်းက မွှေ့ယမ်းလေသောအခါ ဒိုက်ဒိုက်တုန်အောင် ချမ်းတုန်၍ နေကြပြီ ...

"ငါကတော့ လိုက်လာမိတာ မှား ... မှားပြီနဲ့တူတယ်ကွာ" အောင်ရှိန်က မေးချင်း တဂတ်ဂတ်ရိုက်နေသည့်ကြားက ညည်းညူလေသည်။

"မင်းကတော့ကွာ ... ကဲကဲ ဒါလေးချလိုက် ချလိုက်" လှေဦးခေါင်းထဲမှာ ထည့်ယူလာသော ကောက်ညှင်းအရက်ဦးရည်ကလေးကို ဖိုးနီက လှမ်းပေးလိုက်သည်။

ပုလင်းဖော့ဆို့ကို သွားဖြင့်ကိုက်၍ဖွင့်ကာ အောင်ရှိန်းက နှစ်ငုံ သုံးငုံခန့် မော့ချသည်။ ထိုအခါ အချမ်းပြေ၍ နေသာထိုင်သာရှိသွားပြီး ကြောက်ရွံ့တုန်လှုပ်မှုလည်း ပျောက်သွားကာ ...

"လာချင်တဲ့အကောင် လာစမ်းကွ၊ ငါးမန်းကြီးပဲ လာလာ၊ မိကျောင်းကြီးပဲလာလာ၊ ဝဲဓောင့်ငါးကြီးပဲလာလာ ဆွဲချင်တဲ့ အကောင် လာဆွဲစမ်းဟေ့ ... တွေ့ကြပြီပေါ့ကွာ ... အောင်ရှိန်းတဲ့ကွ" ဟု ကြိမ်းဝါးလေတော့၏။

"နေစမ်းပါဦးကွ အောင်ရှိန်းရ၊ စောစောတုန်းကတော့ ရေအောက်က အကောင်ကြီးကို ကြောက်တယ်ဆိုကွ" ဖိုးနီက စ၏။

"အေး . . . ဟုတ်တယ်၊ စောစောတုန်းကတော့ ကြောက်တယ်ကွ၊ အခု မကြောက်တော့ဘူး။ အဘစံနက်ကျော်လည်း ပါတယ်။ မင်းရော၊ ငနွားကြီးရော၊ ကိုညိုတို့ စိန်ကုလားတို့ပါ ပါတယ်ဆိုတော့ ဘာကြောက်စရာရှိတော့လို့လဲကွ"

"ငါတို့ပါလို့တော့ မဟုတ်ပါဘူးကွာ၊ ရဲဆေးတင်လိုက်လို့ မင်း မကြောက်တော့တာပါ။ ဟုတ်တယ်မဟုတ်လား" ကိုညိုက ပြောလျှင် မိုးတွေလေတွေကြားမှာပင် အားလုံးကဝိုင်း၍ ရယ်ကြတော့သည်။

ထိုစဉ်မိုက်မှာပင် "ဆွဲပဟေ့ ဆွဲပဟ . . . ကြည့်ကြည့် ငါတို့ လှေသုံးစင်းလုံးပါသွားပဟ" ကိုညိုက ထ၍အော်သည်။ ဟုတ်သည် . . . ငါးများအိုတ်သံပုံးကြီးများနှင့် လှေဦးမှာတွဲပြီး ချည်ထားသော နိုင်လွန်ကြိုးကြီးများကြောင့် ရေအောက်အကောင်နှစ်ဆယ်လောက်

တွင် ချထားသည့်ငါးမျှားချိတ်ကို ရေအောက်က သတ္တဝါကြီးက ဆွဲပြေးလေသည်တွင် လှေပါရွေ့၍ ပါသွားလေပြီ။

◈ ◈ ◈

ညဦးပိုင်းသို့ရောက်ပြီဖြစ်၍ မြစ်ပြင်တစ်ခွင်လုံး မည်းမှောင်ပြီး ကမ်းနှစ်ဖက်ဆီကြည့်၍ မမြင်ရတော့၊ သူတို့၏ သုံးစင်းတွဲလှေကြီးသည် ရေပြင်ကိုဦးတိုက်၍ ရေအောက်ကသတ္တဝါကြီး ဆွဲပြေးရာနောက်သို့ ပါသွားနေသည်။ တဖျန်းဖျန်းကြဲပက်နေသော မိုးစက်တွေက ပါးလျားသွားလိုက်၊ သိပ်သည်းပြင်းထန်လာလိုက်နှင့် ရှိနေဆဲဖြစ်၏။ "ဟေ့ . . . အားလုံးသတိထားကြ၊ ကိုယ့်လှေပေါ်မှာ ကိုယ်ငြိမ်ငြိမ်နေကြ၊ ငါအမိန့်မပေးဘဲ ဘာမှမလုပ်ကြနဲ့ လှေပဲ့ကိုင်တွေက နိုင်အောင်ထိန်း၊ ဘာမှ မကြောက်ကြနဲ့နော်"

အဘ ဦးစံနက်ကျော်၏ အရေးတကြီးသတိပေးနေသံသည် မိုးသံလေသံတွေကြားမှာပင် ကျယ်လောင်စွာ ပေါ်ထွက်လာနေသည်။

မိုးနီနှင့်ကိုညိုတို့က လှေဦးမှာ ဒူးထောက်ထိုင်ရင်း သုံးထောင့်ထိုးဓာတ်မီးများဖြင့် မြစ်ပြင်ဆီဝေ့ကာဝိုက်ကာထိုး၍ ကြည့်သည်။ ဘာကိုမှ သဲသဲကွဲကွဲမမြင်ရ၊ ဖြူဖွေးစူးရှသော လက်နှိပ်မီးရောင်အောက်တွင် မိုးစက်မြားတံများကိုလည်းကောင်း၊ ခေါင်းပေါင်းဖြူဖွေးဖွေးထနေသော ဂယက်လှိုင်းကြီးတွေကိုလည်းကောင်း အတောမသတ် မြင်နေရသည်။ ဘေးဘယ်ညာ ဝေ့ယမ်းထိုးကြည့်

သော်လည်း ကမ်းနှစ်ဖက်ကိုမမြင်ရ။ ထို့ကြောင့် သူတို့လှေသုံးစင်း တွဲကြီးကို ရွှေ့ရွှေ့ပါအောင် ဆွဲပြေးနေသော ရေအောက်သတ္တဝါကြီး၏ ဦးတည်ရာအရပ်သည် အရှေ့လော၊ အနောက်လော၊ တောင်လော၊ မြောက်လော၊ မြစ်ကြောင်းအလျားလိုက်လော၊ ကန့်လန့်ဖြတ်လောမသိ၊ မသိ၊ ဘာကိုမှ မသိနိုင်၊ မမြင်နိုင်ဖြစ်နေရပေပြီ။

စောစောတုန်းက အရက်ကလေးတွေတွေနှင့် သွေးကြွကာ သတ္တိကောင်းနေသော အောင်ရှိန်းတစ်ယောက် ငြိမ်နေပြီ၊ တိတ်နေပြီ၊ ကြောက်ဒူးတွေ တဆတ်ဆတ်တုန်နေပြီ။

ကောင်းကင်တစ်ပြင်လုံး အနက်ရောင် စရာမထီးကြီးအုပ်မိုးထားဘိသို့ရှိ၏။ "ဟေ့ကောင်တွေ . . . လှေထဲက ရေတွေ တစ်စက်မှမကျန်အောင် ပက်ထုတ်ထားကြကွနော် . . . အရေးရယ် အကြောင်းရယ်ကျမှ လှေထဲရေဝင်ပြီး နစ်လို့ မဖြစ်ဘူးကွနော် . . . မင်းတို့အကောင်ဘယ်လောက် ဆွဲပြေးနိုင်မလဲ . . . ပြေးစမ်းပါစေကွာ၊ စံနက်ကျော်တဲ့ကွ . . . တစ်ပွဲစားစံနက်ကျော်ကွနော်၊ ဘာမှတ်နေကြလဲ"

စူးစူးရှရှကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာသော အဘစံနက်ကျော်၏ ကြုံးဝါးသံကြောင့် ခွေးကြီးတို့၊ ဖိုးနီတို့ ကိုညိုတို့တစ်တွေ အားတက်လာကြ၏။ လှေဝမ်းထဲက ရေတွေကို သူ့ထက်ငါကောင်း ပက်ထုတ်ကြ၏။ ပြီးလျှင် အဘစံနက်ကျော်၏ လှေဘေးမှာ တွဲချည်ထားသည့် ဝါးဖိုးဝါးကြီးတွေကို မြိမြိတွယ်ဖက်ထားကြ၏။

တော်ပါပေ၏။ အမြင်ကျယ်ပါပေ၏။ အတွေ့အကြုံရှိပါပေ၏။ အဘစံနက်ကျော် တော်ပေလို့သာပေါ့၊ နို့မို့ဆိုလျှင် သည်လောက် မှောင်ကြီးမည်းကြီး လှိုင်းကြီးလေထန်ထဲမှာ တွေးဝံ့စရာပင် မရှိ။

သူတို့အသုံးပြုသော အလျားတစ်ဆယ့်လေးတောင် ဝမ်းအကျယ် နှစ်တောင်သာသာ တံငါလှေငယ်ကလေးတွေသည် သည်လောက် ဒဏ်မခံနိုင်။ ရွာမှ မထွက်ခင်ကတည်းက သုံးထွာဆိုင်ခန့်လုံးပတ်ရှိသည့် ဝါးဘိုးဝါးနှစ်လုံးကို လှေမှာ ဘယ်ညာမြဲမြဲ တွဲထားခဲ့၍သာ။ ထိုဝါးဘိုးဝါးနှစ်လုံးကြောင့် လှေမှောက်မှာ ပူစရာမရှိ။ အကြောင်းကြောင်းကြောင့် မှောက်ဦးတော့ ရေထဲနစ်စရာမရှိ။ အသက်အန္တရာယ်၊ အတွေ့အကြုံ၊ တံငါတို့၏ဝါ၊ သည္မှာကို သူတို့မလေးစား၍မရ၊ အထင်မကြီး၍ မဖြစ်။

ကိုညို၏ လှေပဲ့ကိုင်က အောင်ရှိန်း။ ဖိုးနီ၏ လှေပဲ့ကိုင်က ခွေးကြီး။ အဘစံနက်ကျော်၏ လှေပဲ့ကိုင်က စိန်ကုလားဖြစ်၏။ လှေဦးစီးခေါင်းဆောင် သုံးဦးတို့၏ ညာလက်တွေထဲမှာ ငါးထိုးမှိန်းကြီးတွေ ကိုယ်စီ၊ ဘယ်လက်တွေထဲမှာတော့ လက်နှိပ်မီးတွေ ကိုယ်စီနှင့် အဘစံနက်ကျော်၏ တိကျပြတ်သားသောအမိန့်ကို တိတိကျကျလိုက်နာကာ လာသမျှဘေး ပြေးတွေ့ရန် အသင့်ဖြစ်နေကြပေပြီ။

ရေအောက်ကဆွဲယူပြေးနေတာ ဘာကောင်နည်း။ သူတို့မသိ၊ ဘယ်အရပ်ဆီ ဆွဲပြေးလေသနည်း။ ဒါကိုလည်း သူတို့မသိ၊ အဘစံနက်ကျော်တော့ သိလိမ့်မည်။

“အဘ ဘာကောင်ကြီးလဲဗျ ဟင်” စိန်ကုလားက လှေပဲ့ကိုင်ထားရင်း မေးသည်။

“ဟုတ်တယ် အဘရယ် ဘာကောင်ကြီးဆွဲပြေးနေတာလဲ ဟင်” အောင်ရှိန်းကလည်း မေး၏။

ဖိုးနီတို့၊ ကိုညိုတို့၊ ငချွေးကြီးတို့ကလည်း သိချင်လိုက်တာမှ အူကိုယားနေတော့သည်။ သို့သော် မမေးရဲ၍သာ နေရ၏။

တစ်ပွဲစားဆိုသော ဂုဏ်ပုဒ်သည် ဘယ်ကျောင်း၊ ဘယ်သင်တန်းတက်ပြီးမှ ရလာသည်မဟုတ်။ မြစ်ထဲချောင်းထဲ၊ အင်းထဲအိုင်ထဲမှာ နှစ်ပေါင်းများစွာ ကျင်လည်ကျက်စားလာပြီး ငါးတွေ၊ ပုစွန်တွေ၏ သဘောသဘာဝ၊ အလေ့အထ၊ အမူအကျင့်၊ စရိုက်အထွေထွေ နေထိုင်ကျက်စားပုံ၊ ပေါက်ပွားကြီးပြင်းပုံတို့နှင့် ၎င်းတို့ ရှင်သန်နေထိုင်ရာ အင်းအိုင်၊ မြစ်ချောင်းတို့၏ ရေစေး၊ ရေထ၊ ရေတက်ရေကျ လဆန်းပက္ခ၊ လဆုတ်ပက္ခ၊ ကမ်းစပ်၊ သောင်ခုံ၊ ချည်းတိမ်၊ ရေအဲ၊ ရေအိုင်၊ ခွဆိုင်၊ ရေစီးရေလာ၊ တံစူး၊ ခြောင့်ကျင်း အဖုံဖုံတို့ကို သိရှိနားလည်တတ်ကျွမ်းပါမှ၊ တစ်ဖက်ကမ်းခပ်ပါမှ ဘဝတူတံငါတွေက တရိုတသေ၊ တလေးတစား ပေးထားလေ့ရှိသော ရယူရန်ခက်ခဲလှသော ဂုဏ်ထူး၊ ဘွဲ့ထူးကြီးဖြစ်ရလေကား အပျော်တမ်းတံငါ၊ လက်သင်တံငါ၊ ဝါမရင့်တရင့်တံငါတွေက နှိုက်ကြ၊ လန့်ကြ၊ ဟန့်ကြရသည်မှာ တံငါတို့၏သဘာဝပင်ဖြစ်သည် မဟုတ်လား။

◈ ◈ ◈

"မကြာခင် သိရတော့မှာပါကွာ ... ကြာကြာစောင့်ရမယ် မထင်ပါဘူး၊ တစ်ခုတော့ ကြိုပြောထားမကွ၊ အခုဆွဲပြေးနေတဲ့ ရေအောက်သတ္တဝါဟာ မြင်နေကျတွေ့နေကျ မင်းတို့သိနေကျ အကောင်တော့ မဟုတ်ဘူးကွ"

လေကြမ်းကြမ်းတွေ ကွမ်းတစ်ယာညက်ခန့် တိုက်ခတ်လိုက်ပြီးချိန်မှာတော့ မိုးစက်မိုးပေါက်တွေ ပါးသွားပြီး ထီးမည်းမည်းကြီးအုပ်ထားသကဲ့သို့ နက်မှောင်နေသော ကောင်းကင်ကြီးဆီမှာလည်း ပိတ်ဆီးကာဆိုင်းထားသော မိုးတိမ်တောင်တွေသည် လေပြင်းနောက် ပါသွားခဲ့လေသဖြင့် ဟိုတစ်မှုန် သည်တစ်ပွင့် ကောင်းကင်အမြင့်မှာ ကြယ်စင်ငွေပွင့်တွေ လှမ်းမြင်နေရပြီ။

"ဟောဟော ... ရပ်သွားပြီကွ ရပ်သွားပြီကွ" ကိုညိုက ဝမ်းသာအားရအော်လိုက်သည်။ ဦးစံနက်ကျော်က ဝေဝေဝါးဝါး အလင်းရောင်ထဲမှာပင် လက်တစ်ဖက်ကို ရေထဲအသာချကြည့်လိုက်၏။ ဟုတ်သည် လှေသုံးစင်းတွဲကြီး မရွေ့လျားတော့၊ လက်ကိုရေစီးက တိုးတိုက်မှုမရှိ။

ထိုစဉ်မှာပင် ငွမ်းခနဲ ပြောင်းခနဲအသံကြီးတွေ ထွက်လာပြီးရေစက်ရေမှုန်တွေ မြစ်ပြင်ပေါ် ဖွန်းဖွန်းမြည်အောင် လွင့်ပျံသွား၏။

"အောင်မလေးဗျ ... ဘာ ဘာကြီးတွေလဲဗျ လုပ်ပါဦးအဘရဲ့"

အောင်ရှိန်းနှင့်စိန်ကုလားတို့၏ အသည်းငယ်ငယ်နှင့်အော်သံထွက်လာ၏။ ဖွေးခနဲ ခတ်မီးရောင်တန်းတွေက အသံကြီးတွေပေါ် ထွက်လာရာ မြစ်ပြင်ဆီပြေးသွားကြသည်။ လား ... လား ...

လေးထောင့်သံပုံးကြီးတွေ ပါလား။ တစ်လုံးပြီးတစ်လုံး ရေပြင်ပေါ် ကြွတက်လာကြလေပြီ။

"ဟား ဟား ဟား ဟား ... မင်း ဘာတတ်နိုင်သေးတုံးကွ၊ မင်းအစွမ်း ဒါအကုန်ပဲလားဟေ့၊ မကြာခင် ငါ့လက်ထဲ မင်းရောက်လာတော့မှာပါကွာ ဟား ဟား ဟား"

အဘစံနက်ကျော်၏ အားရပါးရရယ်လိုက်သံကြီး ပေါ်ထွက်လာပြီးသည့်တိုင်အောင် ဖိုးနီတို့ ကိုညိုတို့ ငခွေကြီးတို့က ဘာမှန်းမသိသေး။ နားမလည်နိုင်သေး။

စိန်ကုလားနှင့်အောင်ရှိန်းတို့က အကြောက်ပင်မပြေသေး။

ရေအောက်သတ္တဝါကြီးသည် ဘယ်လိုအကောင်ကြီးပါလိမ့်၊ ပထမ ငါးမျှားချိတ်မှာမိမည်၊ ဆွဲ၍ရုန်း၍ပြေးလျှင် ငါးမျှားကြိုးနှင့် ဆက်တွယ်ထားသည့် သံပုံးကြီးတွေပါ ရေအောက်သို့နစ်ဝင်သွားတာဖြစ်မည်။ ထိုအလုံပိတ် သံပုံးကြီးတွေပါ ရေအောက်သို့နစ်ဝင်သွားအောင် ဆွဲပြေးနိုင်သည်မှာ နည်းနည်းနောနော အင်အားမဟုတ်၊ သာမန်အရွယ်အစားတော့ မဖြစ်နိုင်။ ယခုတော့ ဆက်မဆွဲနိုင် မရုန်းနိုင်တော့သောအခါ သံပုံးတွေက ရေပေါ်ပြန်ပေါ်လာခဲ့ပြီ။ ထိုသတ္တဝါကြီးမောနေပြီ၊ ခြေကုန်လက်ပန်းကျနေပြီ။

"ဟေ့ ... ဖိုးနီ ကြိုးကို နည်းနည်းချင်းဆွဲဖော်ကြည့်စမ်း၊ သတိနဲ့ဆွဲနော်၊ ရေအောက်က ပြန်ဆွဲရင် အသာလျှော့ပေးပြီးမှ ပြန်ဆွဲဟုတ်ပြီလား"

နိုင်လွန်ကြိုးကို စချဲ့ဆွဲသည်၊ ဘေးလှေနှစ်စင်းဆီမှ လက်နှိပ်ဓာတ်မီးနှစ်လက်၏ အလင်းရောင်ကြောင့် ကောင်းစွာမြင်နေရသည်။ တစ်စတစ်စနှင့် ကြိုးက ပါလာနေပြီ လူခြောက်ယောက်၏ မျက်စိအစုံတို့သည်နိုင်လွန်ကြိုးပေါ်မှာစူးစိုက်စွာရှိနေကြသည်။

ငါးမျှားချိတ်တွေနှင့်တွဲချည်ထားသော သံပုံးကြီးတွေပင် လှေဦးနားရောက်တော့မည်၊ ရေအောက်မှ လေးလံသော အကောင်ကြီးပါလာတာကတော့ ကျိန်းသေသည်။ ဆွဲတင်နေသော နိုင်လွန်ကြိုးစသည် လက်နှိပ်ဓာတ်မီးရောင်အောက်တွင် တုန်ခါပြီး ပါလာသည်။ ဘာ့ကြောင့် မရုန်းမကန်ဘဲ ပါလာသနည်း။ ဖိုးနီ စဉ်းစား၍မရ။ ဘာအကြံအစည်များ ရှိနေပါလိမ့်။

ဦးစံနက်ကျော်သည် လှေဦးတွင် ခြေကိုခွဲ၍ရပ်ပြီး တစ်ဖက်က ဓာတ်မီးကိုထိုးရင်း တစ်ဖက်က သံမဏိမှိန်းကြီးကို အသင့်ပြင်ရင်း "ဆက်ဆွဲ ... ဆက်ဆွဲ" ဟု လေသံဖြင့် ဖိုးနီကိုပြောသည်။ ဖိုးနီက ဆက်ဆွဲသည်။

ရုတ်တရက် ကြိုးစသည် လက်ထဲမှာ လျော့တိလျော့ရဲပါလာပြီး သူတို့လှေနှင့် အတောင်နှစ်ဆယ်ခန့်အကွာတွင် ရေမငါးကြီး တစ်ကောင် ဘွားခနဲ ပေါ်လာလေတော့၏။

"ဟာ" ခနဲ "ဟင်" ခနဲ အသံတွေ ဆူညံစွာထွက်ပေါ်လာသည်။ "ဘုရား . . . ဘုရား . . . ဘာကောင်ကြီးတွေလဲဟ" လှေမှ အောင်မှိန်း၏ အလန့်တကြားအော်သံထွက်လာသည်။

မိုးနီသည် ဆွဲလက်စကြိုးစကိုလွှတ်ချပြီး ညာလက်က လှေဝမ်းထဲတွင် အလျားလိုက်ချထားသည့် ငါးထိုးမှိန်းကို ဖျတ်ခနဲ ကောက်ကိုင်ပြီး ငါးကြီးဆီသို့ အားနှင့်လွှတ်၍ထိုးလိုက်စဉ် ဘေးလှေမှ ကိုညို၏ မှိန်းသွားသည်လည်း လှစ်ခနဲ အားနှင့်ထွက်လာကာ စဉ်းစဉ်းကြီးငြိမ်သက်နေသောငါးကြီးဆီ ပြေးဝင်သွားတော့၏။

◈ ◈ ◈

နာကျင်ကြောက်လန့်နေသည့်ငါးကြီးက တစ်ဖန် ဆွဲပြေးလေသဖြင့် ဆွဲတင်ထားသောကြိုးတွေ တလျောလျောနှင့် ဆန့်ထွက်လိုက်ပါသွားပြီး ကြိုးဆုံးလျှင်တော့ မိုးနီတို့လှေသုံးစင်းတွဲကြီးတရွေ့ရွေ့ ပါသွားပြန်လေပြီ။

လှေဦးတွင် ဒူးထောက်လျက် ငါးကြီးဆွဲပြေးရာဘက်ဆီ မှန်း၍ခေတ်မီးနှင့်ထိုးကြည့်နေသော ဦးစံနက်ကျော်က ဒေါသဖြစ်စွာတောက်တစ်ချက်ခေါက်လိုက်ပြီး "ခွေးမသားတွေ . . . ခွေးမသားတွေ . . . ငါအမိန့်မပေးဘဲ ဘာမှမလုပ်ပါနဲ့လို့ သေသေချာချာမှာထားရက်နဲ့ကွာ" ဟု ကြိမ်းမောင်းရေရွတ်နေသည်။

ညသန်းကောင်ကျော်လောက်ရှိနေပြီ။ စောစောက စဲစပြုနေသည့်မိုးသည် ခပ်ဖွဲဖွဲကြပက်နေပြန်သည်။ လကွယ်ရက်ပေမို့ လ၏အလင်းရောင်ကို မျှော်မှန်း၍မရနိုင်။

လက်နှိပ်ခေတ်မီးအလင်းရောင်တန်းမှအပ အမှောင်ထုကြီးကသာ မြစ်ပြင်ကို လွှမ်းမိုးထားနေဆဲဖြစ်၏။ ကြောက်လန့်နာကျင်စွာ

ဆွဲပြေးနေသောကြောင့် လှေဦးနှင့်ချောင်တို့ တိုးတိုက်ရာမှ တဟဲဟဲ မြည်သံနှင့်အတူ ရေစက်ရေမှုန်တွေက တဖွားဖွားလွင့်ပျံလျက်ရှိသည်။

ဗိုးနီတို့ ကိုညိုတို့တစ်တွေက ဦးစံနက်ကျော် အမိန့်မရဘဲ ငါးကြီးကို မှိန်းနှင့်ထိုးမိသည့်အတွက် အသာငြိမ်၍ပါလာသည်။ လှေကိုတွဲထားသော ဝါးပိုးဝါးတွေကြောင့် လှေမှောက်မှာတော့ မစိုးရိမ်ရပေ။ သို့သော် ငါးကြီးမှာ မိနေသော ငါးမျှားချိတ်သည် မည်သည့်အချိန်အထိ တောင့်ခံထားနိုင်မည်နည်း။

ငါးကြီး၏ဆွဲအား ရုန်းအားကြောင့် ကျိုးထွက်မည်လား။ ဒါမှမဟုတ် စန့်ထွက်သွားမည်လား။ နောက်ဆုံးနိုင်လွန်ကြိုးကရော ဘယ်အချိန်အထိ ခံနိုင်မည်နည်း။ ထိုအချက်တွေထဲက တစ်ခုခုသာ ဖြစ်သွားလျှင် ငါးကြီးလွတ်ထွက်သွားတော့မည်။ တစ်ညလုံးနီးပါး မိုးထဲ လေထဲမှာ သက်စွန့်ဆံဖျား ပင်ပန်းခံထားခဲ့သမျှ အလဟဿ ဖြစ်ရတော့မှာလား။

"အဘ . . . ဘယ်ရောက်နေပြီလဲဗျ။ ဘာမှလည်း မမြင်ရဘူး။ မှောင်လိုက်တာကလည်း ပိန်းလို့" အသက်ကလည်းငယ် အတွေ့အကြုံလည်း နုနယ်သေးသည့် စိန်ကုလားက တုန်တုန်ရီရီဖြင့် မေးသည်။

"ဟဲ့ကောင် . . . ဘာမှ မပူနဲ့၊ ငါတစ်ယောက်လုံးရှိတယ်၊ လှေပဲ့သာ ဖြောင့်ဖြောင့်ကိုင်" စိန်ကုလားကို ဟောက်ရင်း အဘ စံနက်ကျော် ဓာတ်မီးဖြင့် ရှေ့ထိုးကာ ကမ်းကိုရှာသည်။ ဖြူဖွေးရှုးရှသော အလင်းတန်းအောက်တွင် ကမ်းစပ်တောတန်းတို့ကို ရိပ်ခနဲ မြင်လိုက်ရသည်။

"ဟဲ့ကောင် . . . ဖိုးနီ ကြိုးကိုဆွဲစမ်း၊ မလျှော့နဲ့ တင်းတင်းဆွဲ" ဟုပြောလျှင် ဖိုးနီသည် ဒူးထောက်ထိုင်ရင်းက ကြိုးကို တအား တွံ၍ဆွဲသည်။ မရချေ။ "ဟေ့ကောင် ညို . . . ကူဆွဲစမ်း၊ ဆောင့် ဆွဲစမ်း၊ ဆောင့်ဆွဲ . . . ဘာမှ မကြောက်နဲ့ . . . ဆွဲ" ဟု အရေး တကြီး လှမ်းအော်သည်။

နှစ်ယောက်အားနှင့်ဆောင့်ဆွဲသဖြင့် တန်ဆွားကာ လှေဦးက ရေထဲနစ်ဝင်မတတ်စိုက်ဆင်းပြီး ရေတွေ ဟောခနဲ ဝင်လာသည်။

"မလျှော့နဲ့ . . . မလျှော့နဲ့ . . . ဆွဲ . . . ဆွဲ" အဘ စံနက်ကျော်၏အော်သံဆုံးလျှင် ရေအောက်ကဆွဲပြေးနေသော ငါးကြီးသည် ဦးတည်ရာဘက်မှ ဘေးသို့တွေ့ကာ ဆတ်ခနဲ ရုန်းထွက်သည်။

လှမ်းထိုးထားသော လက်နှိပ်မီးရောင်အောက်တွင် ကမ်းစပ်ရှိ လမုပင်တွေ၊ သမန်းချုံတွေ ရိပ်ခနဲ လှေဆီပြေးဝင်လာကာ လှေဦး ကစ၍ ချုံစပ်တွေထဲတိုးဝင်ကာ ရပ်တန့်သွားလေပြီ။

◈ ◈ ◈

"ခင်း ဘာတတ်နိုင်သေးလဲကွ ဟင် . . . စံနက်ကျော်ကို ဒီလို လာစမ်းလို့ရတယ်လားကွ . . . ဟား ဟား ဟား"

ထိုအချိန်မှာပင် ရွာသားတစ်စုတို့ မီးခွက်၊ မီးအုပ်တွေ၊ ဓာတ်မီး တွေ၊ ဓားတွေ၊ လှံတွေကိုင်ကာ ရောက်လာကြသည်။ ရွာသားတွေ ထဲမှ အဘိုးကြီးတစ်ယောက်က သူတို့လှေပေါ် ဓာတ်မီးနှင့်

ထိုးကြည့်ပြီး "အမယ် ဆူဆူညံညံအသံတွေနဲ့ ဘယ်သူတွေများပါ လိမ့်ဆိုပြီး ထွက်လာခဲ့ကြတာ စံနက်ကျော်တို့ပါလားဟ . . . ကမ်းပေါ်ထိုးတင်နေတာကလည်း ငါးမန်းကြီးလား၊ ငါးရွှေကြီးလား၊ လာ . . . လာ ကမ်းပေါ်တက်ကြ၊ အချမ်းပြေ ရေနွေးကြမ်းလေး ဘာလေး သောက်ရအောင်" ဟု ခေါ်လေသည်။

ဦးစံနက်ကျော်တို့တစ်တွေ တလိုင်းရွာကလေးရှိ သူငယ်ချင်း မန်းအောင်ခင်၏ အိမ်ပေါ်တက်၍ ရေနွေးကြမ်းသောက်နေချိန်မှာတော့ အရုဏ်တက်စပြုနေပြီ။

ဒါလောက်ကြီးသောငါးကြီးကို မမြင်ဘူးကြသောရွာသားတွေကတော့ သူ့ထက်ငါ ငါးကြီးဆီသွားကြည့်ကာ တအံ့တသြ ဆူဆူညံညံ ပြောဆိုနေကြသံတွေ စီစီညံနေတော့သည်။

ပြီးခဲ့တဲ့လက သူတို့ မြစ်ဝကျွန်းပေါ်ဒေသတစ်ခွင်ဝင်၍ မွှေသွားသော မုန်တိုင်းကြီးက ဘင်္ဂလားပင်လယ်အော်ဆီမှစတင်၍ ပင်လယ်ကျွေ့တစ်ပိုက်ရှိ ဒေသအနှံ့အပြားကို လေပြင်းတွေတိုက် ဒီရေလှိုင်းကြီးတွေက လယ်ကွင်းတွေပေါ် ရွာတွေ မြို့တွေအပေါ်၊ ကမ်းစပ်ရှိ ဒီရေတောတွေ၊ အင်းတွေ၊ အိုင်တွေ၊ မြစ်ချောင်းတွေအပေါ် ဖုံးလွှမ်းချေမှုန်းသွားခဲ့လေသည်။

ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်၊ လပွတ္တာ၊ ဘိတ်တွတ်၊ ကံပုံ၊ မော်လမြိုင်ကျွန်းမြို့နယ်တွေအတွင်းရှိ လယ်တွေ ယာတွေ ငါးဖမ်းလုပ်ငန်းတွေ၊ စခွေးတွေ၊ ကျားပိုက်တွေ၊ ငါးဖမ်းလှေတွေကို ဖျက်ဆီးသွားခဲ့လေသည်။

ထိုပြင်းထန်သော မုန်တိုင်းကြီးနှင့် ပေပေါင်းများစွာမြင့်သော ဒီရေလှိုင်းကြီးတွေကြောင့် ပင်လယ်ကွေ့ဆီမှ အချို့သောငါးများ မျောပါလာပြီး မြစ်ကြီးတွေထဲမှာ မျက်စိလည်ကျန်ရစ်ခဲ့သည်။

ဦးစံနက်ကျော်တို့မိသောငါးမန်းကြီးသည် ထိုအထဲမှ တစ်ကောင်သာဖြစ်၏။ ငါးမန်းကြီး၏ခေါင်းပိုင်းတွင်လည်းကောင်း၊ အမြီးပိုင်းတွင်လည်းကောင်း မည်းသည့်အရာဝတ္ထုတွေနှင့်ထိခိုက်၊ တွန်းတိုက်လာသည်မသိ ဒဏ်ရာဒဏ်ချက်တွေ ဗရပွနှင့် နာနေသော ငါးမန်းကြီးဖြစ်၏။

မြစ်သုံးခွဆိုင်ဝဲကြီးသည် ရေနက်လှသည်ဖြစ်၍ အသာနိုကပ် နေရင်း ဟိုနေရာပေါ်လိုက်၊ သည်နေရာပေါ်လိုက်၊ ပိုက်တွေ ဝင်တိုးလိုက်၊ တန်းကြီးတွေနှင့်ညိကာ ပြတ်ထွက်လိုက်နှင့် ရေစိမ်း၊ မြေစိမ်း၊ ဒေသစိမ်းတွင် အံမဝင် ခွင်မကျ ဖြစ်နေရတော့၏။

ယခုလည်း ဦးစံနက်ကျော်တို့ ဝဲကြီးနားတွင်ချထားသော အချောင်းငါးဆယ်ခန့်ရှိ ငါးမျှားပဒေသာတွဲကြီးတွင် ဝင်ညိပြီး ရှုန်းလေ ရှုန်းလေ ငါးမျှားချိတ်တွေက တစ်ကိုယ်လုံးမှာ နေရာအနှံ့ ချိတ်မိတွယ်မိလေဖြစ်ကာ မောပန်းလွန်း၍ မြစ်ပြင်မှ ထ အပေါ် တွင်မှ ဗုံးရဲထက်မြက်လှသော မိုန်းစွယ်၊ မိုန်းချက်တွေကြောင့် ပြေးမိပြေးရာကမ်းစပ်ပေါ် ထိုးတက်မိခြင်းသာဖြစ်တော့သည်။

"မင်းတို့သာ မိုန်းနဲ့မထိုးခဲ့ရင် ဒါလောက် ဒုက္ခမရောက်ဘူးကွ သိလား။ မိထားတဲ့ငါးမျှားချိတ်တွေက အများကြီးဆိုတော့ လွတ်လည်း မထွက်နိုင်ဘူး မောပြီးမိုန်းနေတုန်း အသာချော့ဆွဲပြီး ကမ်းကပ်

လိုက်ရင် ပြီးနေတဲ့ဥစ္စာ မင်းတို့က မိုန်းတွေနဲ့ ထိုးတော့ လဲပြီး အသက်သေးကလွတ်အောင် မြစ်ကြောင်းအတိုင်း ဆွဲပြေးတာကွ။ ဒါကြောင့် ငါက အတင်းဆောင့်ဆွဲခိုင်းရတာ၊ အဲသည်တော့ နာနာနဲ့ကွေ့ပြေးတော့ မြစ်ကမ်းပေါ် ထိုးတက်ရတော့တာပဲ မဟုတ်လား”

ဦးစံနက်ကျော်၏ စကားကို ဝိုင်းနားထောင်နေကြသည်။ ဦးစံနက်ကျော်၏ သူငယ်ချင်းမန်းအောင်ခင်က ငါးခြောက်ဖုတ်များ ထမင်းကြမ်းများနှင့် ဧည့်ခံလေသည်ကို မောမော ဆာဆာနှင့် စားရင်း စကားကောင်းနေကြ၏။

◈ ◈ ◈

အရှေ့ဘက်ဆီတွင် ပုစွန်ဆီသွေးရောင်၊ ရောင်နီဖျို့နေပြီ။ တစ်ညလုံးလုံး ရွာလိုက် တိတ်လိုက်၊ ကျဲလိုက်၊ သဲလိုက်နှင့် ကြမ်းချင်တိုင်းကြမ်းနေခဲ့သည့် မိုးမင်းကြီး လက်လျှော့သွားခဲ့ပြီ။

ဦးစံနက်ကျော်၏တပည့်တွေသည် ရွာခံကာလသားတွေနှင့် စကားလက်ဆုံကျပြီး ငါးမန်းကြီးဖမ်းခဲ့သည့် အတွေ့အကြုံတွေကို စွန့်စားခန်းတစ်ခုသဖွယ် သူကဘယ်လို ငါကဘယ်သို့ သက်စွန့်ဆံဖျား ရင်ဆိုင်ယှဉ်ပြိုင် အနိုင်ယူခဲ့ကြပုံတွေကို အသားယူကြွားဝါခဲ့ကြပြီး ယခုတော့ မောမောနှင့်အိပ်ပျော်ကုန်ကြပြီ။

အိမ်ရှေ့ခန်းမှာ ခင်းထားသည့် နီးကြောဖျာကြမ်းကြီးတွေပေါ်မှာ ဖိုးနီတို့၊ စိန်ကုလားတို့၊ ကိုညိုတို့၊ ဧချွးကြီးတို့တစ်တွေ တခေါခေါဟောက်နေကြပြီ။

တစ်ပွဲစား စံနက်ကျော်တစ်ယောက်ကတော့ဖြင့် အိပ်၍မဖြစ်သေး။ သူ၏ တပည့်သားတွေကို တံငါတို့တတ်အပ်သော အတတ်ပညာတွေ အန္တရာယ်နှင့်ရင်ဆိုင်ရသည့်အခါတွင် တည်တည်ငြိမ်ငြိမ် သတ္တိရှိရှိ မှန်ကန်သောဆုံးဖြတ်ချက်ချနိုင်ဖို့ စသည့်အချက်တွေ သင်ပေးထားခဲ့ဖို့ သူ့မှာ တာဝန်တွေရှိနေပါသေးကလားဟု တွေးနေမိသည်။

ပြီးတော့ နံနက်လင်းသည်နှင့် ငါးမန်းကြီးကို ဖျက်ရမည်။ အကောင်လိုက် သယ်ယူရန်မလွယ်။ သည်တော့ အသားတွေချည်းဈေးကိုပို့ရမည်။ အားလုံးပိုင်းကူကြသော တလိုင်းစုရွာသားတွေကို သင့်လျော်သလို ဟင်းစားတွေ ပေးရမည်။

ရွာမှာ ကျန်ရစ်သည့် ဇိမ်သူဇိမ်သား ဇနီးမယားတွေက သူတို့ပြန်ချိန်တန်၍မှ ပြန်မရောက်လျှင် စိတ်ပူကြလိမ့်မည်၊ ထို့ကြောင့် လှေတစ်စင်းစီစဉ်ကာ ရွာကိုပြန်၍ ပြောရဦးမည် စသဖြင့် ခေါင်းဆောင်ပီပီ အစီအစဉ်တွေချရင်း ဆေးပေါ့လိပ်တစ်တို၊ ရေနွေးကြမ်းတစ်အိုးနှင့် ငုတ်တုတ်ထိုင်နေဆဲ။

❑ ❑ ❑

## စံပယ်လိုမွှေး ငွေငွေမြို

မြို့ကလေးရဲ့ဈေးဆိပ်ကို သန်းကြည်မတို့ရောက်တော့ နှင်းတွေဝေနေအောင် ကျဆင်းနေဆဲရှိသေးသည်။ ရွာကနေ လှေကလေးနဲ့ တစ်နာရီကျော်ကျော်လောက် လှော်လာခဲ့ရတာဆိုတော့ ခြေကလေးတွေတောင် စိမ့်ချင်ချင်မို့ တပွဲပွဲ တသည်းသည်း ပိန်းပိန်းပိတ်အောင် ဖုံးလွှမ်းထားတဲ့ နှင်းမှုန်နှင်းစက်တွေကို ဂရုတောင်စိုက်နိုင်ခဲ့သည် မဟုတ်ပေ။

ဆယ်တောင်တိုလှေကလေးကို လှေပဲ့ကနေ အင်နဲ့အားနဲ့ တဝုန်းဝုန်းထအောင် လှော်လာရတဲ့ သာဆောင်ကတော့ ဘယ်လိုနေမယ် မပြောတတ်သော်ငြား၊ လှေဦးကနေ လက်တစ်ဝါးလောက်သာရှိတဲ့ လှော်တက်ကလေးနဲ့ ဖွဖွကလေးယက်ရုံယက်လာခဲ့တဲ့ သန်းကြည်မတောင် ဂျင်းအကျီ အပေါင်းကြီးကို ချွတ်ပစ်ချင်လောက်အောင် အိုက်နေတော့သည်။

ဈေးဆိပ်ကမ်းပါးမှာ စီစီရီရီ ကြက်တောင်စိုက် ဖောင်ဖွဲ့နေတဲ့ လှေအုပ်စုကြီးကြားကို သန်းကြည်မတို့ လှေကလေး အတင်းတိုးဝင်လိုက်ချိန်မှာတော့ ဝါးခယ်မမြို့ကလေးရဲ့ အနီးဝန်းကျင်ရွာငယ်

ကလေးတွေက ဘဝန်းလှေတွေ၊ ချိုဖော်လှေတွေ၊ တန်းလှေတွေ၊ ပိုက်လှေတွေ၊ ကွန်လှေတွေဟာ တစ်ညလုံး သူတို့ရှာဖွေလို့ရလာသမျှ ငါးပုစွန်တွေကို သူ့ထက်ငါကောင်း ရောင်းချနေကြပါပြီ။

စောစောလာ၊ စောစောရောင်းပြီး၊ စောစောပြန်ထွက်သွားကြတဲ့ တံငါလှေတွေဟာ သုံးစင်းတစ်စု၊ လေးစင်းတစ်စု အုပ်စုကလေးတွေဖွဲ့ပြီး နှင်းမြူတွေ ဝေဝါးအောင် ပိတ်ဆီးထားတဲ့ မြစ်မကြီးတစ်လျှောက် တရွေ့ရွေ့တိုးဝင် ပျောက်ကွယ်သွားကြပါပြီ။

အဲသလိုပါပဲ နောက်ထပ်နောက်ထပ် ရောက်လာကြတဲ့ တံငါလှေကလေးတွေဟာလည်း ရောက်နေဆဲပါပဲ။

လှေကလေးတွေ တစ်စင်းစီ၊ တစ်စင်းစီပေါ်မှာလည်း ရေနံဆီမီးခွက်၊ ဒီဇယ်မီးခွက်ရောင်တွေက တဖျပ်ဖျပ်၊ တလက်လက်နဲ့ပေမို့ ခပ်ဝေးဝေးကနေများ ကြည့်လိုက်ရင် သော်ကဘုရားပွဲတော်ကြီးရဲ့ ပွဲဈေးတန်းကြီးများလားတောင် အောက်မေ့ရတော့သည်။

တံငါလှေတွေ ဈေးကောက်လှေတွေ စုံလှတာမို့ ဈေးခေါ်သံ ဈေးဆစ်သံ၊ ခေါ်သံ၊ အော်သံ၊ ဆူသံ၊ ဆဲသံ၊ ချိန်ခွင်သံ၊ လင်ပန်းသံတွေနဲ့အတူ ညစ်ညစ်ပတ်ပတ် တိုင်းထွာဆဲရေးသံတွေ၊ ဝါးခနဲဝါးခနဲ ပွဲကျရယ်မောလိုက်သံတွေဟာလည်း ပေါသည်ဝါးခယ်မငါးစိမ်းတန်းထိပ် ကမ်းစပ်မှာ နံနက်တိုင်းကြားနေကျ တေးဂီတသံတွေပါပဲ။

◈ ◈ ◈

"မသာကောင်ရယ် အဲဒါကြောင့် ငါပြောတာပေါ့ဟဲ့၊ စောစော ထပါဆိုတာ၊ အခုတော့ ကောင်းသေးရဲ့လား၊ သူများလက်ထဲ အကုန်ရောက်ကုန်ပြီ၊ သေချင်းဆိုးရဲ့ နင့်ကြောင့်"

လှေပွဲမှာထိုင်ပြီး ဆေးပေါ့လိပ်ကြီး မီးရဲရဲနှင့်ဖွာနေသော သာဆောင်ကို သန်းကြည်မတစ်ယောက် ပက်ပက်စက်စက် ပြောဆိုကျိန်ဆဲလိုက်ပြီး ဘေးနားကပ်လျက် ကွန်လှေတစ်စင်းပေါ် ခုန်တက်လိုက်သည်။

"ဘာတွေပါလဲ၊ ဘာတွေပါလဲ၊ ကျုပ်အကုန်ယူမှာနော်" ခပ်ကျယ်ကျယ် အော်လိုက်သေးသည်။

သန်းကြည်မခုန်တက်လိုက်သော ကွန်လှေပေါ်တွင် ကြေးချိန်ခွင်ကြီး တကားကားနှင့် ဆတ်ထုပ်တွေ၊ ပြောင်ထုပ်တွေ၊ ငါးပုတ်သင်တွေ၊ ငါးမွေးနီတွေ၊ ငါးသံပါးတွေ၊ ငါးဖယ်အောင်းတွေ ကျွံချိန်နေသည့် မလုံးတင်၏ ချိန်ခွင်ခွက်ထဲမှ ကျားတံဆိပ်ပီသော လေးကြီး ငါးလုံးထပ်သည် လှေအလူးတွင် သံလင်ပန်းပေါ် ဂွမ်းခနဲ ပြုတ်ကျတော့၏။

ဘယ်အချိန်ထဲက စကားလုံးတွေ ရွေးပြီး ပါးစပ်ထဲမှာ တန်းစီ ထားလေသည် မသိ၊ ယုတ်ယုတ်မာမာ၊ ညစ်ညစ်ညမ်းညမ်း တိုင်း ထွာဆဲဆိုသံတွေ တရစပ်ထွက်ပေါ်လာခဲ့ပြီ။

"ဟဲ့ ဟဲ့ ကောင်မရဲ့၊ သရဲမရဲ့ ဝီးလှချေလားဟဲ့ ဒီမှာ ငါအရင် ရောက်လို့ ဈေးတောင်ဖြတ်ပြီးပြီ၊ မသာမရဲ့" ပြောပြောဆိုဆိုနှင့် လွှတ်ကျသွားသော ပိဿာလေးကြီးတစ်လုံးကို ဆတ်ခနဲကောက်

ကိုင်လိုက်ပြီး၊ အခုမှ လှေပေါ် ခုန်တက်လာသော သန်းကြည်မကို ခပ်တင်းတင်းရင်ဆိုင်လိုက်သည့် မလုံးတင်၏ မျက်လုံးနှစ်ဖက်မှာ မီးဝင်းဝင်းတောက်နေသလား ထင်ရတော့၏။

မိုးကလည်း မလင်းသေး၊ နှင်းတွေကလည်း ပိန်းပိတ်အောင် ကျ၊ ရေခိုးရေငွေ့တွေကလည်း သိပ်သိပ်သည်းသည်း လွှင့်ပျံကာဆီးထား၊ လောဘဇောကလည်း မှုန်နေချိန်ဖြစ်၍ ကွန်လှေအလယ်ခေါင်မှာ ကားကားကြီးထိုင်ပြီး ငါးတွေ ပုစွန်တွေ ချိန်တွယ်နေသည့် မလုံးတင်ကို သန်းကြည်မ မမြင်ခဲ့ချေ။

"မသိလို့ပါတော် မသိလို့ပါ၊ တော်ရှိမှန်းသာသိရင် လှေပေါ် ခုန်တက်ဖို့နေနေသာသာ၊ ဘေးချင်းတောင်ယှဉ်ပြီး လှေမကပ်ဘူး မှတ်လိုက်ပါ၊ အိမ်က သောက်သုံးမကျတဲ့ မသာကောင်ကြောင့်၊ ငါ့မှာ သူများအပြောအဆိုခံရတယ်၊ ဟဲ့ အကောင် ဘာငိုင်နေတာလဲ၊ ဒီနားက လှေမြန်မြန်ခွာ၊ ကြက်တညင်ဘက် သွားမယ်"

"မမြင်ရအောင် နှင့်မျက်စိက ဘာ ..."

လှေကလေး ဈေးဆိပ်ကနေ ထွက်ခွာလာခဲ့သော်လည်း ငါးစိမ်းသည်မ လုံးတင်ရဲ့ တစ်တစ်ခွခွ ဆဲဆိုသံတွေက ကပ်၍ပါလာခဲ့သေးသည်။ တကယ်တော့ တံငါလှေကလေးတွေ ပေါသည် ဈေးဆိပ်မှာ လာကပ်မိပြီဆိုကတည်းက မလုံးတင်တို့၊ မဆွဲမိတို့၊ မိုးတင့်တို့တစ်တွေ၏ လက်ထဲမှ လွတ်လမ်းရှိလေသည်မဟုတ်။ သူတို့တစ်တွေက ဈေးဆိပ်တစ်ခုလုံး စိုးမိုးထားနိုင်သော ကျားတွေ မဟုတ်လား။

ကိုယ့်ရဲ့အမှားကြောင့် စကားလုံးတွေနှင့် ပြန်လည်ချေပစရာ မရှိ၍ ခံလာရသော သန်းကြည်မ၏ ဒေါသတွေသည် လှေ့ပဲ့မှ သာဆောင်အပေါ်သို့သာ စုပုံကျရောက်လာလေတော့၏။

"ခင်း သောက်သုံးမကျလို့၊ ခင်း အအိပ်မက်လို့၊ ခင်း လုံ့လ ဝီရိယမရှိလို့ ဒီလိုဖြစ်ရတာ အလကားကောင်ကို လင်လုပ်မိလို့ သူများ အပြောအဆိုခံရတာ" စသဖြင့် မဆုံးနိုင်တော့သည့် သန်းကြည်မ၏ ဆဲဆိုကြိမ်းမောင်းသံတွေသည် နှင်းမြူထုကြီးဖိစီး ထားမှုကြောင့် ငြိမ်ငြိမ်သက်သက်ကလေးသော စီးနေရရှာသော ပေဟာသည်မြစ်ပြင်ကြီးမှာသာ နားရှိခဲ့လျှင် ခံသာမှာမဟုတ်တာ တော့ အမှန်ပင်။

◈ ◈ ◈

ငါးစိမ်းသည်မ ပါးစပ်တဲ့ သိကြတဲ့အတိုင်းပါပဲ၊ ဘာကြိမ်းသလဲ မမေးနှင့်၊ ဘာညစ်ပတ်သလဲ တွေးမနေနှင့်၊ စကားဆယ်ခွန်း လောက်များပြောရင် ကိုးခွန်းလောက်ကတော့ မကြားဝံ့မနာသာ၊ ယုတ်မာညစ်ညမ်း ကြမ်းတမ်းသော စကားတွေချည်းပဲဆိုတာကို ကျွမ်းကြီးကျိန်ပြီးတောင် ပြောဝံ့ပါသေး၏။

ထိုငါးစိမ်းသည်မ၏ ယောက်ျားတွေဆိုသည်မှာလည်း စက်ရုံ တစ်ခုတည်းက ထုတ်လိုက်လေသလား ထင်ရ၏။ အများအားဖြင့် မထုံတက်တေးတွေ၊ ကြောင်နိုက်မနာတွေ၊ ပြန်မပြောနားမထောင် တွေချည်းပါပဲ၊ အခုလည်း လှေဦးကနေ သန်းကြည်မက မကြားဝံ့

မနာသာတွေ ဘယ်လောက်ပြောနေပြောနေ လေ့ပုံက သာဆောင် ကတော့ သူနဲ့ဘာမှမဆိုင်တဲ့အတိုင်း၊ သူ့ကိုပြောနေတာ မဟုတ်တဲ့ အတိုင်း လေ့လော့်မပျက်၊ ဆေးလိပ်ဖွာ မပျက်ပင်။

ကြက်တညင်ရွာကလေးရောက်အောင် လော့်ပေးဖို့သာ သူ့ တာဝန်ဟု မှတ်သားထားလေသလားမသိ၊ ပါးစပ်က ဟုတ်သည် မဟုတ်သည်၊ ချိုသည်ခါးသည်၊ ကောင်းသည်ဆိုးသည် ဘာမှပြန် မပြော၊ ပါးစပ်ညောင်းလျှင် သည်မိန်းမရှပ်သွားလိမ့်မည်ဟု တွေး ရင်း လှေကိုသာ မြန်မြန်ကလေး လော့်ရှိနေ၏။ အင်း ... ငါးစိမ်း သည်မလင် လုပ်စားလာတဲ့ နှစ်တွေတောင် လက်ဆယ်ချောင်း ပြည့်တော့မည် မဟုတ်လား။

မနေ့ညနေတုန်းက သန်းကြည်မချက်သည့် ငါးတန်ခေါင်း ချဉ်ရေဟင်းရယ်၊ တွင်းအောင်းဖားဆူဆူကြီး ဆီပြန်ချက်ရယ်၊ အစိန်တို့ဆိုင်က ဦးရှည်ပြင်းပြင်းကလေးရယ် လိုက်ဖက်လွန်းလို့ စားကောင်းသောက်ကောင်းလိုက်ပုံများ ပြောမနေနှင့်ထမင်းဗိုင်းက ထလာတာနှင့် အိပ်ရာထဲ တိုးဝင်ပစ်လိုက်တာ လူမှန်းမသိ၊ သူမှန်း မသိတော့၊ နံနက်စောစော သန်းကြည်မက တွန်းဟယ်၊ ဆွဲဟယ်၊ ထုဟယ်၊ နိုက်ဟယ်လုပ်ပြီးနိုးမှ အင်း ... အဲ ... အကြာကြီးလုပ်၊ ဘယ်လိုမို့ညာလူးနှင့် ကွမ်းတစ်ယာညက်လောက်အောင် ပေကပ် အိပ်နေပြီးမှ ထလာခဲ့တော့ မြို့ကလေးရဲ့ဈေးဆိပ်ကိုရောက်တာ နေ့ခက်ကျသည်မှာ ဘာမှဆန်းသည်မဟုတ်။

◈ ◈ ◈

တစ်ခါတစ်ရံမှာ ကံတရားဆိုသည်က အလွန်အင်မတန်မှပင် ထူးဆန်းလှချေ၏တကား။ ကြံစည်သော်လည်း ဖျက်တတ်ပေ၏။ မကြံစည်သော်လည်း ဖြစ်တတ်ပါပေ၏။

ကြက်တညင်ရွာကလေးဆီ သန်းကြည်မတို့ရဲ့ ဈေးကောက်လှေကလေး ခေါင်းပြူမိရုံရှိသေး၊ မြစ်ကြောင်းအတိုင်း တဟဲဟဲနှင့် စုန်ဆင်းလာကြသော ချဲဖော်လှေနှစ်စင်း ဘဝန်းပိုက်လှေနှစ်စင်းတို့နှင့် တန်းရှိုတိုးတော့၏။

သန်းကြည်မ၏ အစ်ကိုရဲ့၊ မောင်ရဲ့၊ ဦးကြီးရဲ့၊ ဘထွေးရဲ့ ဝီယဝါစာတွေ တတွတ်တွတ်ရွတ်ရင်း အားမနာပါးမနာ လှေတွေကို အတင်းဆွဲကပ်၊ အတင်းဈေးတွေဖြတ်၊ ဖိုးခနဲ ဖျတ်ခနဲ ကုန်တွေချိန်၊ အဲသလိုနဲ့ သန်းကြည်မတို့လှေကလေး ဈေးဆိပ်ကိုပြန်ရောက်တော့ ဈေးဆိပ်မှာ ကုန်တွေရလို့ ပီတိအပြုံးတွေတဝေဝေနဲ့၊ သန်းကြည်မတို့ ဈေးလာနောက်ကျပြီး ကုန်မရဘဲ ပြန်ထွက်သွားရလို့ အားရပါးရအတင်းတွေချလို့ တဟီးဟီးတဟားဟား လုပ်နေကြတဲ့ မချွဲမိတို့ မလုံးတင်တို့ မစိုးတင့်တို့ရဲ့ မျက်လုံးတွေက ဘယ်လိုလဲ ကောင်မရဲ့၊ သည်နေ့တော့ ငါတို့ကို ယှဉ်နိုင်သေးရဲ့လားဆိုတဲ့ အဓိပ္ပာယ်ပေါက်တဲ့ အကြည့်တွေအောက်တွင် မောက်နေတဲ့ ရင်သားထွားထွားကို ပိုပြီးတော့ကော့၊ ကောက်နေတဲ့ တင်နှစ်လုံးကို ပိုပြီးနောက်ပစ်တဲ့ပြီး၊ ကော့ကလတ်၊ ကော့ကလတ်နှင့် မျက်နှာချိုချို လျှောက်သွားသည့် သန်းကြည်မကို တွေ့လိုက်ရတော့ အံ့အားသင့်၍ ကျန်ခဲ့ကြသည်။

သန်းကြည်မတို့ မှုက်နှာချိုမည်ဆိုလည်း ချိုလောက်ပါပေ၏။ ခေါင်းမော်မည်ဆိုလျှင်လည်း မော်လောက်ပါပေ၏။ ရေစစ်၊ ရေကုန်တဲ့အထိ ချုံတွေတစ်ချုံပြီးတစ်ချုံမော်၊ ချုံထဲက ငါးတွေပုစွန်တွေ ကုန်စင်အောင် နှံ့ထဲနှန်းထဲမကျွန်၊ ဒိုင်းဝန်းနှင့်ခတ်၊ ကွန်စိပ်ကလေးနှင့်အုပ်အုပ်ပြီး ဖမ်းနေရလို့ ဈေးလာနောက်ကျခဲ့ရတဲ့ ချုံလေ့တွေရယ်၊ သူတကာထက် လက်တံရှည်ရှည် ဘဝန်းတန်းကြီးတွေမှာ အထီအမိများလှလို့ ဖမ်းမနိုင်၊ ကောက်၍မနိုင်လောက်အောင် များလှတဲ့ငါးတွေ၊ ပုစွန်တွေကြောင့် ဈေးလာနောက်ကျခဲ့ရတဲ့ ဘဝန်းလေ့တွေကပါ သန်းကြည်မတစ်ယောက်တည်း မော်သည်ရလိုက်သဖြင့် ဈေးထဲအရောက် ဝါးကြောတောင်းကြီးတွေကို ထမ်းပိုးလျှိုပြီး ထမ်းပိုးရသည့် အလုပ်သမားလေးငါးဆယ်ယောက်တောင် လေးဖက်ပစ်လောက်အောင် များလှသည့် ငါးတွေပုစွန်တွေဟာ မြင်မကောင်းအောင် များလှသည်မဟုတ်လား။

ထိုအခါ မစိုးတင့်တို့ မလုံးတင်တို့ မိန်းမတစ်စု ဆားပက်ခံလိုက်ရသည့် ငါးမြေမတွေလို မနာလိုစိတ်တွေနှင့် ဖွတ်ဖွတ်လူးနေတော့၏။

◈ ◈ ◈

“ဟောဒီမှာ ငါးမယ်နိုးကြီးတွေနော်၊ တစ်ကောင်တစ်ကောင်ကို တစ်တောင်မကျော်ရင် မယူနဲ့၊ ကြိုက်တဲ့လက်ဝါးနဲ့ လာအုပ်ကြည့်လိုက်၊ ကျွပ်ငါးမြေမက လက်တစ်ဝါးမရှိရင် အလကား

ယူသွား။ ပါးဟက်ကို ဆွဲဖြဲကြည့်လိုက်၊ နီရဲမနေရင် ပါးရိုက်သွားလှည့်၊ လာနော် ကောင်မတွေ ငေးမနေကြနဲ့ လာချိန်ကြ၊ အေးနင်တို့ရောင်းပြီးလို့ ငွေလာမချေရင်တော့ သန်းကြည်မအကြောင်းသိတယ်မဟုတ်လား၊ ငါ့လက်ဝဲက ပါးမချော်ဘူးနော်"

သူနိုင်ရာနိုင်ရာ ဈေးသည်ကလေးတွေခေါ်ပြီး ဖောက်သည်ပေးနေသည်။ ရလာသည့် ငါးတွေပုစွန်တွေက ပိဿာတစ်ရာကျော်ကြီးဆိုတော့ သန်းကြည်မတစ်ယောက်တည်း လက်လီထိုင်ပြီးရောင်းနေလို့ကတော့ တစ်နံနက်ခင်းစာ အချိန်ကလေးအတွင်းမှာကုန်နိုင်ဖို့ လမ်းမမြင်၊ ညနေဈေးမှာ ရောင်းမယ်ဆိုပြန်တော့ ရေခဲရိုက်ရန် ရေခဲဖိုးက ကုန်ရဦးမည်။ ဒါကြောင့် သူ့ပါးစပ်ထဲရှိတဲ့ဈေးသူ ချိန်တွယ်ပေးသမျှ မငြင်းဝံ့လောက်အောင် ချွဲတဲ့နှမ်းပါး၊ အရင်းများများမရှိရှာတဲ့ ခေါင်းရွက်ဗျပ်ထိုး လက်လီသမလေးတွေဆီအတင်းမှုပေးရလေ၏။

ဒါတောင်မှ သူတို့လှေကလေးထဲမှာ လှောင်ထားတဲ့လက်မောင်းလောက်၊ ခြေသလုံးလောက် ငါးရံ့ကြီးတွေ၊ ဝမ်းဗိုက်ဝါဝါနဲ့ငါးခူကြီးတွေ ကျန်နေသေးသည်။ အဲသည် ငါးတွေကတော့ရန်ကုန်ကို တိုက်ရိုက်တင်ပို့နေသော ငါးရှဲ့ဒိုင်ကြီးဆီကို ကိုယ်တိုင်သွားပို့ပေးရပေဦးမည်။

တစ်နံနက်ခင်းလုံး ဖောက်သည်ယူ၍ ရလာသမျှ ကိုယ်ချည်းအကုန်ရောင်းပစ်လို့ မဖြစ်သေး။ သူ့အခုလို ကုန်တွေဝယ်နိုင်အောင် အရင်းထုတ်ပေးထားတာက ထိုငါးရှဲ့ဒိုင်သူဌေးဖြစ်၏။

ထို့ကြောင့် ရန်ကုန်တွင် ရောင်းပန်းလှသည့် ငါးတွေပုစွန်တွေ ကျတော့ ထိုငါးရွှဲဒိုင်ကြီးဆီ သွားရှိပို့ရသေး၏။ ဘယ်နှယ်ဟောဒီ သရွတ်သွတ်မြစ်မကြီးထဲက ရေတွေ ကိုယ်တစ်ယောက်တည်း အကုန်သောက်လို့က ဖြစ်သည်မဟုတ်။

သည်ညနေ … ငါးရွှဲဒိုင်မှာ ငွေသွားရှင်းရလိမ့်မည်။ ဈေးနှုန်း စကားတွေပြောရ အောက်ကြို့တောင်းပန်သင့်တာ တောင်းပန်ရ၊ မျက်နှာချိုသွေးရ အလိုက်အထိုက်လိုက်ပြီး ပြောရသည့် သည်လို အလုပ်မျိုးတွေကိုတော့ သာဆောင်စိတ်မရှည်၊ ဒါကြောင့် သန်းကြည်မနှင့်သာ လွှဲထားလေ့ရှိသည်။ သန်းကြည်မသာဘော၊ ဘာမဆို သန်းကြည်မ လုပ်လာကိုင်လာခဲ့လျှင် ဝေဖန်ခြင်းမရှိ ကန့်ကွက်ခြင်းမရှိ သူကတော့ သူလုပ်စရာအလုပ်တွေပြီးပြီဆိုလျှင် သူ ဝါသနာပါသော ဦးရည်ကလေးတစ်ကျိုက် အမြီးကလေးတစ်ကိုက် နှင့် အိမ်စောင့်မည်။

◈ ◈ ◈

နေကလေးအတော်စောင်းတော့ သန်းကြည်မတစ်ယောက် ရေချိုးပြီးပြီ၊ အလှပြင်ပြီးပြီ၊ အမွှေးနံ့သာတွေ ဆွတ်ဖျန်းပြီးပြီ၊ ဘလောက်စ်အင်္ကျီလှလှကလေးကိုဝတ်၊ ပြည်တွင်းဖြစ်ပါတိတ်ထမီ လတ်လတ်ကလေးကို အသက်အောင့်ပြီး ခါးမှာတင်းတင်းဆွဲပတ် ပြီးချိန်မှာတော့ သွားဖို့အဆင်သင့်ဖြစ်ပြီ။

တစ်သားမွေးတစ်သွေးလှဆိုသော စကားရှိပေမယ့်လည်း တစ်သားကမှမမွေးရသေးသည့် မိန်းမလောက်တော့ ရင်အလှ၊ တင်အလှတွေ လှနိုင်မှာမဟုတ်တာကတော့ သေချာပါသည်။

မြစ်ကမ်းစပ်ကို မေးတင်ပြီးဆောက်ထားတဲ့ ငါးရှဲဒိုင်ကြီးသည် ဗ္ဗာမြေကြီးနှင့် သန်းကြည်မကို ငုံ့ကြည့်နေသည်။ ဘေးနှစ်ဖက်မှာကလည်း ငါးခြောက်ခွဲစင်တွေ၊ ငါးခြောက်လှမ်းစင်တွေ၊ ငါးကျီးကျပ်တိုက်စင်တွေ တစ်မျှော်တစ်ခေါ်ကြီး မြင်နေရသည်။ ထိုစင်ကြီးတွေပေါ်တွင် ခေါင်းစား၊ အူစား၊ ဝိသာစားနှင့် ငါးခြောက်ခွဲနေကြသူတွေ ဟိုသွားသည်လာ အလုပ်ရှုပ်နေကြသည်။

ဟိုး … အရင်တုန်းကတော့ ငါးရဲ့ခြောက်ခွဲသူတွေက ခေါင်းရသည်၊ အူရသည်။ နောက်ပိုင်းမှာ ငါးရဲ့အူဆိုတာက လှကိုတ်တွေ၏ အစားအစာအဖြစ် လူကြိုက်များလာ၊ အဝယ်လိုက်လာ၊ ဈေးကောင်းရလာသောအခါ ငါးရဲ့ခေါင်းဆိုတာကလည်း ခေါင်းခြောက်လှမ်းချင်လှမ်း ဒါမှမဟုတ် ဖက်ဖြန့်ညက်ညောအောင်ကြိတ်ပြီး သုံးဦးစပ်ငါးပိထဲမှာ အစားထိုး၍ ရောမွှေလာသောအခါ ရှဲဒိုင်ပိုင်ရှင်က မပေးတော့။

အဲသည်တော့ တစ်ပိသာခွဲပေးရန် ဘယ်၍ဘယ်မျှဆိုသည့် ဝိသာစားစနစ်ကို ငါးဒိုင်လုကြီးတချို့က ကျင့်သုံးလာကြသည်။ ကျေနပ်ရင်ခွဲ၊ မကျေနပ်ဖူးနော် မခွဲနဲ့ ပြတ်ပြတ်ပါပဲ။ နောက်မှာ ခွဲချင်တဲ့မိန်းမတွေက တန်းစီနေသည်မှာ ငါးပိပုပ်ပေါ် နားနေသည့် ယင်ကောင်တွေလို မည်းမည်းတုတ်လို့နေသည် မဟုတ်လား။

စောစောက မြစ်ကူးကြီးတံတားကြီးပေါ်တွင် တွဲလွဲခိုနေသော နီဖျော့ဖျော့အဆင်းနဲ့ နေဘောလုံးကြီးသည် အခုတော့ ခပ်လှမ်းလှမ်းက မည်းမည်းပျပျတောတန်းကလေးထဲ ခြေတစ်ဖက်နင်းနေခဲ့ပြီ။ မှောင်ရီသမ်းတော့မည်။ နေဝင်ချိန်တိမ်တောက်၍ ဖျိုကြောက်သည့် သည်အချိန်ရောက်တော့မည်။

ရွှေဒိုင်သူဌေးကတော်က ကောက်ညှင်းပေါင်းပူပူနဲ့စားဖို့ ငါးသလောက်အကွင်းလိုက်ကြော်နှင့် ငါးသလောက်ဥ အမြောင်းမပျက် နီရဲနေအောင်ကြော်ထားတာတွေ ကြိုက်တတ်၍ ငါးဆင့်ကြွေရည်သုတ်ချိုင့်ကြီးထဲမှာ ပါလာခဲ့သည်။ လူဆိုတာ ပေးလျှင် ကမ်းလျှင် ကျွေးလျှင် မွေးလျှင် မကြိုက်ပါဘူးဆိုသည့်လူ ရှားပါသည်။ နိုသေပြလျှင်၊ ကျိုးနွံပြလျှင် ခယပြလျှင် ပို၍တောင် သဘောကျတတ်ပါသေး၏။

သန်းကြည်မသည် လှော်လာသော လှေကလေးကို ငါးရွှေဒိုင်ကြီး၏ ရေဆင်းတံတားမှာ အသာကပ်သည်။ ခပ်လှမ်းလှမ်းရှိ ငါးခြောက်ခွဲစင်ပေါ်မှာတော့ ငါးခွဲနေသည့် မိန်းမတွေ ညစ်တီးညစ်ပတ်တွေပြော၍ ရယ်သံတွေ အုန်းအုန်းထလျက်ရှိသည်။

ရွှေဒိုင်သူဌေးကြီး၏ နုံးခန်းဘက်မှာတော့ လူသူရှင်းနေသည်။ သူဌေးထိုင်နေသော အခန်းထဲတွင် ဘက်ထရီမီးချောင်းကလေး ဖွင့်ထားတာတွေ့ရသည်။ စားပွဲမှာထိုင်ပြီး ကယ်ကူလေတာ တဖျတ်ဖျတ်နှိပ်နေသော သူဌေးက ချိုင့်ကြီးဆွဲကာ တစ်လှမ်းချင်းလှမ်းလာသော သန်းကြည်မကို လှည့်ကြည့်သည်။

ပြီးတော့ သူ့အကြည့်က သန်းကြည်မဆီက မခွာ၊ အသားညို စိမ့်စိမ့်၊ ရင်ထွားထွား တင်ကားကား သန်းကြည်မ၏ လျှောက်လှမ်းလာပုံက ... ငေးကြည့်နေချင်စရာ ...

ထိုအချိန်မှာပင် စားပွဲကလေးပေါ်မှာတင်၍ ဖွင့်ထားသည့် ထရန်စစ္စတာ ရေဒီယိုကလေးဆီက သီချင်းသံကလေးက လွင့်ပျံ့လျက်ရှိသည်။ ဆရာမြို့မငြိမ်း ရေးစပ်ဖွဲ့ဆိုထားသော ရေချိုးဆိပ် သီချင်းဖြစ်သည်။

ဘာတဲ့ "ကုန်းပေါ်က လှမ်းဖို့ကလေးရယ်၊ ဘာကိုငေးတယ် သိနိုင်ပြီဘူးကွယ်"

ရွှံ့ပိုင်ရှင်သူဌေးသည် ဝင်းနေသောရွှေသွားကြီးတွေ ပေါ်နေသည့် ပါးစပ်ကြီးပြန်မပိတ်နိုင်သေးဘဲ သွားရည်တွေပြည့်စိုလာတော့မှ နှီးခနဲ တစ်ချက်သိမ်းလိုက်သည်။

"လာ ... လာလေ သန်းကြည်မ ထိုင်ထိုင်" ဟု လောကဝတ်ပြု၏။ သူဌေးကိုရွှေသွား၏ စကားတွေထဲမှာ တစ်စုံတစ်ခုသော ပယောဂတွေ ကပ်ငြိနေသည့်အလား တုန်ခါလှိုက်မောသံတွေ ရောထွေးနေသည်။

တစ်ပတ်အတွင်း ရွှံ့ပိုင်ကိုပို့ထားသည့် ငါးပုစွန်ဝိသာချိန်တွေကို ယနေ့ပေါက်ဈေးတွေနှင့် မြှောက်ပြီးပေါင်းသည်။ ပြီးတော့ သန်းကြည်မ ကြိုတင်ယူထားသော ငွေနှင့်အပေါင်းအနုတ်လုပ်ပြီးသောအခါ စာရင်းရှင်းခြင်းကိစ္စ ပြီးသွားပြီ။

သူဌေးက ကုလားထိုင်ပေါ်မှာတင် ခါးကော့၍ အညောင်းဆန့်ပြီး ဟူးခနဲ သက်ပြင်းကြီးကို မှုတ်ထုတ်သည်။ အပြင်ဘက်တွင်မတော့ ဝိန်းဝိတ်မတတ် မှောင်စပြုပြီ၊ ဆောင်းကာလပေမို့ နေက အဝင်စောလှသည်။

သူ့ကိုသာ စိုက်ကြည့်ပြီး တံတွေးတွေမျိုမျိုချနေသော သူဌေးကိုကြည့်ပြီး သန်းကြည်မ အနေခက်လာသည်။ "အစ်မတို့ရော မမြင်ပါလား။ ကလေးတွေအသံလည်း မကြားဘူး။ အစ်မအတွက် ငါးသလောက်ကြော်တွေ ယူလာတယ်" ဟု ပြောပြီး ဘေးနားအသာချထားသော ငါးဆင့်ချိုင့်ကြီးကိုယူ၍ စားပွဲပေါ်တင်လိုက်ပြီး ပြန်ရုန်ဟန်ပြင်လိုက်သည်။

"အိမ်ကမိန်းမက ရန်ကုန်စံပြငါးဈေးက ဒိုင်ကြီးမှာ စာရင်းသွားရှင်းတယ်လေ။ ယောက္ခမကြီးက တွေ့ချင်တယ်ဆိုတာနဲ့ ကလေးတွေပါ ခေါ်သွားလေရဲ့၊ အနည်းဆုံး တစ်ပတ်ဆယ်ရက်တော့ ကြာမှာပေါ့၊ ဒါကြောင့် အစ်ကိုကြီးတစ်ယောက်တည်း ပျင်းနေတာ၊ သန်းကြည်မရောက်လာတာနဲ့ အတော်ဖြစ်သွားတာ၊ သည်ကနေ့ ညစာတောင် ဘယ်မှာသွားစားရင် ကောင်းမလဲလို့ စဉ်းစားနေတာ"

ရွှေဒိုင်သူဌေးက သန်းကြည်မရဲ့လက်ကလေးကို ငါးဆင့်ချိုင့်လက်ကိုင်ပေါ်မှာ အုပ်ကိုင်ရင်း ဝပ်ပြီးပြီးနွဲ့နွဲ့ရင်း ပြောလိုက်သည်။

မိန်းမရှိတုန်း မိန်းမရှေ့မှာတုန်းကဆို သုံးနှစ်ငါးပိကောင် အမြီးမထောင်နိုင်သလို ဝိပြားပြိမ်ဝပ်နေခဲ့ပြီး မိန်းမလည်းကွယ်ရော

မွှားချိတ်မိတဲ့ ငါးစင်ရိုင်းလို ဖျတ်ဖျတ်လူး ဣန္ဒြေမရဖြစ်နေတဲ့ သူဌေးကိုကြည့်ပြီး အုံ့သြစိတ်တွေနဲ့ ငြိမ်နေမိသည်။

သူပိုက်ဆံ သူငွေကြေးနဲ့ ရောင်းဝယ်ဖောက်ကားပြီး အလုပ်လုပ်နေရသူမို့ တစ်ခါတစ်ခါ ပရောပရည် ထိကပါးရိုကပါး အပြောအဆိုတွေကို မသိယောင်ဆောင်ပြီး အဆင်ပြေအောင် ဆက်ဆံနေခဲ့ရပေမယ့် ကိုယ်ထိလက်ရောက်တော့ ဘယ်တော့မှအဖြစ်မခံခဲ့ပေ။

"သန်းကြည်မ လိုတာရှိရင်ပြောလေ၊ သန်းကြည်မအတွက်ဆို အစ်ကိုကြီး ဘာမဆိုဖြစ်အောင် လုပ်ပေးမှာသိလား" စကားတွေ တတွတ်တွတ်ပြောရင်း သန်းကြည်မလက်မောင်းနှစ်ဖက်ကိုကိုင်ပြီး သူ့ဖက်ဆွဲယူလိုက်စဉ် ထောင်းခနဲထလာသော ဒေါသကို ချက်ချင်းမချုပ်နိုင်၍ ဖျတ်ခနဲပြောက်တက်လာသော ညာလက်ဝါးကို သတိဖြင့် အသာပြန်၍ ထိန်းလိုက်ရသည်။

"အို ... သူဌေးကလည်း ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ တံခါးပေါ်မှာ ကို ... ကိုသာဆောင်ပါလာတယ်" ပြောပြောဆိုဆိုနှင့် အသာရုန်းထွက်ပြီး ရေဆင်းတံခါးဆီ အပြေးကလေး ဆင်းလာခဲ့ရလေသည်။

သန်းကြည်မ၏နောက်တွင် သူဌေး၏ကြိတ်မနိုင်ခဲမရဖြစ်ပြီး "ဟင်း" ခနဲ သက်ပြင်းချသံကြီး ကပ်၍ပါလာခဲ့သေးသည်။

ရင်တွေပန်းတွေတုန်ရင်း ရေဆင်းတံခါးမှာ ကပ်ထားသည့် လှေကလေးကို ကြိုးအမြန်ဖြေပြီး အမြန်ဆုံးလှော်ထွက်လာခဲ့ရပေမယ့် ရင်တွေတဒိုင်းဒိုင်းခုန်နေတာတော့ မရပ်ချင်သေး။

ကြည့်စမ်း… ယောက်ျားဆိုတဲ့ ဘုန်းတန်ခိုးများ တယ်လည်းကြီးပါပေ၏။ ကိုသာဆောင်ပါလာတယ်ဟု ဆိုလိုက်သော သန်းကြည်မ၏ နှုတ်ထွက်စကားကိုကြားရ၍ သူဌေးလက်လျှော့သွားတာဖြစ်သည်။ နို့မို့ဆိုရင်တော့ တွေးဝံ့စရာမရှိ။ ဒါကြောင့်ပင် ရှေးပညာရှိများစကားထားခဲ့ကြတာ ဖြစ်လိမ့်မည်။ မောင်တစ်ကျိုပ်ပင် ရှိလင့်ကစား လင်မရှိသောမိန်းမသည် အချည်းနှီးတည်းတဲ့၊ တံခွန်မရှိတဲ့ရထားတဲ့၊ ယောက်ျားမရှိတဲ့ မိန်းမတဲ့။ တယ်လည်း မှန်ပါလားနော်။ အိမ်က မသာကောင်၏တန်ဖိုးကို သန်းကြည်မ ယခု သိလိုက်ပြီ။

ကျေးဇူးတွေတင်လွန်း၍ ရှိကြီးများတောင် ထိုင်၍ ခိုးလိုက်ချင်စိတ် ပေါက်တော့၏။ ဒင်းအရိပ်ကြောင့် ဒင်းရဲ့အရှိန်အဝါကြောင့်ပေါ့တော်၊ နို့မို့ရင် ကျွပ်အဖြစ်က မစဉ်းစားရဲပါဘူး။ ငါးစိမ်းသည်မပေမို့ ထွေလီကာလီ ပရောပရည်ပြောရတဲ့အခါ ပြောရ၊ ခွဲခွဲမှုစ်မှုစ် ညကာလီးယားလုပ်ရတဲ့အခါ လုပ်ရ၊ အစ်ကိုရဲ့၊ မောင်ရဲ့၊ ဦးလေးရဲ့နဲ့ နှုတ်ချိုတဲ့အခါ ချိုရ၊ ခပ်ကြမ်းကြမ်းကလေး အော်နိုင်ဆဲနိုင် ဆုနိုင်ပါမှ လူနိုင်မှာမို့ အော်ရ ဟစ်ရ ဆဲရ ဆိုရတဲ့အခါတွေ ရှိပေမယ့် သန်းကြည်မတို့မျိုးရိုးထဲမှာ ဒါမျိုးတွေမရှိ၊ အဖြစ်လည်း မခံနိုင်။

ငါးတွေ၊ ပုစွန်တွေ ရွေးရဆယ်ရ ချိန်ရ တွယ်ရလို့ လူကသာ ညစ်ပတ်နံစော်နေပေမယ့် သန်းကြည်မတို့ စိတ်ထားကတော့ ဟိုစံပယ်ပန်းကလေးလို မွှေးလည်းမွှေးတယ်၊ ဖြူလည်းဖြူစင်လှပါတော့သည်။ ဒါကိုလည်း အိမ်ကမသာကောင်ကြီး သိစေချင်ပါသည်။

"ရှင့်ကိုလေ ကျေးဇူးတင်လွန်းလို့ ရှင့်ရဲ့အခိုင်အောက်မှာ ခိုလှုံရတာ လုံခြုံလွန်းလို့ ရှင်ကြိုက်တတ်တဲ့ ဦးရည်ကလေးရယ်၊ ဟို မြစ်ကွေ့ဝက်ဆီဖတ်ချက်တဲ့မိုဆီက ဝက်ဆီဖတ်ကြွပ်ကြွပ်မွှေးမွှေးကလေးရယ် ကျွပ်ဝင်ဝယ်ခဲ့မယ်တော့ သိရဲ့လား"

စိတ်ကူးထဲမှာ စကားတွေအများကြီးပြော၊ အတွေးတွေအများကြီးတွေးရင်း "ခစ်" ခနဲ အသံထွက်အောင် ရယ်မိသေးတော့ မြစ်ရေပြင်ထဲမှာ ဘာသာဘာဝ ရှပ်တိုက်ကူးခပ်ပြေးနေသော မျက်စိမြူကြောင်ကြောင်နှင့် ငါးဖင်းလုံးကလေးတွေ ကြောက်လန့်တကြား ရေအောက်သို့ ငုပ်ဆင်းသွားကြတော့သည်။

သန်းကြည်မ လှေကို အားနှင့်လှော်သဖြင့် လှေကလေးက မြစ်ရေပြင်ပေါ်မှာ ရှပ်တိုက်ပြေးနေသည်။ တသွဲ့သွဲ့တသုန်သုန် သွေးနေသော မြစ်လေကလေးက ကမ်းစပ်ဆီတွင် ဖူးပွင့်နေသည့် တောစံပယ်ပန်းရနံ့ကလေးကို သယ်ဆောင်လာသည်။

ဟိုး ... ခပ်ဝေးဝေး မြစ်ကွေ့ဘက်ဆီတွင် ... မိုတ်တုတ်မီးရောင်ကလေးတွေ လှမ်းမြင်နေရသည်။ ဒါဟာ သန်းကြည်မတို့ ရွာကလေးပဲ ဖြစ်သည်။ ထိုရွာကလေးတွင် သန်းကြည်မ၏ အိမ်ဦးနတ် သာဆောင်ရှိသည်။ ခုလောက်ဆို ... အိမ်ရှေ့ရေဆင်း တံတားထိပ်ကနေ သန်းကြည်မကို စောင့်နေတော့မည်။ မြန်မြန်လှော်မှ။ ။

❑ ❑ ❑

# လရောင်မှိုင်ဝယ်

တပေါင်းရက်ဝယ် ... ရွက်သစ်လှယ်လို့၊
ရှစ်နယ်ပြည့်မှိုန်၊ သို့သည့်ချိန်ကို၊
ရွှေအိမ်ကွန်းနေ၊ လွမ်းသူမေတို့၊
ကြွေကြွေဘနန်း၊ ဘယ်ဖြေဆည်တည်တံ့နိုင်လိမ့်။

နွေရာသီကျောင်းပိတ်ရက်ပေမို့ စာသင်ကျောင်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျှာ ရှိနေသည်။ ချစ်ချစ်တောက် ပူသောနေ ရောင်အောက်တွင် ရိတ်သိမ်းပြီးကာစ ရိုးပြတ်ငုတ်တိုတို့သည် လည်း တချို့ထောင်တစ်လီ၊ ဟိုသည် ယိုင်လဲ၊ မွဲခြောက်ခြောက် အရောင်တို့ဖြင့် တန်ဆာဆင်လျှက်ရှိသည်။

ဖြူရော်ရော် ရိုးပြတ်လယ်ကွက်တွေ ကြားမှာတော့ မြခဲ ကလေးတွေ ကျဲပက်ထားသလို ဟိုမှာတစ်ကွက်၊ သည်မှာတပြန့် စိုက်လက်စ နွေပေါ်ခင်းကလေးတွေကိုလည်း တွေ့နေရသေး၏။ နွေလေပူတွေကြားမှာ လေးကိုင်းကြီးကဲ့သို့ ဝိုက်ဝိုက်ကွေ့ကွေ့ စီးဆင်းနေသည့် မြစ်မကြီး၏ ကမ်းစပ်ဆီမှ ရေစုပ်စက်သံ တဒိုင်း ဒိုင်းက စည်းချက်ညီညီ ထွက်ပေါ်လာနေသည်။

နွေ၏လည်ဆွဲ နွေ၏အဆင်တန်ဆာ နွေ၏နှလုံးသည်းပွတ်၊ နွေ၏ဂီတသံဖြစ်သည့် ဥဩကလေးတွေကတော့ ဘယ်ဆီရောက်လို့နေသည်မသိ၊ တစ်ခွန်းတစ်စမျှ မကြားရ၊ လေပူတွေ ဝေ့ခနဲ တိုက်လိုက်တိုင်း ကျောင်းဝင်းအတွင်းရှိ သရက်ပင်၊ ခရေပင်တို့မှ ရွက်ခြောက်တွေ တဖျောဖျော ကြွေကျလျက်ရှိသည်။

ကျောင်းကလေးသည် ရွာနှင့်တစ်ခေါ်သာသာ လှမ်းသော လယ်ကွင်းတွေကြားမှာ တည်ရှိ၏။ ထိုစာသင်ကျောင်းကလေး ၏ဘေး ဓနိမိုး ဝါးထရံကာ ပျဉ်ခင်းအိမ်ကလေးထဲမှာတော့ ဆရာလေး ခန့်မင်းလွင်တစ်ယောက် အိပ်ရာခုတင်ကလေးဘေးရှိ ပြတင်းပေါက်မှာ တံတောင်ကလေးထောက်ရင်း လယ်ကွင်းပြင် တွေဆီတလှည့်၊ ခပ်လှမ်းလှမ်းရှိ နေရောင်အောက်မှ တိတ်ဆိတ်စွာ စီးဆင်းလျက်ရှိသော မြစ်မကြီးဆီတစ်လှည့်၊ သရက်ပင်အုပ်၊ ကုက္ကို ပင်အုပ်တွေကြားမှာ ဓနိမိုးအိမ်ကလေးတွေ ဟိုတစ်စု သည်တစ်စု တည်ရှိနေသော ရွာကလေးဆီတစ်လှည့် ငေးရင်း ဘယ်ဆီ ဘယ်ဝယ် ဘယ်သူ ဘယ်ဝါရယ် အမည်မတပ်နိုင်ဘဲ လွမ်းသလိုလို ဆွေးသလိုလိုကြီး ဖြစ်နေလေ၏။

◈ ◈ ◈

တကယ်တော့ ဆရာလေးခန့်မင်းလွင်သည် ဝိဘိအညာသား ဖြစ်၏။ ပညာရေးဌာနမှာ အလုပ်စဝင်ကတည်းက မြစ်ဝကျွန်းပေါ် ဒေသရှိ သည်ရွာကလေးသို့ ရောက်ရှိလာတာ ယခုဆိုလျှင် ငါးနှစ်

တာ ကာလကိုပင် ရောက်ရှိနေပြီ။ အနီးဆုံးမြို့ကလေးအထိ နှစ်ထပ်ခွဲ သင်္ဘောကြီးစီးလာပြီး သည့်ရွာကလေးရောက်အောင် နောက်ထပ် လိုင်းမော်တော်ကလေး တစ်နာရီလောက်စီးလာမှ ရောက်တဲ့ ရွာကလေးပါ။ အိမ်ခြေကလည်း ပေါင်းနိုင်ပါမှ ငါးဆယ် မကျော်တဲ့ ရွာကလေး၊ လယ်ကလေး လေးငါးစကလောက် လုပ်ကိုင်သူ လေးငါးယောက်သာရှိပြီး တစ်ရွာလုံး တံငါအလုပ်နှင့် အသက်မွေးသည့် ရွာကလေး၊ သွပ်မိုးနိုင်တာဆိုလို့ ရွာရဲ့စာသင် ကျောင်းရယ်၊ ရွာတည်ထားတဲ့ မြစ်မကြီးကနေ အရှေ့တောင်ဘက် တန်းတန်း ခွဲထွက်စီးဝင်သွားတဲ့ ချောင်းကလေးအဝမှာရှိတဲ့ ဘုန်းကြီးကျောင်းရယ်ပဲရှိတဲ့ ရွာကလေး။ ရွာကလေးဆီ နီးကပ်လာပြီ ဆိုမှဖြင့် ငါးပိနံ့၊ ငါးညှီနံ့၊ ငံပြာရည် (ငါးငံပြာရည်) အနံ့တွေ တလှိုင်လှိုင်က အရင်ဆုံးဆီးကြို တတ်တဲ့ ရွာကလေး၊ ရွာတည် ခဲ့တာ နှစ်ပေါင်းမရေတွက်နိုင်တော့အောင် ကြာညောင်းခဲ့ပေမယ့် ဘွဲ့ရပညာတတ်တစ်ယောက်မှမရှိဘူးတဲ့ ရွာကလေး။ ကျောင်းဆရာ ဆိုတာ အားလုံးသိ အားလုံးတတ်၊ ရွာရဲ့ခေါင်းဆောင်၊ ကိစ္စအဝဝကို ဖြေရှင်းနိုင်စွမ်းရှိသူ၊ အရိုအသေကန်တော့ခံ လူတန်းစားလို့ သတ်မှတ်ပြီး အင်မတန် ရိုသေလေးစားတန်ဖိုးထားတတ်တဲ့ ရွာကလေး၊ ရွာလယ်လမ်းမဆိုတာလည်း သတ်သတ်မှတ်မှတ်မရှိတဲ့ ရွာကလေး။ အိမ်သာနဲ့တူတာဆိုလို့ လက်တစ်ဖက်ချိုးရေလို့တောင် မပြည့်ရှာတဲ့ ရွာကလေး၊ အဲသည်ရွာကလေးကို ဆရာလေး ခန့်မင်းလွှင် ရောက်လာခဲ့တာ ငါးနှစ်ငါးမိုးတောင် ရှိလာပါပြီ။

ရွာကိုရောက်ကတည်းက ဆရာလေးအတွက် တစ်နေ့ကို တစ်အိမ်ကျ ထမင်းကျွေးထားမယ်။ ဆရာလေးနေဖို့ကိုတော့ ရွာထိပ်မှာရှိတဲ့ ဆရာတော်ကျောင်းမှာ နေရာပေးမယ်။ စသည်ဖြင့် ဆရာလေးအတွက် လူမှုရေးကိစ္စတွေကိုပါ တာဝန်ယူပါမယ် ပြော ပေးမယ့် အင်မတန် မိုးလည်းမိုး၊ အလွန်လည်း အားနာတတ်တဲ့ ဆရာလေးက အတင်းငြင်းပယ်ပြီး ကျောင်းကလေး ဘေးကပ်ရှိ နေတဲ့ အိမ်ကလေးမှာပဲ နေလိုက်တော့ ...

ရွာထဲက လူတချို့က ဆရာလေးကို စိတ်တွေတောင် ဆိုးလို့ တစ်မျိုးမြင်ကြပြီး ဆရာလေးနဲ့တောင်မှ ခပ်တန်းတန်းဖြစ်နေကြ သေးသည်။ ဆရာလေးရဲ့သဘောထားကိုမသိတော့ သူတို့ရွာက ဆင်းရဲလို့ ဆရာလေးက မပတ်သက်ချင်လို့ အထင်သေးလို့ ပြော ရရင် သူတို့ကျွေးတဲ့ထမင်းဟင်းကို မသတီလို့စသဖြင့် အထင်လွဲ ကြပါသေးသည်။

ဒါတွေကိုသိသော ဆရာလေးက ပြုံးမိသေးသည်။ ဘယ်နှယ် သူလည်း လူချမ်းသာမဟုတ်တာ။ ဆွေကြီးမျိုးကြီးထဲက မဟုတ် တာ။ ငွေကြီးမွေကြီးနိုင်ရမယ့် လူတန်းစားမဟုတ်တာ၊ အဲဒါတွေ ကို ခင်မင်ရင်းနှီးလာတဲ့ တစ်နေ့မှာ သည်ရွာသားတွေ သိလာကြ ပါလိမ့်မည်။

အခုတော့ မြစ်မကြီး ရေကြည်ကြည်ကို ဆရာလေးချိုးဖို့ သုံးဖို့ ခပ်ပေးမယ့်သူတွေ၊ သူတို့ရွာလို့ဖွေလို့၊ ပိုက်ချလို့၊ ဘဝန်းပိတ်လို့ ချဲဖော်လို့ ဖိုင်ပက်လို့ ရလာတဲ့ ငါးကလေးတွေ၊ ပုစွန်ကလေးတွေ

လာပို့ပေးသူတွေ လပြည့်လကွယ် အခါကြီးရက်ကြီးတွေမှာ ရွာထိပ်ဘုန်းကြီးကျောင်းမှာ သီလယူသွားဖို့ သူတို့အိမ်မှာလုပ်တဲ့ မုန့်ပဲသရေစာတွေကို တကူးတက လာပို့ပေးသူတွေနဲ့ မပြတ်တော့ပါဘူး။ ယုတ်စွအဆုံး ရွာထဲကလူငယ်တွေ ညအခါ ကာလသားချက် ချက်စားတဲ့ ကြက်သားဘူးသီးဟင်းတောင် ဆရာလေးဆီရောက်အောင် လာပို့ကြတော့သည်။

◈ ◈ ◈

စာသင်ကျောင်းနှင့်ရွာကလေးကို ဆက်ထားသော ဖို့မြေလမ်းကလေးသည် မျဉ်းဖြောင့်တစ်ကြောင်းလို ဖြောင့်တန်းစွာရှိနေ၏။ ထိုလမ်းကလေး၏ ဝဲယာတွင်မူ လယ်ကွင်းပြင်တပြန့်တပြောမှိုကာ အရှေ့ဘက်တွင် ရေကြည်ကြည်မြစ်မကြီးကလည်းကောင်း အနားသတ်ပေးထားပြီး တောရိပ်ရေရိပ်တွေနှင့် သာယာလှပ၍ နေတော့သည်။

ဆရာလေးသည် ရွာကိုရောက်တော့မှ မြို့ကစိုက်ပျိုးရေးဌာနသို့ ဆက်သွယ်မှာယူစိုက်ပျိုးထားသော မလေးရှားပိတောက်ပင်ကလေးတွေကတော့ ငါးနှစ်သက်တမ်းအတွင်းမှာပင် ဖို့မြေလမ်းကလေးကို သစ်ရိပ်တွေဝေအောင် ပေးနေလေပြီ။

အညာသားပီပီ ... အညာဓလေ့အတိုင်း စိုက်ပျိုးထားသော မလေးရှားပိတောက်ပင်တွေကြားက မန်ကျည်းပင်ကလေးတွေ

ကတော့ စိုက်ရက်သက်တမ်းတူသော်ငြားလည်း တစ်တောင်သာ သာကလေးသာ မြင့်တက်နေသေး၏။

သစ်ပင်မြင့်လျှင် ထင်းခုတ်ဖို့သာ တွေးတတ်သော ရွာသားတွေကို သစ်တောသစ်ပင်တွေကို ချစ်တတ်လာစေဖို့ သစ်တောသစ်ပင်တွေ၏ အကျိုးတရားများ၊ သစ်တောသစ်ပင်မရှိလျှင် ဖြစ်ပေါ်လာမည့်အကျိုးဆက်ဒုက္ခများကို တစ်စတစ်စ၊ အစည်းအဝေးတွေမှာ ဘုန်းကြီးကျောင်းအလှူပွဲတွေမှာ ရပ်ရေရွာရေး သာရေး နာရေးတွေမှာ ဆရာလေးဆွေးနွေးထား၍ ရွာသားတွေ သဘောပေါက်လာကြပြီ။

မန်ကျည်းပင်နှင့်ပတ်သက်၍ ထီးလှိုင်ရှင်ကျန်စစ်သားမင်း လက်ထက် အနော်ရထာမင်းတည်လက်စ စည်းခုံဘုရားကို ဆက်လက် တည်တော်မူရာတွင် တူရွင်းတောင်မှကျောက်တို့ သယ်ယူရာ၌ လူအများ နေအပူကြောင့် ပင်ပန်းသည်ကိုတွေ့ရ၍ ကျန်စစ်သားမင်းကြီးသစ္စာပြု၍စိုက်သော မန်ကျည်းပင်သည် ညတွင်းချင်း အပင်အစည် အကိုင်းအခက်တို့ဖြင့် ကြီးထွားလာကာ လူအများ အရိပ်ခိုရလေသည့်အကြောင်း ပြောပြလေလျှင် ရွာသား တစ်စုတို့ အလွန်သဘောကျကာ မန်ကျည်းပင်များကို အားတက် သရော စိုက်ပျိုးပေးကြလေ၏။

ထိုမန်ကျည်းပင်ပေါက်တို့ တစ်ညတာကာလကို မပြောနှင့် နှစ်နှင့်ချီ၍ ကြာလာသည့်တိုင် တစ်ထွာတစ်တောင်ကနေ မတက်

သောအခါ "ဆရာလေးစိုက်တုန်းက သစ္စာမဆိုဘူးထင်တယ်၊ မန်ကျည်းပင်တွေ မသန်ဘူးဗျ" ဟု နောက်တတ်ကြ၏။

ထိုအခါ "သစ္စာဆိုလည်း ချက်ချင်းတော့ ကြီးလာမှာမဟုတ်ပါဘူးဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က ကျန်စစ်သားမင်းမှ မဟုတ်တာဘဲကိုး" ဟု ဆိုလျှင် ရွာသားတွေ သဘောကျစွာ ဝိုင်းရယ်လေ့ရှိမြဲဖြစ်သည်။

◈ ◈ ◈

ကျောင်းကလေးရှေ့က မြေနီလမ်းကလေးကို ငေးရင်း မိုးတွင်းကာလတွေကိုသွား၍ သတိရပြန်၏။ ဝါဆိုဝါခေါင် ရေဖောင်ဖောင် ကာလတုန်းကဆို မြစ်ဝကျွန်းပေါ် ဒေသပီပီ ကျောင်းကလေးရဲ့ ဝန်းကျင်တစ်ခွင်လုံး ရေတွေက ဖွေးဖွေးလှုပ်လို့ ကျောင်းဘေးက အိုင်ကြီးထဲမှာ ကြာမြူ ကြာနီ၊ ကြာပြာတွေက ပွင့်လို့၊ ရွာနဲ့ဆက်ထားသော လမ်းကလေးကိုတောင် ရေတွေက ကျော်တက်တော့မလို့၊ ရေးရေးကလေးသာ ပေါ်လို့၊ ထိပ်ဖျားကလေးတွေသာ ရေပေါ် ပေါ်နေတဲ့ ကောက်ပင်ကလေးတွေကတော့ ကွင်းလေအဝိုက်၊ မြစ်လေအတိုက်မှာ ယိမ်းကမနေနိုင်ရှာဘဲ ခေါင်းကလေးကို အတင်းမော့ပြီး ကြိုးစားအသက်ရှူနေရသလိုမျိုး ခံစားနေရသည်။

အခုလို တပေါင်း၊ တန်ခူးလတွေ ရောက်ပြီဆိုရင်ဖြင့် တစ်မိုးတွင်းလုံး ပေါင်းလန်အောင် ဖွေးဖွေးလှုပ်နေတဲ့ ရေတွေခန်းပြီး စိမ်းမြမြ မှိုင်းရီခဲ့တဲ့ ကောက်ပင်ကလေးတွေဟာလည်း ...

နှီးပြတ်ငုတ်တိုဘဝ ရောက်ကုန်ကြပြီ။ မိုးတွင်းဆို မိုးတွင်းအလိုက်၊ နွေဆို နွေစရိုက်၊ လယ်ထွန်ထယ်ထိုး၊ မြေဆွေးချ ပျိုးနုတ်ကောက်စိုက်၊ စပါးရိတ်၊ ကောက်လှိုင်းစည်း စတဲ့လုပ်ငန်းကိုင်ငန်းကလေးတွေဆီကနေ သုံ့သုံ့အုတ်အုတ် လှုပ်လှုပ်ရှားရှား စီစီညံနေကျ ထွန်တုံးကို ခြေတော်တင်တဲ့ လယ်သမားရဲ့နွားပေါက်သံတွေရဲ့ အဖော်အသင်းနဲ့ ပျော်ခင်းဖွဲ့ ရယ်မောသံတွေက အတိတ်မှာ အရိပ်ပမာ ကျန်ခဲ့ကြပြီ။

အခုလို နွေရာသီမှာ အညာမှာဆို အမဲခြောက်ကလေးကို ခရမ်းချဉ်သီးကလေးနဲ့ချက်လို့ ပဲကြီးကို ဆူးပုပ်ကလေးခပ်လို့ ဇရွတ်သီးထောင်း စပ်စပ်ကလေးနဲ့ တမာချဉ်လေးတို့လို့ တွေးရင်းတွေးရင်း တံတွေးတွေဆို့ဆို့တက်ပြီး ထမင်းတောင်ဆာလာပါပေါ့။

အင်း ... အခုအချိန်လောက်ဆို ဖိုးသံခဲတစ်ယောက် ဘာလုပ်နေမှာပါလိမ့်။ ရွာကလေးတောင်ဘက်ဖျားမှာနေတဲ့ ဖိုးသံခဲဆိုတာ မုဆိုးဖိုကြီးပါ။ အသက်ကလည်း ခုနစ်ဆယ်နီးပါးရှိနေပြီ။ မွေးထားတဲ့ သားသမီးလေးယောက်စလုံးက ရေကြည်ရာမြက်နုရာ တစ်ရွာတစ်ကျေးမှာ အခြေချနေကြပြီ။ အခု သည်ရွာကလေးမှာတော့ ဖိုးသံခဲဟာ ခနီမိုးထရံကာ တဲကလေးတစ်လုံးရယ်၊ ငှက်ပျောတစ်ခင်းရယ်၊ တံငါလှေကလေး တစ်စင်းရယ်နဲ့ တစ်ယောက်တည်း

အဖော်မပါ အသက်မွေးနေရသူဖြစ်သည်။ သားသမီးတွေကလည်း ဘယ်သူကမှအတူထားပြီး ပြုစုကျွေးမွေးဖို့ လာမခေါ်သလို ဖိုးသံခဲကလည်း သူ့အဘွားကြီးခေါင်းချရာ သည်ရွာကလေးကနေ ဘယ်မှ သွားဖို့စိတ်မကူး။

မကြာမကြာ သူ့ဆီလာလည်တတ်သည့် ယဉ်ကျေးဖော်ရွေသော ဆရာကလေးကိုတော့ အလွန်ပဲ တွယ်တာလေသည်။ သူ့တဲထဲမှာရှိတာ ချကျွေးတတ်သည်။ ဆရာလေးစားဖို့အတွက် ရွာနှင့်အတော်လှမ်းသည့် ဈိုက်တောကြီးဆီသွား၍ ဖားချိတ်လားချိတ်ရဲ့၊ ငါးရှဉ့်ထိုးလားထိုးရဲ့၊ လိပ်ရှာမလား ရှာရဲ့၊ အဲဒါတွေ တစ်ခုမှ အဆင်မပြေဘူးဆိုရင်တော့ သူ့ငှက်ပျောခြံထဲမှာ တူးထားတဲ့ မြောင်းကြီးတွေရှိတယ်။ အနည်းဆုံး လက်ခုပ်တစ်ဖောင်လောက်ရှိသည့် ရေတွေထဲတွင် တစ်မိုးတွင်းလုံး ကွင်းရေကလျှံ ကန်ရေကတိုးသဖြင့် လျှံကျဝင်ကျလာတဲ့ ငါးမြေမ၊ ငါးခူ၊ ငါးကျည်း၊ ငါးရံ့စတဲ့ငါးတွေ ပေါက်ပွားချင်တိုင်း ပေါက်ပွားနေတာတွေထဲက ငါးမြေမ လက်ဝါးလောက် အကောင်ကြီးကြီး ဝါဝါ ဆူဆူ ဖီးဖီးကြီး နှစ်ကောင်လောက်ဖမ်းသည်။

“ဆရာလေးကိုတော့ အထူးအဆန်းကျွေးရသေးတာပ” ဟုဆိုပြီး ငါးတံစို့နှင့်ပါးစပ်ကနေ အမြီးပေါက်အောင်ထိုးကာ ကောက်ရိုးမီးတွင် ကင်လေ၏။ ငါးကြေးခွံတွေ နီရဲလာပြီလားဆိုမှ ရေနံချေးပါးပါးကလေးသုပ်ပြီး ထပ်၍ကင်သည်။ ငါးမြေမကြီးတွေ ကြွပ်ရွမွှေးကြိုင်လာပြီဆိုမှ ရှောက်ရည်ကလေးရယ်၊ ကုလားအော်

သီးရယ်၊ ကြက်သွန်ဖြူရယ် ရောထားတဲ့ အချဉ်ကလေးနှင့်ဆား ကလေးတို့တို့ပြီး ဆရာလေးကို ကျွေးတော့၏။

စားလို့လည်းပြီးရော ဆရာလေးတစ်ယောက် ဗိုက်ကလည်း လေး၊ ငါးခြေမြီးကင်ကလည်း တဖိန်းဖိန်းအဆီယစ်ပြီး ဖိုးသံခဲရဲ့ ဘူးစင်အောက်ဝါးကွပ်ပျစ်ကလေးပေါ်မှာ ကျောခင်းပြီး အိပ်သွား လိုက်တာ ညနေစောင်းမှ နိုးတော့မဟုတ်လား။

◈ ◈ ◈

ရွာသို့ ဆရာကလေးရောက်ရှိ တာဝန်ထမ်းဆောင်နေသည့် ငါးနှစ်တာကာလအတွင်း၌ ဖိုးသံခဲနှင့်ဆရာလေးတို့၏ သံယောဇဉ် တွေက တဖြည်းဖြည်း တိုး၍ တိုး၍ လာနေတော့သည်။ ဆရာ လေးက ဖိုးသံခဲကို အဖေလို၊ ဦးရီးလို၊ ဖိုးသံခဲက ဆရာလေးအပေါ် မှာ တူလို၊ သားလို ခင်တွယ်လျက်ရှိနေကြပြီ။

ဆယ်မိုင်လောက်ဝေးတဲ့ မြို့ကလေးဆီ တစ်လတစ်ခါ လခ သွားထုတ်ရင်းပဲဖြစ်ဖြစ် ကျောင်းကိစ္စနဲ့ အစည်းအဝေးကိစ္စနဲ့ သွား ရရင်ပဲဖြစ်ဖြစ် ရွာကိုပြန်လာတဲ့အခါတိုင်း ဖိုးသံခဲအတွက် လက်ဖက်စို၊ လက်ဖက်ခြောက်ကလေးကအစ ထန်းလျက်၊ ကြံ သကာအဆုံး ရောက်တတ်ရာရာကလေးတွေ ဝယ်လာတတ်တာ ဆရာလေးခန့်မင်းလွင်ရဲ့ အကျင့်ဖြစ်နေသလို ဆရာလေးအတွက် ငါးရှဉ့်ဟင်းကလေး၊ လိပ်သားဟင်းကလေး၊ လယ်ကြွက်ကင် ကလေးစတဲ့ ကောင်းနိုးရာရာ ဟင်းကလေးတွေ စီစဉ်ထားပြီး

ဆရာလေး သူ့ဆီရောက်မလာတာနဲ့ ဆရာလေးရှိရာ စာသင်ကျောင်းကလေးဆီ ခိုက်ခိုက် ခိုက်ခိုက်နဲ့ ရောက်ချလာတတ်တာဟာ ဖိုးသံခဲပင်ဖြစ်တော့၏။ အဖော်မဲ့ အထီးကျန်သူတို့ နှစ်ယောက်ဟာ ရေထဲမှာ အမြဲတမ်းနှစ်ကောင်ပူးပြီး ကူးခတ်သွားနေတဲ့ ငါးထန်းရွက် (ငါးခွေးရှာ) နှစ်ကောင်နှင့်ပင် တူနေသေးတော့သည်။

တကယ်တမ်းဆို ဖိုးသံခဲဟာ အသက်ခုနစ်ဆယ်ထဲ ဝင်နေပြီ။ လူ့ဘဝသက်တမ်းနှင့်တွက်လျှင် ဘဝ၏နေဝင်ချိန်ကိုပင် ရောက်နေပြီ။ သည်လို အချိန်မျိုးတွင် သားနှင့်သမီးနှင့် မြေးနှင့်မြစ်နှင့် သိုက်သိုက်ဝန်းဝန်း ဖေးဖေးမမ နေရမယ့်အရွယ်လည်းဖြစ်၏။ ယခုတော့ ရွာတောင်ဖျားက တဲကလေးထဲမှာ အဖော်မပါ တစ်ယောက်တည်း။

ဖိုးသံခဲရဲ့ အိမ်ဝိုင်းနားကို ဆရာလေးရောက်တော့ ဖိုးသံခဲရဲ့ လက်စွဲတော်ခွေးကလေး တိုးလုံးဟာ အမြီးကလေးနန့်ပြီး လာကြိုသည်။ ရွာအနောက်ဘက် ကွင်းပြင်ကြီးကို နေပူထဲမှာဖြတ်လျှောက်လာခဲ့ရလို့ ပူလောင်အိုက်စပ်နေတဲ့ ဆရာလေးသည် ဖိုးသံခဲရဲ့ခြံထဲ အရောက်မှာ အေးစိမ့်သွားတော့သည်။ ခြံရဲ့ပတ်လည်တွင် စုပ်ဆိုင်းမှိုင်းညို့နေသော သရက်ပင်ကြီးတွေ၊ မြောင်းဘောင်တွေပေါ်မှာ စီတန်းပြီး အရွက်ဖားဖားကြီးတွေ တယမ်းယမ်းနှင့် လေယူရာ ယိမ်းနွဲ့နေသည့် ငှက်ပျောပင်တွေနှင့် တဲကလေးရဲ့ရှေ့တွင် သီးလုံးလုံးကြီးတွေ တွဲလွဲခိုနေသော ဘူးစင်ကလေးရယ်ဟာ အအေး

ခါတ်တွေ ထုတ်လွှတ်ပေးနေသည့် သဘာဝကဖန်တီးထားသည့် လေအေးစက်တွေပင် ဖြစ်တော့၏။

◈ ◈ ◈

"အဘရေ" ဘူးစင်အောက်မှနေ၍ လှမ်း၍အသံပေးလိုက်သော်လည်း ထူးသံမကြားရ။ ခါတိုင်းရက်တွေမှာတော့ ဘူးစင်ကလေးအောက်တွင် ဝါးနီးကလေးများဖြာ၍ ဆန်ကာကလေးများ၊ ဆန်ကောကလေးများ၊ တောင်းကလေးများ ရက်နေတတ်သည်။ အခုတော့ ဘယ်ဆီများသွားနေတာပါလိမ့်။

ဟိုး ... တစ်မျှော်တစ်ခေါ် အဝေးတွင်ရှိသော ဖျက်တောဂယက်ကွင်းကြီးဆီမှာများ ဟင်းစားသွားရှာနေတာလား။ ဒါမှမဟုတ် ချောင်းကလေးအဖျားမှာ ငါးသလဲထိုးကလေးများ သွားစမ်းနေတာလားဟု တွေးသည်။ ဒါလည်း မဖြစ်နိုင်၊ ဖိုးသံခဲ ဘယ်ဆီသွားသွား နောက်တော်ပါးက လိုက်ပါနေကျ ခွေးကလေး တိုးလုံ့ရှိနေသည်။ စဉ်းစားနေစဉ်မှာပင် တဲကလေးအတွင်းမှ ညည်းသံလိုလို ကြားလိုက်ရသဖြင့် ပူပန်စိတ်နှင့်တဲကလေးထဲသို့ အပြေးကလေးဝင်သွားမိတော့သည်။

ဘုရား ... ဘုရား တဲကလေးအတွင်း သပေါ့ဖျာအဟောင်းကလေးအပေါ်မှာ ဘာဘူစောင်နွမ်းနွမ်းကလေးကိုခြုံ၍ ကွေးကွေးအိပ်ပြီး ညည်းညူနေတာ ဖိုးသံခဲမဟုတ်လား။ အပြေးအလွှားစမ်းကြည့်တော့ ကိုယ်တွေက ချစ်ချစ်တောက်ပူလောင်လျက်ရှိ၏။

"ဖြစ်မှဖြစ်ရလေ အဘရယ်" ဆရာလေးသည် ကရုဏာသက်စွာ ရေရွတ်ရင်း ဆေးခန်းပို့ရန် အမြန်စီစဉ်ရတော့သည်။ ကျေးလက်ဆေးပေးခန်းကလေးကနေ ပြန်လာချိန်မှာတော့ ဖိုးသံခဲတစ်ယောက် အဖျားကျပြီး သက်သာနေပြီ။ ဖျားနေတာ သုံးလေးရက်ရှိပြီတဲ့ ...

ဘယ်သူ့ကိုမှမပြောဘဲ တဲမှာရှိတဲ့ ငန်းနီကျော်ဆေးမှုန့်ကို ကွမ်းရွက်ပြုတ်ရည်နှင့်သောက်ပြီး သက်သာလိုသက်သာငြား ကုနေရင်း သတိလစ်သွားတာဖြစ်သတဲ့၊ ကံကောင်းထောက်မစွာ ဆရာလေး ရောက်သွား၍ အသက်ကယ်နိုင်တာဖြစ်၏။

ဆေးခန်းကလေးကအပြန် တဲဆီရောက်တော့ ဆရာလေး စဉ်းစားရပြီ။ ဆေးတိုက်ချိန်မှာ ဆေးမှန်မှန်တိုက်ဖို့ စွပ်ပြုတ်တန်စွပ်ပြုတ်၊ ဆန်ပြုတ်တန်ဆန်ပြုတ်တိုက်ဖို့ ရေနွေးကြမ်းကလေးအစ တည်ပေးဖို့ အဖော်တစ်ယောက်တော့ လိုနေပြီ။

"အဘ သားသမီးတွေနေတဲ့နေရာပြော။ ကျွန်တော် အကြောင်းကြားပေးမယ်။ ဒါမှမဟုတ်လည်း လူလွှတ်ခေါ်ပေးမယ်။ အဘ တစ်ယောက်တည်းတော့ မဖြစ်ပါဘူးဗျာ"

အိပ်ရာထက်မှာ ပက်လက်လှန်ကာ မှိန်းနေသည့် ဖိုးသံခဲက စကားမပြန်ဘဲ လက်ကလေး အသာကာပြသည်။ သူ့သားသမီးတွေကို သူ မခေါ်ချင်တာလား။ ဒါမှမဟုတ် အကြောင်းကြားပေးမယ့် လာမှာမဟုတ်ပါဘူးဟု ပြောချင်တာလား သူကိုယ်တိုင်သာ သိပေရော့မည်။

ဘာပဲဖြစ်စေ အဖော်မဲ့ အထီးကျန် ဖျားနာနေသည့်ဖိုးသံခဲ အနားမှာ ထပြန်လာနိုင်သည့် တင်းမာသည့် နှလုံးသားမရှိရှာသည့် ဆရာလေးတစ်ယောက် ဖိုးသံခဲရဲ့တဲကလေးမှာပင် လူနာစောင့်ဖြစ်ခဲ့ရလေတော့သည်သာ။

အစွမ်းထက် ဆေးဝါးများ နားလည်တတ်ကျွမ်းသည့် ကျေးလက် ဆေးပေးခန်းကလေးမှ ကျန်းမာရေးဝန်ထမ်းများနှင့်သား တစ်ယောက်ပမာ ကရုဏာတရား အကြင်နာတရားတွေထားပြီး ပြုစုစောင့်ရှောက်ခဲ့သော ဆရာလေး၏ကူညီဖေးမမှုတွေကြောင့် ဖိုးသံခဲတစ်ယောက် ပြန်၍ နာလန်ထူခဲ့ပါလေပြီ။

သည်ကနေ့ ဖိုးသံခဲထမင်းစားတော့မည်ဆို၍ ရပ်ထဲရွာထဲမှ စာနာတတ် ညှာတာတတ်သူတွေက စားသောက်ရေး အားလုံး စီစဉ်ပေးကြတာကိုဖြင့် ဆရာလေးတစ်သက် မေ့ရက်စရာမရှိပါပေ။

ခံတွင်းပျက်လူနာ ခံတွင်းလိုက်စေဖို့ တစ်တောင်လောက် ကြက်ဟင်းခါးသီးကြီးကို ပုစွန်တုပ်နှင့်ကြော်သတဲ့၊ ပတဲကော အုန်းနို့ ကိုထွင်း၍ ငါးကျည်းခြောက်နှင့် ဟင်းခါးချက်သတဲ့။ သုံးဦးစပ် ငါးပိရည်ဖျော်ထဲမှာ ကုလားအော်ရှုတ်နှင့် ငါးရံ့လုံးမီးဖုတ်ထောင်း ထည့်သတဲ့ ... မွှေးမွှေးကြွပ်ကြွပ် စိုင်သရက်ကင်းကလေးရယ်၊ ကင်းပုံညွန့်ကလေးတွေရယ်က တို့စရာတဲ့ ...။

နာရည်တစ္ဆိုနှင့် ရှုံ့ရှုံ့သည်ပျက်ရှိသော ထမင်းဝိုင်းတွင် ဖိုးသံခဲ တစ်ပန်းကန်လောက်သာ တို့နိုင်ထိနိုင်ပေမယ့် ဆရာလေး

တစ်ယောက်ကတော့ဖြင့် ဘေးနားကရွာသားတွေ ထမင်းထည့်၍ မနိုင်နိုင်အောင် စားကောင်းတော့၏။

ရွာလူကြီး ဦးသာကျော်နှင့် ရွာသားတွေကတော့ မြို့က ပညာတတ်ဆရာလေးက အခုလို သူတို့ရွာခံ ဗိုးသံခဲအပေါ် ဂရုတစိုက်ရှိမှုကိုကြည့်ပြီး ကျေနပ်အားရနေကြလေသည်။

"ဘယ်နှယ် ဆရာကလေး ထမင်းစားကောင်းရဲ့မဟုတ်လား သုံးဦးစပ်ငါးပိရည်ချိုကလေးနဲ့ ခိုင်သီးချဉ်မွှေးမွှေးကလေးနဲ့က အလွန်လိုက်ဖက်တာနော" ထမင်းဝိုင်းအပြီး လက်ဖက်စား စကားဝိုင်းတွင် ဦးသာကျော်က စကားစ၏။

"မကောင်းနေပါ့မလား အဘရဲ့၊ ကျုပ်တို့ဒေသထွက် ငါးရံ့၊ ငါးဖယ်၊ ငါးပြေမပေါင်းပြီး နှပ်ထားတဲ့ သုံးဦးစပ် ငါးပိရည်ချိုကလေးလည်း ပါရဲ့မဟုတ်လား" ရွာသားတစ်ယောက်ကဝင်၍ထောက်ခံသည်။

ထိုအခါ သူတို့ ဒေသထွက်သုံးဦးစပ် ငါးပိရေချိုကလေး၏ ကောင်းကြောင်း ရာဇဝင်ဇာတ်လမ်းကို ဤရွာကလေးကို ဆရာလေးစ၍ရောက်ပြီး မကြာခင်မှာပင် ကြားဖူးထားသည့် ဆရာလေးက ပြုံးမိသွားသည်။

ဟိုးနှစ်ပေါင်း ခြောက်ဆယ်ကျော်လောက်တုံးက အဖြစ်ကလေးတစ်ခုပင် ထိုခေတ်ထိုအခါက အထက်ဘက်ဆီက အညာသားများသည် အညာလှေကြီးများနှင့် အညာကုန်များ သယ်ဆောင်လာကာ အောက်ပြည်၊ အောက်ရွာ မြစ်ဝကျွန်းပေါ်ဒေသများသို့ လာရောက်ကုန်သွယ်လေ့ရှိကြ၏။

အညာကုန်များ ရောင်းချပြီး၍ အညာသို့ ပြန်အဆန်တွင် မြစ်ဝကျွန်းပေါ်ဒေသထွက် ဆန်၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ဆား၊ ငံပြာရည်ကအစ ပြန်လည်တင်ဆောင်သွားလေ့ရှိကြ၏။ ထိုအခါ တချို့သော အညာသားများသည် အောက်ပြည်သူ ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးတွေနှင့် ဖူးစာဆုံရသောအခါ မောင်ကြီး အညာမပြန်နိုင်တယ် ဇာတ်လမ်းမျိုးတွေ ဖြစ်ကြ၏။

သို့သော် အောက်ပြည်သူ ရေဆေးငါးကလေးက သူ့ယောက်ျား အညာသားကို စိတ်မချနိုင်ဖြစ်ရသတဲ့။ တစ်နေ့မဟုတ် တစ်နေ့ အညာမြေပြန်ကာ ပြေးမှာကိုလည်း စိုးရိမ်သတဲ့ …

သူ့ယောက်ျားကလည်း စိုးရိမ်စရာ ဖြစ်နေပေတာကိုး။ အညာဆန်လှေကြီးတွေဟာ အထက်အညာကိုဆန်ဖို့အတွက် အခုခေတ်မှာလို စက်အားကို အသုံးပြုနိုင်သေးတာ မဟုတ်တော့ ရွက်ကိုပဲ အားပြုဆန်တက်နေရတဲ့ ခေတ်ဆိုတော့။

တောင်လေတိုက်တဲ့အချိန်ဟာ အညာကိုပြန်ဖို့ အကောင်းဆုံးပေါ့။ ဒါကြောင့်

"စည်းသာတဲ့ သောင်ခြေမှာ
တောင်လေကို မိတ်ဆွေဖွဲ့ပါလို့
ကုလ္လားလယ်ခြောက်ကို လှည့်ကာမှ
ပြန်ခဲ့မယ် ရွှေညာသူရဲ့
ငွေရှားသူမအေး … " ဆိုတဲ့ အညာလှေကြီးတွေက အထက်အညာကို ပြန်ဆန်တက်ခါနီး လှေထိုးသားတွေဆိုလေ့ရှိတဲ့ သီချင်း

ကလေးကိုကြားရင် မှိုင်လေ့ရှိသတဲ့။ ဒါနဲ့ သမီးက ဖအေဖြစ်သူကို ပြောသတဲ့။ "အဖေရေ သမီးယောက်ျားတော့ တမှိုင်မှိုင်တတွေတွေ နဲ့ အညာကိုသတိရလို့ ပြန်ပြေးရင် သမီးတော့ အခက်ပဲအဖေရဲ့" ဆိုတော့ ဖအေဖြစ်သူက "ဟဲ့ သမီး ... နင့်အကောင် သုံးဦးစပ်ငါးပိ ရည်များ ကြိုက်မလားဟဲ့" လို့မေးတယ်။ "အမလေး ပြောမပြော ချင်ပါဘူး။ အဖေရယ် အညာသားများ ငါးပိရည်ကြိုက်လိုက်ပုံက ငါးပိရည်မပါရင် ထမင်းတောင်မစားတော့ဘူး အဖေရဲ့" ဆိုတော့ "ဒီလိုဆို မပူနဲ့တော့သမီးရေ နင့်အကောင် ကန်ချတောင်အိမ်ပေါ် က ဆင်းမှာမဟုတ်ဘူး" လို့ ဆိုသတဲ့။

အခုလည်း ဆရာလေးခန့်မင်းလွင်တစ်ယောက် ထမင်းဝိုင်းမှာ ခေါ်မဖော်စတမ်း သုံးဦးစပ်ငါးပိရည်ကလေး ဆမ်းဆမ်းပြီး စားတတ်နေပြီ။

◈ ◈ ◈

ညအနေမှာ လကလေးကလည်းသာလို့ လယ်ကွင်းပြင်ကျယ် ကြီးကို ဖြတ်သန်းတိုက်ခတ်လာတဲ့ လေညင်းသုန်သုန်အငွေ့မှာ ကောက်သစ်နံ့ကလေးတွေကလည်း လှိုင်လို့ ကြိုင်လို့ တစ်ချီတစ်ချီ မြဲထောင့် စံပယ်ဘိုးပုတ်ခြုံကလေးဆီကလည်း မွှေးရနံ့ကလေး တွေက ဝေ့လို့ဝဲလို့ ဘူးစင်အောက် ကွပ်ပျစ်ကလေးပေါ်မှာ နှစ်ယောက်သားထိုင်လို့ ခါးခါးတူးတူး ရွှေဖီမိုးလွှတ် လက်ဖက် ခြောက်တစ်ဆုပ်ကြီးခပ်ထားတဲ့ မြေရေနွေးအိုးကြီး အလယ်မှာချလို့

ဆရာလေးနှင့်ဖိုးသံခဲတို့ နှစ်ယောက်စလုံး လရောင်ဆမ်းသည့် ကျေးလက်ညထဲမှာ အတွေးကိုယ်စီနှင့် ငြိမ်သက်စွာ မျော်ဝင်နေကြသည်။

ခပ်လှမ်းလှမ်းရှိ ကောက်ပြန့်တလင်းတွေမှာတော့ ပျော်ခင်းပွဲ့သံတွေ တညံညံနှင့် ကောက်နှံစပါးတွေ လှေ့ကြ၊ နွားကြနိမ့်တစ်ရှုံးနှင့် တလင်းနယ်ကြ၊ ကောက်လှိုင်းဖြန့်ကြ၊ စပါးသယ်ကြနှင့် လူသံ၊ နွားသံ၊ ခွေးသံ၊ ကလေးသံတွေ စီစီဝေနေကြသည်။

"ဘေးမဲ့ပေးတယ်ဆိုတဲ့စကားကို ဆရာလေးသိ ထင်ပါရဲ့" ရုတ်တရက်မေးလိုက်သော ဖိုးသံခဲရဲ့မေးခွန်းသံကြောင့် တောလေ့တောစရိုက်၊ တောရဲ့ဂီတသံတွေထဲတွင် နစ်မျောနေသည့် ဆရာလေး ခန့်မင်းလွင်သည် ဖိုးသံခဲကို ဖျတ်ခနဲ လှည့်ကြည့်မိ၏။ ပြီးမှ

"သိတာပေါ့ အဘရယ်၊ ကျွန်တော်တို့အညာဘက်မှာလည်း ဘေးမဲ့လွှတ်ပွဲတွေ ရှိတာပါပဲ"

"ဒီလိုဆိုတော့လည်း ပြောရတာ ပိုကောင်းတာပေါ့ ဆရာလေးရယ် ကျုပ်ကိုယ်တိုင် လယ်သမားမဟုတ်ပေမယ့်လည်း လယ်ထဲယာထဲ၊ လယ်သမားကိုင်းသမားကြားမှာ နေလာရတာဆိုတော့ လယ်သမား ယာသမားတွေနဲ့ ဦးတူပေါင်ဖက် လက်တွဲလုပ်ကိုင်လာကြတဲ့ ကျွဲတွေ နွားတွေအကြောင်း မသိတာ မရှိသလောက်ပါပဲ" ပြောလက်စ စကားကိုအသာရပ်၍ လရောင်ဖိတ်လက်နေသည့် ကွင်းပြင်ကြီးဆီ လှမ်း၍ငေးနေသော ဖိုးသံခဲကိုကြည့်၍ ဆရာလေး အံ့ဩနေမိသည်။

ထူးထူးခြားခြား စကားအဆက်အစပ်မရှိ ပြောလာသော ဖိုးသံခဲတစ်ယောက် ဘာတွေပြောချင်တာပါလိမ့်ဟုလည်း တွေးနေမိသေး၏။

"အဲသည် ဘေးမဲ့လွှတ်ပွဲကို ဆရာလေး ဘယ်လိုမြင်သလဲဗျ"

"ဒါကတော့ အဘရယ်၊ အသက်အရွယ်ငယ်တုန်း ခွန်အားဗလတွေရှိတုန်း သန်စွမ်းတုန်းကတော့ နွေနွေမိုးမိုးဆောင်းဆောင်း လယ်ထဲယာထဲမှာ နိုင်းခဲ့ပြီး အသက်အရွယ်ရလာလို့ မလုပ်နိုင် မကိုင်နိုင် မရုန်းနိုင် မဆွဲနိုင်တော့တဲ့အခါကျတော့မှ အသားဈေးနဲ့ တွက်ပြီး နွားသတ်သမားလက်ထိုးမအပ်ဘဲ ဘေးမဲ့လွှတ်လိုက်တာဟာ အလွန်ကောင်းတာပေါ့ဗျာ၊ မဟုတ်ဘူးလား။ ဘေးမဲ့ပေမယ့် နွားရဲ့ချိန့်စဖက်မှာ သပြေပန်းတွေမြှင်အောင်ချည်လို့၊ အိုးစည်ဗုံးပတ်သံတွေ ညံလို့ အမွှေးနံ့သာ ရွှေရည်၊ ငွေရည်တွေလောင်းပြီး လွှတ်လိုက်တာလေ ဘေးကကြည့်ရတဲ့လူတွေတောင် ပျော်လို့ မြူးလို့ပေါ့"

ဆရာလေးရဲ့စကားအဆုံးတွင်တော့ ဖိုးသံခဲသည် "ဟက်" ခနဲ တစ်ချက်ရယ်လိုက်သေးသည်။

"အဲသလို မြင်တယ်ဆိုကတည်းက ကျွဲတွေနွားတွေရဲ့ အကြောင်းကို ဆရာလေးအတွင်းကျကျ မသိသေးဘူးဆိုတာ ပေါ်ပြနေတာပဲဗျ"

"အဲသလိုမမြင်လို့ ဘယ်လိုမြင်ရမှာလည်း အဘရဲ့၊ ပြောစမ်းပါဦး။ ဘေးမဲ့အပေးခံရတဲ့ နွားတွေ ကျွဲတွေဟာ အလုပ်ကိုပင်ပင်

ပန်းပန်း ဘာမှလုပ်စရာမလို့တော့ဘူးလေ အရိုက်အနှက်လည်းမခံရတော့ဘူး။ သွားချင်တဲ့နေရာသွားလို့ရပြီ၊ စားချင်တဲ့နေရာ စားလို့ရပြီ၊ အိပ်ချင်တဲ့နေရာ အိပ်လို့ရပြီ။ နောက်ဆုံးပြောရရင် အမြဲတမ်းအထိုးခံထားရတဲ့ နဖားကြိုးတောင်မရှိတော့ဘူးလေ။ အဲဒါတွေဟာ နွားတွေ၊ ကျွဲတွေအတွက် မကောင်းဘူးလား အဘရာ ...”

ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်ပြီးအချိန်အထိ ဖိုးသံခဲဆီမှ စကားပြန်မရ ငြိမ်သက်နေဆဲဖြစ်၏။ စောစောတုန်းက ဆူဆူညံညံကလေးသံ၊ ခွေးသံတွေတောင်မကြားရတော့။ လသည် တဖြည်းဖြည်းကောင်းကင်ယံမှာ မြင့်၍မြင့်၍တက်လာနေပြီ။ လုပ်လက်စလုပ်ငန်းတွေ မပြီးပြတ်သေး၍ တလင်းနယ်နေဆဲ လယ်ကွက်တွေဆီမှ ဟစ်ကြွေးလိုက်သည့် ချင်းဖဝေးဇာတ်ထုပ်၊ ရွှဲကုန်သည်ဇာတ်ထုတ်၊ ပကာဘိုးဘိုးကြီးဇာတ်ထုပ်မှ ပကာဘိုးဘိုးကြီး၏ မယ်တော်မာယာကို တမ်းတငိုကြွေးသံတို့ကဲ့သို့တူအောင် သီဆိုနေကြသောအသံတို့က ကျေးလက်တောရွာကလေး၏ အေးချမ်းငြိမ်သက်သော ည၏အလှကို အသက်ဝင်အောင် ဖန်တီးနေဆဲဖြစ်၏။

လရောင်ပက်ဖြန်းထားသဖြင့် အစိမ်းရင့်ရင့်ပေါ်မှာ ငွေရောင်အနားကွပ်ထားသည့် ငှက်ပျောရွက်ဖားဖားကြီးတွေတောင် အိပ်မောကျနေသယောင် ထင်ရသည်။ တုတ်တုတ်မျှမလှုပ်။ တစ်တီတူးတစ်ကောင်၏ စူးစူးရှရှ အော်မြည်သံက တစ်ချက်တစ်ချက် ထွက်ပေါ်နေလျက်ရှိ၏။

"ကျွပ်ကတော့ အဲဒီလို မမြင်ဘူးဆရာလေးရဲ့၊ ကျွပ်ပြောတာ ဆုံးအောင်နားထောင်ပြီးရင်တော့ ဆရာလေးသဘောပေါက်လာမှာပါ။ အဲသည်ဘေးမဲ့ အပေးခံရတဲ့ ကျွဲတွေ၊ နွားတွေ သန်တုန်းမြန်တုန်း ငယ်ရွယ်တုန်းမှာ လယ်ထွန်ရာကပြန်ပြန်၊ ကောက်လှိုင်းတိုက်ရာကပဲပြန်ပြန်၊ ထွန်မွှေရာကပဲပြန်ပြန်၊ တလင်းနယ်ရာကပဲပြန်ပြန် နွားတင်းကုပ်ကို ပြန်ရောက်တာနဲ့ နွားစာခွက်ထဲမှာ နွားစာကျွဲစာက အဆင်သင့်ဗျ။ ကောက်ရိုးနုကလေးတွေစင်းပြီး နှမ်းဖတ်ရည် မွှေးမွှေးကလေးဖျန်းလို့ ဒါမှမဟုတ် မြက်နုစိမ်းစိမ်းစိုစိုကလေးတွေ အဆင်သင့်စားရတယ်ဗျ။ ဟော အိပ်တဲ့အခါမှာလည်း မှက်တွေ၊ ခြင်တွေကိုက်မှာစိုးလို့ မီးခိုးထွက်အောင် အုန်းခွံတွေ၊ နွားချေးခြောက်တွေကို မီးထည့်ပေးလို့ ပြီးတော့ ဂုန်နီပါးစကို ချုပ်ထားတဲ့ နွားခြင်ထောင်နဲ့ ကျကျနနကို သိုပ်တာဗျား။ နံနက်မိုးလင်းတဲ့အခါမှာလည်း တစ်ညလုံးပါထားတဲ့ ချေးတွေသေးတွေကို သန့်ရှင်းပေးတဲ့သူနဲ့။ အစာခွက်ထဲ အစာကအဆင်သင့်၊ နွားစာခွက်ထဲ ရေကအဆင်သင့် သောက်ရုံ၊ လယ်ထဲကအပြန်မှာ နွံတွေ နွံတွေပေလာခဲ့ရင်လည်း ရေချိုးပေးသဗျာ၊ မွှားတွေတွယ်လာရင်လည်း ရှာဖွေပြီး ခွာပေးကြတယ်၊ ဖျားမယ် နာမယ်များ မကြံနဲ့ ဆေးတိုက်မယ့်သူရင်းငှားဖြစ်ဖြစ် လယ်ရှင်ကိုယ်တိုင်ဖြစ်ဖြစ် အဆင်သင့်ဗျ သိရဲ့လား။ အလုပ်လုပ်တဲ့အခါမှာ ပင်ပင်ပန်းပန်းရှုန်းရမယ်ဆိုပေမယ့် နားချိန်မှာတော့ ဇိမ်ပဲလို့မဆိုနိုင်ဘူးလား"

ဖိုးသံခဲသည် တစ်ဆက်တည်း စကားတွေ အရှည်ကြီးပြော လိုက်ရသဖြင့် မောသွားပုံနှင့် ရေနွေးကြမ်းအေးစက်စက်ကို တငွပ်ငွပ်မော့၍ သောက်နေပြန်သည်။ ဖိုးသံခဲပြောတာတွေဟာ ဟုတ်သယောင်ထင်ရသော်လည်း ဘာကိုဆိုလိုချင်တာမှန်း ဆရာလေး သဘောမပေါက်သေးပါ။

သန်းခေါင်ယံ ကြက်တွေကတော့ အတောင်ပံရိုက်သံ တဖျန်းဖျန်းနှင့် သူ့ထက်ငါ တွန်သံပေးနေကြပြီ။ ကွင်းလေကလေးက အခုမှ တဖြူးဖြူးသုတ်လျက်ရှိ၏။ ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်နေပြီ။ စပါးနယ်တလင်းဆီမှ နွားခေါက်သံ၊ တကျွတ်ကျွတ်နှင့် စုတ်သတ်ချော့သံတွေ လေပြည်ကလေးမှာ လွင့်ပါလာသည်ကလွဲ၍ ကျေးလက်ညသည် အိပ်မောကျနေပြီ။

"အဲ ... ဘေးမဲ့ အပေးခံလိုက်ရတဲ့ နွားအိုကြီးခမျာမှာတော့ ဆရာလေးပြောသလို သွားချင်ရာသွားခွင့် ရတာမှန်ပါရဲ့၊ စားချင်တာ စားခွင့်၊ အိပ်ချင်ရာအိပ်ခွင့် ရတာမှန်ပါရဲ့။ ဒါပေမယ့်လည်း သူ့မှာ နုပျိုသန်စွမ်းတဲ့ အချိန်ကာလတွေ ကုန်ခဲ့ပြီ ပေးဆပ်ခဲ့ပြီးပြီ အဲသည်တော့ သွားချင်တဲ့နေရာ ဘယ်မှာသွားနိုင်တော့လို့တုန်း၊ စားချင်ရာစားဖို့ဆိုတာ ကျတော့လည်း သွားတွေက ယိုင်နဲ့နေပြီ။ နွားအိုမြက်နုကြိုက်ဆိုတဲ့စကား ဆရာလေးလည်း ကြားဖူးသား မဟုတ်လား။ သည်တော့ လွယ်လွယ်ရှာရနိုင်တဲ့ ရွာနီးချုပ်စပ်အခင်းတွေ ဥယျာဉ်ခြံတွေက ပဲညွန့်တို့၊ ပဲရွက်တို့၊ ငုတ်ပျောညွန့်တို့ စတဲ့ စိမ်းစိမ်းစိုစို အပင်နုကလေးတွေ ဆွဲစားတော့တာပေါ့။ အဲသည်

အခါမှာ တွေ့တဲ့လူကတုတ်နဲ့ထိုက်၊ ဓားနဲ့ခုတ်၊ လေးခွနဲ့ပစ်၊ ညာသံပေးပြီး မောင်းထုတ်ကြပြန်ရော။ အဲသည်တော့ ဒဏ်ရာအနာတရတွေနဲ့ ထွက်ပြေးပြီး သူ့တစ်သက်လုံး နေလာစားလာခဲ့တဲ့ တင်းကုပ်နားသွားပြီး ကောက်ရိုးနဲ့နှမ်းဖတ်ရည်အနံ့ကလေးခံပြီး စားရှိန်းသောက်ရှိန်းနဲ့ တမော့မော့လုပ်ရော နဂိုပိုင်ရှင်ကတွေ့ရင် "ဟာ ဒီနွားအိုကြီး ဘာလာရှုပ်တာလဲ" ဆိုပြီး မောင်းထုတ်ရင်ထုတ်၊ ဒါမှမဟုတ်ရင် သူ့အစားရောက်နေတဲ့ နွားပျိုတွေက အတင်းလိုက်ခွေ့လို့ သေပြေးရှင်ပြေး ပြေးခဲ့ရပြန်ရော။

အိပ်တဲ့အခါကျတော့လည်း ကြည့်လေ အတည်တကျမရှိဘူးဗျ၊ ကြုံရာနေရာ သစ်နိုပ်ဝါးရိပ်မှာ ခေါင်းထိုးအိပ်ရတော့ ခြေအလှူးလှူး၊ သေးအလူးလူး၊ နံ့ရိုးအကျဲသားနဲ့ ဘယ်မှာနွားရှုပ်ပေါ်တော့လို့တုံး။ သည်တော့ ဘေးမဲ့အပေးခံရလို့ အသက်ဆက်ရှင်နေရတာဟာ သူတို့အတွက်တော့ ဝဋ်ဆင်းရဲခံနေရတာပဲလို့ ကျုပ်ကတော့ မြင်တယ်ဗျ"

ဖိုးသံခဲလို တောသားကြီး၊ တံငါအိုကြီးတစ်ယောက်ရဲ့ ပါးစပ်ကနေ ထွက်လာတဲ့ စကားသံတွေကို နားထောင်ပြီး ဆရာလေးတစ်ယောက် မယုံနိုင်ဖြစ်နေရသည်။

ဟိုနေရာဝင် သည်နေရာတိုး အစာဝလင်အောင် မစားရလို့ နံရိုးအပြိုင်းပြိုင်း အရိုးပေါ်အရေတင် နွားအိုကြီးတွေ၊ မစာနာသူတွေ၏ လေးခွဒဏ်ချက်ကြောင့် မျက်လုံးပေါက်ထွက်ကာ သွေးပြည်တစိုစို၊ လောက်ကောင်တွေတဖွားဖွားကျ၊ ကောင်းတဲ့မျက်လုံး

တစ်ဖက်ကလည်း မျက်ချေးတွေ မျက်ဝတ်တွေ ဗရပွနှင့် ဒုက္ခခံနေရသည့် နွားအိုကြီးတွေကို မျက်စိထဲမှာ မြင်ယောင်လာရ၏။

"ကျုပ်လည်းလေ ငယ်ရွယ်သန်စွမ်းစဉ်တုန်းက ဟောသည်မြစ်မတစ်ရိုးတင်မကဘူး၊ အနီးအစပ် ကျုံမငေး၊ မော်ကျွန်း၊ ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ အိမ်မဲ၊ ကျောင်းကုန်းစတဲ့ နေရာတွေအထိ ငါးမြွေထိုးပိုက်ဆွဲ၊ ကွန်ပစ်၊ ပိုက်မျှော၊ တန်းချ၊ ဘဝန်းပိတ်၊ အို ... တံငါလုပ်ငန်းမှန်သမျှ အကုန်လုပ်ပြီး ကျုပ်မိသားစုကို ရှာကျွေးခဲ့တာပေါ့ဗျာ ... ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း အိမ်ပြန်ရောက်လို့ သား၊ သမီးတွေနဲ့ ဇနီးမယားကို မြင်လိုက်ရတယ်ဆိုရင်ပဲ မောသမျှ ပန်းသမျှ အကုန်ပြေခဲ့တာပေါ့၊ ထမင်းအဆင်သင့်၊ ဟင်းအဆင်သင့်၊ ရေနွေးကြမ်းအဆင်သင့်နဲ့ ပျော်စရာတောင်ကောင်းသေး။

ဖျားနာခဲ့ရင်လည်း သားတွေသမီးတွေက အနားမှာဝိုင်းလို့ နှိပ်တဲ့သူကနှိပ်၊ နင်းတဲ့သူကနင်း။ မိန်းမကလည်း ရေနွေးပူပူကလေးနဲ့ဆေးတိုက်လို့ ... အခုတော့ ... ဟင်း ... ဟင်း ... ဟင်း"

စကားတွေတစ်လှေကြီး ပြောအပြီးမှာတော့ ပါးစပ်ကြီး ဗိတ်လျှက်သားကနေ တဟင်းဟင်းနှင့် ရယ်နေပြန်သေး၏။ ထိုရယ်သံထဲမှာတော့ ဝမ်းနည်းမှုတွေ၊ နာကြည်းမှုတွေ၊ လောကကြီးကို သရော်လှောင်ပြောင်မှုတွေ၊ ကြေကွဲတမ်းတခြင်းတွေ ရောနှောပျော်ဝင်နေကြသည်ကို ဆရာလေး ခံစားလို့ရနေပါသည်။

ဘုန်းစင်အောက်အထိ ကွက်တိကွက်ကြား ထိုးဆင်းဝင်ရောက်လာနေသော လရောင်ငိုးဝါးအောက်က ဖိုးသံခဲ၏ မျက်နှာတိုအိုကြီးကို ကြည့်ပြီး ဆရာလေးရင်ထဲမှာ ဆို့နင့်ကြေကွဲနေတော့သည်။

ဝင်းပတင့်ရွှန်းနေသည့် လမင်းကြီးကို လေနှင်ရာလွင့်မျောနေကြသည့် တိမ်မျှင်ဂွမ်းစိုင်၊ တိမ်ပန်းခိုင်တွေက ပြေးဝင်ဖုံးကွယ်ကြသည့်အခါ မှောင်ရီသွားလိုက်၊ တိမ်စိုင်တွေကင်းစင်သွားသည့်အခါမှာ လင်းလက်လာလိုက်နှင့် လင်းတစ်ချီ မှိန်တလှည့် လရိပ်အောက်မှာ အဖြူနှင့်အမည်းတွေ မညီမညာရောစွက်ထားသော ကတုံးဆံပင်ရှည်ရှည်နှင့် အံသွားနှစ်ဖက်မရှိတော့၍ ရှုံ့ဝင်ပိန်ချွက်နေသော ပါးနှစ်ဖက်နှင့် လည်ပင်းအောက်မှာလည်း ညှပ်ရိုးကြီးနှစ်ချောင်းက ငေါငေါကြီးထွက်လို့ ဝတ်ထားတဲ့ စွပ်ကျယ်လက်စကကလေးကိုသာ ချွတ်လိုက်ရင် နံရိုးတွေကိုတောင် တစ်ချောင်းချင်းရေတွက်လို့ ရနိုင်မယ်ထင်ပါရဲ့။

လရောင်ရိပ်ဟာ လူတွေရဲ့စိတ်ကို ပြောင်းလဲစေတတ်လေရောသလား။ ဒါမှမဟုတ် တွေပြားဝေဝါးထင်ယောင်မှားစေတတ်လေသလား မဆိုနိုင်၊ မှိန်တစ်လှည့်လင်းတစ်ချီ ပွေလီလှသောလရောင်အောက်မှာ ဖိုးသံခဲကိုကြည့်ရင်း ကြည့်ရင်း၊ အလို ... ဘုရား ဘုရား၊ ငရဲကြီးမှာလည်း ကြောက်ရဲ့၊ ဆရာလေးရဲ့မျက်စိထဲမှာ တဖြည်းဖြည်း ဘာနဲ့တူလာသလဲဆိုတော့ ... ဟို ... ဟို ဘေးမဲ့ပေးခံလိုက်ရတဲ့ ... ။

◈ ◈ ◈

အဲသည် နေ့တစ်ညက ဖိုးသံခဲ၏ရင်ထဲက ဝေဒနာအစိုင်အခဲတို့ကို ဆရာလေးမြင်လိုက်ခဲ့ပြီး နေ့ရာသီကျောင်းပိတ်ရက်တွင် အညာ မပြန်ဖြစ်ခဲ့ချေ။

တကယ်တော့ ဆရာလေးသည်လည်း တစ်ကောင်ကြွက် အထီးကျန်ပင်ဖြစ်သည်။ ငယ်စဉ်ကတည်းက ဆုံးပါးသွားရှာသည့် မိဘနှစ်ပါးကို ဆရာလေးမမှတ်မိတော့။ ဆွေစပ်မျိုးနီး ရွာဦးဘုန်းတော်ကြီးကျောင်းမှာ ခိုကပ်မှီတွယ်ရင်း ပညာသင်ခဲ့ရ ဘွဲ့ရ အလုပ်ခွင်ထဲ ရောက်ခဲ့ရသူဖြစ်၏။ ဝတ်ကြောင်ကိုလွှတ်အောင်စွန့်၍ တရားရိပ် ခိုနေသည့် ဘဘုန်းကြီးကိုပင် အဖေအမှတ်၊ အမေအမှတ်၊ ကျေးဇူးရှင်အမှတ်ပြုကာ တစ်နှစ်တစ်ခေါက် အညာကို အလွမ်းပြေပြန်နေခြင်းဖြစ်၏။

အခုတော့ ဘဝချင်းခြားခဲ့ပြီဖြစ်သော ဘဘုန်းကြီးကိုလည်း မိမိအတွက် ဝန်တာမပိုစေချင်တော့၊ သံယောဇဉ်မတင်းစေချင်တော့၊ သည်ရပ် သည်ရွာ သည်ကျောင်းကလေးမှာပဲ တာဝန်ကျေပွန်စွာ ထမ်းဆောင်ရင်း ရပ်ကျိုး၊ ရွာကျိုး၊ လောကကျိုးကို သယ်ပိုးရင်း အရိုးကျသည်အထိ နေထိုင်သွားဖို့ ဆုံးဖြတ်ချက်ချလိုက်ပါပြီ။

ဖိုးသံခဲရဲ့ ငှက်ပျောတောနှင့် တဲကလေးသည် ဟိုးအရင်တုန်းကလို သွေ့သွေ့ခြောက်ခြောက် မဟုတ်တော့ပြီ၊ ဆရာလေးနှင့် ဖိုးသံခဲတို့နှစ်ယောက်ပေါင်း အတူသင်၊ ရေအတူလောင်း၊ မြေအတူဆွ၊ မြေဆွေးအတူချလို့ တက်ညီလက်ညီ ပျော်ရွှင်နေကြပြီ။

တံငါဒိုတော့ ချောင်းကြို ချောင်းကြား ဆိုစကားအတိုင်း မဖြစ်ရလေအောင် ဥပုဒ်ဇရပ်ကို နှစ်ယောက်အတူသွားလို့ တရားအတူနာလို့ ဖိုးသံခဲ ရှစ်ပါးသီလ အလွတ်ရနေပြီ။

တဲကလေး ဘူးစင်အောက်မှာ နေ့ရာသီ အခမဲ့ကျူရှင်ကျောင်းကလေးဖွင့်လို့ ဆရာလေးက စာတွေသင်၊ ဖိုးသံခဲက ကျောင်းသားကလေးတွေကို ထန်းလျက်ခဲနှင့် ရေနွေးကြမ်းတိုက်လို့ တစ်ခါတစ်ခါ ကျောင်းတက်ပျင်းတဲ့ ကလေးတွေကို အိမ်တိုင်ရာရောက် ဖိုးသံခဲက လက်တွဲတန်းတွဲ ဆွဲခေါ်တဲ့အခါခေါ် သူတို့ဘဝနှင့် သူတို့ပျော်နေကြပါပြီ။

ဆရာလေးခန့်မင်းလွင်တစ်ယောက် အညာမမြို့ဖြစ်တာဟာ သုံးဦးစပ် ငါးပိရည်ချိုကြောင့်တော့ မဟုတ်တာ သေချာပါသည်။

❑ ❑ ❑

# အရိုးကတော့ မှားလှသည်

တောက် တစ်ချက် ပြင်းပြင်းခေါက်ပြီး ဖိုးမှိုတစ်ယောက် အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

မဟုတ်၊ မဟတ် စွပ်စွဲချက်တွေကြောင့် စိတ်လည်း တော်တော် တိုမိရသည်။ ကိုယ်ချစ်လို့ယူထားခဲ့သော မိန်းမဆိုတော့လည်း ရိုက်ဟယ် နှက်ဟယ် မလုပ်ချင်ပါ။ ဒါကလည်း စကားအဖြစ်သာ ရှိသည်။ တကယ့်တကယ် ရိုက်မည်နှက်မည်ဆိုလျှင် အေးကြည်မ၏ အမေက ခံလိမ့်မည်မထင်။ အေးကြည်မကို ဆုရဲ မာန်ရုံနှင့်ပင် အေးကြည်မ၏ အမေကြီးက မလွယ်။ အဘွားကြီး၏ပြောစကားအရ သူတို့အမျိုးက ဇာမဏီမျိုးဆိုပဲ၊ အမွေးတစ်ပင်တောင် အကျွတ်မခံဘူးဟု ရွာထဲမှာ စကားများကြတိုင်း၊ ရန်ဖြစ်ကြတိုင်း ထမိကို တင်ပါးပေါ် ပင့်တင်ပြီး ခုနစ်သံချီတက်၍အော်တာ ဖိုးမှိုကြားဖူး၏။ မြင်ဖူး၏။ ထို့ကြောင့် ဖိုးမှိုလန့်သည်၊ ရှိန်သည်။

တစ်ခါတလေများမှာတော့ လင်နဲ့မယားပဲ၊ လျှာနဲ့သွားပဲ စိတ်အခန့်မသင့်သည့်အခါတွေရှိ၏။ အပေါက်အလမ်းမတည့်တာတွေရှိ၏။ သဘောထားချင်းမတိုက်ဆိုင်တာတွေရှိ၏။ ထိုသို့သော

အခါများတွင် လင်နဲ့မယားခွန်းကြီးခွန်းငယ် အော်မည်ကြဲခဲ့ရှိသေး အိမ်ခေါင်းရင်းမှာကပ်နေသည့် အိမ်ထဲမှ ယောကျ်ားကြီးက၊ သန်းကြည်မ အမေကြီးက "အဟမ်း" "အဟမ်း" ဆိုပြီး လှပ်ချောင်းကြီး ဆိုးတော့၏။ ထိုချောင်းသံပေး၍မှမရပ်ဘဲ ဆက်ပြီး ရန်စလွှားနေမယ်များမကြဲလေနှင့် နံနက်တိုင်း ဝါးခယ်မဈေးထဲမှာ ငါးတွေ၊ ပုစွန်တွေထည့်ရောင်းလေ့ရှိသည့် ခနဖလုံးကြီးကိုဖြစ်ဖြစ်၊ ကြွေရည်သုတ်လင်ပန်းကြီးကိုဖြစ်ဖြစ် မတော်မဆ လွှတ်ကျ သလိုလိုနဲ့ "ဂလုံ ဂလွမ်း" မြည်အောင် လွှတ်ချပြီး အချက် ပေးတော့၏။

ဒါသည်ပင် အေးကြည်မ၏အမေ ဖိုးမို၏ယောကျ်ားကြီး၏ အကျင့်ပဲဖြစ်၏။ "စကားများမနေကြနဲ့၊ ရန်ဖြစ်မနေကြနဲ့ ... ငါ့သမီးကို ဆုလည်းမဆူနဲ့၊ မာန်လည်းမမာန်နဲ့ ... စကားတောင် မာမာမပြောနဲ့ ... ငါ့သမီးထိရင် ငါ မခံဘူးဟေ့နော်" ဟု အဓိပ္ပာယ်ရပါသည်။

ဘယ်နှယ် ယောကျ်ားအဘိုးကြီးက အေးသလောက်၊ စိတ် သဘောထားပြည့်သလောက် သည်အဘွားကြီးကျမှ၊ ဖိုးမိုကတော့ အဘိုးကြီးကို ဖအေအရင်းလို သဘောထားသည်။ အဘိုးကြီးကလည်း ဆူစရာပြောစရာရှိလျှင် ဆန်ရင်းနာနာဖွတ်သည့်သဘောနှင့် သမီး ဖြစ်သူကိုသာ ဆူတတ်ပြောတတ်ပြီး၊ ဖိုးမိုကိုတော့ နားဝင်အောင် ချိုချိုသာသာပြောလေ့ရှိ၏။ ထိုကြောင့်ပင် သီတင်းဝါလကျွတ်၍ ကန်တော့လျှင် ယောကျ်ားအဘိုးကြီးအတွက် မင်းကြီးကြိုက်တို့၊ ဦးဂျမ်းတို့ စသည့် ပုဆိုးကောင်းကောင်းဝယ်ပြီး ကန်တော့၏။

အဘွားကြီးအတွက်ကိုတော့ တရုတ်ပိတ်စကလေး၊ ဒါမှမဟုတ် ပေါ်ပလင်ဆေးရိုက်ထည်ကလေးတွေလောက်နှင့်သာ ပြီးတတ်လေသည်။

ဒါတွေကို အဘွားကြီးကလည်း သိသည်။ ဆယ်နှစ်သမီးလောက်ကတည်းက ငါးစိမ်းပန်းခေါင်းပေါ်တင်ပြီး ဈေးရောင်းလာတဲ့သူ။ ရှစ်စင်က ဂျင်ခြေလည်။ ဆယ့်နှစ်ကြိမ်ကြေလာတဲ့သူဆိုတော့ အဲသည်အချိုးတွေ၊ ဖိုးမိုချိုးနေတာသိ၏။ သိတော့ အမြင်မကြည်၊ အမြင်မကြည်တော့ ... ။ အဲသည်လိုနှင့် သမီးယောက္ခမနှစ်ယောက်၏ မကြေညာသောစစ်ပွဲဆင်နွှဲလာတာ ကြာခဲ့လေပြီ။ ဖိုးမိုပင် အေးကြည်မနှင့် ပေါင်းလာတာ ကလေးနှစ်ယောက်ပင် ရခဲ့ပြီ။

◈ ◈ ◈

သည်ကနေ့ ညနေရေတက်ဦး ရေလှန်ချိန်မှ ဖိုးမိုတို့ပိုက်လှေတစ်ဆယ့်ငါးစင်း အဝေးခမိုးကို ငါးမြွေထိုးပိုက်ဆွဲသွားဖို့စီစဉ်ပြီးလေပြီ။ အဝေးခမိုးသွားကြလျှင် တစ်ပတ်ဆယ်ရက်၊ သူတို့ဒေသအခေါ် တစ်ရေနှစ်ရေနှင့် အိမ်ပြန်ရောက်တာမဟုတ်။ အနည်းဆုံးတစ်လခွဲနှစ်လကနေ လေးငါးလအထိ ကြာတတ်မြဲဖြစ်သည်။

သူတို့ပိုက်လှေကလေးတွေ သွားသည့်နေရာ အင်းချောင်းတွေက ဝေးလံလှတော့၏။ သူတို့ရွာကနေ နှစ်ညအိပ်၊ သုံးညအိပ်ခရီးလောက် လက်လှော်လှေကလေးတွေနှင့် လှော်နိုင်ပါမှ ရောက်နိုင်သည့် မော်ကျွန်းတို့၊ မြင်းကကျွန်းတို့၊ ဘိုကလေးတို့၊ ကျိုက်ပိ၊

ကျိုက်လတ်တို့လိုနေရာမျိုးအထိ သွားကြရတာဖြစ်သည်။ တချို့ ပိုက်သမားတွေက ရွှေကုံး၊ ပြင်ဆွာကြီး၊ ပြင်ဆွာလေး၊ ဘေးပေါက်၊ ကကရဲ့ ဒေသတွေအထိ သွားတတ်ကြသည်။

ငါးမြွေထိုးပိုက်လှေတစ်စင်းစီမှာ လူနှစ်ယောက်ပါ၏။ ပိုက်တစ်ဖောင်နှင့် လှော်တက်၊ မိုန်း၊ မီးဖို၊ ထိုးခွက်ပန်းကန်နှင့် စားရေရိက္ခာ၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ မီးခွက်၊ ရေနံဆီ စသည့် ပစ္စည်းများ စုံစေအောင် ယူသွားကြရသည်။ ထိုပစ္စည်းများ လောက်ငအောင်၊ မပါတာမရှိရအောင် ပိုက်သူကြီးကတော်တွေက တာဝန်ယူစီမံပေးကြရစမြဲဖြစ်၏။

ပိုက်လှေဦးစီး၊ ပိုက်သူကြီးတွေကတော့ ပိုက်သွားဆွဲရမည့် နေရာဒေသရဲ့အခြေအနေ၊ ဘယ်အင်းချောင်းမှာ ဘယ်နှစ်လလောက် ပိုက်ဆွဲလျှင်ကောင်းမည်လဲ၊ လေလံတွေ၊ ဂရုန်တွေနဲ့ ကင်းလွတ်ရာပြင်ပ၊ အများသူငါ ရှာဖွေနိုင်တဲ့နေရာတွေမှာလည်း ပိုက်ဆွဲရင်ကောင်းမှာလား၊ ငါးအထိအမိသေချာတဲ့ အင်းချောင်းကို ဝယ်မလား၊ တစ်ရာသီစာ ငှားမလား၊ ဈေးက ဘယ်၍ဘယ်မျှ တစ်ယောက်တည်း တတ်နိုင်တာမဟုတ်လို့ ပိုက်လှေဘယ်နှစ်စင်း စုပြီးလုပ်ကိုင်ကြမလဲ စတာတွေကို ပိုက်သူကြီးအချင်းချင်း တိုင်ပင်ရ ညှိနှိုင်းရ စိတ်တူသဘောတူရာရှာရနှင့် စိတ်မောရသောကာလ ဖြစ်သည်။

အလျား တစ်ဆယ့်သုံးတောင်၊ ကွင်းအကျယ် နှစ်တောင်သာသာ လက်လှော်လှေကလေးကိုလည်း ရေညှိတွေစင်အောင်

အုန်းဆံဖတ်နှင့်တိုက်ပြီး ကုန်းပေါ် တင်ကာ ဖာထေးတန်ဖာထေး၊ ဖျဉ်ဆွေးဖျဉ်ပေါက်ရှိလျှင်လဲ၊ ပွဲလျက် အင်တွဲနှင့်ဖာ၊ ရေနံဝသုတ်။

ငါးမြှေထိုးဆွဲမယ့်ပိုက်ကိုလည်း ပေါက်တာပြဲတာရှိလျှင် ဖာသင့်တာဖာ၊ အသစ်လဲတန်ရာ လဲရသေးသည်။ ခနီးဝေးမှာ အလုပ်လုပ်နေတုန်း ပိုက်တွေအပေါက်အပြဲ၊ အကွဲအရုတ်ဖြစ်လျှင် ပြန်လည်ပြုပြင်ဖို့အတွက် ချည်ခင်တွေ၊ အုပ်စီတွေစုရ ဆောင်းရသေး၏။ ရှာရဖွေရသေး၏။ သို့နှင့်ပင် ပိုက်သူကြီးလုပ်သူမှာ အားရသည်မရှိ။

ဒါတွေကို အေးကြည်မတစ်ယောက် မသိဘဲနေသည်မဟုတ်။ ထံငါကို လင်လုပ်လာတာ တစ်ပုံစားဘဝ၊ လှေငှားဘဝကတည်းက ယခုလို ကိုယ်ပိုင်လှေ၊ ကိုယ်ပိုင်ပိုက်နှင့် ပိုက်သူကြီးဖြစ်လာတဲ့အထိ၊ ကလေးနှစ်ယောက်ရလာတဲ့အထိဆိုတော့ နည်းသည့်နှစ်တွေ မဟုတ်။

သို့သော်လည်း ယခုတော့ သူမှာ ဘာတာဝန်မှမရှိသလိုမျိုး နေသာသပ လေညာက၊ မဆိုင်သလိုမျိုး သည်ယောက်ျားရှာလို့ ဖွေလို့ရလာလျှင် သူပဲမစားသည့်ပုံမျိုးနှင့် မအေဖြစ်သူ၏ အမြှောက်အပင့် အတို့အထောင် သွေးခွဲစကားတွေကြားမှာ ကောင်းကင်လေမိနေသည့် စွန်ကလေးလို ခေါင်းကလေး တမော့ မော့ တခါခါ ဖြစ်နေလေတော့၏။

ကောင်းကင်လေအငွေ့အပိုက် သူတစ်ပါးကုန်းတိုက်စကား တွေကြားမှာ သာယာနှစ်မျောနေသည့်မိန်းမ၊ လေငြိမ်ခိုက်မှာ

မြေပြင်တစ်ပိုက်ဆီ သက်ဆင်းငိုရှိုက်နေရဟာ မိုးမိုမြင်ယောင်နေပါသေးသည်။

◈ ◈ ◈

"မင်းကိုက မိန်းမကို အလျှော့ပေးလွန်းပါတယ်ကွာ၊ နေရာတကာ မိန်းမသဘောကျ နေလာခဲ့တာ ကြာပြီမဟုတ်လား၊ အခုမှ စိတ်ညစ်တယ် ဘာတယ် လုပ်မနေစမ်းပါနဲ့ကွ၊ ငါတို့ဆို ကြည့် 'ဟိတ်' ဆို ပြီးပြီ မိန်းမဆိုတာ စယူကတည်းက အပိုးကျိုးအောင် လုပ်ထားရတယ်ကွ"

"ဟ . . . အေးကြည်မက တော်တော်ရယ်ကွ၊ ခက်နေတာက သူ့အမေကြီးပဲ၊ မိုးမိုဘဝက ဘာနဲ့တူနေသလဲဆိုတော့ ကျားလည်း ကြောက်ရ ကျားချေးလည်းကြောက်ရဆိုသလိုဖြစ်နေပြီ၊ မိန်းမကိုလည်းကြောက်ရ ယောက္ခမကိုလည်းကြောက်ရဆိုတော့၊ အင်း . . . မင်း ဘာလုပ်သင့်သလဲဆိုတော့ ရေထဲသာ ဆင်းသေလိုက်ပါတော့ကွာ ဟားဟားဟား"

"မင်းတို့ကလည်းကွာ မိုးမိုကိုပြောနေလိုက်တာများ ရစရာကို မရှိတော့ပါလား၊ မိုးမိုက မယားကြောက်မဟုတ်ပါဘူးကွ၊ စာဆိုနဲ့ အညီနေတာပါ၊ တို့ရွာဦးကျောင်းက ကပ္ပိယကြီးရွတ်ပြတဲ့စာထဲက လိုပေါ့ကွာ၊ ဘာတဲ့ -

- မျက်နှာကို ခြေနှင့်ကျောက်စေတော့
  သွေးမဖောက်ခုနေ့
  လင်ငါးယောက်ခုပေါ် စေ

ကျွန်တော်က မလွဲ။
- တစ်သက်လုံးလင်ငယ်နေပါ
သည်မကေို ရိုးမြေကျစွဲ။
ချစ်လှလို့ သည်းခံမယ်
ဆဲရေးသံကိုလည်း
အငြိမ့်သံပွဲလိုပ
စိတ်ထဲကထင်တယ်။
- ကွာမည်ကို မဆိုလိုက်ပါနှင့်
မယ်ရိုက်ရင် ဖုန်းခံပါ့မယ်
ဖိနပ်နှင့်အရပ်လယ်မှာ
မပြတ်ကွယ် မယ်ရိုက်တော့
- နာလိုက်တဲ့ စိတ်ကယ်နော်
ရွှေးမှုမပေါ်
- ခင်လေးက ကြင်ရေမွှော်လျှင်
ထမီတောင် လျှော်နိုင်းပါတော့လေး။

အဲသည်လို ယောကျ်ားမျိုးတွေ ရှိတယ်ကွ။ ကဲကဲ ... ဖိုးမို့ အိမ်မြန်မြန်ပြန်တော့ဟ၊ ရေထက်ဦးအမိ မင်းမိန်းမနဲ့ယောက်မ ထဘီတွေလျှော်ဖို့လေ ... ဟားဟားဟားဟား"

တစ်ရွာတည်းသား သူငယ်ချင်းတွေ၏ လှောင်ပြောင်သရော်မှု တွေကြားတွင် ဖိုးမို့ခေါင်းမဖော်နိုင်ရှာ။ ရှက်ကလည်းရှက်၊ အခံရ လည်းခက်လှတော့သည်။

ယခု ပြဿနာဖြစ်ရသည်မှာလည်း သူ့အပြစ်မဟုတ်၊ အေးကြည်မ၏ သဘောထားသေးသိမ်မှု ရှောမွှေးကို တရားဓာသီ ချဲ့သည့်ကိစ္စကြောင့်သာဖြစ်ရသည်မဟုတ်လား။

ဖိုးမိုတို့မနှစ်ကနွေမှာ ဘိုကလေးဘက်က အင်းချောင်းတွင် တစ်ရာသီစာ ပုတ်ပြတ်ငှား၍ ပိုက်ဆွဲသွားခဲ့၏။ တန်ဆောင်မုန်း နတ်တော် စပါးတွေမှုန်း၊ ကောက်ရည်နို့ချိဝင်ကာစအချိန်မှစ၍ တပေါင်းလတိုင်လို့ စပါးတွေရိတ်ပြီး သိမ်းပြီးချိန်၊ စပါးကျီ၊ စပါးပုတ်ထဲရောက်ချိန် သော်ကတဘုရားပွဲကြီးနီးချိန်တော့မှ ရွာကိုပြန်လာခဲ့သည်။

ငါးမြွေထိုးရှောကလည်းကောင်း၊ အထိအမိကလည်း များလေသဖြင့် ငွေလေးကြေးလေး အတော်စုဆောင်းမိခဲ့၏။ အခု အေးကြည်မ ဝတ်ထားသည့် နားကပ်ကလေးရယ်၊ ကျောက်နီလက်စွပ်ကလေးရယ်၊ သမီးကလေးနားက နားကွင်းလေးရယ် တောင် ဝယ်နိုင်သေး၏။

အဲသည်တုန်းကတော့ အေးကြည်မတို့ ပျော်နေလိုက်ပုံများ မော်နေလိုက်ပုံများ၊ ဖိုးမိုကို ရှိသေလိုက်ပုံများ ခုနေတွေးကြည့်လျှင်တောင် မြင်ယောင်နေမိလေသေးသည်။ ဖိုးမိုက ရေချွေးဟောဆိုကျိုပြီးသား၊ ထမင်းဟောဆို ခူးပြီးသား၊ ယောကျ်ားမကြီးကရော ဘာထူးလို့လဲ၊ ငါးတွေချဉ်ရည်ကလေးချက်ချက်၊ ငါးမြွေမလက်တစ်ဝါးလောက်ကို နံ့နံ့ပင်နိုင်နိုင်အုပ်ပြီးချက်ချက်၊ ငါးသလောက်ဥလေးပဲ ကြော်ကြော် ... သမက်အတွက် ဖယ်ပြီးသား၊ အဆင်တိုမြေလို့။

ဟော အခုနှစ် မိုးကုန်လို့ ဆောင်းဦးတောင်ပေါက်ဖို့ကြံတုန်း ဆီးနှင်းတစ်ပြိုက် မိုးတလိုက်နှင့် စရိုက်ကယ်ဘာသာ၊ တောတစ်ခွင်မှာ မြူနိုးဖြာတုန်းရှိသေး၊ ဘိုကလေးက အင်းပိုင်ရှင်တွေ၊ အင်းသားတွေ ဖိုးမို့တို့ရွာကလေးဆီ ပေါက်ချလာပါရောလားလေး။

သည်နှစ်မှာလည်း သူတို့အင်းချောင်းတွေမှာ ပိုက်ဆွဲလာကြဦးမှာ၊ လာမယ်ဆိုလျှင် ဈေးညှိဖို့ စရန်ရိုက်ဖို့ စာချုပ်ချုပ်ဖို့ စသည့်အလုပ်တွေလုပ်ကြဖို့လေ။ မနှစ်ကတည်းက လက်တွဲဖူးပြီးသားအင်းသားနှင့် တံငါသည်သံယောဇဉ်တွယ်နေကြပြီကိုး။

မနှစ်က ပိုက်သွားဆွဲကြတဲ့ ငါးမြွေထိုးလှေငါးစင်းမှာ ဖိုးမို့ကခေါင်းဆောင်ဖြစ်ပြီး ကျန်ပိုက်လှေအားလုံးက ဖိုးမို့ရဲ့စကားတစ်ခွန်းပဲဆိုတော့ လူကလည်းညီသည်။

ကလိမ်ကကျစ်မရှိ တစ်ရာသီလုံး အဖုအထစ်အငြိအစွန်း နတ္ထိနှစ်ဦးနှစ်ဖက် ပီတိတွေတဝေဝေနှင့် စီးပွားတွေဖြစ်ခဲ့ကြသည်။

သုံးလေးငါးလဆိုသလို သူများရပ်၊ သူများရွာမှာ တည်းခိုနေထိုင်ပြီး ငါးရှာငွေရှာရသည်ဖြစ်၍ ရွာနေပြည်ထိုင် ရွာခံတွေနှင့်သင့်မြတ်ဖို့လိုပေသည်၊ အဆင်ပြေဖို့လိုပေသည်။ သူစည်းကိုယ်စည်း လူမှုရေးစည်းတွေရှိထားဖို့လိုသည်။

ပိုက်လှေငါးစင်းမှာ ယောကျ်ားချည်း ဆယ်ယောက်တောင်ပါသည်ဖြစ်၍ မိန်းမကိစ္စရှုပ်ထွေးတတ်သည်။ တခြားဘာကိစ္စတွေဖြစ်ဖြစ် ဖြစ်လာလျှင် ရှင်းရလွယ်သေးသည်။ အဲသည် မိန်းမကိစ္စရှုပ်လာမှဖြင့် အဖေတွေ၊ မောင်တွေ ဦးရီး၊ ဦးလေးတွေပါလာမည်။

ရွာခံကာလသားတွေလည်း ပါလာမည်။ တုတ်တပြက် ဓားတပြက်လည်း ဖြစ်လာကြတော့မည်။

သည်လိုကိစ္စတွေမျိုးတွေ ရှိလာတတ်လို့လည်း ခရီးဝေးကို ထွက်တော့မည်ဆိုလျှင် လူရွေးကြရသည်။ ပိုက်သူကြီးတိုင်းက ကိုယ့်လူငှားကို တာဝန်ခံကြရသည်။ ခြေစလက်စရှိသူ၊ “ဇ” ရှိသူများကို ခေါ်မသွားရဲကြ၊ တော်တော်ကြာ သူကြောင့်ကိုယ်ပါ နံနက်မိုးလင်းလျှင် မျက်နှာသစ်စရာမရှိဘဲ ဖြစ်သွားနိုင်သည်မဟုတ်လား။

မနှစ်က ဖိုးမိုခေါင်းဆောင်သောအဖွဲ့တွင် လူမှုရေးပြဿနာကင်း၏။ ငွေကြေးအရှုပ်အရှင်းကင်း၏။ ဒါကို အင်းပိုင်ရှင်တွေက သဘောကျ၏။ ထို့ကြောင့် ယခုနှစ်အလုပ်လုပ်ရန် လက်တွဲ၍ စီးပွားရှာရန် ရွာသို့လိုက်လာကြခြင်းဖြစ်၏။ ဘာများဆန်းသနည်း။

ဆန်းတာတစ်ခုတော့ရှိသည်။ လာသည့်စည်သည်တွေထဲမှာ မတင်တင် ပါလာတာကတော့ ဆန်းသည်ဟုဆိုလျှင် ရ၏။ မတင်တင်သည် အင်းသူကြီးမဟုတ်၊ အင်းသူအင်းသားမဟုတ်၊ အင်းသူကြီးကတော်မဟုတ်၊ သို့ဖြစ်၍ ထူးဆန်းသလိုရှိ၏။

အင်းသူကြီးတွေက ဖိုးမိုတို့နှင့် တစ်ရာသီ ရေကုန်ရေခန်း စာချုပ်ချုပ်ဆို၍ ဈေးနှုန်းညှိနှိုင်းပြီးသောအခါ သူတို့ကိစ္စ တစ်ခန်းရပ်၏။ သည်မှာတင် မတင်တင် အခန်းကဏ္ဍစသည်။

ရေထွက်ပစ္စည်းဖြစ်သော ငါး၊ ပုစွန်တွေကို စားသုံးသူထံ အရောက်ပို့ပေးဖို့ မတင်တင်တို့လို လူမျိုးတွေက မရှိမဖြစ်အမှန်ကို လိုအပ်၏။

ဖိုးမိုတို့ပိုက်လှေတွေ နေ့စဉ်ဖမ်းမိ၍ရလာသော ငါးတွေပုစွန်တွေကို မြို့ဈေး၊ ငါးဒိုင်များသို့နေ့စဉ်သွားရောက်၍မရောင်းနိုင်၊ ဝေးသည်။ တစ်ရေတက်တစ်ရေကျခရီးဖြစ်၏။ ထိုအခါ အင်းချောင်းတွေအထိ ကုန်လာကောက်သည့်ငါးဒိုင်စက်လှေတွေမှာ ရောင်းရတော့သည်။

ကုန်လာဝယ်သော ငါးဒိုင်စက်လှေတွေကလည်း စက်လှေပေါ်မှာ ရေခဲတွေတင်လာကာ ချက်ချင်းရေခဲစိုက်ရ၏။ ကုန်များများလိုချင်သောငါးဒိုင်တွေ အပြိုင်အဆိုင် ကုန်လာဝယ်ကြ၏။ စက်လှေခ၊ ဒီဇယ်ဆီဖိုး၊ အလုပ်သမားစရိတ်ကာမိစေရန် ကုန်များများရမှဖြစ်မည်။ ထိုအခါ ပင်တိုင်ဖောက်သည်မွေးထားရတော့၏။ ငွေကြိုယူမလား၊ ပိုက်အသစ်ဝယ်ချင်သလား၊ လှေအသစ်ယူမလား၊ နေ့စဉ်စားသုံးနေရသည့် ဆန်ဆီဆား၊ ဆေးလိပ်ဆပ်ပြာကအစ တာဝန်ယူထုတ်ပေးမည်။ တစ်ရာသီပြီးတော့မှ စာရင်းရှင်း၊ နောက်နှစ်ခါအတွက် ကြိုတင်အသုံးယူချင်သေးသလား ရမည်။

ဖိုးမိုတို့ရောင်းသူတွေဖက်ကလည်း ငါးဒိုင်တွေအသီးသီးရှိသည့်အထဲက ဈေးမှန်သူ၊ အလေးမှန်သူ၊ ဆက်ဆံရေးပြေပြစ်သူ၊ တစ်ရာသီကုန်လျှင် ငွေမှန်မှန်ရှင်းပေးနိုင်သူ၊ ကြိုတင်ငွေထုတ်ပေးရန်လက်လွယ်သူ စသည့်အချက်တွေနှင့်ချိန်ထိုးကာ ဖောက်သည်လုပ်ထားရ၏။

လူတွေဆိုတာ ပြောရတာခက်သည်။ ငါးဒိုင်တွေဘက်ကညစ်တာလိမ်တာရှိသည်။ တံငါတွေထဲမှာလည်း အားလုံးက

လူကောင်းချည်းမဟုတ်၊ သည်တော့ ဆန်ပေးမှဆေးရ သမီးပေးမှ သမက်ရ ကောင်းတယ်နော် ဆက်ဆံ၊ မကောင်းဘူးနော် လက်လန် သဘာဝပါ။

မတင်တင်ဆိုတာ မနှစ်ကမှ ငါးလုပ်ငန်းထဲ ဝင်လာသူ၊ ဖိုးမို တို့အဖွဲ့နှင့် တစ်ရာသီလုံး လက်တွဲဖူးခဲ့သူဖြစ်သည်။ အသက်က တော့ သုံးဆယ်ဝန်းကျင်လောက်ရှိလိမ့်မည်။ မသကာကျော်လှ နှစ် နှစ် သုံးနှစ်လောက်ပဲရှိမည်။ မိန်းမရှည်သန့်သန့်၊ ကိုယ်လုံးကိုယ် ပေါက်လှလှနှင့် စတိုင်ကျကျနေတတ်သူဖြစ်သည်။ သိရသလောက် အိမ်ထောင်ဆုပ်ဆုပ်ကိုင်ကိုင်မရှိ။ မြို့က သူဌေးတစ်ယောက်ရဲ့ နံပါတ်ဘယ်လောက်လိုလိုကြားရသည်။

ဒါတွေသည် ကိုယ်နှင့်မဆိုင်သည့်အပိုင်းတွေဖြစ်၍ ဖိုးမို စိတ် မဝင်စားပါ။ ကိုယ်နှင့်ပတ်သက်သည့် အပိုင်းတွေမှာတော့ တော်တော် ကောင်းသည်ဟုပြောရမည်။ ငါးဒိုင်လုပ်တာ တစ်နှစ် မပြည့်သေးမီကာလအတွင်း ဘဝန်းသမား၊ ချွဲသမား၊ တန်းသမား အင်းသမားတွေ အတော်များများကို အုပ်စီးထားနိုင်ခဲ့သည်။

အခုလည်း ဖိုးမိုတို့ရွာကလေးကို လိုက်လာစရာ သူ့အလုပ် မရှိ။ သို့သော် လက်ဆောင်တွေ၊ မုန့်ပဲသရေစာတွေ၊ အဝတ် အထည်တွေ တစ်နှင့်တစ်ပိုးနှင့် ကိုယ်ပိုင်ပဲ့ထောင်နှင့် တပည့် တပန်းတွေ တစ်ပြုံကြီးနှင့် တခမ်းတနားလာခဲ့သည်။

နောက်ဆုံးတော့ မနှစ်ကလက်တွဲဖူးသူ ဖိုးမိုတို့အဖွဲ့သားမကာ ရွာထဲမှာ နောက်ထပ်ပိုက်လှေဆယ်စင်းပါ ဘိုကလေးအနီးအနား

မှာ ငါးမြှေထိုး တစ်ရာသီပိုက်ဆွဲကြမည်။ ရလာမည့်ကုန်တွေကို လည်း မတင်တင်ရဲ့ပိုင်မှာပဲ သွင်းကြမည်ဟု ကတိပေးပြီးပြီ။ စာချုပ်ပြီးပြီ၊ အချို့ဆို ကြိုတင်သုံးငွေတွေပါ ယူပြီးကြပြီ။ အားလုံးအဆင်ပြေကြပြီ။

◈ ◈ ◈

အဆင်မပြေတာက ဖိုးမှိုပဲဖြစ်သည်။ မတင်တင်နှင့် အင်းပိုင်ရှင်များ ဦးတည်ပြီးလာကြတာက မနှစ်က ပိုက်လှေငါးစင်း၏ ဦးဆောင်ဦးရွက်ဖြစ်သူ ဖိုးမှိုထံကိုပဲဖြစ်သည်။ သို့ဖြစ်၍ သူတို့တစ်တွေကို ဦးဆောင်၍၊ တာဝန်ယူ၍ စည်းခံဖို့တာဝန်သည် ဖိုးမှို၏တာဝန်သာ ဖြစ်သည်။

မတင်တင်တို့အဖွဲ့ ဖိုးမှိုတို့ရွာမှာ သုံးညအိပ်၊ လေးရက်နေသွားခဲ့စဉ်အတွင်း နေရေးထိုင်ရေး၊ စားရေးသောက်ရေး အစစအဆင်ပြေအောင် တာဝန်ယူခဲ့ရသည့် ဖိုးမှိုတစ်ယောက် စိတ်ညစ်လှသည်။

တောရွာနေ သာမန်လက်လုပ်လက်စားများပေမို့ ဘယ်နှယ်ခြောက်ယောက်၊ ခုနစ်ယောက်စာ အိပ်ရာခေါင်းအုံးရှိမှာလည်း။ ထို့ကြောင့် တတ်နိုင်သည့်အိမ်တွေမှ ဖျာတွေ၊ ခေါင်းအုံးတွေ၊ စောင်တွေငှားရ၏။ ထမင်းစားပွဲခုံတွေ၊ ကြွေပန်းကန်ပြားတွေ၊ ဇွန်းတွေအစရှိသည့် ပစ္စည်းတွေကိုတော့ ကျေးရွာကလေး၏ ရွာဦးကျောင်းက သယ်ကြရသည်။

တောရွာဆိုတာ မြို့မှာလို ဟင်းကျွေးဝယ်ခြမ်းရန် ဈေးမရှိ အင်းသားကြီးများ၊ ငါးပိုင်ပိုင်ရှင်များကို ချောင်းကလေးထဲမှ ဖမ်းလို့ရသည့် ငါးနုပ်ငါးမွှဲ၊ ပုစွန်သေးသေးကလေးများနှင့် ကျွေး၍ မဖြစ်။ ထို့ကြောင့် လက်လှမ်းမီရာ နိုင်ရာပိုင်ရာအိမ်တွေဆီက ကြက်၊ ဘဲ၊ မန်ဒါလီစသည့် တောဟင်းကောင်တွေ ရှာရဖွေရ ဝယ်ရခြမ်းရနှင့် အဆင်မပြေသည့်အဆုံး အိမ်မှာမွေးထားသည့် ဥလက်စ ကြက်မကြီးနှစ်ကောင်ပါ အဆစ်ပါသွားလေတော့၏။

ပြန်ခါနီးမှာလည်း မတင်တင်က ဖိုးမှိုနားကပ်၍ တိုးတိုးတိုးတိုးနှင့် မှာသွားခဲ့၏။ မတင်တင်တို့ ပဲ့ထောင်စက်လှေကလေး ဖိုးမှိုတို့ရွာကလေးက တဖြည်းဖြည်း ဝေးဝေးသွားသည့်အချိန်မှာတော့ ပြဿနာအရှုပ်အထွေးကြီးက ဖိုးမှိုနှင့်တဖြည်းဖြည်းနီးနီးလာလေပြီ။

အရင်ဆုံးစသည့်ပြဿနာက ကြက်မကြီးနှစ်ကောင်ကိစ္စဖြစ်၏။ ထိုကြက်မကြီးသည် ဖိုးမှိုကြက်မကြီးများမဟုတ်တာ။ အခုမှ ဖိုးမှိုသိရ၏။ သို့သော် နောက်ကျသွားပါပြီ။

မြေးတွေအတွက် ခမည်း (ခမဲ) ပေးထားသော ကြက်တွေဖြစ်သတဲ့၊ အငယ်မြေးနှစ်ကောင် တပိန့်ပိန့် တလိမ်လိမ်နှင့် ချူချာနေတာ ကြက်နက်မတစ်ကောင်စီ ဘွားအေက ခမည်းပေးတော့မှ ဒေါင်ဒေါင်မြည် ကျန်းမာသွားတာတဲ့။ ဘုရား ... ဘုရား။ ဖိုးမှို ဘုရားတမိတော့၏။ ရာဇဝတ်အိုးမှ တုတ်နှင့်သွားထိုးမိပါပကောလား။

ပြီးတော့ ဧည့်သည်တွေများလွန်း၍ "မင်းအမေအိမ် ကလေးတွေနှင့်သွားအိပ်ကွာ" ဟု အေးကြည်မကိုပြော၍ သူတို့အိမ်မှာ ဧည့်သည်တွေ ညအိပ်စေတာကလည်း ယောက္ခမကြီးက မကျေနပ်ဖူးဆိုပါလား။

ဒါတင်လားဆိုတော့လည်း မဟုတ်သေးပါ။ ပြန်ခါနီး မတင်တင်က ဖိုးမိုးနားကပ်၍ တီးတိုးမှာနေတာကိုလည်း ဘယ်နေရာက ချောင်းကြည့်၍ ယောက္ခမကြီးတွေ့သွားသည်မဆိုနိုင်။

မတင်တင်တို့ ပွဲတောင်ကလေး စက်သံတထုန်းထုန်းနှင့် ဝေးသွားချိန်မှာသာ သားအမိနှစ်ယောက် ခြေသံတဒိုင်းဒိုင်းမြည်အောင် ဆောင့်လို့ ဘီလူးမနောင့်ပေါက်သလို ကြမ်းတမ်းလှစွာ အိမ်ပေါ်တက်လာခဲ့ကြပြီ။ မျက်နှာမှာ မယ်ကုဝဏ်မျက်နှာဖုံးတွေတပ်လို့ လည်ချောင်းထဲမှာ လော်စပီကာထည့်လို့ ဖိုးမိုးကို ဟောက်ကြ၊ ဟိန်းကြ၊ စိန်ကြ၊ ဆဲကြလေတော့၏။

◈ ◈ ◈

စစ်ဆေးမေးမြန်းတယ်ဆိုတော့လည်း ဖိုးမိုးမှာ ဘာမှ မဟုတ်တာလုပ်ထားတာ မရှိပါဘဲလျက် ကျေရာကျေကြောင်း တောင်းပန်ဖြေရှင်းရပြန်၏။

တကယ်တော့ လူကြီးမိဘဟူသည် ကြီးတဲ့အမှုသေးအောင်၊ သေးတဲ့အမှုကို ပပျောက်ကျေအေးအောင် လုပ်နိုင်ထုံးစံရှိသော်ငြား

ဖိုးမှိုယောက္ခမကြီးကတော့ တောက်လောင်စမီးဖိုထဲ ခုတ်ဆီနှင့်လောင်းတော့၏။ မီးလောင်ရာလေပင့်တော့၏။

"ဟဲ့အကောင်ရဲ့၊ ငါ့သမီးက ဟုတ်တာမှန်တာတွေပြောတော့ နင်က မခံနိုင်ဘူးပေါ့၊ နင့်ဟာနင် မှန်တာက အရေးမကြီးဘူး ငါ့မြေးလေးတွေအတွက် ခမည်းပေးထားတဲ့ ကြက်မတွေ သတ်ကျွေးရလောက်အောင် ဘာကောင်မို့ အရေးပါနေရတာတုံးဟဲ့ ... ငါတို့ မျိုးရိုးထဲမှာ ဒီလိုအကျင့် မရှိဘူးဟဲ့၊ ဘယ့်နှယ့်တော် ဟိုက လိုက်လာတာနဲ့ ငါ့သမီးနဲ့မြေးတွေကို အိမ်ပေါ်က နှင်ချထားရက်လိုက်တာ၊ ဒီမှာသမီး ... ဒီလိုလင်မျိုး အရေးလုပ်မနေနဲ့၊ ဝင်းထက်သာတာ ငါရှာပေးမယ်ဟဲ့ ... ခုချက်ချင်း အိမ်ပေါ်ကဆင်းခဲ့"

ကဲ ... ကြည့်စမ်း၊ မိဘအရာ ထားထိုက်တဲ့ ယောက္ခမ ဟုတ်လား၊ မဟုတ်ဘူးလားဆိုတာ ပြန်ပြောပြန်ရင်လည်း သည်ထက် ယုတ်ယုတ်မာမာ ညစ်ညစ်ညမ်းညမ်းစကားတွေ ထွက်လာမှာ သေချာလှသည်။ ဖိုးမှိုသည် တစ်ကောင်ကြွက်မဟုတ်၊ သည်ရွာထဲမှာပင် မိဘတွေ၊ ညီအစ်ကိုမောင်နှမတွေရှိကြ၏။

အေးကြည်မတို့သားအမိကို မျက်နှာချင်းမဆိုင်ချင်ကြ၍ သည်းခံနေကြခြင်းဖြစ်၏။ တော်တော်ကြာ သူ့ဘက်ကိုယ့်ဘက် ယော်ကျိုးယော်နာတွေ ဖော်လာကြလျှင် ခက်ကုန်ကြလိမ့်မည်။ ထို့ကြောင့် "တောက်" တစ်ချက်ပြင်းပြင်းခေါက်ကာ အိမ်ပေါ်မှ ဆင်းလာခဲ့ခြင်းဖြစ်သည်။

မတင်တင်သည် ကုန်သည်ဗိုဗို ဖိုးမှိုကို လှယုံမှေးခြင်းသာဖြစ်၏၊ ဖိုးမှိုတို့ရွာမှာ သူပေးထားခဲ့သောငွေတွေက မနည်းလှ၊ ဒါကြောင့်ပင် ငါးမြေထိုးရာသီတွင် သူ့ဆီမသွင်းဘဲ အခြားဒိုင်တွေမှာ ရောင်းချသော ပိုက်လှေတွေရှိပါက သူ့ဆီအမြန်အကြောင်းကြားရန် တီးတိုးမှာခဲ့ခြင်းသာဖြစ်၏။ သူ့အဆင့်အတန်းနှင့် ဖိုးမှိုလိုလူမျိုး မှန်းမည်တဲ့လား။ ဒါကို ဒေအကြည်မတို့သားအမိက သဘောမပေါက်။

◈ ◈ ◈

သည်ကနေ့ ရေတက်ဦးတွင် ဖိုးမှိုတို့ပိုက်လှေတွေ ခရီးထွက်ဖို့ပြင်ဆင်နေကြပြီ။ စိမ်းပြာပြာမြစ်ရေပြင်ပေါ် လျှပ်တိုက်ပြေးလွှားလာတဲ့ လေညင်းကလေးက တသွဲ့သွဲ့ တသုန်သုန်မြူးလို့ ကမ်းစပ်က လမုပင်ဖျားကလေးတွေ၊ ဓနိမခပင်တွေကလည်း လေနှင်ရာဘက်ဆီ နွဲ့လိုက်ယိမ်းလိုက်၊ ရွက်ဖိုကလေးတွေ ခါချလိုက်နှင့် ယိမ်းသမငယ်ကလေးတွေလို မြူးလို့ပျော်လို့။

ခရာချုံပေါ်မှာ နားနေတဲ့ ပိန်းညှင်းကလေးတစ်ကောင်ကတော့ ခေါင်းကလေးတငြိမ့်ငြိမ့်နှင့် ပိုက်လှေကလေးတွေကိုငေးလို့ ရေတက်ဦးကလေးပေမို့ သူတို့သွားကြမည် မြစ်မကြီးထွက်ပေါက်ဆီ အလိုက်သင့်ရေစုန်ကလေး လှော်နေကြရသည်။

နေ့ဦးကာလဖြစ်၍ မြစ်ထဲ ချောင်းထဲတွင် လှိုင်းကြမ်း၊ လေရှိုင်းတွေက ကြမ်းကြမ်းရမ်းရမ်းမရှိ ဗေဒါဖိုကလေးတွေက

တော့ မြစ်ရေသွဲ့သွဲ့တွင် ပန်းပြာပြာကလေးတွေကိုပန်ပြီး တန့်န့်န့် မျောပါလျက်ရှိသည်။ သောင်ခုံညိုညိုပေါ်မှာတော့ ဖျိုင်းကလေး တွေ တလှမ်းချင်းလှမ်းကာ အစာရှာနေကြဆဲရှိ၏။

ဖိုးမိုတို့လှေကလေးတွေသည် တစ်စင်းနှင့်တစ်စင်း ရင်ပေါင် တန်းလျက် တချို့ ရှေ့နောက်တစ်သွယ်၊ မြစ်ပြင်ကျယ်ကြီးတွင် တရွေ့ရွေ့သွားနေကြသည်မှာ ဟိုး ...မိုးကောင်းကင်ပြာပြာကြီးပေါ် မှာ တင်ကြီးငှက်တွေ အုပ်ဖွဲ့ပျံသန်းသွားနေသကဲ့သို့ ကြည့်၍ပင် ကောင်းသေးတော့၏။

မနှစ်တုန်းက သွားခဲ့ကြသည်မှာ ဖိုးမိုခေါင်းဆောင်သော ပိုက် လှေကလေး ငါးစင်း၊ သည်နှစ်တော့ နောက်ထပ်ပိုက်လှေဆယ်စင်း ထပ်ပါလာသဖြင့် စုစုပေါင်း တစ်ဆယ့်ငါးစင်း။ စုစုဝေးဝေးကြီးဖြစ် ၍ ပျော်စရာပင်ကောင်းသည်။ သည်ပိုက်လှေတစ်ဆယ့်ငါးစင်းတွင် ဦးဆောင်ဦးရွက်ပြုသူက ဝါရင့်သမ္မာရင့် ဦးသာခင်ဖြစ်၏။

ဖိုးမိုတို့အဖေနှင့် သူငယ်ချင်းဖြစ်၏။ ပိုက်လှေကလေး တစ်ဆယ့်ငါးစင်းရှိ လှေပေါင်းသုံးဆယ်စလုံးက အားလုံးသဘောတူ ခေါင်းဆောင်တင်ထားခြင်းဖြစ်၏။ စကားပြောကလည်းကောင်း၊ မှတ်သားစရာပုံတိုပတ်စတွေလည်း အပြောကောင်းလှသည်။ လူငယ်တွေကို ဆုံးမသည့်အခါမှာလည်း နင်ပဲငဆမပြောဘဲ သိမ်သိမ်မွေ့မွေ့နှင့် နားဝင်အောင်ပြောတတ်သည်။ သို့ဖြစ်၍ အားလုံးက ချစ်ခင်ကြည်ညိုကြသည်။

ကျွဲမငေးအောက်ဘက် မြစ်ကြီးကွေ့ကိုရောက်တော့ မှောင်နေပြီ။ လေစုန်ရေစုန်တွင် လျှော်လာရသည်မို့ လှသိပ်မပင်ပန်းလှသော်လည်း ဆာနေကြပြီ။ သို့နှင့်ပင် မြစ်ကွေ့ရေသာချောင်ကောင်းကောင်းမှာ လှေတွေကပ်ကြ၊ ကြိုးချည်ကြ၊ မီးခွက်မီးအုပ်တွေထွန်းကြ၊ လှေချင်းပူးကပ်ပြီး ပါလာသည့် ထမင်းအိုး၊ ဟင်းအိုးတွေထုတ်ကြ၊ မီးအမြန်ဖိုကာ ရေနွေးကြိုသူက ကြိုကြနှင့် အလုပ်ရှုပ်နေကြသည်။

ပိုက်သူကြီးကတော်တွေ ချက်ပြုတ်စီစဉ်ပေးလိုက်သည့်အတွက် သည်ကနေ့ညစာကတော့ ဟင်းကောင်းကြပေလိမ့်မည်။ နောက်နေ့တွေမှာတော့ ပုစွန်ရုတ်မှုံးကြော်နှင့်ဖြစ်ဖြစ်၊ ငါးဖောင်မြိုတံငါချက်ကလေးနှင့်ဖြစ်ဖြစ်၊ ကမ်းစပ်ချုံပုတ်တွေမှာ အလေ့ကျပေါက်နေသည့် စိန်သဘောတို့ ငုက်ကြီးတောင်တို့ ဂုံမင်းတို့ ဖရုန်နီတို့ အလိုလေးညွန့်တို့စသည် လက်တစ်ကမ်းဟင်းချိုတွေ တို့စရာတွေနှင့် စခန်းသွားကြရလိမ့်မည်။

◈　◈　◈

"ထည့်စားစမ်းပါကွ၊ ဖိုးမှိုရ အများကြီးချက်လာတာ . . . အားမနာနဲ့နော်၊ ကိုသိန်းရွှေကြီးခိုတ်လာတဲ့ ငွေဖားဆုဆုကြီးတွေ ဝယ်ပြီး မိန်းမက စပါးလင်များများ၊ ငရုတ်သီးစပ်စပ်နဲ့ ချက်လာတာ စားကွာ၊ နောက်နေ့တွေတော့ ရောက်ယားပေါ့ကွာ"

"ဟော့ကောင် ဖိုးမို၊ နိုက်စမ်းပါကွ၊ ဘကြီးရွှေမောင်း ဖျဉ်းမပင် ဝဲကွေ့ကရလာတဲ့ ငါးတွေဆူဆူကြီးတွေကို မန်ကျည်းမှည့်နဲ့ချဉ်စပ်ကလေး မိန်းမချက်ပေးလိုက်တာဟေ့"

"ငါကတော့ အထွေအထူးမဟုတ်ဘူးပေါ့ကွာ၊ အိမ်က အဘွား ကြီးကိုယ်တိုင်သိပ်ထားတဲ့ ငါးခူငါးပိကောင်ကို ခရမ်းသီးခြောက် ကလေးနဲ့ ကြော်ပေးလိုက်တာပါတယ်။ ထည့်စားကြဟေ့" ဟု အဘ ဦးသာခင်နှင့်တကွ တစ်ရွာတည်းသားတွေက ပါသမျှ ဟင်းတွေ ချပေးကြသည်၊ အတင်းထည့်ပေးကြသည်။

ကိုရွှေမောင်ကလည်း အားကျမခံ "စားကြဟေ့ စားကြကွ၊ ငါကိုယ်တိုင် ကွမ်းသီးချောင်းဖျားတမံထဲက နိုက်လာတဲ့ ငါးရှဉ့်ပါးနီ ကြီးတွေကို ငွေးဖူးကလေးနဲ့ချက်လာတဲ့ဟင်းကွ၊ မိန်းမက ချဉ်ဖန်ဖန်ကလေးချက်ပေးလိုက်တာ အားပေးကြပါဦး" ဟုဆိုကာ အတင်းခပ်ထည့်ပေးပြန်၏။

သူများတကာတွေ ထည့်ပေးသည့်ဟင်းတွေသည် ဖိုးမို၏ ပန်းကန်ထဲမှာအပြည့်အမောက်ဖြစ်နေပြီ။ သူတို့ကို ပြန်ထည့်ပေး စရာ ဘာတစ်ခုမှပါမလာသည့်အတွက် ရှက်လည်းရှက်သည်၊ အိမ်ကမိန်းမကိုလည်း စိတ်ထဲကနာလေသည်။

"စားပါကွာ ... ဘာမှ စိတ်မကောင်းဖြစ်မနေနဲ့၊ လင်နဲ့ မယားဆိုတာ သည်လိုပါပဲကွ၊ ကိုက်မိတဲ့အခါ ကိုက်မိ၊ တိုက်မိတဲ့ အခါ တိုက်မိ၊ ညီကြတာလည်းရှိတာပေါ့ကွာ ... စား ... စား"

အဘဦးသာခင်က အတင်းတိုက်တွန်းတော့မှ ဖိုးမိုမနေသာတော့ဘဲ မြစ်ရေထဲမှာ လက်ဆေးလိုက်သည်။ ထမင်းတစ်လုတ်ကို ဟိုဆုပ်သည်နယ်လုပ်ရင်း ခံစားချက်တွေ ပွင့်ထွက်လာတော့၏။

"ကျွန်တော်စိတ်မကောင်းလို့ပါဘကြီးရယ်။ ကျွန်တော့်အဖေနဲ့ ဘကြီးဟာ သူငယ်ချင်းတွေဆိုတော့ ကျွန်တော်ဟာ ဘကြီး လက်ပေါ်မှာကြီးလာခဲ့တာဆိုရင်လည်း မမှားပါဘူး။ ကျွန်တော့် အကျင့်စာရိတ္တတွေကိုလည်း ဘကြီး အားလုံးသိတာပါပဲ။ ကျွန်တော် ဘာတစ်ခုမှ အမှားမလုပ်ရဘဲနဲ့ အစွပ်စွဲခံရပြီး သားအမိနှစ်ယောက်စလုံးက စော်ကားနေကြတာ သည်းမခံနိုင်တော့ဘူးဗျာ"

ဘကြီးသာခင်ကတော့ ဘာမှပြန်မပြော၊ ဖိုးမိုစိတ်ထဲရှိတာတွေ ခံစားချက်တွေ ပြောစမ်းပလေ့စေဆိုသည့်သဘောနှင့် ငြိမ်၍ နားထောင်နေသည်။

"ဘကြီးစဉ်းစားကြည့်လေ သူ့အမေ သွေးထိုးပေးတာတွေ အဟုတ်ထင်ပြီး ကျုပ်ကို ရန်လုပ်တာ၊ အခု ခနိုးထွက်တော့မယ်ဆိုတာ သိရက်သားနဲ့ အိမ်ကိုလည်း ပြန်မလာဘူး၊ ဘာတစ်ခုမှလည်း လုပ်မပေးဘူး၊ ဟင်း ... ဟင်း ... သည်တစ်ခေါက် ပြန်ရင်တော့ ခင်းနဲ့ကျုပ် အပြတ်စာရင်းရှင်းရမှာပဲ"

"ဟောကောင် ဖိုးမို ... မင်းက မိန်းမကို အလျှော့ပေးလွန်းတာကိုး၊ ငါတို့လိုကောင်ကို ဒီလိုအချိုးမျိုး လာချိုးလို့ကတော့ ဒီလိုဒီလို ပေးလိုက်မယ်ဟေ့" ကိုတင်အုံးက ထမင်းလုံးတွေပေနေတဲ့လက်နှင့် ဘယ်ပြန်ညာပြန် ရိုက်ဟန်လုပ်ပြသည်။

"ဟာ ... သူ့မိန်းမ အေးကြည်မက တော်တော်ရယ်ကွ၊ သူ့အမေကြီးက ဝင်ပြီးကဲနေတာကွ၊ ဒီလိုယောက္ခမမျိုး ငါနဲ့တွေ့ချင်လိုက်တာကွာ" ကိုညိုက ဝင်ပြောသည်။

"ဒီကောင့်ကိုတော့ ပြောမနေပါနဲ့ကွာ၊ ယောက်ျားရင့်မကြီးဖြစ်ရက်သားနဲ့ မိန်းမကြောက်တဲ့အကောင် ခံရတာနည်းသေးသဟေ့"

တစ်ယောက်တစ်ပေါက် ဝင်ပြောကြသောစကားတွေကို ဦးသာခင်ကတော့ တစ်တောင်လောက်ရှိသည့် ယပတီဆေးပေါ့လိပ်ကြီးဖွာရင်း နားထောင်လျက်ရှိ၏။ ဖွာလက်စဆေးလိပ်ပြာကိုပြာမကြွေစေရန် သံပန်းကန်ပြားပေါင်း ဆေးလိပ်ခွက်ထဲအသာချပြီး ...

"ဒါကတော့ ဒီလိုရှိတယ်ကွ" ဟု စကားစလိုက်လျှင် ဘေးနားမှာ ဝိုင်း၍ကိုယ်ထင်ရာကိုယ်ပြောနေကြသော စကားသံများ တိတ်သွားတော့၏။ ဘကြီးသာခင်စကားပြောလျှင် မှတ်သားရာတစ်ခုခုတော့ပါမြဲ ထုံးစံအတိုင်းဖြစ်၍ အားလုံးက စိတ်ဝင်စားကာ နားစွင့်နေကြသည်။ ကမ်းစပ်ချုံပုတ်တွေကြားမှ ခြေကြက်ကတော်သံနှင့် ဘုတ်အိုသံတို့သာ ကြိုကြားထွက်ပေါ်ကြသည်။

"ဣတ္ထိဝတ်၊ နဒီဝတ်လို့ ဆိုကြတယ်ကွ၊ အဓိပ္ပာယ်က မြစ်တို့သည် ကွေ့ကောက်၏။ ထို့အတူ မိန်းမတို့သည်လည်း မြစ်တို့ကဲ့သို့ပင် ကွေ့ကောက်တတ်ကြ၏လို့ ဆိုလိုတာပေါ့ကွာ။ အဲ ... နောက်ပြီးတော့လည်း မိန်းမဟူဘိ ထိုဣတ္ထိသည်၊ မရှိမကောင်း

ရှိမကောင်းနှင့် မပေါင်းလည်းခက် ပေါင်းလည်းခက်၏လို့လည်း ရှေးပညာရှိတွေဆိုထားကြသေးသကွဲ့။"

"အဲဒါမမှန်ဘူးလားအဘရဲ့ မိန်းမဖျက်ရင် ပြည်ပျက်ဆိုတဲ့ စကားတောင်ရှိသေးတာပဲ" ကိုရွှေဖောင်ကဝင်၍ လူတတ်ကြီးလုပ်ပြန်သည်။ ဘကြီးသာခင်ကတော့ ကိုရွှေဖောင်ကို တစ်ချက်လှမ်းကြည့်ပြီး စကားဆက်သည်။

"အဲသည်အဆိုအမိန့်တွေကို ငါကတော့ ပွင့်ပွင့်လင်းလင်း ပြောရရင် သိပ်ပြီး သဘောမတွေ့ဘူးကွ၊ ငါတို့ယောက်ျားတွေကရော အကုန်ဖြောင့် အကုန်ကောင်းလို့လား၊ ယောက်ျားတွေအားလုံးဟာ မိန်းမတွေထက်ကောင်းပါတယ်၊ ဖြောင့်ပါတယ်လို့ ဘယ်သူက အာမခံနိုင်လို့လဲ။ လူကိုလိုက်ပြီး ယောက်ျားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် ကောင်းတာဆိုးတာ ရှိကြတာပေါ့ကွာ ..." စကားကိုရပ်ပြီး ဘေးနားမှာဝိုင်းနေကြသူတွေကို ကြည့်ပြီး ပြုံးလိုက်သေး၏။ ပြီးမှ "မိန်းမတစ်ယောက် ယူမိတဲ့သူဟာ ငါးသလောက်တစ်ကောင် ဝယ်စားရတာနဲ့ သိပ်တူတယ်ကွ သိလား"

ဘကြီးသာခင်၏စကားတစ်ဝက်တစ်ပျက်မှာပင် လေ့ချွင်းကပ်၍ ဝိုင်းဖွဲ့နားထောင်နေသည့် ကာလသားလူပျိုပေါက် လေးငါးယောက်က "ဝါး" ခနဲ သဘောကျစွာ ရယ်ကြသည်။ "ဟား ဟား ဟား ... မိန်းမယူတာနဲ့ ငါးသလောက်ဝယ်စားတာနဲ့ ဘယ်လိုတူတာလဲအဘရဲ့ ပြောစမ်းပါဦး"

"ဟုတ်တယ်အဘ ရှင်းပြပါဦး" လူငယ်တွေက တစ်ယောက်တစ်ပေါက် ဝိုင်းအော်နေကြတာမို့ တောခြင်နိုင်းကြီးတွေ တစီစီ ပျံ့ဝဲလာကာ ဝိုင်းဖုံ့ကိုက်ခဲနေကြသည့်ဒဏ်မှ သက်သာစေရန် မီးဖိုကလေးထဲသို့ ကိုရုံကြီးပင်အလက်များ ထိုးထည့်ကာ အူထွက်လာသည့် မီးခိုးတွေကို ဘေးသို့ ယပ်ခပ်ထုတ်နေသော ကိုတင်အုံးက "မင်းတို့ကလည်း အသာနေစမ်းပါကွာ ... အဘ စကားပြတ်သွားပါဦးမယ်" ဟု လှမ်း၍ပြောက်သည်။

ပြာနောက်နောက်ကောင်းကင်ကြီးပေါ်တွင် တဖျတ်ဖျတ် လင်းလက်နေသည့် ကြယ်ကလေးတွေနှင့် ထိန်ထိန်သာနေသည့် လမင်းကြီးက သူတို့ပိုက်သမားတစ်စုကို ငုံ့ကြည့်နေကြသည်။

"'ငါးမှာ ငါးသလောက်၊ မယားမှာဆံတောက်' ဆိုတဲ့ စကားရှိတာ မင်းတို့လည်းအသိသားပဲဟာ၊ ငါးတကာ့ငါးတွေထဲမှာ ငါးသလောက်က စားလို့အကောင်းဆုံး၊ မယားတကာ့မယားထဲမှာလည်း ဆံတောက်ဖားဖား ထားရပြုတဲ့ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်ဟာ ... အဲ ... အဲ ဘယ်လိုပြောရမလဲ ... အင်းအကောင်းဆုံးလို့ဆိုချင်တဲ့သဘောပေါ့ကွာ"

ကာလသားကလေးတွေက အဘဦးသာခင်၏စကားကို နားထောင်ပြီး တခွိခွိ သဘောကျနေသလို အိမ်ထောင်သည်တွေကလည်း ဦးသာခင် စကားလုံးရွေးချယ်ရခက်နေပုံကိုကြည့်ပြီး ပြုံးစေ့စေ့ လုပ်နေကြသည်။

အဘဦးသာခင်ကို လူငယ်တွေ သဘောကျနေကြတာ၊ ချစ်နေကြတာ အဲဒါပဲဖြစ်၏။ တခြားအဘိုးကြီးတွေလို မှင်နှင့်မောင်းနှင့် ဟိန်းဟောက်၊ ဟန်လုပ်မနေဘဲ လူငယ်တွေနှင့်အလိုက်သင့် ရောရောနှောနှော ပြောကာဆိုကာနှင့်နေပြီး နားဝင်အောင် ဆုံးမတတ်၍ဖြစ်သည်။ ယခုပင်ကြည့် စိတ်ညစ်မှုန်တေနေသည့် ဖိုးမိုးပင် ရယ်စမောစ ပြုလာနေပြီ။

"မင်းတို့စဉ်းစားကြည့်စမ်း။ ငါးသလောက်ဆိုတဲ့ငါးဟာ ဘယ်လောက် အရိုးများတယ်ဆိုတာ၊ ခေါင်းတို့ ဖက်သားတို့ အမြီးပိုင်းတို့ဆို ဘယ်မှာလာစားစရာအသားရှိလို့တုန်း။ အဲ ... ကောင်းတာလေးတစ်ကွက်တော့ရှိသဗျား ... ငါးရဲ့အလယ်ပိုင်းလေး ... အထူးသဖြင့် ငါးရဲ့ဗိုက်သားလေးပေါ့ကွာ၊ အဲသည်နေရာက ဆူလည်းဆူသကွ၊ အရိုးလည်းမရှိသလောက်ပဲကွ။ ပြီးတော့ ဝင်းလို့ အိလို့၊ တကယ့်ကို အဆီတစ်ထပ် အသားတစ်ထပ်ပေါ့ကွာ၊ စားလို့များ ပြီးရင် မျက်တောင်ကလေးစင်းလာအောင် အိလည်းအိ ဆိမ့်လည်းဆိမ့်ဗျား ...

အေး ... ဒါပေမယ့် ငါးသလောက်တစ်ကောင်ဝယ်စားမယ် ဆိုရင်တော့ မင်းတို့ကို ဗိုက်သားချည်းပဲ လှီးပေးမှာမဟုတ်ဘူးလေ၊ အရိုးများတဲ့ခေါင်းတို့ ဖက်ပိုင်းတို့ အမြီးတို့လည်း မဖြစ်မနေ ပါလာတာပဲမဟုတ်လား။

ငါပြောချင်တာက ဗိုက်သားကလေးခဲ့ရတုန်းကတော့ ဇိမ်ကို တွေ့လို့၊ မျက်စိကလေးတွေမှေးလို့၊ အဆီယစ်လို့၊ ကိုယ့်အိမ်

ချည်သည်လာတာတောင် မကြိုက်ဘူးမဟုတ်လား။ အမိုးများတဲ့ ခေါင်းတွေ၊ အမြီးတွေကိုက်ရလို့ အမိုးစူးတော့မှ ထအော်နေလို့ ဖြစ်မလားကွ သည်းခံပြီး စားကြပေါ့ကွာ"

◈ ◈ ◈

နားထောင်နေကြသူတွေအားလုံး ငြိမ်ပြီးတွေးနေကြသည်။ သဘောတော့ သိပ်မပေါက်ကြသေးပေ။ အားလုံးဟာ ငါး၊ ပုစွန် ဖမ်းနေကြရသည့်တံငါတွေမို့ ငါးသလောက်အကြောင်းကောင်းကောင်း သိကြပါ၏။ သို့သော် ငါးသလောက်နှင့်ဆံတောက်မဟာ ဘယ်လို တူတာလဲဆိုတာကိုတော့ သူတို့ဆက်စပ်၍တွေးလို့ မရသေး။

ဖိုးမိုကလည်း အဘဦးသာခင်ပြောနေတာတွေဟာ သူ့ကို ဦးတည်ပြောတာဖြစ်သည်ကိုတော့ သိ၏။ သို့သော် မရှင်းသေး။ ကိုညိုကတော့ "ရှင်းရှင်းပြောစမ်းပါအဘရယ် . . . ကျုပ်တို့ နား မလည်သေးဘူးဗျ" ဟု ဝင်ပြောသည်။ ဦးသာခင်ကတော့ မည်းတူး နေသည့် ရေနွေးကြမ်းအိုးကြီးထဲမှ ခါးအန်နေသည့်အကျရည်တွေကို တဂွတ်ဂွတ်မော့သောက်နေသေးသည်။ ပြီးတော့ သူ့ဘေးမှာ ဝိုင်းပြီး ငါးသလောက်နှင့်ဆံတောက်မကလေး ဘယ်လိုတူတာ လဲဆိုတာ သိချင်နေသည့်ပိုက်သမားတွေကို တစ်ယောက်ချင်း လိုက်၍ကြည့်နေသေးသည်။

နီကျင်ကျင် ဒီဇယ်မီးခွက်အလင်းရောင်အောက်တွင် ဗိုက်သမားတွေ၏မျက်လုံးတွေက သိချင်စိတ်ဖြင့် ဖိတ်ဖိတ်လက်နေကြသည်။ မြစ်ပြင်ပေါ်မှာ ရှပ်တိုက်ပုံသန်းရင်း အော်ဟစ်သွားသော မြစ်တွေးငှက်တစ်ကောင်၏အသံကလည်း လေဟုန်စီးကာ လွင့်ပျံလာနေသည်။

"တော်တော်ခုန်းစေးကြသကိုးကွ ... စောစောက ငါပြောခဲ့တဲ့စကားထဲမှာ ငါးသလောက်ဝယ်စားရင် ဗိုက်သားကလေးချည်းပဲ မရဘူး၊ ကိုယ်မကြိုက်တဲ့ ခေါင်းပိုင်းတွေ၊ အမြီးပိုင်းတွေ၊ ဇက်ပိုင်းတွေကိုလည်း သည်းခံပြီးစားရတယ်ဆိုတာ ပါပြီးပြီနော် ...

အေး ... အဲသလိုပဲကွ မိန်းမဆံတောက်ကလေးတစ်ယောက်ယူမယ်ဆိုရင်လည်း ခေါင်းပိုင်းတွေ၊ အမြီးပိုင်းတွေ၊ ဇက်ပိုင်းတွေနဲ့တူတဲ့ယောက္ခမတွေ၊ ယောက်ဖတွေ၊ ခယ်မတွေလည်းပါဝင် ပတ်သက်လာတော့တာပဲကွ၊ ဘယ်လာပစ်ပယ်လို့ရမတုံး၊ သူမလဲ သွေးနဲ့မျိုးနဲ့မဟုတ်လား။

အဲသည်တော့ လူ့မှုဝတ္တရားအရ သင့်တင့်မျှတအောင် ဆက်ဆံကြရမှာပေါ့။ လူဖြစ်နေတာကိုးကွ လူ့အသိုင်းအဝိုင်းကို ပစ်ပယ်လို့ရမတဲ့လား။

အခုလည်းကြည့် ... ဖိုးမှိုတစ်ယောက် အေးကြည်မနဲ့ အဆင်ကိုပြေလို့ ကလေးနှစ်ယောက်နဲ့နောက်ထပ်ဗိုက်ထဲမှာလည်း တစ်ယောက်က မွေးတော့မယ်၊ ဟော ... ယောက္ခမကြီးက ဝင်ပြီး

သွေးထိုးလိုက်၊ ကုန်းတိုက်လိုက်၊ မြှောက်မပေးသင့်တာ မြှောက်ပေးလိုက်နဲ့ လင်မယားကြားမှာ ဝင်မပါသင့်တာပါနေတော့ လင်မယား တကျက်ကျက်ဖြစ်ပြီး ကွဲမယ်ကွာမယ်အဆင့်ထိ ရောက်ကရောမဟုတ်လား။ ဒါကြောင့် သည်းခံပြီးပေါင်းဖို့ပြောနေတာကွ ရှင်းရဲ့မဟုတ်လား"

ကောင်းကင်တစ်ခွင်တစ်ပြင်လုံးမှာ မိုးသားတိမ်လိပ်တွေ ကင်းစင်ပြီး လမင်းကြီးကလည်း ဝင်းပလို့၊ ကြယ်ကလေးတွေကလည်း ရွှန်းမြလို့၊ မြစ်ပြင်မှာတော့ တသုန်သုန်တဖြူးဖြူးတိုက်ခတ်နေတဲ့ လေကလေးကြောင့် လှိုင်းကလေးတွေဟာ လရောင်စိုလူးပြီး တဖျတ်ဖျတ် တလက်လက်နှင့် လွှမ်းမောစရာကောင်းနေတော့သည်။

ရေတောင်တော်တော်ကျသွားပြီ၊ သောင်စပ်တစ်လျှောက်မှာ စောစောတုန်းက မြုပ်နေတဲ့ငါးတန်ပိန်းတွေ၊ ခရာပင်ငယ်ကလေးတွေ၊ လမုပင်လမုငုတ်ကလေးတွေတောင် ထိုးထိုးထောင်ထောင် ပေါ်နေကြပြီ။

ရေတက်လျှင် ရေတက်အလျောက်၊ ရေကျလျှင် ရေကျအလျောက် အော်မြည်တတ်တဲ့ ဘုတ်အိုသံတွေကလည်း ဝေစီနေသည်။ တစစ်စစ် တစီစီအော်မြည်နေသည့် ပိုးပုရွက်အသံတွေကလည်း တိုးတစ်ခါ ကျယ်တစ်လှည့်နှင့် မြစ်ဝကျွန်းပေါ်ဒေသ၏ ညနက်ကို ဖော်ကျူးလျက်ရှိသည်။

ပိုက်လှေကလေးတွေပေါ် မှာတော့ ပိုက်သမားတွေအားလုံး တခူးခူးတခေါခေါ ဟောက်သံတွေပေးကာ အိပ်ပျော်နေကြပြီ။ ဖိုးမို တစ်ယောက်ကတော့ လှေကလေးရဲ့ပဲ့ပိုင်းမှာ ဂုန်နီအိတ်ပိုင်း ကလေးကိုခင်း လှေပဲ့တုံးပေါ် ခေါင်းတင်ရင်း အတွေးထဲမှာ နစ်မျောနေသည်။

အင်း ... အခုတစ်ခေါက်ခရီးလေးကအပြန်မှာ အိမ်မှာကျန်ခဲ့ တဲ့ ငါးသလောက်ဗိုက်သားကလေးနှင့် ဘယ်လိုစာရင်းရှင်းရပါ့။ မဆုံးဖြတ်နိုင်သေး။

❑ ❑ ❑

## "ဇနပဒကလျာဏီကိုသာလွမ်း"

"တစ်နေ့ကမှ မရွှင်တယ်လေ လေ့ x x x
တွေးဆလျှင် ကြော် ... တွေးဆလျှင် x x x
အစစအရာရာညီဖြဲ ... ဇနပဒကလျာဏီ x x x
ဇနပဒကလျာဏီကိုသာလွမ်း ... လွမ်း x ဟမ်း x ဟမ်း။

သောတရှင်တို့၊ သောတရှင်တို့ ယခုလို ညီတော်မင်းနန်မှာ ချစ်၏၊ ခင်၏၊ ကြင်နာ၏၊ နုနုရွရွအလှပလေး၊ ဇနပဒကလျာဏီကလေးကို ခွဲပြီး မြတ်ပရမေဘုရားရှင်နောက်တော်ပါးကို ကောက်ကောက်ပါအောင် လိုက်ခဲ့ရပေမယ့် စိတ်ကတော့ ရွှေနန်းတော်ကြီးထဲမှာပဲ တရစ်ဝဲဝဲ ကျန်ရစ်ခဲ့လို့ မပျော်နိုင်ရှာဘူးတဲ့ခင်ဗျာ တိန် ...ပူနိန်ပြောင် x x x ...။

လကလေးက သုံးရက်လ ခုံးမှုက်၏၊ မိုးသားတိမ်လိပ်တွေက ရိုရိုဝေဝေမှိုင်းမှုန်ပြီး မဆိုင်းတချို့၊ ဆိုင်းတချို့နဲ့ ကြယ်ကလေးတွေက မှိတ်တစ်ချီလင်းတလှည့်၊ တစ်ပြန့်တပြောလွမ်းမောဖွယ်ကောင်း လောက်အောင် ကျယ်ပြောလှတဲ့ သချွတ်သွတ်မြစ်မကြီးအတွင်းမှာတော့ လှိုင်းဂယက်ကလေးတွေကလည်း တဖျတ်ဖျတ်ကလို့ ခုန်လို့ မြူးသောနေကြဆဲ။

ဦးတောကျော်ခေါင်းဆောင်တဲ့ ပိုက်လှေကလေးငါးစင်းဟာ ရေအစုန် လေအစုန်မှာ အသာမျှောပြီး တက်ကို ဖွဖွကလေးလှော်ပြီး ကိုဆင်ပေါက်ရဲ့ ကွက်စိပ်ဇာတ်လမ်းမှာ နစ်မျောနေကြပါပြီ။

တစ်ချီတစ်ချီ ကိုဆင်ပေါက်ရဲ့ လေအပြတ်မှာ ပဲ့ကိုင်အောင်ရှိန်းက ပါးစပ်ဆိုင်းကလေး တတိန်တိန်နှင့် အလွန်ပဲ တွဲဖက်ညီလှပေသည်။

ကိုဆင်ပေါက်ဆိုတာက လူကသာ တံငါလုပ်၍ မြစ်ထဲချောင်းထဲမှာ ငါးပုစွန်ဖမ်း၍ အသက်မွေးနေရသော်လည်း စင်စစ် သူ့ခေတ်သူ့အခါ အတန်းကျောင်းမနေခဲ့ရသော်ငြား ရွာထိပ်က ချောင်းဝကျောင်းဆရာတော်ထံမှာ ခုနစ်ဝါရှစ်ဝါလောက် သင်္ကန်းဝတ်နဲ့ စာသင်ခဲ့ရသူမို့ ပရိတ်ကြီးဆယ့်တစ်သုတ်တို့၊ သဗြိုဟ်ကိုးပိုင်းတို့၊ ဝိနစ္ဆပကာသနီ၊ ငါးရာငါးဆယ်တို့၊ ဓမ္မပဒ၊ မဟာဝင်၊ ပရမတ္ထမဉ္ဇူသာရကျမ်းတို့ စာတွေကို ညက်ညက်ကျေ ချောင်းချောင်းပြေးအောင် တတ်လာသင်လာခဲ့တဲ့သူဖြစ်သည်။

လူ့ပုံကြည့်လိုက်ရင်တော့ အရပ်ရှည်ရှည်၊ ပိန်ခြောက်ခြောက်၊ လမ်းလျှောက်တဲ့အခါ ခြောက်တောင်ဖျိုးကြီး။ ကတွတ်ပေါက်နား ငါးလိုက်ချောင်းသလိုမျိုး တုံ့ဆိုင်းတုံ့ဆိုင်း၊ ဆတ်တောက်ဆတ်တောက် မလှမ်းချင်သလို လှမ်းချင်သလိုပုံစံမျိုးနဲ့ အထင်ကြီးစရာ လုံးဝမရှိပေမယ့် အသံကတော့ မယုံချင်လောက်အောင်ကောင်းလှလေ၏။

သူတို့ခေတ် သူတို့အခါ၊ သူတို့ငယ်စဉ်တုန်းက (၁၉၆၀ ဝန်းကျင်) နာမည်ကျော်လူကြိုက်များကြတဲ့ ဒဂုန်ဆရာတင်၊ ဒဂုန် ဆရာကျား၊ ဆရာလင်း၊ နေပြည်တော်ဆရာစံ စတဲ့ ဆရာကြီးတွေနှင့် နောက်ပိုင်းခေတ် နာမည်ကြီးလာတဲ့ တွံတေး ဒဂုန်ဆရာညွန့်ရဲ့ ကွက်စိပ်ဇာတ်လမ်းတွေ ရေဒီယိုကလာပြီလား ဆိုမှဖြင့် လူအုပ်ကြီးရဲ့ရှေ့ဆုံးက နေထိုင်ပြီး အစကနေအဆုံးအထိ မလှုပ်မယှက် ကွက်စိပ်နားလေတော့သည်။

တစ်နှစ်မှတစ်ခါဆိုသလို သူတို့ရွာကလေးမှာဖြစ်ဖြစ် အနီး အနားမြို့ကလေးတွေဆီမှာဖြစ်ဖြစ် ဇာတ်ပွဲတွေလာလာကြပြီ လားဆို ကိုဆင်ပေါက်တစ်ယောက် ဇာတ်စတဲ့နေ့ကနေ ပတ်စာရွာ ဖျာသိမ်းပြီး ဇာတ်သမားတွေပြန်တဲ့အထိ ခွဲနပ်ကြီးစွာကြည့်ပြီး သူ မှတ်ချင်ရာတွေမှတ်နေတတ်တော့သည်။

ဇာတ်ပြားနှင့်ဖွင့်ရသော အသံချဲ့စက်တွေထဲက ခေတ်ဟောင်း ဇာတ်မင်းသားကြီးတွေ၏ အဆိုအငိုအပြောမှန်သမျှ နောကျေ အောင်လည်း သူမို့ ကျက်နိုင်မှတ်နိုင်ပါပေ၏။

အဲ . . . သူအကြိုက်ဆုံး၊ အနှစ်သက်ဆုံးကတော့ နိုင်ငံကျော် ဇာတ်မင်းသားကြီး ရွှေမန်းဦးတင်မောင်ပဲဖြစ်သည်။ အခုခေတ်မှာ လို တီဗွီတို့ ဗီဒီယိုတို့ဆိုတာ အိပ်မက်တောင် မက်ခွင့်မရသေးသော အချိန်ပေမို့ ရုပ်ရှင်ကားကလေးတစ်ကားကြည့်ရပါမယ့်အရေး သုံးလေးနာရီလောက် လှေနဲ့လှော်ခတ်သွားမှ ရောက်နိုင်တဲ့ ဝါးခယ်မမြို့ကလေးကို ခက်ခက်ခဲခဲ သွားသွားကြည့်ကြရလေသည်။

ဒါတောင်မှ ကြည့်ကြည့်မြဲ ပီပီသသ၊ ကြားရမြင်ရတာ မဟုတ်။ တုန်၊ မှုန်၊ ခုန်၊ ဝါး ဤလေးပါးဒဏ်ကိုခံပြီး ကြည့်ကြရတာ ဖြစ်သည်။ တစ်နှစ်မှာ တစ်ခါလောက် (ကံကောင်းထောက်မပါမှ) ရှားရှားပါးပါး ဘုရားပွဲမှာ ရုပ်ရှင်များပြပြီဆိုမှဖြင့် သူတို့ရွာသားတွေ ရော၊ ရွာနီးချုပ်စပ်က ရွာသူရွာသားတွေပါ အဲသည်ညနေဘက် ထမင်းပင် မြော့နှံအောင် စားနိုင်ကြသည်မဟုတ်။ ချောင်းတွေဖြတ်၊ နို့စပ်ကလေးတွေကိုကျော်၊ နို့ပြတ်လယ်ကွင်းအထပ်ထပ်ကို ဖြတ် သန်းခဲ့ပြီး တစ်မျှော်တစ်ခေါ် ကွင်းပြင်ကျယ်ကြီးထဲမှာ ဝါးနက်ဝါး ကြီးနှစ်လုံးကိုထောင်ပြီး ပိတ်ကားကျက်ပြီးပြတဲ့ လဟာပြင်သဘာဝ ဇာတ်ရုံကြီးထဲမှာ ကြည့်ကြရတာဖြစ်သည်။

ပတ်ကြားအက်လယ်ကွင်းပြင်ကြီးမှာ ကိုယ့်ဖိနပ်ကိုယ် ဖင်ခု ထိုင်ပြီး မြွေမကြောက်၊ ကင်းမကြောက် အားပေးကြရရှာတာလေ။ တစ်ခါတစ်ခါ လေကလေးတစ်ချက်သုတ်လိုက်လျှင် ရုပ်ရှင်ပိတ်ကား ကြီးဟာ သည်ဘက်ကိုဖောင်းလာလိုက်၊ ဟိုဘက်ကို ပိန်ခွက်ဝင်သွား လိုက်နှင့် ဒါကိုပင် သဘောတွေ အကျကြီးကျပြီး တဟေးဟေး တဟားဟား အော်ဟစ်ရယ်မောကြရင်း ပျော်နေကြရသေးတော့၏။

တစ်ရွာလုံးမြေးကြည့်ပါမှ နှစ်လုံးတည်းသာရှိသော သစ်သား ဘောင်ဒီအိမ်ကြီးနှင့် ကြံ့ခိုင်ရေးရေဒီယိုကြီးတွေနားမှာ ညအချိန် ရောက်ပြီဆိုမှဖြင့် နားဆင်သူတွေက သူ့ထက်ငါကောင်း တိုးဝေ့ ပြည့်ကျပ်လျက် ရှိနေတတ်ကြသည်။ သူတို့ဘဝတွေဟာ သနား

စရာလည်း ကောင်း၊ ရယ်စရာလည်းကောင်းလှပါပေ၏။ ကျန်သော အချိန်များမှာတော့ ရွာငယ်ဇနပုဒ်၊ မီးကလေးမှိတ်တုတ်၊ တဲကလေး ကုပ်ကုပ် အမှောင်ထဲမှာ ငုတ်တုတ်ပေပေ။

အဲသည်လို အခြေအနေ အချိန်အခါကာလမျိုးပေမို့ ကိုဆင်ပေါက်တစ်ယောက် ကွက်စိပ်ဟောသည့်ညများတွင် သူတို့ အိမ်ရှေ့တွင် ကွပ်စိတ်နာသူများနှင့် ပြည့်နေတတ်လေ၏။ လူကို မကြည့်ဘဲ ခပ်လှမ်းလှမ်းကနေများ နားဆင်ကြည့်လျှင်တော့ ရွှေမန်းကြီးကိုယ်တိုင်ထိုင်ပြီး ဟဲနေသလားမှတ်ရလောက်အောင် အသံပါရမီကလည်း ကောင်းလှပါပေ၏။

ဇာတ်ဟန်တဲ့၊ ပြဇာတ်ဟန်တဲ့၊ ထီးဟန်နန်းဟန်တဲ့၊ စကား အသုံးအနှုန်းပြောပုံဆိုပေါက်၊ လေယူလေသိမ်း၊ အဆွဲအငင်၊ အရှိက်အဟိုက်၊ မေးရိုက်မေးဝဲတွေကလည်း တစ်မျိုးနှင့်တစ်မျိုး တူကြသည်မဟုတ်ပေ။

ကွက်စိပ်ဟူသည် ဇာတ်ဟန်နှင့် အလွန်နီးစပ်လှသော်ငြား လည်း တစ်ယောက်တည်းကနေ ဘုရင်ဖြစ်လိုက်၊ မိဖုရားဖြစ်လိုက်၊ သားတော်သမီးတော်ဖြစ်လိုက်ဆိုတော့ ပညာအလွန်ပါလှလေ သည်။

မှူးကြီးမတ်ကြီးလည်း သူပဲ၊ ဆင်းရဲသားလည်း သူပဲ၊ စစ်သူကြီး လည်း သူပဲ၊ တစ်ယောက်လည်း နိုင်ခံကျဲရသည်ဖြစ်၍ အသံပညာ အလွန် ပါသောအလုပ်ဖြစ်၏။ ဌာန်၊ ကရိုဏ်း အဖြတ်အတောက်၊

အဆို၊ အငို၊ အမှိုင်၊ ဆိုင်းဆင့်၊ အကုန်လုံးပိုင်ရှိုင်ရသော အလုပ်ဖြစ်၍ တော်ရုံလူတွေ စိတ်ပင်ကူးဝံ့သော အလုပ်မဟုတ်ပေ။

ရေထရက်လို့ခေါ်တဲ့ ပိုက်သမား၊ ကွန်သမား၊ ဘဝန်းသမား၊ ချိုသမား၊ တံငါတစ်စု အလုပ်နားသည့်ရက်တွေများမှာဆိုလျှင် ကိုဆင်ပေါက်၏အိမ်တွင် လူအစည်ကားဆုံးဖြစ်၏။ ကိုဆင်ပေါက်၏မိန်းမဖြစ်သူက မတင်လှတဲ့၊ ကိုဆင်ပေါက်ထက် ခြောက်နှစ်၊ ခုနစ်နှစ်လောက်ငယ်လေသည်။ မိန်းမရည် ခပ်သန့်သန့်နှင့် လုံးကြီးပေါက်လှဖြစ်၏။ အပျိုအရွယ် သမီးနှစ်ယောက်နှင့်များ ယှဉ်ထိုင်နေလျှင် ညီအစ်မတွေဟု ထင်မှတ်ရလောက်အောင် အရွယ်တင်လေသည်။

◈ ◈ ◈

ကွက်စိပ်ဆရာယောင်ယောင်၊ ဇာတ်ရှူးထနေသည့် ကိုဆင်ပေါက်တစ်ယောက် တစ်နေ့တစ်နေ့ ဇာတ်စာတွေကျက်ရ၊ အသံနေအသံထားကျင့်ရ၊ လာသမျှလူတွေ ဒိုင်ခံပြီး ကွက်စိပ်ဟောရနှင့် သားကျွေးမွေး မယားကျွေးမွေးတွင် လက်ကြောမတင်းလှသော ကိုဆင်ပေါက်လိုလူကို ဘာကိုမက်၍ ပေါင်းသင်းနေသည်မသိ။ လင်ရယ်၊ မယားရယ်ဖြစ်လာကတည်းက အခုလို သမီးနှစ်ယောက် အရွယ်ရောက်လာသည်အထိ အိမ်ထောင့်တာဝန်ကို မတင်လှတစ်ယောက်တည်းက ဦးဆောင်လာခဲ့တာဖြစ်လေသည်။

သူတို့နေသည်က မြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ အိမ်တိုင်း အိမ်တိုင်း ဓနိဖက်မိုးကြရတာဖြစ်၏။ သွပ်မိုးထားတာဆို၍ ရွာထိပ်က ဘုန်းကြီးကျောင်းရယ်၊ ကုန်စုံဆိုင် အစိန်တို့အိမ်ရယ်၊ သူကြီးအိမ်ရယ် ဒါပဲရှိ၏။

အဲသည်တော့ ပင်လယ်နှင့်နီးစပ်ရာ ရေငန်ဝင်ရောက်ရာ အောက်တောဘက်ဆီမှ တက်လာကြသည့် ဓနိပေါ်တွေ၊ ဖက်ဝါတဲတွေ တင်ဆောင်လာသည့် လှေကြီးတွေ သမ္ဗန်ကြီးတွေက တစ်ဆင့် မတင်လှက ဒိုင်ခံဝယ်ယူပြီး သူတို့အိမ်ရှေ့တွင် ကနားဖျင်းကြီးထိုးကာ လုပ်သားဆယ်ယောက်လောက်နှင့် ဓနိဖျစ်တွေဖျစ်၍ ရောင်းသည်။ ဓနိဖျစ်သမလေးတွေ ဖျစ်နိုင်သလောက် ကုန်လေသည်။ မတင်လှရော သမီးနှစ်ယောက်ပါ လုပ်အားလူအားကူ၍ အင်တိုက်အားတိုက်လုပ်သဖြင့် သူတို့မိသားစုစားဝတ်နေရေးအတွက်တော့ ပူပန်စရာမရှိလှ။ ထို့ကြောင့်ပင် မတင်လှသည် သူ့ယောက်ျား ကုပ်ကိုင်းကိုင်း ပိန်ညှောင်ညှောင်၊ လက်ကြောမတင်းကြီးကို "ကိုဆင်ပေါက်ရယ် သူများတစ်ကာတွေလို ငါးရှာ၊ ဖားရှာ၊ ပိုက်ဆွဲမဆင်းဘူးလား" ဟု ဘယ်တော့မှ ပြောသည်မဟုတ်။

ရွာထဲကလူတွေ သူတို့အိမ်ရှေ့ ဓနိဖျစ်တဲ့ ကနားဖျင်းကြီးထဲ ကွက်စိပ်နှာဒွိရောက်လာလို့ကတော့ ရေနွေးကြမ်းမပြတ်စေရအောင်၊ ရေနံဆီမီးခွက် မမှိန်စေရအောင် စီမံပေးလေ၏။ သူကတော့ ဓနိဖျစ်သမလေးတွေနှင့်အတူ ဓနိဖျစ်ရင်း၊ ဓနိထပ်ရင်း၊

ခနီပေါ်ဖြည့်ရင်း၊ ခနီမက်ရွှေရင်း ကွက်စိပ်ဟောနေသည့် သူ့ယောက်ျားကို ပီတိတဝေဝေနှင့် ငေးနေသဘောကျနေတတ်သည်သာဖြစ်၏။

သူတို့ဆီတွင် ကွက်စိပ်နားထောင်သည်ဟု ခပ်ပေါ့ပေါ့ပြောလေ့မရှိ ကွက်စိပ်နာသည်ဟု လေးလေးစားစား ပြောကြ၏။

စဉ်းစားကြည့်တော့လည်း မှန်သလိုလို ရှိ၏။ ဘယ့်နှယ့် ကွက်စိပ်ဆရာဟောတဲ့ ဇာတ်လမ်းဇာတ်ထုပ်တွေဟာ ဖောတော့မောင်တော့ ခပ်ပေါ့ပေါ့တွေမဟုတ်။

ကဲကြည့် - အလောင်းတော်ဖွားတော်မူခန်းတို့
- လယ်ထွန်မင်္ဂလာဆင်းခန်းတို့
- လေးတော်တင်ခန်းတို့
- တောထွက်တော်မူခန်းတို့
- ရွှေပလ္လင်အောင်တော်မူခန်းတို့
- ရာဟုလာအမွေတောင်းခန်းတို့
- ညီတော်မင်းနန္ဒန်းချွတ်ခန်း စသည် စသည်

ဘုရားနှင့်တရားနှင့်စပ်သည့် ဇာတ်ထုပ်တွေဟောတာဆိုတော့ ကွက်စိပ်နာသည်ဟုဆိုခြင်းသည် လွန်တယ်ရှိသည် မဟုတ်တကား။

ယခုလည်း ပင်လယ်ဘက်က ခနီပေါ်တွေ တင်တင်လာသည့် သမ္ဗန်ကြီးတွေ အလာကျဲတုန်း၊ ခနီမှုစ်တဲ့အလုပ်ခဏပါးတုန်း

ကိုဆင်ပေါက်ကိုယ်တိုင်က အပိုဝင်ငွေကလေးရအောင် စိတ်ကူးတုန်း၊ ငါးမြွေထိုးပိုက်လှေတစ်စင်းက လူငှားလိုတာနှင့်ကြုံတုန်း ရှားရှားပါးပါးပိုက်ဆွဲဆင်းလာခဲ့ရင်း၊ မြစ်ကြောင်းတစ်လျှောက် ညီတော်မင်းနန်းရွှတ်ခန်းကို ဟောလာခဲ့တာ၊ ကွက်စိပ်ဆရာဆိုတော့ လှေကိုပင် လှော်စရာမလိုဘဲ လှေဦးမှာထိုင်လိုက်လာခဲ့ပဲဖြစ်သည်။ လှေပဲ့မှာပါလာတဲ့အောင်ရှိန်းက လှေကိုလည်းလှော်ရင်း၊ ကိုဆင်ပေါက် လေအပြတ်တွင် ပါးစပ်ဆိုင်းကလေး တတိန်တိန်လိုက်ရင်း ဘာသာဘာဝ သူတို့ပျော်နေကြသည်။

"သောတရှင်တို့ရေ ... ညီတော်နန္ဒမင်းသားကသာ လွမ်းနေတာမဟုတ်ပေဘူးဗျ၊ ရွှေနန်းတော်သဥ္ဇာလီစက်ရာခန်းဆီက မှန်းမျှော်ရင်း၊ မောင်တော်ကို လွမ်းနေရတယ်၊ ဇနပဒကလျာဏီကလေးကလည်း သည်လိုပါတဲ့ခင်ဗျ"

- ဘဂဝါပရမေ နောင်တော်ဘုရားရယ်က ...
- နောင်မျှော်မသနားကာ အပါခေါ်လို့ ...
- မညာသနော်သည် အရေးကိုဖြင့် ...
- ဇနပဒကလျာဏီကလေးမှာနော် ...
- အမယ်မင်း တွေးလို့ဖြင့်မဆေး တွေးလို့ဖြင့် မဆေး ...

တိန် တိန် တိန် ပူးနိမ်ပြောင် ...

"ကောင်းလိုက်တာ ကိုကြီးဆင်ပေါက်ရာ၊ ရွှေမန်းကြီးကိုယ်တိုင် လှေဦးပေါ်မှာထိုင်ပြီး ဆိုနေသလားမှတ်ရတယ်ဗျို့"

လှေချွင်းယှဉ်ပြီး လှော်လာတဲ့ ကိုရွှေဖောင်က နှိုးကျူးလိုက်သောအခါ ဝါးခယ်မ ဝါးစိမ်းနီဆေးပေါ့လိပ်ကြီး ထောင်းထောင်းထအောင် ဖွာပြီး အမောပြေနေသော ကိုဆင်ပေါက်က သဘောကျပြီး ပြုံးလိုက်သေးသည်။ ပြီးမှ "ကျွန့်ထားတာကိုးကွ ... လည်ပင်းကို လှည်းပုံတောင်းလိုက်အောင်၊ အော် ... အော်ပြီး ကျွန့်ထားရတာကလား၊ ငါက ဘာဟုတ်သေးလို့လဲကွာ၊ ရွှဲကုန်သည်ဇာတ်မှာတို့၊ ရွှေမန်းဦးတင်မောင်ကြီးများ "ရွှေ" ဆိုတဲ့ တစ်လုံးတည်းကိုများ တစ်ခွန်းကို တစ်သံနဲ့ ခြောက်ခွန်းခုနစ်ခွန်းအော်အော်ပြီး ဆိုသွားလိုက်တာများ စည်လို့လှုပ်လို့မြိုင်လို့ နားထဲမှာ စိမ့်သွားတော့တာကလားကွာ"

"ရွှေမန်းကြီးက ဘယ်လိုများဆိုသွားတာတုန်း ကိုဆင်ပေါက်ရဲ့၊ နမူနာကလေးများ ကြားစမ်းပါရစေလားဗျာ" လှေပဲ့မှ အောင်ရှိန်းက ဇာတ်သံလေးနှင့် ဝင်ထောက်ပေးလိုက်တဲ့အခါမှာတော့ ဘာပြောကောင်းမှာလဲ၊ ကိုဆင်ပေါက်သည် ချောင်းကလေးတစ်ချက်ဟန့်ပြီး လည်ချောင်းရှင်းလိုက်သည်။ ပြီးတော့ "ဟိုအပိုင်လေကွာ ... ဘာတဲ့ ... အင်း ... ဪ ဪ အရင်မိန်းမနဲ့ ရွှေ ... သည်ရွှေ ... နောက်မိန်းမနဲ့ရွှေ ... သည်ရွှေ အဟုတ်ပ မုချမသွေ ... ကျွပ်ရမယ့် သည်ရွှေ ... သည်ရွှေ ရွှေ ... ရွှေ ... ရွှေ ... ရွှေ ... ရွှေ ... ရွှေ ... ရွှေ ... ရွှေ ..."

တစ်ခွန်းချင်း တစ်ခွန်းချင်း ဆင့်ဆင့်ပြီးဟစ်လိုက်တဲ့ ကိုဆင်ပေါက်ရဲ့အသံသည် သရွတ်သွတ်မြစ်ပြင်ကြီးပေါ် ရှပ်တိုက်ပြေး ကမ်းစပ်နံဘေးက လမုတန်းကိုကျော်၊ ဟိုးတစ်မျှော်တစ်ခေါ် ကျယ်ပြန့်လှတဲ့ လယ်ကွင်းတွေဆီ လွင့်ပျံ့စီးမျောသွားကြလေရဲ့။

◈ ◈ ◈

"လာဟေ့ ... လာ ... လာ ... ထမင်းစားပြီး ခပ်ပျှင်းပျှင်းရှိတာနဲ့ စကားပြောဖော် မျှော်နေတာ၊ မင်းရောက်လာတာနဲ့ အတော်ပဲ။ စားကွာ၊ လက်ဖက်ကိုဖျာပုံပုစွန်ခြောက် ကျပ်တိုက်ကလေးနဲ့ သုပ်ထားတာ။ ဒါထက် အောင်ရှိန်းရဲ့ ကိုဆင်ပေါက်တို့ အိမ်ဘက်ဆီက ကွက်စိပ်သံကလေးတွေ မကြားရတာ ကြာပါပကောလားကွ။ နေများမကောင်းလို့များ ..."

ရေထရက်တွေမှာ ငါးရှား၊ ဖားရှား၊ ပိုက်ဆွဲမထွက်ကြဘဲ တံငါအများစုက အိမ်မှာနားနေကြသည်ဖြစ်၍ ရွာနိုးတစ်လျှောက် ဟိုသွား၊ ဒီဝင် ကြုံရာအိမ်ဝင်ပြီး ရေနွေးကြမ်းသောက်၊ စကားပြောတတ်ကြသည်မှာ သူတို့ဓလေ့ပဲဖြစ်၏။ အခုလည်း ပေစောင်းပေစောင်းနှင့် အိမ်ရှေ့ရောက်လာသော အောင်ရှိန်းကို ဘကြီးတောကျော်က လက်ဖက်စားခေါ်ရင်း မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်လည်း ခုနကတင် သူတို့အိမ်ရှေ့ကဖြတ်ပြီး လာခဲ့တာပဲ။ ကနားဖျင်းထဲမှာ မတင်လှကြီးနဲ့ ကောင်မလေးတွေ၊ ခနီ

ဖွင့်နေကြတာတွေ့တယ်။ ကိုဆင်ပေါက်ကတော့ အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ ရေနွေးကြမ်းတစ်အိုးရှေ့ချပြီး ငူငူကြီးထိုင်နေတာ တွေ့ခဲ့ပါရဲ့။ ကျုပ်ကိုမြင်တာတောင် နှုတ်ဆက်ဖော်မရဘူး ဘကြီးရဲ့"

"အံမယ် ... ထူးဆန်းသကွယ် ... သူနဲ့မင်းနဲ့က ပိုက်ဆွဲဆင်းတော့အတူတူ၊ သူက ကွက်စိပ်ဟောရင် မင်းက ပါးစပ်ဆိုင်းကလေး နောက်ကလိုက်လို့ လင်မယားလိုနေလာခဲ့ကြတဲ့သူတွေမဟုတ်လား၊ ခုဟာက ဘယ်လိုဖြစ်ရတာတုံး အောင်ရှိန်းရဲ့"

"အကြောင်းရှိလို့ပေါ့ ဘကြီးရာ" ဆိုပြီး ပုစွန်ခြောက်ကလေးတွေ ရွေးပြီးစားနေသေးသည်။ ဘကြီးတောကျော်ကတော့ ဖွာလက်စ ဆေးပေါ့လိပ်ကြီးကို အားရအောင်ဖွာပြီး မြေဆေးလိပ်ခွက်ကြီးထဲ အသာချလိုက်ရင်း "ဘာအကြောင်းထူးတွေများရှိလို့တုံး အောင်ရှိန်းရ" ဟု မေးပြီး သိချင်စိတ်နှင့် အောင်ရှိန်းမျက်နှာကို ငေးနေသည်။ ဦးတောကျော်၏မေးခွန်းကို မဖြေအားသေး။ နှုတ်ခမ်းတွင်ပေနေသောဆီတွေကို ပုဆိုးခါးပုံစဖြင့် သုတ်သည်။ ပြီးတော့ ရေနွေးကြမ်းပူပူ နှစ်ခွက်ဆင့်၍သောက်လိုက်သေးသည်။ ပြီးမှ ...

"ဟိုတစ်လောက ကိုဆင်ပေါက်သမီးနှစ်ယောက် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကျော်တို့ ခင်မောင်တို့နောက် လိုက်ပြေးသွားတာ ဘကြီးလည်းအသိသားမဟုတ်လား"

"ဟကောင်ရ ... ဒါ ဘာဆန်းသလဲကွ၊ အမျိုးလူမျိုး ချစ်ကြိုက်ကြလို့ အိမ်ထောင်ပြုကြတဲ့ဟာ"

"ဘကြီးအတွက် မဆန်းပေမယ့် ဆန်းတာတွေက ရှိသေးတာကိုး ဘကြီးရဲ့" ခပ်သောသောကလေးပြောပြီး အောင်ရှိန်းတစ်ယောက် ရှေ့၊ နောက်၊ ဝဲ၊ ယာ လှမ်းကြည့်လိုက်သေးသည်။ ရှေ့ပြောနောက်ကြည့်၊ ညပြောအောက်ကြည့်ဆိုသည့် စကားရှိသည်မဟုတ်လား။

"ဟေ ... ဟုတ်လား။ တို့တော့ဖြင့် အထူးအထွေမသိပါဘူးကွာ၊ ပြောစမ်းပါဦးဟ မင်းဆန်းတာတွေ" ဘကြီးတောကျော်က တအံ့တသြနှင့် ကသောကမျောမေးသည်။

"သည်လို ဘကြီးရဲ့ ကိုဆင်ပေါက်အိမ်မှာ ကွက်စိပ်ဟောတဲ့ ညတိုင်း လာသမျှလူတွေကို ရေနွေးကြမ်းမပြတ် တိုက်လေ့ရှိတယ်မဟုတ်လား။ သည်တော့ သူ့သမီးနှစ်ယောက်က တစ်လှည့်စီ ရေနွေးကြိုရတာပေါ့။ သောက်တဲ့သူကများတော့ ကောင်မလေးတွေ မီးဖိုထဲက ထွက်ရတယ်ကို မရှိဘူးတဲ့။ တော်ကြာ ကာလသားတစ်ယောက်က ရေနွေးကြမ်းဆူပြီလားမသိဘူးဆိုပြီး မီးဖိုချောင်ထဲ ဝင်သွားလိုက်၊ နောက်တစ်ယောက်က အကြမ်းခြောက်သွားနှိုက်ဦးမယ်ဆိုပြီး ဝင်သွားလိုက် လုပ်နေကြတာ ကိုဆင်ပေါက်က မသိဘူး။ သူ့ခင်းတဲ့ဇာတ်ထုပ်ထဲမှာ မျောပါနေတာကိုး။ နောက်ဆုံး သမီးနှစ်ယောက် လင့်နောက်လိုက်ပြေးတော့မှ ကာလသားတွေ

မီးဖိုချောင်ထဲဝင်ပြီး ခြေရှုပ်နေတာ ဒါကြောင့်ကိုးဆိုပြီး သဘော ပေါက်သွားတာတဲ့ဗျ"

"ဟ ... နေပါဦးကောင်ရဲ့ ... သူအခု ကွက်စိပ်မပေါ တော့တာ အဲဒါနဲ့ ဘာဆိုင်လို့လဲကွာ၊ ဒီလောက်ဝါသနာကြီးတဲ့သူ က ကွက်စိပ်မပေါနိုင်ရအောင် နောက်ထပ် လင်နောက်လိုက် စရာ သမီးမှ မရှိတော့တာဘဲကွ"

"အဲဒါ ခက်တာပေါ့ဘကြီးရဲ့ ကျုပ်ပြောတာကိုလည်း ဆုံးအောင် နားထောင်စမ်းပါဦးဗျ" ခပ်ပေါက်ပေါက်ကလေးပြော ပြီး ဘကြီးတောကျော်ကိုမျှား မျက်စောင်းတစ်ချက်ထိုးလိုက်သေး။

"သမီးနှစ်ယောက် လင်နောက်လိုက်သွားပြီးတော့တောင် ကိုဆင်ပေါက်က အရှိန်မပျက်ဆက်ပြီး ကွက်စိပ်ပေါသေးတယ် လေ။ အင်း ... ငါလည်း ဘာမှတတ်နိုင်တာမဟုတ်ပါဘူး။ အချိန် တန် အရွယ်ရောက်လာတော့လည်း တားလို့ဆီးလို့ရနိုင်တာမျိုးမှ မဟုတ်တာဘဲလေဆိုပြီး သူ့စိတ်သူ ဖြေသတဲ့ဗျ"

ဦးတောကျော်က ဟုတ်လိုက်လေဆိုတဲ့ သဘောနဲ့ သူ့ပေါင်သူ ဖြန်းခနဲ တစ်ချက်ပုတ်လိုက်သေးသည်။ "အေး ... အဲဒါ ငါပြော တာပေါ့ကွ၊ အခု ကွက်စိပ်မပေါတာ ထူးဆန်းနေလို့ မင်းကို မေးနေတာကွ သိရဲ့လား ချီး ... ထဲမှပဲ" ဘကြီးတောကျော် စိတ် တိုလာမှန်းသိ၍ "ပြောပါ့မယ်ဘကြီးရာ ... မလောစမ်းပါနဲ့၊ တကယ့် အဆီအနှစ်ပါတဲ့ အခန်းရောက်တော့မှာပါဗျ" ဆိုပြီး

ရေစွေးကြမ်းတစ်ကြိုက်၊ လက်ဖက်တစ်ဇွန်း ငေါ်ကြီးကျွေနေသော အောင်မှိန်းကို ဘကြီးတောကျော် စိတ်မရှည်စွာ စောင့်နေရသည်။

"သမီးတွေ လင်နောက်လိုက်ကုန်တော့ ရေနွေးအိုးတည်ပေးရတဲ့သူက မတင်လှကြီးဖြစ်ကရောဗျ။ တစ်ယောက်တည်း မီးဖိုချောင်ထဲက မထွက်နိုင်ဘဲ ဗိုင်ခံမီးထိုးနေရသကိုး၊ အဲသည်မှာ ရွာအနောက်ပိုင်းက ဦးမောင်လယ်ကြီး ရှိတယ်မဟုတ်လား။ အဲဒီဦးမောင်လယ်ကြီးက ကွက်စိပ်လာလာနာတိုင်း ရေနွေးကြမ်း သွားထည့်ပေးမကွဆိုပြီး ဝင်သွားလိုက်၊ ထင်းခြောက်ကလေး သွားပေးဦးမယ်ဆိုပြီး ဝင်သွားလိုက်၊ အဲသည်လို တစွတ်စွတ် ဝင်လိုက်ထွက်လိုက်လုပ်နေတာကို သတိထားနေတဲ့ ကိုဆင်ပေါက်က မြင်နေရသတဲ့ဗျ။ အဲဒါကြောင့် ကွက်စိပ်ဟောနေရင်းကပင် ရှေ့ဆက်ရမယ့် ဇာတ်စာတွေ မေ့လို့မေ့၊ မှားလို့မှားနဲ့ ဘေးကနေ ကျုပ်က ဝင် ဝင်ထောက်ပေးနေရတယ်။ ဒါနဲ့ ကြာရင်ခက်ရချည်ရဲ့ဆိုပြီး တစ်ခါတည်း ဖြတ်လိုက်တာတဲ့ချို့။ ကျုပ်ကိုတောင် ခင်လွန်းလို့ ဖွင့်ပြောခဲ့တာဗျ။ အခုတော့ ကျုပ်ကိုတောင် ခပ်တန်းတန်းလုပ်နေပါရောလား"

"ဟား ... ဟား ... ဟား ... ဟား ... ရယ်ရတယ်ဗျော့ သမီးနှစ်ယောက် အပျိုကလေးတွေတုန်းကတော့ ပဲ့ယောဟောတုခဲ့ပြီးကာမှ အခုကျတော့ မိတင်လှ ခုနစ်တိုရှစ်တိုကြီးများ သဝန်တိုနပြောနေရတယ်လို့။ သူ့ဟာက ဟုတ်သေးပါဘူးကွာ" ဆိုပြီး ဘကြီးတောကျော်သည် ခွက်ထိုးခွက်လန် ရယ်နေတော့၏။

အောင်နိုင်းသည် ဦးတောကျော်ကို သည်အတိုင်းကြီး ဘာမှလည်း နားမလည်သေးပါလားဆိုသည့် အကြည့်မျိုးနှင့်ကြည့်လိုက်သေးသည်။ ပြီးတော့မှ "ဘကြီးကို ကျွပ် တစ်ခုမေးစမ်းပါရစေ၊ ညီတော်မင်းနန်ရွှတ်ခန်းကို ဘကြီး နားထောင်ဖူးတယ်မဟုတ်လား၊ အဲသည် နန္ဒမင်းသားဟာ ဘုရားရှင်က သပိတ်ကိုကိုင်နိုင်းပြီး ခေါ်သွားတော့ ဘယ်သူ့ကို သတိရပြီးတော့၊ လွမ်းပြီးတော့ ငိုသလဲ ... ပြော" ဆိုပြီး မေးလိုက်သည်။

"ဟကောင်ရ ... ဒါတော့ လူတိုင်းသိတဲ့ဟာပဲ၊ သူ့မိန်းမ ဇနပဒကလျာဏီကို လွမ်းပြီးငိုတာပေါ့ကွ၊ ဒါ ဆန်းသလား"

အောင်နိုင်းက ငါးချဉ်ပြုံးကလေး ပြုံးလိုက်သည်။ "အဲဒါ အဓိကအချက်ပဲပေါ့ ဘကြီးရဲ့ နန္ဒမင်းသားဟာ သူ့မှာရှိတဲ့ မိဘတွေ၊ ညီအစ်ကိုမောင်နှမတွေကိုကျတော့ သတိရပြီး မလွမ်းဘဲ ဘာဖြစ်လို့ ဇနပဒကလျာဏီကိုမှ ရွေးပြီး လွမ်းရတာလဲ။ နောက်ဆုံးတော့ ဘကြီးရယ် ဘယ်ယောက်ျားမှ မအေတွေ၊ နှမတွေ လွမ်းလှချည်ရဲ့လို့ဆိုတာ မရှိပါဘူး။ လွမ်းမယ့်လွမ်းတော့ ကိုယ့်မိန်းမကိုလွမ်းကြတာဟာ သဘာဝပါပဲ။ အခုလည်း ကိုဆင်ပေါက်ကြီးက သမီးတွေတုန်းက ဘကြီးပြောသလို ပစ္စယောဟောတုနိုင်ပေမယ့် သူ့မိန်းမ မတင်လှကြီးကျတော့ နှမြောလို့နေမှာပေါ့ဗျ မဟုတ်ဘူးလား ..." သူ့စကားသူ သဘောတွေကျပြီး တဟားဟားရယ်နေသေးသည်။

"ပြီးတော့ ဘကြီးသိတဲ့အတိုင်း ဦးမောင်လယ်ကြီးက မုဆိုးဖို ကြီးလည်းဖြစ်တယ်၊ ပိုက်ဆံလည်းရှိတယ်၊ ဒါ့ပြင်ဗွေလည်း ဝါသနာ ခပ်ပါပါဆိုတော့ ကိုဆင်ပေါက် သဝန်တိုတာ၊ စိုးရိမ်တာမလွန်ဘူးလို့ ကျွန်တော်တော့ ထင်တာပဲ၊ အင်း ... မတင်လှကြီးကလည်း သမီး နှစ်ယောက်သာ အိမ်ထောင်ကျသွားတာ သူကတော့ အခုအရွယ် အထိ တောင့်တောင့်၊ ဖြောင့်ဖြောင့် လုံးကြီးပေါက်လှကြီးဆိုတော့ ဟီး ... ဟီး"

"ဟင် ... ခွေးမသား၊ ဒါကြောင့် နင့်ကို ဆင်ပေါက်က စိတ် မချလို့ ခပ်တန်းတန်းလုပ်တာနေမှာ၊ သူများသားမယားကိုများ ဖြစ်မှားချင်သေးလို့လား၊ နင်က ... တယ်လေ ... ငါ လုပ်လိုက် ရ" ဆိုပြီး ဒေါသတကြီးနှင့် ရေနွေးကြမ်းပန်းကန်နှင့် ရွယ်လေသော အခါ အောင်ရှိန်းတစ်ယောက် ဦးတောကျော်၏ အိမ်ရှေ့ကွပ်ပျစ် ပေါ်မှ ဆင်း၍ပြေးလေတော့၏။

◈ ◈ ◈

ရွာလယ်လမ်း ခပ်လှမ်းလှမ်းရောက်လျှင် အောင်ရှိန်း၏ ငိုချင်း ချလိုက်သံသည် ရွာလေးတစ်ရွာလုံးကို ဖုံးလွှမ်းသွားလေတော့၏။

"တစ်နေ့ကမှ မရွှင်တယ်လေ x x x လေ့
တွေးဆလျှင် x x x ကြေဪ ... တွေးဆလျှင် x x x
အစစအရာရာညီ၍ x x x

ဇနပဒကလျာဏီကိုသာလွမ်း x x x
ဇနပကလျာဏီကိုသာလွမ်း x x x လွမ်း
တိန် x x x တိန် x x x တိန်

❑ ❑ ❑

## "ကမ်းပဲ့နဒီ"

ရွာထိပ်ရှိ ငါးရွှဲခိုင်ကြီးဆီကနေ သားပုပြန်လာချိန်မှာတော့ ရွာနံဘေးတွင် ရစ်ခွေနေသော ချောင်းရိုးကလေးထဲမှာ ရေတွေ ပြည့်နေပေပြီ။ ညနေတောင် တော်တော်စောင်းပြီဖြစ်၍ ရွာနောက် ဘက်လယ်ကွင်းကျယ်ကြီးဆီမှာ မှောင်ရိပ်သမ်းနေတော့သည်။

ခပ်ပြင်းပြင်းတိုက်ခတ်နေသည့် ကွင်းလေကြမ်းကြောင့် မြရောင်စိမ်းညို့ကောက်သားတက်စကောက်ပင်တို့သည် ခေါင်း ကလေးမော့မနေနိုင်ကြ၊ ခါးကလေးတွေ ညွတ်ကိုင်းကာ တမန်းဆီ ဝနေသော ကွင်းချေပြင်ကို ရွက်ဖျားကလေးတွေနှင့် တို့ထိကျီစယ် နေကြ၏။

လက်ထဲတွင်ကိုင်လာသည့် အဖုံးပိတ်ဒန်အိုးပိန်ကလေးထဲမှာ တော့ လယ်ငါးခူဝဝ၊ ဝါဝါကြီး သုံးကောင်ပါလာသည်။ ရွာလယ် လမ်း နွံ့ဗွက်ချွဲကျိုတွေထဲမှာ သားပု၏ခြေထောက်ကလေးတွေ ယိမ်းယိုင်ချော်ကျသည့်အခါ လက်နှစ်ဖက်နှင့် မြဲမြဲကိုင်လာသော ဒန်အိုးကလေး ဟိုးယမ်းသည်ခါဖြစ်၏။

ထိုအခါ ခလောက်ဆန့်သွားသော ဒန်အိုးကလေးထဲက လယ် ငါးခူကြီးတွေ အလန့်တကြား ခုန်ကြပ်ကြ၏။ အဖုံးပိတ်ထားလေ

သဖြင့် အပြင်သို့မထွက်နိုင်ဘဲ တဒိုင်းဒိုင်း တိုးဝှေ့သံတွေသာ ပေါ် ထွက်လာရတော့သည်။

"အောင်မာ ... နင်တို့တစ်တွေက ထွက်ချင်နေကြတယ်ပေါ့လေ၊ ရပါလိမ့်မယ် ... အားကြီး ... အိမ်ရောက်ရင် နင်တို့ကို မြူးဟောင်းကြီးထဲမှာ ထည့်လှောင်ထားရမယ်။ နောက်ထပ် နင်တို့ အဖော်တွေ အများကြီး ငါ ထပ်ဖမ်းလာခဲ့ဦးမယ်၊ အဲသည်တော့မှ နင်တို့ ပျော်ပျော်ကြီး ကစားကြ၊ ဆော့ကြပေတော့ ဟုတ်လား"

ပါးစပ်ကနေ တတွတ်တွတ်ရေရွတ်ရင်း ချောက်ကိုကျော့ပြင်ပေါ်မှာ ခြေချောင်းကလေးတွေ မြမြကုပ်တွယ် ချော်မလဲစေရန် ဂရုစိုက်၍ လှမ်း၍ သူ့အိမ်ကလေးဆီ ပြန်လာခဲ့သည်။

◈ ◈ ◈

သားပုအသက် ဆယ်နှစ်ကျော်နေပြီ၊ သို့သော် ကျောင်းထားတာလည်းနောက်ကျ၊ ကျောင်းမတက်ဖြစ်သည့်နှစ်တွေကလည်း ရှိသေးသဖြင့် ယခုမှ နှစ်တန်းသာ ရှိသေး၏။

သူ့ထက်အသက်ငယ်ကာ သူ့ခါးလောက်သာရှိသော အတန်းသားတွေကြားမှာတော့ သားပုသည် နှံပြည်စုတ်ငှက်ကလေးတွေကြားမှာ နားနေသော တောကျီးကန်းကြီးကဲ့သို့ဖြစ်နေလေသည်။

အသားကမည်းမည်း၊ အရပ်ကြီးက ကလန်ကလား ညင်းဆိုးဆိုးဆံပင်နှင့် သားပုသည် ကျောင်းစိမ်းပုဆိုးဟောင်း တိုနံ့နံ့ ကျောင်းအင်္ကျီဖြူ ရင်ဘတ်ဟောင်းလောင်းကလေးကိုဝတ်၍ ရွာလယ်

လမ်းမပေါ် လျှောက်နေစဉ်တွင်တော့ သူ့ကိုယ်သူ အင်မတန် ဂိုက်ဆိုက်ကျလှသော အလယ်တန်းကျောင်းသားကြီးဟု ထင်နေ တတ်၏။ တကယ်တော့ လေးတန်းအထိသာ သင်ကြားပေးနိုင် သော သူတို့ရွာနားက မူလတန်းကျောင်းကလေးတွင် သားပုက လူကောင်အကြီးဆုံးဖြစ်နေသည်။ အထွားဆုံးလည်း ဖြစ်နေသည်။ အသက်ကလည်း လေးတန်းကျောင်းသားတွေထက်ပင် ကြီးနေ သည်မဟုတ်လား။ ထိုအခါ သားပုသည် သူ့အတန်းတွင် မော်နီတာ ခေါ် အတန်းခေါင်းဆောင်လည်း ဖြစ်နေတော့သည်။

ထိုသည်တွင် သားပုသည် ကျောင်းအတွင်း သန့်ရှင်းရေးလုပ် ရာတွင်ဖြစ်ဖြစ်၊ ကျောင်းပြင်ပ မြက်ခုတ်အမှိုက်ရှင်းရာတွင်ဖြစ်ဖြစ်၊ သောက်ရေအိုး ရေဖြည့်တာကအစ အားကိုးရလေသည်။

တစ်နေ့ ... ထိုတစ်နေ့ကို သားပု မမေ့နိုင်ပါ။ အတန်းတိုင်း တွင် ဆရာမထိုင်သည့် သစ်သားစားပွဲကလေးတွေရှိသည်။ ထိုစားပွဲ ကလေးတွေအပေါ်တွင် ကြွေပန်းအိုးကလေးတွေရှိသည်။ ထို ပန်းအိုးကလေးတွေထဲတွင် ကျောင်းသူ ကျောင်းသားကလေးတွေ ခူးလာသော တောပန်းကလေးတွေ ထိုးထားလေ့ရှိသည်။

ကိုယ့်အတန်းနှင့်ကိုယ့်ပန်းအိုးပေမို့ တစ်တန်းနှင့်တစ်တန်း အပြိုင် ပန်းတွေဝေအောင် ထိုးထားတတ်ကြ၏။ ပန်းတွေကတော့ တကယ့်ကို မျိုးစုံကြပါပေ၏။ ကြာပန်းတွေ ပုဏ္ဏရိတ်ပန်းတွေပါ၏။ ရွက်လှပန်း၊ ဆောင်တော်ကူးပန်း၊ စံပယ်ပန်း၊ ဇော်ဂျီတောင်ဇရာ

ပန်းတို့လည်းပါ၏။ တစ်ခါတစ်ရံ ဆပ်သွားဖူးပန်းကလေးများ ထိုးထားလျှင် တစ်တန်းလုံးမွှေးနေသည်သာမက အခန်းကန့်မထားသောကြောင့် တစ်ကျောင်းလုံးပင် ကြိုင်နေအောင် မွှေးနေတော့၏။

◈ ◈ ◈

ထိုနေ့က အတန်းခေါင်းဆောင် သားပုကိုယ်တိုင် ရေလဲရင်းကျကွဲလေ၏။ ဆရာမကလေးကတော့ သားပုမတတ်နိုင်မှန်းသိ၍ဘာမှတော့မပြော။ ခက်တာက သားပု၏စိတ်ပဲဖြစ်၏။

ပန်းအိုးကလေးသည် အလွန်လှသော ကြွေပန်းအိုးကလေးဖြစ်၏။ တစ်ဦးတစ်ယောက်တည်း ဝယ်နိုင်ကြသည်မဟုတ်၊ တစ်တန်းလုံးရှိ ကျောင်းသားများစု၍ ဝယ်ထားရတာဖြစ်၏။ သို့ဖြစ်၍ သားပုက အစားပြန်၍ဝယ်ပေးချင်သည်။ အပြိုင်အဆိုင်ဖြစ်သော အခြားအတန်းတွေကြားတွင် ဖြစ်သလိုဖန်ခွက်ကလေးထဲပန်းတွေထည့်၍ထိုးထားရသော သူ့အတန်းမျက်နှာငယ်နေရတာသားပုမခံချင်ပါ။

သူ့အမေကိုမေးကြည့်တော့ တစ်ထောင်လိုလို၊ တစ်ထောင်ကျော်လိုလို မရေမရာပြော၏။ တကယ်တော့ ထိုကြွေပန်းအိုးကလေးမျိုး သူတို့အိမ်မှာမရှိ သူတို့အိမ်ရှိတစ်လုံးတည်းသော မြေညောင်ရေအိုးကလေးတောင် ခေါင်းရင်းက တိုင်မှာကပ်၍ နှီးဖြင့်

ချည်ထားရ၏။ ရေမှန်မှန်လဲပေးခြင်းမရှိ၍ အိုးထဲက ဇော်ဂျီ တောင်ဝေ့းတွေတောင် နွမ်းရော်ခြောက်သွေ့နေသည်။

ဘာပဲဖြစ်ဖြစ် ကြွေပန်းအိုးလေးတစ်လုံး အမြန်ဆုံးဝယ်ချင်တာက သားပု၏ဆန္ဒဖြစ်သည်။ ပန်းအိုးဝယ်နိုင်ရန် ငွေရှာရလိမ့်မည်။ လက်ထဲတွင်ငွေရှိလာလျှင် သူ့အမေကိုဖြစ်ဖြစ်၊ ဆရာမကိုပဲဖြစ်ဖြစ် ဝယ်နိုင်းလျှင် ရလိမ့်မည်။

သားပု၏ လက်ရှိအမေသည် အမေရင်းမဟုတ်၊ မိထွေးသာဖြစ်သည်။ သေသွားသောမိခင်ဖြစ်သူကို သားပု မမှတ်မိတော့။ ဖြူသလား၊ မည်းသလား၊ ပိန်သလား၊ ဝသလား သားပုမသိ။ သူ သုံးလေးနှစ်သားကတည်းက အမိမဲ့ခဲ့ရသည်ဖြစ်၍ ထိုမိထွေးကိုပင် သားပုက အမေရင်းလိုတွယ်တာနေတော့သည်။ အားကိုးနေတော့သည်။ ယုံကြည်အားထားနေတော့သည်။

နေ့စဉ်မုန့်ဖိုးရသည့် လူတန်းစားမဟုတ်၍ မုန့်ဖိုးထဲကစု၍ ဝယ်ဖို့ဆိုတာ မဖြစ်နိုင်၊ အဖေ့ဆီကတောင်းရန်ဆိုတာကလည်း စိတ်ကူးထဲတောင် မထည့်ရဲပါ။ အဖေသည် မိသားစုကိုရှာကျွေးဖို့ အသာထား၊ သူ့အရက်ဖိုးတောင် အမေကရှာပေးရတာဖြစ်သည်။ ဟိုတလောက ဆရာမလေးသည် သားပု မိုးရေထဲထီးမပါဘဲ ကျောင်းတက်ရသည်ကိုမြင်သွားကာ ခေါက်ထီးဟောင်းကလေး တစ်လက် ပေးထားခဲ့သည်။ ထိုခေါက်ထီးကလေးကိုတောင် အဖေကယူပြီး အရက်နှင့်လဲ၍သောက်ပစ်ခဲ့သေးသည်။

ပန်းအိုးကလေး အစားမဝယ်နိုင်မချင်း သားပု ကျောင်းကို မသွားတော့ဟု စိတ်ကူးသည်။ ပန်းအိုးအသစ်ကလေးကို ပွေ့ပိုက်၍ ကျောင်းကိုရောက်လျှင် ဆရာမကလေး ဝမ်းသာသွားလိမ့်မည်။ အတန်းသားတွေလည်း ပျော်ရွှင်သွားကြလိမ့်မည်။ သားပုကို အထင်ကြီးသည့်မျက်လုံးတွေနှင့် ငေးကြည့်ကြလိမ့်မည်။ ထိုနေ့ကို စိတ်မြင့်မှန်းကာ သားပုကြိတ်၍ ပျော်လျက်ရှိသည်။ ထို ကြေ ပန်းအိုးအသစ်ကလေးရရှိအောင် နည်းမျိုးစုံနှင့် သားပုကြိုးစား တော့မည်ဟု ဆုံးဖြတ်ချက်ချလေသည်။

◈ ◈ ◈

သူ့အမေနှင့်အတူ ကောက်ပင်တွေစိမ်းမှောင်နေသည့် လယ်ကွင်းတွေထဲမှာ သမန်းမြက်ပင်တွေ၊ ဝက်လာပင်တွေ၊ ခရာပင်တွေ ထူထပ်လှသော မြောင်းချောင်းကလေးဘေးမှာ ရေတွေ ပေါင်ရင်း ရောက်အောင် လျှံတက်နေသော တမံအစပ်မှာ သူတို့ရွာတန်းရှည်ကြီး၏ အိမ်နောက်ဘက်တွေမှာ ငါးမျှားတံအချောင်းနှစ်ရာ လောက်နှင့် ငါးခူထောက် ထွက်လေသည်။

ငါးမျှားတံကုသယ်ရန်၊ ငါးထည့်သည့်ပလိုင်းကလေးလွယ်ရန်၊ ရေလွတ်ရာကန်သင်း၊ မြေမြင့်များတွင် ငါးခူတွေကြိုက်တတ်သည့် တီကောင်တွေတူးရန် အဖော်ရနေသဖြင့် သားပု၏အမေက သဘောတွေကျနေတော့သည်။ သားပု ကျောင်းသွားတာ၊ မသွား

တာ စိတ်ဝင်စားခြင်းမရှိ စာတတ်လို့ ဘာလုပ်မှာလဲ လောလောဆယ် ထမင်းစားဖို့ နေ့စဉ်မှန်မှန် ငါးကိုင်းထောက်ရန်ကသာ အရေးကြီး သည်မဟုတ်လား။

“အမေ ဒီကနေ့ရတဲ့ငါးတွေထဲက သားဖို့ နှစ်ကောင်လောက် ချန်ပေးနော်၊ ရွာထိပ်က ငါးဒိုင်မှာသွားရောင်းပြီး စုထားမယ်။ သား ပန်းဘိုးကလေး အစားပြန်ဝယ်ပေးချင်လို့” သားပု၏စကားကို သူ့အမေက ငြင်းဆန်ခြင်းမပြုပါ။ သည်ကနေ့ ငါးတွေ တော်တော် ရသည်။ ထို့ကြောင့် သဘောတွေကောင်းနေသည်။ သားပုအမေ အတွက် ဆန်ဖိုး၊ ဆီဖိုးထက် သားပုအဖေအရက်ဖိုးက အလွန် အရေးကြီး၏။ မပေးနိုင်လျှင် သူတို့သားအမိနှစ်ယောက် ရက်ရက် စက်စက် အရိုက်ခံရလိမ့်မည်။ ပြီးတော့ ချမ်းသာချင်တာမဟုတ်ပေ မယ့် ဖောဖောသီသီကလေးသုံးနိုင်ဖို့ အိပ်မက်ဂဏန်းလေးတွေကို အကောင်အထည်ဖော်ဖို့က အရေးကြီးသေးသည်။ ကောင်းကျိုး မပေးမှန်းသိသော်လည်း သည်နွံထဲက ရုန်းမထွက်နိုင်တာကခက် နေတော့သည်။

အိမ်ပြန်ရောက်သည့်အခါတွင် သားပု ပထမဆုံးလုပ်ဖြစ်တာ က သူ့ငါးတွေလှောင်ထားသည့် မြှုံးဟောင်းကြီးဆီသွားတာပဲဖြစ် သည်။ တစ်ရက်တစ်ရက်လျှင် သူ့အမေ ယူခွင့်ပြုသလောက် တစ်ကောင်ပဲဖြစ်ဖြစ်၊ နှစ်ကောင်သုံးကောင်ပဲဖြစ်ဖြစ် ထပ်မံ၍ ထည့်လေ့ရှိသည်။

တစ်နေ့တခြား များများလာသော လယ်ငါးခူကြီးတွေကို ကြည့်၍ သားပုတစ်ယောက် တက်ကြွပျော်ရွှင်နေလေ့ရှိသည်။ ပြီးတော့လည်း ထူးဆန်းတာတစ်ခုက သားပုသည် အကောင်နှစ်ဆယ်ခန့်ရှိသော ငါးခူကြီးတွေကိုကြည့်ပြီး ခွဲခြားမှတ်မိနေခြင်းဖြစ်သည်။

မေးမယ့်လူများရှိလာခဲ့လျှင် ဟောသည် ငါးခူကြီးက ဘယ်သူ့လယ်ကွက်ထဲကရခဲ့တာ၊ ဒါမှမဟုတ် တမံစပ်ကနေ ဖမ်းမိလာခဲ့တာ၊ ဘယ်သူတို့ အိမ်နောက်ဘက်ကနေ မိလာခဲ့တာ စသည်ဖြင့် သေသေချာချာ ခွဲခြားပြောပြချင်နေသည်။ ထိုငါးခူကြီးတွေ တဖြည်းဖြည်း များလာတာကို သားပု သဘောကျပါသည်။

◈ ◈ ◈

"ဒီညနေတော့ စောစောပြန်ကြရအောင် အမေရာ" ဟု အတင်းပူဆာပြီး ပြန်လာခဲ့သည်။ သူ့မှာ ရည်ရွယ်ချက်ရှိသည်။ မနေ့က သူရေတွက်ထားခဲ့တာ အကောင်နှစ်ဆယ်ရှိပြီ၊ ယနေ့ သူ့အတွက် သူ့အမေကပေးသည့် နှစ်ကောင်နှင့်ဆိုလျှင် တစ်ပိဿာတော့ ကောင်းကောင်းကျော်လိမ့်မည်။

အိမ်ကိုပြန်၍ရောက်လျှင် အိမ်ရှေ့ရေဆင်းတံတားကလေးမှာ လှောင်ထားသော ငါးခူတွေထည့်ထားသည့်မြုံကြီးကို ဆွဲမလိုက်သည်။ အံ့အားသင့်ခြင်း၊ မယုံကြည်နိုင်ခြင်း၊ ဝမ်းနည်းခြင်းတွေ ရောပြွမ်းနေသောမျက်နှာနှင့် အကြာကြီးငေးနေမိတော့သည်။

ငါးခူတွေတစ်ကောင်မှမရှိတော့၊ အိမ်ပေါ် သို့ ပြန်တက်မလာတော့ သားပုနောက်သို့ သူ့အမေလိုက်လာသောအခါ တံတားပေါ်မှာ ခြေဆင်းထိုင်ရင်း ရှိုက်ငိုနေသော သားပုကိုတွေ့ရတော့သည်။

"နင့်ကိုငါမပြောဘူးလား၊ ဒီငါးတွေကို ခဏခဏလာလာမကြည့်ပါနဲ့လို့ နင့်အမေသိသွားတော့ တို့မရှိတုန်းဖော်ယူသွားပြီးအရက်နဲ့လဲသောက်ပစ်လိုက်တာနေမှာပေါ့"

ထိုနေ့ညက ငါးခူကြီးတွေကို သားပုအိပ်မက်ထဲမှာ ပြန်တွေ့လိုက်ရတော့ ပျော်လွန်းလို့ ထအော်မိသေးသည်။ လန့်နိုးသွားတော့ အိပ်မက်မှန်းသိလိုက်ရသည်။ ရှိုက်ကြီးတငင်ငိုချမိတော့သည်။

သားပုစုစုထားသည့်ငါးတွေ အစိုးခံရသည်မှာ နှစ်ခါသုံးခါရှိသွားပြီ။ အမေကတော့ "နင့်အမေလက်ချက်ပဲ" ဆိုပြီး အမြဲပြောတတ်သည်။ ယခုတော့ သားပုလည်သွားပြီ။ သူ့ငါးတွေစုစုထားရာမြှုံးကြီးကို တစ်နေရာတည်းမှာမထားတော့ လူမသိနိုင်သည့်နေရာတွေမှာ သွားရှာ၍ဖွက်ရတော့သည်။ မိုးမခပင်၊ ရေသဖန်းပင်၊ သံဘတ်ပင်၊ ကဇွန်းရုံ စသည့် ချောင်းကမ်းစပ်တနေရာအနှံ့ တစ်နေ့လျှင်တစ်နေရာပြောင်းထားကာ စုထောက်မှုက်စိဖြင့် ချောင်းနေရသေးသည်။

ထိုကဲ့သို့ ကြက်မကြီးက သူ့ဥတွေဝပ်ထားပြီး ရင်ဘတ်အောက်မှာ အမြဲသွင်းပြီး စောင့်ရှောက်သလို မျက်ခြည်မပြတ် စောင့်ရှောက်ထားခဲ့၍ ငါးခူကြီးတွေ များများလာခဲ့ပြန်သည်။

ယနေ့တော့ ရွာထိပ်ကငါးဒိုင်မှာသွားရောင်းတော့မည်ဟု သားပုဆုံးဖြတ်လိုက်သည်။ ပထမဆုံးတစ်ကြိမ်တုန်းကတော့

သုံးကောင်တည်းမို့ မဝယ်ခဲ့ မှားများစုပြီးမှလာရောင်းဟု မှာလိုက်သည်။ ယခု များနေပြီ၊ အနည်းဆုံးတစ်ပိသာလောက် ကျော်ပါစေဘုရားဟု ဆုတောင်းရသေးသည်။ ဒါမှ ဆရာမအတွက် သူ့အတန်းသားတွေအတွက် သူ့ကြောင့်ကွဲသွားခဲ့ရသော ကြွေပန်းအိုးလှလှလေး ဝယ်နိုင်ပါလိမ့်မည်။ ပြီးတော့လည်း သူကျောင်းပြန်တက်ချင်လှပြီ၊ ကျောင်းမတက်ဘဲ ငါးရှာနေခဲ့တဲ့ရက်တွေများခဲ့ပြီ။

သည်တစ်နှစ် ဒုတိယတန်းမှမအောင်လျှင် သူ့အရပ်ကြီးအတော်ရှည်လာဦးမည်။ ဒုတိယတန်းသို့ အသစ်တက်လာသောအတန်းသားအငယ်လေးတွေကြားမှာ လူကောင်ကြီး၊ အသက်ကြီးနေ၍လည်း ရှက်ရလေသည်။ ပြီးတော့ ကလေးငယ်ကလေးတွေက တရှီး သူက ညံ့ဖျင်းနေသည့်အတွက်လည်း ရှက်ရဦးမည်။

အမေအရင်းသာရှိနေခဲ့လျှင် သူ့ကို ပန်းအိုးဖိုးထုတ်ပေးမှာဟု ကလေးပီပီ တွေးမိသေးသည်။ အဖေကတော့ မျှော်လင့်စရာ သိပ်မရှိ။ အဖေရှိခြင်း မရှိခြင်းသည် သူ့အတွက် ထူးခြားချက်တစ်စုံတစ်ရာမှမရှိ အားကိုး၍မရ အဖေ့အကြောင်းတွေတွေးရင်းတစ်စုံတစ်ခုကို သွား၍သတိရသည်။ ထူးထူးခြားခြား ဤကနေ့အဖေ အိမ်ကိုစောစောပြန်၍ အိပ်နေတာတွေ့ရသည်။ အကြောင်းထူးတစ်ခုခုတော့ ရှိလိမ့်မည်။

စောစောက သူ့အလစ်ကို အိပ်ချင်ယောင်ဆောင်၍ စောင့်နေတာများလားဟု သားမှု သံသယတွေဝင်မိသည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သားပုပေါ်လျှော့၍မဖြစ်၊ သတိကြီးစွာထား၍

စောင့်ကြည့်ရလိမ့်မည်။ အမေ အိပ်ရာကမြန်မြန်ထပြီး အရက်ဆိုင်ဆီသွားပါစေဟု ဆုတောင်းသည်။ ဒါမှ ငါးခူတွေထည့်ထားသည့်မြှုံးကြီးကိုယူကာ ငါးရွှံ့ဒိုင်မှာသွားရောင်းရမည်။

အိမ်ဘက်ဆီ တစ်ချက်လှမ်းကြည့်အကဲခတ်လိုက်ပြီး ငါးထည့်သည့်မြှုံးကြီးကို နေရာပြောင်းလိုက်ကာ မသိမသာ၊ သူဘာမှမလုပ်ခဲ့သလိုအမူအရာမျိုးနှင့် တက်လာခဲ့သည်။

◈ ◈ ◈

အမေကတော့ အိမ်ရှေ့မှာ ပက်လက်လှန်အိပ်၍ ဇက်ကြီးတစ်ဖက်လိမ်ကာ တခေါခေါဟောက်နေတာတွေ့ရသည်။ အမေကတော့ အိမ်ရှေ့ဖိနပ်ချွတ်မှာ မိန်းမကြီးတစ်ယောက်နှင့် စကားတွေပြောနေသည်။ အစပိုင်းမှာတော့ တိုးလွန်း၍ သားမှဘာမှမကြားရ။

တဖြည်းဖြည်းနှင့် အသံတွေကျယ်လာသည်။ အမေကတောင်းပန်လေပိုဆိုးလေဖြစ်သည်။ "ကဲ ... ကောင်မ ငါ့ပိုက်ဆံအခုပေးရင်ပေး မပေးရင်တော့ အသိပဲ ဘယ်နှယ်တော် ထိုးတော့အကြွေး ပေါက်ရင်တော့ ချက်ချင်းအလျော်မပေးနိုင်ရင် ထသတ်တော့မယ့်ပုံမျိုး၊ မပေါက်လည်းမပေါက်ရော နေ့ရွှေ့ ညရွှေ့နှင့်ခုချက်ချင်းပေးမှာလား မပေးဘူးလားပြော" ဟု ကြိမ်းဝါးရင်း အင်္ကျီလက်မောင်းပင့်၏။

အမေသည် ရှိုးဦးတင်တောင်းပန်ရင်း သားပုဘက်ဆီလှည့်ကာ "သားပုရေ ရွာအနောက်ဖျားက မစိန်သောင်းတို့အိမ်သွားစမ်း ငါကပြောတယ်လို့ပြောလိုက်၊ သပြေသီးသုံးလေးလုံးလောက် ပေးလိုက်ပါလို့ သွားမြန်မြန်"

သားပုမသွားချင်၍ ပေကပ်ကပ်လုပ်နေသေးသည်။ သူဘယ်မှမသွားချင်၊ သူ သည်ညနေမှာရောင်းတော့မည့် လယ်ငါးချိုကြီးတွေကို စိတ်မချ၊ သို့သော် "ငါ့အတွက်မဟုတ်ဘူးနော် နင့်အမေမှာတာ၊ မအိပ်ခင်ကလေးကမှ သိလား၊ ငါးမြွေထိုးနဲ့သပြေသီးအနှစ်ကလေး ချဉ်ရည်ချက်စားချင်သတဲ့၊ မသွားချင်လည်းနေ ... နင့်အမေနဲ့ နင်ဘာသာရှင်း" ဆိုတော့ ...

အမေ့ဆီက နောက်ဆက်တွဲစကားကိုကြားလိုက်ရသောအခါ သားပုတစ်ယောက် တစ်ကိုယ်လုံး တုန်၍သွားတော့သည်။ အမေနှင့်တော့ သူရင်မဆိုင်ရဲ ... ဒါကြောင့် မသွား၍တော့မဖြစ်၊ ရွာအနောက်ပိုင်းရှိ မစိန်သောင်းတို့အိမ်ကအဝေးကြီး၊ ပြီးတော့ နေမြောက်မထိုးနိုင်အောင် သစ်ကြီးဝါးကြီးပေါသော ဥယျာဉ်ကြီးထဲမှာ သပြေပင်အမြင့်ကြီးပေါ်တက်ပြီး ခူးရဦးမည်၊ ခက်တော့တာပဲဟု စိတ်ရှုပ်စွာတွေးနေမိသည်။

စိတ်ကူးတစ်ခုရသည်။ ဟုတ်သည်၊ အမေ့ကိုမှာသွားရလျှင် ကောင်းမည်။ အမေက သူ့အပေါ် ဂရုမစိုက်သလောက် အမေက

တော့ ကြင်နာသေးသည်။ သူမရှိစဉ်ကာလမှာ အမေ့ကို သေသေချာချာမှာခဲ့ရမည်။

အမေ့အပါးသို့ အသာကပ်သွားပြီး နားနားကပ်၍ မှာထားခဲ့ကာ သားပုတစ်ယောက် ရွာအနောက်ပိုင်းဆီ ထွက်လာခဲ့ရတော့သည်။

◈ ◈ ◈

သားပုအမေ အိပ်ရာကနိုးလာသည်။ မျက်နှာကို ပုဆိုးခါးပုံစ ဖြင့်သုတ်ပြီး မျက်ထောင့်နီကြီးနှင့် သားပုအမေကို လှမ်းကြည့်သည်။

အလိုက်သိသော သားပုအမေက ထဘီအထက်ဆင့်ကြားမှာ လိပ်ညှပ်ထားသော ငွေစက္ကူအနွမ်းကလေး သုံးလေးရွက်ကို ကမျာကယာထုတ်ပေးသည်။ ဆတ်ခနဲ ဆောင့်ဆွဲယူလိုက်ပြီး "ဒါပဲလား" ဟု ငေါက်၍မေးသေးသည်။

"ဒါပဲရှိတာပါရှင်၊ ကျုပ်မှာတစ်ပြားမှမကျန်တော့ပါဘူး။ ရှင့်အတွက် တမင်ချန်ထားတာပါ" ဟု လေသံပျော့ပျော့နှင့်ပြောမှ...။ "ငါ ဒီနေ့ အိမ်မှာထမင်းမစားဘူး။ စောင့်မနေနဲ့" ဟု ပြောကာ အရက်ဆိုင်ဘက်ထွက်သွားတော့၏။

သားပုအမေ သက်ပြင်းတစ်ချက်ချလိုက်သည်။ တဖြည်းဖြည်း ဝေးသွားသော သူ့ယောက်ျားကျောပြင်ကြီး လမ်းကလေးအကွေ့မှာ ပျောက်သွားတော့မှ သားပုထွက်သွားသည့် ရွာအနောက်ပိုင်းဘက်

ဆီ ပျာယီးပျာယာကြည့်လိုက်သေး၏။ "ဒါလောက်မြန်မြန်ကြီး သားပုပြန်ရောက်မလာနိုင်သေးပါဘူး" ဟု တစ်ယောက်တည်း အားပေးသလိုပြောရင်း ကမ်းစပ်ရှိ ရေသဖန်းပင်ကြီးဆီ ထွက်လာခဲ့သည်။

စောစောကတင် သားပု သူ့ကိုမှာသွားခဲ့သေးတာလေ။ သားပု စုစုထားသည့် လယ်ငါးခူကြီးတွေထည့်ထားသော မြုံးကြီး၊ ရေသဖန်းပင်ကြီး၏ ရေထဲကအမြစ်တွေကြားမှာရှိသည် မဟုတ်လား။

❑ ❑ ❑



၂၀၀၈ ခုနှစ် စာပေဗိမာန်စာမူဆု
ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ

## အမဲလိုက်မုဆိုးနှင့် တင်ငါရန် ဝတ္ထုတိုများ

ရေးသူ - မောင်ငြိမ်း

အဖ ဦးထွန်းတင် အမိ ဒေါ်မှတ်တို့မှ ၁၉၃၁ မြိတ်မြို့တွင် မွေးဖွားခဲ့သည်။ [illegible]

၁၉၆၈ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဝန်ထမ်းအဖြစ် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့သည်။

မြဝတီမဂ္ဂဇင်း [illegible] စာပေများ ရေးသားခဲ့သည်။ [illegible] (ရုပ်ရှင်) [illegible] ရေးသား လျက် ရှိသည်။

၂၀၀၆ ခုနှစ် စာပေဗိမာန်စာမူဆုရွေးချယ်ပွဲတွင် ဝတ္ထုတိုပေါင်း ချုပ် ပထမဆု၊ ၂၀၀၇ ခုနှစ် [illegible] ပြိုင်ပွဲတွင် ဝတ္ထုတိုပေါင်းချုပ် ပထမဆု၊ ၂၀၀၉ ခုနှစ်တွင် မြဝတီမဂ္ဂဇင်းနှင့် မြဝတီမဂ္ဂဇင်းတို့မှ [illegible] ချီးမြှင့်ခံရသည်။

စာပေဗိမာန်စာမူဆု "တင်ငါရန် [illegible] ဝတ္ထုတိုများ" စာအုပ်ဖြင့် ၂၀၀၈ ခုနှစ်အတွက် ဒုတိယဆု ချီးမြှင့်ခံရသည်။

အမည်ရင်း ဦးမြင့်ဆိုင် ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် (၅၆၆) [illegible] (၂) လမ်း
အမှတ် ၅ ရပ်ကွက် [illegible]
(မြောက်ပိုင်း) မြို့နယ် ရန်ကုန်မြို့